www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြယ်စင်မျှားဝေ

## ကောင်းကင်နဲ့ငြိတဲ့ကြိုး




အချစ်လုံးချင်းဝတ္ထု
ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ဒုတိယအကြိမ်၊ ၂၀၁၃၊ ဇွန်လ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျီးတော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၀၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျီးတော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | ၁၃၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅. ၈၃

ကြယ်စင်မှူးဝေ

ကောင်းကင်နဲ့ငြိတဲ့ကြိုး ၊ ကြယ်စင်မှူးဝေ။ - ရန်ကုန် ရွှေဥစာပေ ၊ ၂၀၁၃ ။

၂၉၅ - စာ ၊ ၁၂.၃ x ၁၈ စင်တီ ။

(၁) ကောင်းကင်နဲ့ငြိတဲ့ကြိုး


BURMESE CLASSIC .com

## ကြယ်စင်မှူးဝေ

# ကောင်းကင်နဲ့ငြိတဲ့ ကြိုး

www.burmeseclassic.com

www.burmeseclassic.com

အနှင်းခံနိုင်တဲ့ ပွင့်ဖတ်တွေဖြစ်ဖို့
ကမ္ဘာကြီးက သွေ့လောင်လွန်းတယ်....
သံသရာဆိုတာ ဘယ်လောက်ဝေးကွာမလဲ....
ကြမ်းရှရှ ခြေဖဝါးတွေအောက်
သစ်သီး ချိုချိုတွေ
သစ်တောစိမ်းစိမ်းတွေ
တစ်ဒုပ်တစ်မ ဖန်ဆင်းတည်ဆောက်ဖို့....

## အပိုင်း (၁)

### အခန်း (၁)

**'မြကန်သာ'**...။ ပြာလဲ့လဲ့မီးရောင်အောက်မှာ အသက်ဝင်လှုပ်ရှားနေလိုက်သည်က နတ်ပြည်ခြောက်ထပ်ရဲ့ အလယ်ထပ်တစ်ခုလိုလို။ ဒါမှမဟုတ် အသူရကာယ်တို့ရဲ့ ဘုံဗိမာန်နှင့်လည်း ဆင်တူပါသေးသည်။

မီးရောင်မှိန်ပြပြအောက်မှာ တဖျပ်ဖျပ် သက်ဝင်လှုပ်ရှားပျော်နေကြသည့်ပိုးဖလံများကိုကြည့်ရင်း 'ညည့်ဦးယံ' ကျော်ချမ်းမိသည်။ မြကန်သာ၏ရှေ့မှာ တန်းစီ ခေါင်းထိုးထားကြသည့် ပလက်ဖောင်းဘေးမှ ကားတွေကို လှမ်းကြည့်ရင်းလည်း ကျော်ချမ်းမိပါသည်။

လူတွေ့ . . ကားတွေ ဆိုတာကလည်း သူမတို့ [illegible] တစ်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စီးမှ တစ်ခုမှ မဂိုင်ရှိမယ်၊ ပေါ်များ များပြားလိုက်သည့်အဖြစ်နှယ်။

သည်ရန်ကုန်မြို့ကြီးဟာ လူနေမှုတွေ များစွာကွာခြားလှပါလား။ ချမ်းသာသည့်လူတွေကျတော့လည်း ကျိုကျိုတက်ချမ်းသာ၊ ကုန်းကောက်စရာမရှိအောင် ဆင်းရဲသည့်သူမတို့ကျတော့လည်း မြကန်သာဘဝကိုပဲ ရွှေတောင်ကြီးအမှတ်နှင့် မိုန်ပျပျမီးရောင်မှာ စိတ်မပါစွာ လှုပ်ရှား ကပြနေခဲ့ရပါသည်။

ဖြစ်ချင်တာကတော့ ဘုရင်မပေါ့နော်။ လူတိုင်းလူတိုင်းဟာ ပန်းတိုင်ဆီပဲ ချီတက်ချင်ကြတာပေါ့။ သို့ပေမယ့် ပန်းတိုင်ဆိုတာ 'မြကန်သာ'ရဲ့ပြာလဲ့လဲ့မီးရောင်တွေလိုပဲ ဝေးပျမှုန်ဝါးလွန်းပါသည်။

စင်မြင့်ထက်မှာ လုပည့်ုငင်နေသည့် အဆိုတော်မလေးကိုငေးရင်း ညဥ့်ဦးယံ ဆွေးနေရသည်။ ကောင်မလေးရေ. . . နင်ကနေတာလား ဆိုနေတာလား။ ငါသာ သီချင်းဆိုခွင့်ရခဲ့မယ်ဆိုရင်တော့ ပရိသတ်ကြီးတစ်ခုလုံး ငြိမ်ကျသွားအောင် သီဆိုပြနိုင်ပါရဲ့။ အိုလေ. . . တကယ်တော့ ဒီအသူရကာယ်ပရိသတ်ကြီးကလည်း ရီဝေဝေ. . . မူးရှုရှု။ သီချင်းနားထောင်ချင်တဲ့ ဂီတကိုချစ်မြတ်နိုးတဲ့မီးလျှံတွေမှ မဟုတ်တာ။ ပိုးဖလံတွေကို လောင်ဟပ်





ဝါးစားဖို့ ရှာဖွေနေတဲ့ ပါးစပ်တပြပြ မီးတောက်မီးလျှံတွေသာပါ။

ဘဝတစ်ခု ရပ်တည်ဖို့ မျှော်လင့်ချက်နှင့် ပန်းတိုင်သို့ လျှောက်လှမ်းသည့်အခါ ဒီလိုပဲ မီးလျှံတွေကြားမှ ဖြတ်သန်းရတတ်ပါလား။ ပရိသတ်ကြီးက ငြိမ်သက်မှုးယစ်နေတာ၊ ညဥ့်ဦးယံတို့တွေလည်း တစ်ထောင့်တစ်နေရာမှ ထိုင်ငေးခွင့် ကြည့်ခွင့်ရနေကြပါသည်။ စကားလေးတွေလည်း တီးတိုးတီးတိုးပေါ့။

''ဟေ့! ညဥ့်ယံ. . . ဒီမှာ အလုပ်လုပ်ရတဲ့အရသာကို ကြိုက်သွားပြီလား။ ငါမြင်ပါတယ်နော်၊ အဲဒီရှမ်းကြီးက တကယ့်ဘော့စ်ဟ။ အဲဒါ ခါတိုင်းက ငါ့ဖောက်သည်ပါ။ ခုတော့ နင်က ပိုချောတော့ နင့်ကိုရွေးသွားတာပေါ့''

ကေသီ့စကားကို နားထောင်ရင်း နေ့လယ်ကအဖြစ်အပျက်ကို ညဥ့်ဦးယံ ကျောချမ်းသွားသည်။ တကယ်က သီးသန့်အခန်းတွေကို သူမရှောင်သည်။ စုံတွဲတွေ လူကြီးလူကောင်းတွေဆိုလျှင် တော်သေး၏။ အင်း. . . လူကြီးလူကောင်းဆိုတာကလည်း ဘယ်ပေတံနဲ့ တိုင်းရမှာလဲ။ သူမက လုပ်သက်သိပ်မကြာသေးတာမို့ သေချာတော့လည်း မခွဲခြားတတ်ပါလေ။

''တော်စမ်းပါ ကေသီရယ်၊ ရှင့်လူကြီးကို ရှင်ပဲ ညှိခဲ့ပါတော့နော်။ မှည့်ရွှဲနေတဲ့မျက်လုံးကြီးက ခုန်ထွက်လာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မတတ်၊ တကယ်. . . တကယ်. . . ညဵ့ဦးယံဖြင့် အခုတွေး၊ အခုကြက်သီးထ''

''အဲဒါပေါ့ဟ၊ စကားပြောသောမျက်လုံးဆိုတာ။ နင်မြကန်သာမှာလုပ်ရင် နံပါတ်တစ်၊ စိတ်ခိုင်ရမယ်၊ နံပါတ်နှစ်၊ လူခိုင်ရမယ်၊ နံပါတ်သုံး၊ အသည်းနှလုံးခိုင်ရမယ်''

ပြုံးနီလာ၏စကားကြောင့် ညဵ့ဦးယံ မျက်မှောင်တွန့်သွားသည်။ ဘယ်နှယ့် အသည်းနှလုံးက နောက်ဆုံးကပါလား။ ကေသီကတော့ ပြုံးစစ။

''ပြုံးရဲ့၊ ဘာဖြစ်လို့ နှလုံးသားက ဘိတ်ရောက်သွားတာလဲ။ လူတွေကို ကောင်းခြင်းဆိုးခြင်း စေစားနေတာ နှလုံးသားမဟုတ်ဘူးလား''

ညဵ့ဦးယံစကားကို ကေသီရော ပြုံးရော ပြိုင်တူလက်ခါပြလိုက်ကြခြင်းဖြင့် တုံ့ပြန်ကြသည်။

''အဲလိုအတွေးအခေါ်မျိုးနဲ့သာဆိုရင်တော့ ညဵ့ဦးယံနောက်ကောက်ကျပြီသာမှတ်။ မှတ်ထား. . . လူမှာ အရေးအကြီးဆုံးဟာ စားဝတ်နေရေးလို့သာမှတ်။ အဲဒီစားဝတ်နေရေးကြီး ပြေလည်ဖို့ ငါတို့တွေ အလုပ်လုပ်နေကြရတယ်။ ကြိုးတန်း လမ်းလျှောက်သလို ငါတို့အလုပ်က စကားတစ်ခွန်းမှား၊ အနေအထိုင်





တစ်ချက်မှားသွားရင် သွားရောမို့ ငါက နံပါတ်တစ်တွေ နှစ်တွေ စည်းမျဉ်းချပြနေရတာ။ နင် စိတ်ခိုင်ခိုင် လူခိုင်ခိုင်သာ ထားပေတော့။ အာရုံငါးပါးနဲ့ အမျိုးမျိုးဖြားယောင်းတတ်တဲ့ လူမှုဆိုးတွေကို မြို့လယ်ခေါင်ကြီးထဲ နင်တွေ့လာပါလိမ့်မယ်''

ပြုံးစကားကြောင့် သူမ ထိတ်လန့်နေဆဲ ကေသီက. . .

''ဒီလောက်ကြီးလည်း မကြောက်ပါနဲ့ဟာ၊ တစ်ခုတော့ရှိတယ်နော်၊ ငါတို့တွေကိုဆို လူတစ်ရာမှာ ကိုးဆယ့်ကိုးလောက်က အထင်သေးချင်တတ်ကြတာ။ ရုပ်ရှင်တွေ ဗီဒီယိုတွေ ဝတ္ထုတွေထဲကလိုမျိုး ဘယ်အမျိုးကောင်းသားကမှ ငါတို့ကို အတည်ကြံမှာမဟုတ်ဘူး။ နင်က နုံနုံအအမို့ ကြိုတင်သတိပေးထားတာ၊ နင် ငါတို့နှစ်ယောက်နဲ့လာပြီး အပေါင်းအသင်းဖြစ်ရတာ ဘုရားမ,လို့သာမှတ်''

''အဲလိုပြောလို့ ပြုံးတို့ကို စင်းလုံးချောတွေလို့ မမှတ်နဲ့နော်။ နင့်ကိုပြောပြတဲ့ ဩဝါဒတချို့ဟာ ဘဝနဲ့ရင်းပြီး ရလာခဲ့တာတွေ''

''ပိုပြီးတန်ဖိုးရှိတာပေါ့ဟာ''

ဒီဆိုင်မှာ အလုပ်လုပ်သူတွေ အများကြီးရှိပါသည်။ သို ပေမယ့် ညဵ့ဦးယံက ပြုံးနှင့်ကေသီတို့နှစ်ယောက်နှင့်သာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသည်မို့ လူစုံအောင်လည်း မခင်မင်အားပါလေ။

''အပုပ်ချတာတော့ မဟုတ်ဘူးပေါ့ဟာ၊ လူဆိုတာ ခံယူချက်အမျိုးမျိုး ရှိကြတာပဲမဟုတ်လား။ ငွေရရင်ပြီးရော ငွေကိုပဲ ကိုးကွယ်တဲ့ကောင်မလေးတွေလည်း ပါတာပေါ့။ အဲဒီတော့ ငါတို့တွေကို လူတွေက သိမ်းကျုံးပြီး အထင်မကြီး''

''ကိုယ်ကောင်းရင် ခေါင်းဘယ်မရွေ့ဆိုပေမယ့် သိပ်ပြီး နုံလွန်း အလွန်းရင်လည်း ကျော့ကွင်းမိတတ်တယ်ဟ။ ခက်တာပဲ ညဥ့်ယံရယ်၊ ရှင့်မလည်း ဘာဖြစ်လို့များ ဒီလောက်နုံအနေရတာလဲ။ ဒီလောက်တိုးတက်တဲ့ခေတ်ကြီးမှာ လူလာဖြစ်ပြီးတော့ ဘယ်ချောင်ထဲများ အိပ်ပျော်နေခဲ့တာလဲ''

ပြုံးစကားကို ညဥ့်ယံ သေချာစွာ ထုချေလွှာတင်ရသည်။

''ငါ ဒီလောက် မနုံ့မအပါဘူးဟာ၊ နင်တို့လောက် လူရည်မလည်ပေမယ့် ကိုယ့်အန္တရာယ်တော့ ကိုယ်မြင်လိမ့်မယ် ထင်တာပဲ''

''မထင်ပါဘူး။ ရှင့်ရုပ်က ငါးနှစ်သမီးလေးလောက်ကို ဖြူစင်လွန်းတယ်။ တကယ်ဆို ဒီလိုနေရာမျိုးဟာ ရှင်နဲ့မထိုက်တန်ဘူး။ မျက်စိလည် လမ်းမှားရောက်လာတဲ့ ရွှေသမင်လေး





အတိုင်းပဲ''

''ငါလည်း ဒီအလုပ်ကို ဘယ်လုပ်ချင်ပါ့မလဲဟာ''

အသံတိတ်စကားဆိုရင်း ညဥ့်ဦးယံ အလုပ်မြို့ချိန်ကိုသာ စောင့်မျှော်နေမိသည်။ ညကိုးနာရီမှာ သူမ၏အလုပ်ချိန် ပြီးဆုံးပါလိမ့်မည်။ သူမပြန်မရောက်မချင်း လည်တရှည်ရှည်စောင့်မျှော်နေမည့် မေမေ့အတွက် ညဥ့်ယံ၏အိမ်ပြန်ချိန်တွေကို ရှေ့သို့ရွှေ့ပစ်လိုက်ချင်သည်။

''စောစောပြန်လို့မရဘူးလား သမီးရယ်''

မေမေ့စကားသံလေးကို ကြားယောင်မိတော့ ညဥ့်ယံ ကရုဏာသက်ရသည်။ တနေ့တခြား စိုပြည်ဝင်းပလာသည့်သမီးချစ်ကို မေမေ ဘယ်စိတ်မချနိုင်မလဲလေ။ သို့ပေမယ့် အလုပ်အကိုင်ရှားပါးလှသည့်အတွက် ဒီအလုပ်ကိုပဲ ညဥ့်ဦးယံ ရွေးချယ်ခဲ့ရသည်။ အခိုက်အတံ့။

ညကိုးနာရီထိုးတော့ ပိုင်ရှင် 'ဦးချစ်ရုံ'ထံ သတင်းပို့ပြီး သူမ ပြန်ခဲ့သည်။ ကားတိုးစီးပြီး ပြန်ရုံပေါ့။

မြကန်သာကတော့ ပြာလဲ့လဲ့မီးရောင်မှာ ခုန်ပေါက်မြူးပျော်တုန်း။

▣



www.burmeseclassic.com

www.burmeseclassic.com



နီကြင်ကြင်မီးရောင်များနှင့် လမ်းချိုးလေးသို့ ညဉ့်ဦးယံ ခပ်သုတ်သုတ် ဝင်ရောက်ခဲ့သည်။ ညကိုးနာရီခွဲ။ မေမေမျှော်လှ ရောပေါ့။ သုံးပင်အိမ် ဓနုမိုး ထရံကာ ပျဉ်ခင်းအိမ်ကလေး၏ တစ်ဖက်ခန်း၊ အိမ်ဝရန်တာလေးအရှေ့မှာ လမ်းဘက်သို့ငေးမျှော် လျက်သားမေမေ့ကို တွေ့လိုက်ရသည်။

"မေမေ"

အသက်ငါးဆယ်ပင် မပြည့်သေးသော်ငြား ဘဝတစ် လျှောက်လုံး လုပ်ရှားရုန်းကန်ခဲ့ရမှုကြောင့် မေမေ့ရုပ်သွင်က အိုစာ လှသည်။

"သမီး"

"ထိုင်နေ. . . ထိုင်နေ မေမေ၊ သမီးလာခဲ့မယ်။ မေမေ ညစာမစားရသေးဘူးမို့လား။ ဒီမှာခေါက်ဆွဲကြော်နဲ့ ဆိတ်သား လုံးတွေ ပါလာတယ်"

"စား. . . မေမေ၊ အေးပေမယ့် စားလို့ကောင်းမှာပါ။ သမီး ရေပြေးချိုးလိုက်ဦးမယ်နော်။ ဒါက ခေါက်ဆွဲကြော်၊ ဒါက ဆိတ်သားလုံးပန်းကန်၊ မေမေ အကုန်သာစားပစ်။ စားပြီးရင် အဝေရာ တိုက်မယ်၊ သမီးက စားရပါတယ်မေမေရဲ့"

ဆောင်းတွင်းကြီး နှင်းတွေဝေနေလည်း ညဉ့်ဦးယံ ရေ





ချိုးရမှာပါပဲ။ မနက်ကျတော့လည်း ရှစ်နာရီအရောက် သွားရမှာ မို့ အစောကြီးရေမချိုးနိုင်ခဲ့ပါ။

"ဟဲ့! သမီး၊ ဒီလောက်အေးနေတဲ့ဟာ၊ ရေပတ်လောက် ပဲ တိုက်"

"ဟာ. . . မေမေရယ်၊ ဘယ်ဖြစ်မလဲ၊ တစ်နေ့တစ်ခါ လောက်တော့ ချိုးရမှာပေါ့။ မပူပါနဲ့မေမေရယ်၊ သမီးဖြင့် ရင်ထဲ မှာ ပူလွန်းလို့. . . အဲ့ အိုက်လွန်းလို့"

အိမ်ပေါ်မှာပဲ အညောင်းပြေအောင် ကျန်းမာရေးလေ့ ကျင့်ခန်း ဆယ့်ငါးမိနစ်လောက် လုပ်လိုက်တော့ ချွေးတွေလည်း ရွှဲ၊ လူလည်း နေလို့ထိုင်လို့ကောင်းသွား။ ရေချိုးဖို့လည်း ခံနိုင် ရည်ရှိသွားတော့၏။ အိမ်ရှေ့ရေတိုင်ကီမှာ တဝုန်းဝုန်းရေလောင်း ချိုးလိုက်တော့ သူမ တစ်နေ့လုံး စိတ်ညစ် စိတ်ရှုပ်ခဲ့သမျှ လန်း ဆန်းသွားသည်။ လတ်ဆတ် အေးမြသွားသည်။

ခါးထိရောက်သော ဆံနွယ်များကို ဖြည်ချ၊ ဆံစပ်များ ကို ရေသုတ်ရင်း ညဉ့်ဦးယံ အိမ်ပေါ်တက်လာတော့ မေမေ့ကို သနပ်ခါးကျောက်ပြင်နားမှာ တွေ့ရသည်။

"ဟာ! မေမေ၊ ဘာတွေလုပ်နေတာလဲ။ ညဉ့်ဦးယံ ငရဲ ကြီးအောင် မေမေရယ်။ ဒုက္ခပါပဲ. . . သမီးဘာသာ သွေးမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



''ကဲ. . . လိမ်းမှာသာ လိမ်းစမ်းပါသမီးရယ်၊ မအေကို လုပ်ကျွေးနေတဲ့ သမီးအလိမ္မာလေးကို မေမေကလည်း ကိုယ်တတ်နိုင်သလောက်လေး ပြန်လုပ်ပေးချင်တာပါကွယ်။ လာ. . . ဒီသနပ်ခါးရေကြဲမွှေးမွှေးလေး တစ်ကိုယ်လုံးလိမ်းပစ်လိုက်''

''ဒုက္ခပါပဲမေမေရယ်၊ သမီးတော့ ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာဖြစ်နေပါပြီ။ ညဥ့်ဦးယံ မေမေ့ကိုလုပ်ကျွေးလို့ ကုသိုလ်ရတယ်ဆိုလည်း ကုသိုလ်အသားတင်ရအောင် မေမေက အသာနေပေးစမ်းပါ။ အခုတော့ မေမေက သမီးကို သနပ်ခါးပြန်သွေးပေးနေတော့ ညဥ့်ယံ ငရဲကြီးတာပေါ့။ သမီးမှာ ကုသိုလ်ရော ငရဲရော ရသွားပြီ။ ပြီးတော့ သနပ်ခါးတုံးတွေက ဈေးကြီးတယ် မေမေရဲ့။ မျက်နှာပဲလိမ်းရမှာ၊ တစ်ကိုယ်လုံး ဘယ်လိမ်းနိုင်မလဲ''

မေမေ့စိတ်ကြိုက် သနပ်ခါးရေကြဲလေး လူးပြီးတော့ ညဥ့်ဦးယံ မေမေထိုင်နေသည့်အိမ်ရှေ့ခန်းသို့ ရောက်သွားသည်။ မေမေ အုပ်ဆိုင်းထားသည့်ပန်းကန်များကို ဖွင့်သည်။

''ဟင်!. . . မေမေ၊ စားလို့မကောင်းဘူးလား၊ တစ်ဝက်တောင် မကျိုးဘူး။ နေ့လယ်က မေမေဘာတွေစားထားလို့လဲဟင်။ မေမေ ခံတွင်းပျက်တယ်ထင်တယ်၊ လိမ္မော်သီး စားမလားဟင်၊ ပန်းသီးကတော့. . . အင်းလေ, မေမေစားချင်ရင် တစ်လုံးတလေလောက် ဖြစ်ဖြစ်''

သူမ ယူလာသည့်ခေါက်ဆွဲကြော်နှင့် ဆိတ်သားလုံးက နည်းနည်းစီပဲလျော့သည်မို့ ညဥ့်ဦးယံ စိတ်မကောင်းဖြစ်ရသည်။ မေမေ့အတွက် စိုးရိမ်သွားသည်။

''မေမေစားလို့ကောင်းပါတယ် သမီးရဲ့၊ အိမ်မှာ တငုတ်တုပ် ထိုင်နေရတာကြီးပဲကွယ်၊ ဘယ်သိပ်အစာကြေပါ့မလဲ။ ဒီလောက်ပဲ စားနိုင်မှာပေါ့။ လိမ္မော်သီးတွေဘာတွေလည်း မစားချင်ပါဘူးလေ၊ ဒီအချိန်ဆို ဈေးတွေခေါင်ခိုက်နေမယ် ထင်ပါရဲ့''

သည်စဉ် တစ်ဖက်ခန်းမှ ကားသိမ်းလာသည့်အသံ ကြားလိုက်ကြရသည်။ ကိုနေထွတ် ကားသိမ်းလာပြီပေါ့။ စောစောက ငြိမ်သက်နေခဲ့သည့် သူတို့အခန်းလေးလည်း ယခုမှ အသက်ဝင်လာခဲ့သည်။ သူမတို့ တိတ်ဆိတ်စွာ နားစွင့်နေမိကြသည်။

''မေမေ. . . အိပ်ပြီလား၊ ကဲ! မေမေ ထပါဦး။ မေမေ့ဖို့ဝယ်လာတာလေးတွေ စားပါဦး''

မေမေက တစ်ဖက်ခန်းမှအသံများကို လည်ပင်းလေးစွင့်ကာ နားထောင်ဆဲ။ ညဥ့်ဦးယံ ခေါက်ဆွဲကြော် ဆက်စားလိုက်သည်။ သူမ သိပါသည်။ မေမေ ဘယ်သူ့ကို သတိရနေမယ်ဆိုတာ၊ လွမ်းနေမယ်ဆိုတာ ညဥ့်ဦးယံ သိပါသည်။ ဘယ်သူ





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှိရဦးမလဲ၊ နိုင်ငံရပ်ခြားမှာ ကမ္ဘာတစ်ဖက်မှာ အလုပ်လုပ်နေမည့် သူ့သားကြီးကို လွမ်းနေမှာပေါ့။ ကမ္ဘာတစ်ဖက်စီ ဝေးနေကြပေမယ့် မေမေ့ရင်ထဲမှာ သူ့သားကြီးနှင့် တစ်ဆံခြည်မျှ မကွဲမကွာ ရှိနေတာ သူမသိသားပဲ။

ခုချိန်ဆို ကိုကိုအလုပ်လုပ်နေဆဲပေါ့။ အရှေ့နဲ့အနောက်ဆိုတာ နေ့နဲ့ညလည်း တစ်လှည့်စီမို့ ညဦးယံတို့ရဲ့ညက ဟိုမှာ နေ့ခင်းကြောင်တောင်ကြီးပဲ ရှိပါလိမ့်မည်။

မေမေ့မျက်ဝန်းတွေ မှုန်ဝါးစိုစွတ်လာရော့ထင့်။ မေမေက တပ်ထားသည့်မျက်မှန်အမည်းလေးကို ချွတ်လိုက်သည်။ တိတိကျကျပြောရလျှင် အဖြူတစ်ဖက် အမည်းတစ်ဖက် မျက်မှန်လေးပေါ့။ ချွတ်ပြီး သူ့လက်ကိုင်ပဝါလေးနှင့် သုတ်နေရှာတော့ ညဦးယံ မျက်နှာလေးကို ငေးကြည့် ရင်နင့်နေမိသည်။ မျက်လုံးတစ်ဖက်ဟောက်ပက်လေးလေ။ တစ်ခါက ကြည်စင် ဝင်းလဲ့ခဲ့ဖူးသည့် ဖေဖေချစ်ခဲ့သည့်မျက်လုံးလေးကိုကြည့်ရင်း ညဦးယံ ရင်နာခဲ့ရသည့်အကြိမ်တွေလည်း မရေတွက်နိုင်တော့ပါ။ ကံကြမ္မာကိုပဲ လွှဲချလိုက်ရတော့မှာလား။

''အန်တီတင်, အိပ်ပြီလား။ ဒီမှာ ကျွန်တော် ရှမ်းခေါက်ဆွဲ ဝယ်လာခဲ့တယ်။ ပူပူနွေးနွေးလေး စားလိုက်ပါဦး''





တစ်ဆက်တည်းရှိသော ဝရန်တာလေးမှ ကိုနေထွက် ကူးလာခဲ့သည်။ သူက ညဦးယံကိုသာ ပြုံးပြဖို့ မေ့လျှင်မေ့မည်။ မေမေဒေါ်ခင်မျိုးတင်ကိုတော့ ဂရုစိုက်ဖို့ ဘယ်တော့မှမမေ့။

''အားနာစရာ သားရယ်၊ အန်တီ စားပြီးပါပြီ။ သမီးယူလာတဲ့ခေါက်ဆွဲကြော်နဲ့ ဆိတ်သားလုံးလေ''

မေမေပြောပုံကိုလည်း ကြည့်ပါဦး။ 'သမီး ယူလာခဲ့တဲ့' တဲ့။ ဟုတ်တော့လည်းဟုတ်သားပဲ၊ သူမက ဝယ်လာနိုင်မှမဟုတ်တာ။ နားထင်နားရင်းတွေ ထူပူလာအောင် သူမ ရှက်ရွံ့နေဆဲ။

''ဟာ. . . အန်တီကလည်း အဲဒါတွေက အေးစက်နေမှာပေါ့။ ဒီမှာ ပူပူနွေးနွေးလေးတွေ ထပ်စားလိုက်ပါဦး။ ကျွန်တော် မေမေ့ဖို့ရော အန်တီဖို့ပါ ဝယ်လာခဲ့တာပါ။ ရော့. . . ရော့ ဒီမှာ ဖြည်လိုက်ပြီနော်''

သမီးအရင်းကို ရှေ့မှာထားပြီး သူက သားတစ်ယောက်နှယ် ခွဲ့ကျွေးတော့မတတ် ပြုစုယုယနေတာကြောင့် ညဦးယံ ဒေါသတွေ အလိပ်လိုက်အချောင်းလိုက် ထွက်သည်။ မေမေ့ကြောင့်သာ သည်းခံနေရသည်။ နှစ်ယောက်ချင်းတွေ့ရလျှင်ဖြင့် လှောင်ထားသည့် တိရစ္ဆာန်ရုံထဲမှကျားမကြီးလို သူမ နေထွက်ကို ကုတ်ခြစ် ဝါးစားပစ်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောပုံ ကြည့်ပါလား၊ ဘယ်လောက်စီးပိုးလိုက်သလဲ။ 'အဲဒါတွေ အေးစက်နေမှာပေါ့'တဲ့။ ညဉ့်ဦးယံ စားသောက်ဆိုင်မှာ အလုပ်လုပ်တာ သိလို့ပေါ့။ အံကိုတင်းတင်းကြိတ်ရင်း သူမ လည်ချောင်းတွေ နင်နေသည်။ ဘာမှဆက်စားလို့မရတော့၊ ဒေါ်သဆိုတာ လူကိုပူလောင်လှစေပါလား။ မခံချင်စိတ်တွေကို ငယ်ထိပ်မှ ဆွဲဆွဲချနေရသည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်အမေက သားကို လွမ်းနေသူ။ သားရူး ရူးနေသူမဟုတ်လား။ သားအတုဖြင့် မေမေ စိတ်ချမ်းသာမည်ဆိုလျှင်လည်း နေထွတ်၏ပြောဆိုမှုကို ညဉ့်ဦးယံ မေမေ့အတွက် သည်းခံလိုက်ပါမည်။

သူတို့နှစ်ယောက် အိမ်ရှေ့မှာထိုင်၊ စကားစမြည်ပြောနေကြဆဲ၊ သူမ နောက်ဘက်သို့ဝင်ခဲ့သည်။ ရှေ့ဘက်တွေ နောက်ဘက်တွေရယ်လို့သာ ပြောနေရသည်။ တကယ်ဆိုတော့ သုံးပင်အိမ်ပိစိလေးဟာ ကျဉ်းကျဉ်းလေးသာဖြစ်သည်။ ခြေတစ်လှမ်း လှမ်းလိုက်တာနှင့် အရှေ့အနောက် တိုးလျှိုပေါက်။ သူတို့စကားတွေကို ညဉ့်ဦးယံ ကြားနေရသည်။

''အကျီကိုယ်ကျပ်ကြီးနဲ့ သားရယ်၊ ဒီလောက်အေးချမ်းလှတာ စွပ်ကျယ်လေးဖြစ်ဖြစ် ဝတ်မှပေါ့။ တော်ကြာ ချွေးတိတ်ပြီး အအေးပတ်နေမှဖြင့်''





''ရပါတယ် အမေရဲ့. . .အဲ, အန်တီတင်ရဲ့။ ကျွန်တော်တို့ကားသမားဆိုတာ ဆယ့်နှစ်ရာသီ ပူအိုက်နေရတာပဲ။ အန်တီမပူနဲ့၊ စိတ်ချ။ ဇာတာအရဆိုရင် အသက်တစ်ရာ့နှစ်ဆယ်ထိကို ရှည်ဦးမှာ''

''သားတွေ မြေးတွေ ရပြီးမှ သေမှာပေါ့လေ''

ရယ်သံတွေ ကြားလိုက်ရပြန်သည်။ တစ်နေ့လုံး ပျင်းရိခြောက်သွေ့ခဲ့ရသည့် ကိုယ့်မေမေ စိတ်ချမ်းသာနေတာကို လက်ခံပေမယ့် ညဉ့်ဦးယံ နေထွတ်ကို အသံတိတ်ကျိန်ဆဲနေမိသည်။

''မသာ. . .ငပေါ. . .သေလိုက်ပါလား''

မေမေ့ကိုများ အမေတွေဘာတွေ ယောင်မှားခေါ်လို့။ သို့ပေမယ့် နေထွတ်က သူမကိုဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ပါလေ။ ဒါဟာလည်း သဲကိုးဖြာမကသည့် ယောကျ်ားမာယာတွေထဲက သေနင်္ဂဗျူဟာတစ်ခုပဲလား။ ညဉ့်ဦးယံဆိုသည့် မိန်းကလေးကလည်း တစ်လောကလုံးမှာ မေမေ့တစ်ယောက်ကိုပဲ အသက်ရှိသူဟု ထင်မှတ်သူပါ။ အချစ်တွေ အနှစ်တွေ မေတ္တာတွေ သစ္စာတွေ သံယောဇဉ်တွေကို ဘယ်တော့မှ ယုံကြည်မည့်သူမဟုတ်ပါ။

ကိုယ်တိုင်ကြုံဖူးလို့တော့ မဟုတ်။ မေမေ့ကိုကြည့်ပြီး မေမေ့သားကြီးကိုကြည့်ပြီး၊ သူမ ကမ္ဘာကြီးကိုစိတ်ပျက် လော

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို စိတ်ပျက်နေခဲ့ခြင်းသာဖြစ်သည်။

ပန်းကန်ဆေးပြီး အပြင်ပြန်ထွက်လာတော့ နားလည်မှု ရသွားသည့် မအေအတုနှင့် သားအတု၏အသံကို ကြားလိုက် မြင်လိုက်ရသည်။ သူမ နားကြားပြင်းကပ်လှသည်။ အတုဟာ အတုပဲပေါ့။

"ပြန်ဦးမယ် အမေ၊ ကျွန်တော် ရေချိုးလိုက်ဦးမယ်။ ဩော်! အမေတို့ရေစည်ထဲမှာ ရေနည်းနေပြီ၊ မနက်ကျ ကျွန်တော် ရေထည့်နိုင်းပစ်ခဲ့မယ်"

နီကျင်ကျင်အသား၊ ဆံပင်ရှည်ရှည်၊ ဂျင်းဘောင်းဘီခပ် စုတ်စုတ်နှင့် ဒီဂျစ်ပစီကိုမှ မေမေက သားနယ် ချစ်ခင်ရပါသတဲ့။ မဟုတ်သေးပါဘူးလေ။

◙◙◙



## အခန်း (၂)

ဆိုင်ယူနီဖောင်းက စကတ်တွေဘာတွေ မဝတ်ရလို့ တော်သေးပေမယ့် လှလှပပဝတ်ဆင်ထားရသည့် အဝတ်အစား များက တင်းတင်းမို့မို့။ ပွင့်ဖတ်ပွင့်ချပ်တွေ ဘယ်လိုပဲ သိမ်းဝှက် ထားထား၊ ညဥ့်ဦးယံ၏အလှတွေက ပန်းတစ်ပွင့်နှယ် ငွားငွား စွင့်စွင့်။ မော်ဒယ်မလေးတွေလို ရင်ကော့မလျှောက်လည်း ခပ် မတ်မတ်ကိုယ်ဟန်နှင့်ပင် သူမမှာ ဒုက္ခရောက်နေရတော့သည်။

အလုပ်ဝင်တာ နှစ်လလောက်ရှိပေမယ့်လည်း သူမမှာ မဟာပုရိသတို့၏ မျက်လုံးများနှင့် အသားမကျနိုင်သေး။ ရင်ခုန် လှုပ်ရှားတာမျိုးမဟုတ်သည့် ရင်ပူလောင်ကျွမ်းမှုက အရှက်တရား များစွာဖြင့် သူမ၏ရင်သို့ ယခုတိုင် တရှိန်ရှိန်။ ပျားပန်းခတ်မျှ



www.burmeseclassic.com

www.burmeseclassic.com



စားသုံးသူတွေထဲမှာ ယောက်ျားတွေ ဘာလို့များတာလဲ။ အဲဒီ ယောက်ျားတွေထဲမှာလည်း မျက်လုံးတွေက ဘာလို့ အဆိပ်များ များတွေ တပ်ထားရတာလဲ။

နောက်တော့ ညည့်ဦးယံ နေသားကျသွားမှာလား။ အဲလို နေသားကရော ကျဦးမှာလား။ နေသားကျသွားရင် အရုက်မရှိ တော့ရင် လောကကြီးကရော ကောင်းပါဦးမတဲ့လား။ ခေါင်းကို ငုံ့လျှောက်ဖို့ရာကလည်း မဖြစ်နိုင်။

အမျိုးကောင်းသမီးတွေကိုတောင် မျက်စိစားပွဲထိုင်တတ် ကြသည့် ယောက်ျားတွေသည် လေဟာနယ်ထဲမှာ ဟင်းလင်းပွင့် နေရသည့် ညည့်ဦးယံတို့ကို စားမတတ်ဝါးမတတ် ကြည့်ကြတာ သည် တကယ်တော့ အဆန်းမဟုတ်ပါ။ ရန်တွေ့လို့လည်း ဘယ် ရမလဲ။ အကြည့်မခံချင် အိမ်တွင်းပုန်းလုပ်လို့ ပြန်ပြောကြလိမ့် မှာပေါ့။

"အခန်းနှစ် . . . ညည့်ဦးယံ"

သူမကို မည်သူတွေက ပွဲတောင်းပြန်ပြီလဲ။ အခန်းရဲ့ ကန့်လန့်ကာပိတ်၊ လှောင်အိုက်မှုထဲမှာ သူမအလှကို တစိမ့်စိမ့် ကြည့်မှာတဲ့လား။ မည်သို့ပင်ဖြစ်စေ အခန်းနှစ်သို့သွားရသည်။ ဆိုးဆိုးရွားရွားကြီးတွေ မဖြစ်နိုင်ပါဘူး။ လမ်းမှာ ကေသီနှင့်တွေ့





တော့ တီးတိုးကပ်ပြောသွားသည်။

"ကောင်းကောင်းသာ ပြုစုပေတော့၊ ယူတော့ ထော ကြော ဆရာ"

သူ့အပြောကို ကြက်သီးထရင်း သူရဲကောင်းဆန်ဆန် ပိတ်အော်ပစ်ရင် ကောင်းမလား။ ညည့်ဦးယံ ရှုးရှုးမိုက်မိုက် တွေး မိသေးသည်။

"ငွေဆိုတာ ဘာလုပ်ဖို့လဲ၊ လူကိုများ ငွေမက်တဲ့မိန်းမ မှတ်နေသလား"

တကယ်ကျ သူမ မအော်ဖြစ်ခဲ့ပါလေ။ မေမေနှင့် သူမ၏ ဘဝရပ်တည်ရေးအတွက် ငွေဆိုတာ အနည်းအပါးတော့ လိုအပ် မှာမဟုတ်လား။ အများကြီးမက်လို့တော့ မဖြစ်ဘူးပေါ့လေ။ သင် ခန်းစာတွေကလည်း ကမ္ဘာကြီးထဲမှာ ဒုနဲ့ဒေး။

မြကန်သာမှာတော့ သူမ စကားအနည်းဆုံးဖြစ်လိမ့်မည်။ ခရာတာတာစကားတွေကို ထွက်ဖို့ထား။ ဖွယ်ဖွယ်ရာရာ လိုက် လျောညီထွေစကားမျိုးတောင် ညည့်ဦးယံ ပြောလို့မထွက်။ ကမ္ဘာ ပေါ်မှာ အကောင်းဆုံးဆိုသည့် ဒြေ့ဝတ်ကျေပွန်မှုသင်တန်းကို တက်ရလည်း ထူးမှာမဟုတ်။ ကျောက်ဆစ်ရုပ်တစ်ရုပ်လို၊ ပန်းပု ရုပ်တစ်ရုပ်လို ငုတ်တုပ်ထိုင်ကြည့်နေတတ်သည့်ကြားထဲကပဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို တောင်းကြသတဲ့လား။ သူမကိုမှ ရွေးချယ်သူတွေ အပုံအပင်။

မီးနူးကတ်ကလေးကို ထိုးပြရင်း သူတို့မှာသည့်အစား အသောက်များကို ဗန်းကလေးနှင့် သယ်လာပေးရသည်။

''ဒီမှာလာထိုင်ပါလား ညီမလေး''

ညွှတ်နူးသောအသံရှင်ကြီးကို ကြည့်မိသည်။ မြင်ရုံနှင့် အထက်တန်းစားရုပ်ပေါက်နေသည့် ခပ်ဖိုင့်ဖိုင့်လူကြီးသည် ဒီ အခန်းကို ပထမဆုံးရောက်လာတာတော့မဟုတ်။ သူမမြင်ဖူးနေ သလိုလို။

သူတို့အားလုံးပေါင်း လေးယောက်ဖြစ်သည်။ လူကြီးလူ ကောင်းပုံစံတွေချည်းပါပဲ။ စတိုင်ကျကျ ဝတ်ဆင်ထားကြသည်။

''ရပါတယ်ရှင်၊ ကျွန်မ ဒီမှာစောင့်နေဖို့ လိုအပ်ရင် စောင့် နေပါ့မယ်''

''ဟာ! လိုအပ်တာပေါ့၊ အနည်းဆုံး ဒီပန်းချီဆရာရဲ့မျက် လုံးထဲမှာ စွဲနေအောင် မှတ်သားဖို့ မင်းလိုအပ်တယ်''

နောက်ထပ်လူကြီးလူကောင်းတစ်ယောက် ပြောသည့် ပန်းချီဆရာဆိုသူကို သူမစိတ်ဝင်စားစွာ ကြည့်မိလိုက်၏။ သူမက ပန်းချီကားများကိုလည်း ရူးသွပ်သူဖြစ်သည်။

''သိလား၊ ဒါ ပန်းချီဆွဲတဲ့ ကဗျာရေးတဲ့ 'မြင့်မိုရ်'လေ။





အင်း. . . သူလုပ်တဲ့အလုပ်တွေကလည်း ခပ်များများပဲ။ အခု ဒီ ဝိုင်းမှာ သူ့ ဒကာပဲ။ သူ့ပန်းချီကားတစ်ချပ် ရောင်းရလို့ ကိုယ် တို့ကို လိုက်ပြုစုတာ''

''ဩော်''

ပန်းချီဆရာ ကဗျာဆရာဆိုတာကလည်း လူလိုပါပဲလား။ သူမပါးစပ်ဟောင်းလောင်းလေးပွင့်မတတ် ထိုသူကို ငေးကြည့် မိ၏။ ကေသီတို့ ပြုံးတို့တွေ့လျှင် မျက်စောင်းထိုးမည့်ဟန်ပန်မျိုး နှင့်။

''ကိုနေကလည်းဗျာ၊ မြင့်မိုရ်တွေဘာတွေ ပြောလို့ သူ သိမလားဗျ''

သူ့ဟန်ပန်က မနှစ်မြို့တာလား၊ အားနာရှက်ရွံ့တာလား သူမ မသိ။ ညွှေ့ကြိုအလုပ်သမတစ်ယောက်ဟာ ကိလေသာတွေ ကိုမှ ပျော်မွေ့နှစ်ခြိုက်တဲ့ ခပ်ပေါ့ပေါ့မိန်းမစားလို့ သူထင်ချင်လည်း ထင်လိမ့်မည်။

''ကျွန်မသိပါတယ်ဆရာ၊ ကျွန်မ. ကဗျာတွေလည်း ဖတ် တယ်။ ပန်းချီကားတွေကိုလည်း နှစ်သက်တတ်ပါတယ်''

သူကတော့ ညဥ့်ဦးယံ အလိုက်အထိုက်ပြန်ပြောနေတာ လို့ ထင်ချင်ထင်ပေလိမ့်မည်။ သူတွေ့ဖူးသော မိန်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



မျိုးပေါ့။ ညဥ့်ဦးယံကတော့ စောစောက အလုပ်သဘောဆန်စွာ အေးစက်နေမိသမျှ ယခုမှ အသက်ဝင်သွားခဲ့သည်။ သူမရဲ့ ရှုး သွပ်အိပ်မက်တွေထဲမှာ ပန်းချီဆွဲတာ သီချင်းဆိုတာ ကဗျာရေး တာတွေသည် ဇာတ်လိုက်။

"ကျွန်မ မြင်ဖူးတွေ့ဖူးတဲ့ ကဗျာဆရာ ပန်းချီဆရာဆို တာတွေကတော့ ထမင်းငတ်နေကြတာများတယ်။ စာတွေထဲမှာ လည်း ဖတ်ဖူးရဲ့၊ အနာတရတွေနဲ့ တောက်ပနေမှ ဘဝဆန်ကြ တယ်ဆိုလား"

ညဥ့်ဦးယံအပြောကို လူကြီးလူကောင်းလေးယောက် စလုံးက နှစ်မြို့က်စွာ ရယ်မောနေကြသည်။ သူတို့ အာရွှင်လာကြ ပြီ။ မြင့်မိုရ်ဆိုသည့်လူကြီးကတော့ မှုန်ကုပ်ကုပ်၊ ရှုတည်တည်၊ ဒါနဲ့တောင် နတ်သားတစ်ပါးလို လှပနေသေးသည်။

"ဒီပန်းချီဆရာကတော့ ချမ်းသာတယ်ဟ။ သူက စင် မြင့်ပေါ် ရောက်နေပြီလေ။ သူလည်း တစ်ချိန်ကတော့ ဒဏ်ရာ တွေနဲ့ တောက်ပခဲ့ဖူးတာပေ့ါ။ အခုတော့ စင်းလုံးချော၊ အဲ. . . ညှင်းသိုးသိုးရုပ်ကတော့ တမင်လုပ်ယူထားရတဲ့စတိုင်၊ ဒါမှ ဗီသို ဗင်တို့ မိုးဇက်တို့နဲ့ တူမှာမဟုတ်လား။ သူက သီချင်းလည်းရေး တယ်"





"ဩော်"

ညဥ့်ဦးယံ၏မျက်ဝန်းတွေ ပိုမို၍ရွှန်းလဲ့သွားတာ သူက အတော်ဆုံးစာဆိုတစ်ဦး ဖြစ်နေလို့ပါ။ သီချင်းလည်း ရေးသတဲ့။ တော်လိုက်တာနော်။

"ဟော့လူတွေ. . . တော်ကြစမ်းဗျာ။ စားမှာသာ စား၊ သောက်မှာသာ သောက်။ ခင်ဗျားတို့ဟာကလည်း မတန်မရာ တွေ"

"အကောင်းလည်း ဘုန်းတော်ဘွဲ့တွေ ရွတ်ပြနေရသေး တယ်။ မကြိုက်လည်း နေပါဗျာ၊ မပြောတော့ပါဘူး"

သာမန်မိန်းမတစ်ယောက်သည် ကဗျာတွေ သီချင်းတွေ ပန်းချီကားတွေကို မသိရဘူး၊ နားမလည်ရဘူးဟု သူက ထင်နေ သလားမသိ။ မတန်မရာတွေ. . . တဲ့။ ရင်ထဲမှာ ငမ်းနည်းမိပေ မယ့် ညဥ့်ဦးယံ ငြိမ်သက်စွာ ရပ်ငေးနေခဲ့သည်။ ကျောက်ဆစ် ရုပ် ပြန်ဖြစ်သွားခဲ့သည်။ ဟုတ်တာပေ့ါ၊ ငါက ဂုဏ်သရေရှိ အမျိုးကောင်းသမီးမှမဟုတ်တာ။ မြင့်မြတ်တဲ့စာပေ၊ ဂီတ၊ အနု ပညာတွေနှင့် မသက်ဆိုင်ရ မဆွေးနွေးရဘူးပေ့ါ။

"ဟိတ်! ဒီမှာ ငါ့အနား လာဦး"

မူးယစ်နေလို့ တွဲခေါ်သွားကြရသည့် လူကြီးလူကော



www.burmeseclassic.com

www.burmeseclassic.com



များစွာကို ညည့်ဦးယံ မြင်ဖူးခဲ့ပေါင်းများပြီ။ အားလုံး ရွံ့စရာတွေ ချည်းပါပဲ။ မင်းသားခေါင်းတွေ ကွာကျကြ။ အင်း. . . သူမှူးယစ် ပုံကတော့ အရှိန်အဝါတစ်မျိုးနှင့် ဝင်းပပ။ ကျန်သုံးယောက်က လက်ပံပင် ဆက်ရက်ကျနေသော်လည်း သူက ယခုမှ စသည်။ ညည့်ဦးယံ သူ့အနားသို့ ကပ်သွားရသည်။

"မင်းနာမည် ဘယ်သူလဲ"

"ညည့်ဦးယံ"

"ဘာလဲ. . . မင်းအမေက ညည့်ဦးယံအချိန်မှာ မွေးလို့ လား"

"ဟုတ်ပါတယ်"

"မင်း ဘာဖြစ်လို့ ဒီမှာအလုပ်လုပ်ရတာလဲ"

"ရှင်!"

ဒါ အင်တာဗျူးနေတာလား။ သူ ကုန်ကြမ်းရှာနေတာ လည်း ဖြစ်ချင်ဖြစ်မည်။

"ကောင်းကောင်းဖြေလိုက်လေ ကောင်မလေး။ သူက ဝတ္ထုတွေ ဇာတ်ညွှန်းတွေလည်း ရေးတယ်။ ညည်း ဇာတ်လိုက် မလုပ်ချင်ဘူးလား"

အရည်အချင်းတွေ တစ်ခုပြီးတစ်ခု ထွက်ပေါ်နေသည့်





သူ့ကို ညည့်ဦးယံ ပြူးပြဲကြည့်နေတုန်း သူက သူမလက်ကောက် ဝတ်ကို ဆတ်ခနဲဖမ်းဆွဲပြီး သူ့အနားမှာ ထိုင်စေသည်။ ညည့်ဦး ယံ ဆတ်ခနဲတုန်သွားမိ၏။ တခြားလူတွေ ဆွဲလား‌လွဲလားလုပ် လျှင် သူမ မည်သို့တုန့်ပြန်မိမလဲ။ ဒီအလုပ်မှာ ကဲကဲဆတ်မျှ ဗိုင်းကောင်းကျောက်ဖိမနေရဘူးဆိုလျှင်လည်း ယခုကဲ့သို့ ငြိမ် သက်စွာ ကြည်ဖြူနေမိမည်တော့မဟုတ်။ မိန်းကလေးဆိုတာ ကိုယ့်စည်းရိုးကို ကိုယ်ပြန်ချိုးဖောက်သူတွေလည်း ဖြစ်လိမ့်မည်။

"ငါ မကျေနပ်ဘူး. . . မင်းမှာ ခြေအကောင်း လက် အကောင်းပဲ၊ ဘာဖြစ်လို့ ဒီလိုလုပ်နေရတာလဲ၊ ပြောစမ်း"

ခြေအကောင်းလက်အကောင်းမို့ ဒီအလုပ် လုပ်နေရတာ ပေါ့။ သူ့ကပ်သီးကပ်သတ်အမေးကို ညည့်ဦးယံ ဖြေစရာမရှိ။

"မင်း ဘယ်သူနဲ့နေရတာလဲ"

"မေမေနဲ့"

"မင်းအမေက ဒီအလုပ်လုပ်တာ မကန့်ကွက်ဖူးလား။ ဒီလိုလုပ်တာကို သဘောတူသလား။ ဒီအလုပ်ရဲ့သဘောသဘာဝ တွေကို သူမသိဘူးလား။ တစ်ခါလောက် ဆိုင်ကိုခေါ်လာဖို့ကောင်း တယ်။ အမူးသမားတွေ ဘယ်လိုဆက်ဆံတတ်ကြတယ်ဆိုတာ သူမြင်သွားစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်၏စကားကြောင့် ညဥ့်ဦးယံ လဲသေချင်လောက်အောင် ရှက်သွားသည်။ သူဆွဲထားသောလက်ကိုလည်း ရုန်းမိ၏။ သူက မလွှတ်။ သူမ မျက်ရည်ဝဲလာသည်။ အံကိုတင်းတင်းကြိတ်မိ၏။ သူစော်ကားရက်လိုက်တာနော်၊ အထင်သေးလိုက်တာနော်။

"ဟိတ်! ဖြေလေ၊ တခြားအလုပ် ဘာလို့မလုပ်တာလဲ။ ဒီအလုပ်က ပိုက်ဆံများများရပေမယ့် မိန်းကလေးလုပ်သင့်တဲ့အလုပ်မဟုတ်ဘူး။ မင်းလိုငယ်ငယ်ချောချောလေးတစ်ယောက်ဟာ မဆလာသယ်တဲ့အလုပ် လုပ်တာကမှ ဂုဏ်ရှိဦးမယ်"

သူမ မဖြေ။ မြင့်မိုရ်၏ နှိုင့်ထက်စီးနင်းစကားများအတွက် လည်စင်းခံနေလိုက်သည်။ လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့ လူကြီးမင်းရယ်။ ရှင်က လောကကြီးတစ်ခုလုံး သာယာနေတယ်များ ထင်မှတ်နေသလား။ ညဥ့်ဦးယံမှာ ဘေးကျပ်နံကျပ်။

"ကဲပါ ကိုမိုရ်ရယ်၊ ကောင်မလေးကို လွှတ်လိုက်ပါ။ သူ့ခမျာ တုန်ယင်နေပြီ၊ ခင်ဗျား အဲဒါကြောင့် ကျွန်တော့်လောက်မစွံတာ။ မိန်းမဆိုတာ မကြမ်းရဘူးဗျ၊ ပန်းတစ်ပွင့်လို ယုယုယယဆက်ဆံမှပေါ့"

"ကျွန်တော် မကျေနပ်ဘူးဗျာ၊ ခြေအကောင်း လက်အကောင်းကြီးနဲ့ ဘာလို့ ဒီအလုပ် လုပ်နေရတာလဲ၊ တခြားအလုပ်





တွေ အပုံကြီးပါ"

ညဥ့်ဦးယံက ခပ်မာမာမို့သာ တောင့်ခံနေရသည်။ သူ့စကားတွေက သွေးပျက်ချင်စဖွယ်။ အထူးသဖြင့် ကိုယ့်လေးစားချစ်ခင်မိသူ၏အမြင်မို့ သူမ ခံစားနေရသည်။

"ဟိတ်! မင်းပုံကို ငါ ပန်းချီဆွဲချင်တယ်၊ အချိန်ပေးနိုင်မလား"

"ဟော့လူ ကိုမိုရ်၊ ဇာတ်လမ်းတွေ ဆင်မနေနဲ့။ ချမ်းသာပေးလိုက်ပါဗျာ။ ခင်ဗျားပန်းကလေးက မဆွတ်ခင်က ညှိုးချင်နေတာပါ"

ဒီဝိုင်းမှာ သူမ ဆက်နေချင်စိတ်မရှိတော့။ မီးလျှံလိုလောင်မြိုက်မည့် သူ့လက်ဖဝါးနှင်းဆီပွင့်။ သူမ ဆတ်ခနဲ ရုန်းယူမတ်တပ်ရပ်လိုက်သည်။ အခန်းထဲမှ သမင်မတစ်ကောင်နှယ် ပြေးထွက်ခဲ့တော့သည်။

"ညဥ့်ဦးယံ ဘာဖြစ်လာတာလဲ"

ပြုံးကိုမြင်မှ သူမ မျက်ရည်များကို ပြန်လည်မျိုချနေရသည်။ ဒီဘဝကို ဘယ်တုန်းကမှ ကိုယ်တိုင်အထင်မကြီးခဲ့ရသည့်ကြားထဲ ယခု သူ့အပြောကြောင့် စိတ်ပိုပျက်ရသည်။

"ကိုယ်တော့ ထောသွားပြီဆရာ၊ ကိုယ့်အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ဘော့စ်တွေ အမဲတွေပဲ။ ပိုက်ဆံထွက် ထွက်ကျတတ်တဲ့ ဒီလိုစက်ရုပ်ကြီးမျိုးတော့ တစ်နေ့ အယောက်တစ်ရာလောက် လာပါစေလို့ ဆုတောင်းတယ်''

ပြုံးရွှင်မြူးတူးနေသည့်ပြုံးကိုကြည့်ပြီး ညဥ့်ဦးယံ အားမကျမိ။ သူ ဘာတွေပေးဆပ်ခဲ့ရသလဲ။

''အဲ. . . နည်းနည်းတော့ ဒွေးရောယှက်တင် ရှိရတာပေါ့လေ။ ဒါပေမဲ့ ကိုယ်က စည်းထားပါတယ်။ အလုပ်သဘောအရ ဆက်ဆံတာပဲ၊ အပြင်ကို ဘယ်တော့မှ မသယ်ဘူး မဆက်ဘူး''

''ဟိတ်! ဘာတွေ သင်တန်းပေးနေသလဲ''

အနားသို့ ကေသီ ရောက်လာပြန်သည်။ သူမကတော့ ရှုံ့မဲ့လျက်။

''ဒီနေ့ ပြဿဒါးနေ့ပဲဟေ့၊ ငါ့အခန်းက လူတွေကတော့ တကယ့်လူရမ်းတွေပဲ။ အော်ကြီးဟစ်ကျယ်တွေနဲ့ ရန်ဖြစ်တော့မလို့၊ သူတို့ရန်ဖြစ်ရင် ငါပြေးပေါက်မှားမှာ။ ညဥ့်ဦးယံ နင့်အခန်းက အုပ်စုကရော၊ ဒီအရွယ်တွေကတော့ သိတတ်လိမ့်မယ်ထင်တယ်။ ပြုံးတော့ ထောနေပြီဟ''

မကြာမီ လူစုကွဲသွားရပြန်သည်။ လုပ်စရာရှိသည့်အလုပ်





တွေကို ဆက်လုပ်ရသည်။ ကောင်တာမှာ ထိုင်နေသည့်ဦးချစ်ရှံကြီးက စေ့စပ်လှသည်လေ။

နာရီဝက်ကြာမှ သူတို့ပြန်ကြတော့မှာမို့ ညဥ့်ဦးယံ အခန်းဆီ ပြန်သွားရသည်။

အသက်သုံးဆယ်ကျော်အရွယ်ဆိုတာက အရှိန်အဟုန်ကောင်းကောင်းမြစ်တစ်စင်းနှယ် ဘဝမှာ အပြုံးပြက်ဆုံးပေ့ါ။ ညိုသော စိုသော အသား၊ ခပ်မြင့်မြင့်ကိုယ်ဟန်နှင့် ပရက်စလေလိုမေးချိုင့်လေးပါသော ခပ်ချောချောအနုပညာရှင်ကြီးသည် ကောင်းကင်နတ်ဆိုးတစ်ပါးနှယ် ညို့ငင်တောက်ပနေသည်။ သူ မှူးယစ်နေပုံက ရီဝေဝေ။ လေးယောက်စလုံး အနည်းငယ် ယိုင်တီယိုင်တိုင်။ သူတို့ ကားကိုဘယ်လိုမောင်းကြမှာလဲ။ လူ့အဖိုးတန်တစ်ယောက်ကိုဖြင့် သူမ မဆုံးရှုံးစေလို။ သူ့ကို နာကြည်းနေသည့်ကြားမှ ညဥ့်ဦးယံ ပြောမိသွားခဲ့သည်။

''ကားတွေဘာတွေ တိုက်ပြုကုန်ပါဦးမယ်''

''မပူပါနဲ့၊ မင်းက ငါ့ရည်းစားမှမဟုတ်သေးတာ။ ရော့ ပိုတဲ့ထောင့်ငါးရာက မင်းကိုလက်ဆွဲမိတဲ့အတွက် လျော်ကြေး၊ Good by လို့ နှုတ်မဆက်သေးဘူးနော်။ နောက်ထပ် အများကြီးတွေ့ကြဦးမယ်. . . သွားမယ်''



www.burmeseclassic.com

www.burmeseclassic.com



သူ့အရပ်ကြီးဖြင့် စီးမိုးငုံ့ကြည့်နှုတ်ဆက်နေပုံက သူမမျက်နှာနှင့် ထိလုလု။ တယုတယလား၊ ကပျက်ကချော်လား။ ဒီအလုပ်နှင့်သာ ထိုက်တန်သောဆုကိုသာ သူပေးခဲ့ပေလိမ့်မည်။

▣▣▣



## အခန်း (၃)

ကိုယ့်ကိုအထင်သေး ရှုတ်ချတဲ့မျက်ဝန်းတစ်စုံကိုမှ သူမရူးရူးမိုက်မိုက် လုံးထွေးတော့မှာလား။ ဘဝတစ်လျှောက်လုံး အနှစ်နှစ်ဆယ်နီးပါး မာခဲ့သောဦးခေါင်းသည် ယခုတော့ သူ့ရှေ့မှာ ညွှတ်ငိုက်သွားခဲ့ပြီ။ သူမက ကြာတစ်နွယ်ဖြစ်ပြီး သူက မီးလျှံဖြစ်ခဲ့သည်။

ကြည့်စမ်း! ဘယ်တုန်းက ရူးမိုက်သွားခဲ့တာလဲ။ 'ဗီသိုဗင်'ရဲ့ ကြေးရုပ်တုရှေ့မှာ၊ ဂီတသံကဗျာဆရာကြီးရဲ့ ကြေးရုပ်တုရှေ့မှာ သူမ ဘယ်တုန်းက ကျဆုံးသွားခဲ့တာလဲ။ မည်သို့ပင်ဖြစ်စေ စားပွဲထိုးမတစ်ယောက်ပင်ဖြစ်စေ စစ်မရောက်ခင် မြားမကုန်စေရ။ ကိုယ့်ရင်ထဲမှအချစ်တွေကို သူ မသိရှိစေရ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ယခုတော့ ညဉ့်ဦးယံ မြင့်မိုရ်ထံသို့ သွားနေမိပြီ။

"မင်းရဲ့အားလပ်ရက်မှာ ငါ ပန်းချီဆွဲချင်တယ်၊ ငါ့ရဲ့အခန်းကိုလာခဲ့ပါ။ စိတ်ချ. . . လုပ်အားခပေးမှာ။ မိုဒယ်လ် ပြပေးရတဲ့အတွက် မင်းကြိုက်သလောက် တောင်းလေ။ ငါ့စည်းစိမ်ပြုတ်တဲ့အထိတော့ မတောင်းဘူးမို့လား"

ဟု သူပြောခဲ့သည်။ ညို့အားပြင်းသည့် မော်ဆရာကြီး၏စကားကို သူမ တွန်းလှန်၍မရခဲ့။

မြင့်မိုရ်၊ သူမတို့ရဲ့ 'မြကန်သာ'ကို အကြိမ်ပေါင်းများစွာ လာခဲ့သည်။ သူမလာရင်လည်း ညဉ့်ဦးယံ မျှော်တတ်ခဲ့ပြီ။ အချိန်တိုင်းမှာ သူ့ရုပ်ပုံသာ တရစ်ဝဲဝဲ။ ရှေးရှေးတုန်းကတည်းက အမေတို့ အဘွားတို့ ခံစားခဲ့ရသလိုပဲ သူမ ခံစားမိရသည်။ သူလာလျှင် ဘဝက ပြီးပြည့်စုံသွားပြီး၊ သူ့ကိုမမြင်မတွေ့ရလျှင် တစ်လောကလုံး ခြောက်သွေ့သွားတတ်ခဲ့ပြီ၊ သူ မသိအောင်ပေါ့လေ၊ ညဉ့်ဦးယံ ခံစားနေခဲ့ရသည်။

မေမေမေးတော့ ဆရာမဆီ စာမေးသွားသည်ဟု သူမ မလုံမလဲဖြေခဲ့မိသည်။ ညဉ့်ဦးယံက အဝေးသင်ဒုတိယနှစ်ကျောင်းသူလည်းဖြစ်သည်။





သူမနေထိုင်ရာ ဆင်ခြေဖုံးရပ်ကွက်မှ မြို့ပတ်ရထားစီး၊ ခြေလျင်အဝေးကြီးလျှောက်ခဲ့ရပေမယ့် ပန်းချီကားများစွာ ချိတ်ဆွဲထားသော သူ့စတူဒီယိုခန်းထဲမှာ ညဉ့်ဦးယံ အမော‌ပြေသွားသည်။ ပန်းချီကားများကို ရင်သပ်ရှုမော ကြည်နူးမိတော့ မြင့်မိုရ်က နာခေါင်းရှုံ့၏။ သူ့အမြင်မှာ သေးသိမ်စုတ်နုတ်သော အထက်တန်းစားမိန်းမ မဟုတ်သော ညဉ့်ဦးယံနှင့် ပန်းချီကားများကို စပ်ဟပ်လို့ ရဟန်မတူ။ သူမကို ဟန်ဆောင်နေသည်လို့လည်း ထင်ချင်ထင်နေပေလိမ့်မည်။

"ကဲကဲ. . . အမောပြေရင် အလုပ်စလိုက်ရအောင်၊ မင်း တရားထိုင်ဖူးသလား"

"ရှင်"

"ဒီလိုလေ၊ အညောင်းတွေဘာတွေ ခံနိုင်သလားလို့ပါ။ ငါပန်းချီဆွဲရင် တမေ့တမောပဲ။ အိမ်က ဘာစားခဲ့သလဲ။ ဟိုစားပွဲမှာတော့ ထမင်းချိုင့်ရှိတယ်။ ဆာရင် သွားစားထားနှင့်"

မနက်စောစောထွက်ခဲ့ရသည်မို့ ဘာမှတော့ မစားခဲ့ရသေး။ သို့သော် ယခုမှရောက်၊ ယခုမှ သေသေချာချာ မျက်နှာချင်းဆိုင်ရသော မြင့်မိုရ်၏အခန်းမှာ ညဉ့်ဦးယံ ရဲရဲဝံ့ဝံ့မရှိ။

"သွားစားချည်လေ၊ ငါ ဒီအခန်းထဲက စောင့်မယ်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်၏အခန်းမှာ လူလည်း တစ်ယောက်မှမတွေ့။ သူတစ်ယောက်တည်းပဲ နေသည်ထင်သည်။ တမေ့တမောအလုပ်လုပ်တတ်သူကြီး၏ရှေ့မှာ တရားထိုင်ဖို့အတွက် ညဉ့်ဦးယံ အစာစားဖို့ ပြင်ရသည်။ သူရော မစားဘူးလား၊ စားပြီးပြီလား။ မေးတော့မမေးဝံ့ပါလေ။ နာရီကြည့်လိုက်တော့ နံနက်ကိုးနာရီ။

မြေညီထပ်ဖြစ်သည့် သူ့အခန်းက အနည်းငယ်တော့ ကျယ်ဝန်းသည်။ သူမတို့ ယခုနေရသည့် သုံးပင်အိမ် တစ်ခြမ်းလေးနှင့်စာလျှင်တော့ အများကြီးကျယ်ဝန်းသည်။ ယခင်နေရသည့် လုံးချင်းအိမ်လောက်တော့ မကျယ်။ မြင့်မိုရ်၏တိုက်ခန်းမှာ ဧည့်ခန်းသီးသန့်မထား။ ပန်းချီပြခန်းသဖွယ် ပြသထားသည့်အခန်းကပဲ ဧည့်ခန်းဖြစ်လိမ့်မည်။ နောက် သူ့အလုပ်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်းနှင့် ရေချိုးခန်း။ တစ်ယောက်တည်းနေသည်ဆိုလျှင်ဖြင့် အတော်ပင် ကျယ်ဝန်းလှပါသည်။

ထမင်းစားခန်းစားပွဲပေါ်မှာ စတီးငါးဆင့်ချိုင့် တင်ထားသည်။ ချိုင့်ကို ပူပူနွေးနွေး။ ညဉ့်ဦးယံ ဖြုတ်ချလိုက်၏။ ထမင်းနှစ်ချိုင့်၊ ဟင်းတွေက သုံးချိုင့်။ ပန်းကန်တစ်ချပ်ကို ဆွဲယူ ဆေးကြောပြီး ထမင်းနည်းနည်းနှင့် ချဉ်ပေါင်ကြော်နည်းနည်းပဲ ယူစားလိုက်သည်။ ကျန်သည့်ဟင်းတွေကတော့ သူစားပါစေ။





စားသောက်ဆေးကြောပြီးချိန်ထိ ဆယ်မိနစ်ပင် မကြာ။ အထက်စီးမှ စကားပြောတတ် စိတ်တိုတတ်သည့်မြင့်မိုရ် စိတ်မရှည်ဖြစ်နေမည်စိုးသဖြင့် သူမ ကပျာကယာပဲ ထွက်ခဲ့သည်။

"မြန်လှချည်လား၊ ခဏနားလိုက်ဦး။ ငါအလုပ်လုပ်ရင် တမေ့"

"ရပါတယ်၊ ကျွန်မ နေ့တစ်ဝက်ပဲ အချိန်ပေးနိုင်မယ်။ နေ့လယ်ကျရင် ဆရာမအိမ် သွားရမယ်"

ညဉ့်ဦးယံစကားကြောင့် မြင့်မိုရ် စိတ်တိုသွားသည်မှာ ဖြူကောင်နှယ် ဆူးတွေ ထောင်တော့မတတ်။

"ဟေ့! . . . မင်းကို ငါ ရက်ပေါင်းများစွာ ကြိုတင် ရက်တောင်းထားတာ။ မရဘူး၊ တစ်နေ့လုံးနေရမယ်။ ညနေခြောက်နာရီမှ ပြန်ရမယ်"

"မနေနိုင်ဘူး၊ ကျွန်မ စာသွားမေးရဦးမယ်။ ကျွန်မ နေ့လယ်မှာ ပြန်ရမှဖြစ်မယ်။ ပြီးတော့ ညနေခြောက်နာရီအထိလည်း မနေနိုင်ပါဘူး။ ကားတွေ ရထားတွေ"

"အပိုတွေ ပြောမနေနဲ့ ခါတိုင်း မြကန်သာက ကိုးနာရီဆယ်နာရီမှ ပြန်ရတာမဟုတ်လား။ တစ်နေ့လုံးမနေနိုင်ရင် ငါဘယ်တန်မလဲ၊ မင်းကို ပုံဆွဲခတစ်နေ့လုံးစာ အပြည့်ပေးမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ညွှ့်ဦးယံ ထောင်းခနဲ ဒေါသတွေ အလိပ်လိုက် ထွက်မိသည်။ ပိုက်ဆံလိုချင်လို့ လာတာကျနေတာ ပဲ။ လူကြီးမင်းရေ. . . ငွေနဲ့တန်ဖိုးဖြတ်လို့မရတဲ့ ကျွန်မရဲ့မေတ္တာ စေတနာတွေကို ရှင်အသိအမှတ်ပြုဖို့ကောင်းပါတယ်။

''ကျွန်မ ငွေရလိုမှုသက်သက်နဲ့ လာတာမဟုတ်ဘူး။ ရှင့်ကိုယ်ရှင် သူဌေးဆိုပြီး ပိုက်ဆံရှိတယ်ဆိုပြီး ငွေစကားမပြော ပါနဲ့''

''ဒါဖြင့် ငါက ပိုက်ဆံမပေးရတော့ဘူးလား။ ဘာလုပ်ရ အောင် မင်းလာတာလဲ''

ဒါတော့ စော်ကားလွန်းသည်။ ညွှ့်ဦးယံမျက်နှာ ရဲခနဲ ဖြစ်သွားသည်။

''ကောင်းပြီ. . . ဒါဆို ကျွန်မ ဒီအလုပ်ကိုဖျက်တယ်။ ကျွန်မ ပြန်ပြီ။ စားမိတဲ့ရှင့်ထမင်းကို နောက်တစ်နေ့မှာ လျော် ပေးမယ်''

ပြောပြောဆိုဆိုဖြင့် ညွှ့်ဦးယံ ဆတ်ခနဲထလိုက်သည်။ စလင်းဘက်ကြိုးရှည်ရှည် အဖြူလေးကလည်း လက်မှာပါပြီးသား မို့ ကမူးရှူးထိုး သူ့ဌေးခန်းမှထွက်သည်။ သို့သော် သူမထွက် ခွင့်မရလိုက်။ မြင့်မိုရ်က တံခါးဝသို့ သူ့အရင်ရောက်နှင့်သည်။





''ဘယ်ရမလဲ၊ မင်းကို ငါ အပိုတွေ ဇာတ်လမ်းတွေ လုပ်နေတာမဟုတ်ဘူး။ ငါ့အလုပ်အတွက် အကူအညီတောင်းခံ နေတာ။ ရှေ့လမှာ တင်မယ့် ငါ့ပြပွဲအတွက် မိန်းကလေးပုံတွေ လိုချင်တယ်။ မင်းမှာ ငါလိုချင်တဲ့အရည်အချင်းတွေ ပြည့်စုံတယ်။ ကဲပါလေ၊ ငါ့စကားမှားသွားရင် ခွင့်လွှတ်။ နေ့တစ်ဝက်ပဲ နေချင် လည်း နေပါ။ ငါ တစ်နေ့လုံးစာ ပေးပါ့မယ်''

လာပြန်ပြီ ဒီငွေစကား။ ညွှ့်ဦးယံ မျက်မှောင်ကြုတ်၏။

''ဆောရီး. . . မင်းမကြိုက်ရင် မပြောတော့ဘူး။ ငါ့ကိုတော့ ပြီး ဆုံးအောင် ကူညီပါ။ မင်းရဲ့အားလပ်ရက်တွေမှာ ငါပန်းချီဆွဲပါ ရစေ။ လေးငါးကြိမ်လောက်ပေါ့နော်''

သူမ စကားပြန်မပြောမိတော့။ မြင့်မိုရ်က ရှေ့မှအခန်း တံခါးကိုပိတ်သည်။ သံတံခါးကို လက်ထုတ်သော့ခတ်ခြင်းဖြစ် ၏။

''ငါတို့က အလုပ်ခန်းထဲမှာ အလုပ်လုပ်နေမှာ၊ အပြင် က ဧည့်သည်တွေဘာတွေ လာရင် အလုပ်ပျက်ခံပြီး ထဖွင့်မနေ နိုင်ဘူး။ အခန်းမှာ လူမရှိဘူးထင်အောင် အပြင်က သော့ခတ် ရတာ။ မင်း လန့်မနေနဲ့၊ မင်းကို ဘာမှမလုပ်ဘူး''

သူရှင်းပြကာမှ ညွှ့်ဦးယံ ကြောက်ရမလိုလိုဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက ကိုယ့်ရဲ့နတ်ဘုရားတစ်ပါးနှယ်မို့ ကြောက်ရမှန်းကိုတောင် မသိခဲ့တာကိုး။

''လာ. . . သွားစို့၊ ငါ့ကိုမကြောက်နဲ့နော်''

ဒုက္ခပါပဲ။ မပြောဘဲထားလျှင် ဘာမှမဖြစ်။ ပြောမှ ပိုဆိုးသည်။ သူဝင်သွားရာ ပန်းချီဆွဲခန်းထဲသို့ ညည့်ဦးယံ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ဝင်မိသည်။

''ငါဆွဲချင်တဲ့ပုံတွေကို ပြောပြမယ်''

''ပုံအားလုံး ကျွန်မနဲ့ဆွဲမှာလား''

''ဟုတ်တယ်၊ တစ်ပုံက ထီးဟန်နန်းဟန်အပြည့်နဲ့ မင်းသမီးပုံစံ။ တစ်ပုံက သဘာဝအတိုင်း. . . အရိုင်းပုံ''

''ရှင်!''

အခန်းထဲ ဝင်လုဆဲခြေလှမ်းများကို အလန့်တကြားပြန်နုတ်၊ နောက်ဘက်သို့ ဆုတ်ခနဲပြေးဖို့ သူမ ဟန်ပြင်လိုက်သည်။ ဝမ်းနည်း ဒေါသဖြစ်မှုများက နှလုံးသားကို တဆတ်ဆတ်တုန်လှုပ်စေရော့ထင့်။ သူမ ယိမ်းထိုးတုန်ယင်နေတော့သည်။

မြကန်သာမိန်းကလေးမို့ အပေါစားမိန်းကလေးရယ်လို့ ဒီလိုဆက်ဆံတာလား၊ ဒီလိုပြောချလိုက်တာလား။

''ဟော့! မင်းဘာဖြစ်သွားတာလဲ၊ အရိုင်းအတိုင်းဆိုပေ





မယ့် ဒီပိုစတာထဲကလိုလေ''

သူပြသော ပလွေမှုတ်နေသည့် ကျောက်ဆစ်ရုပ်မိန်းကလေးက ညည့်ဦးယံ၏ မျက်ရည်နစ်မျက်ဝန်းထဲမှာ ဝေဝေဝါးဝါး။ ပေါင်ချိတ်ထိုင်ထားသည့်မိန်းကလေးက ပန်းပုရုပ်မဟုတ်လား။ ဝမ်းနည်းမှုထက် ဒေါသများက ပိုမိုနာကျင်လာခဲ့သည်။

''အဲဒါက စိတ်ကူးယဉ် ကျောက်ဆစ်ရုပ်ရှင့်၊ ကျွန်မက အရုပ်မဟုတ်ဘူး။ ရှင် သက်သက် စော်ကားတာ။ ရှင့်ကိုအထင်ကြီးမိတာ ကျွန်မ မှားတာပဲ။ ရှင်. . . ရှင်''

မျက်ဝန်းမှာ မျက်ရည်များက ဝေါခနဲစီးပြို့ကျလာသည်။ မဆင်ဘဲ ရွာသည့်မိုးနှယ်။ သူ့ပုံစံကလည်း အံ့အားတသင့်။ သူက ညည့်ဦးယံကို ဘယ်လိုမိန်းကလေးထင်လို့လဲ။ သေချာတွေးလေ သေချာယူကျုံးမရဖြစ်ရသည်။

''မဟုတ်ဘူးလေ၊ ဒါ မြန်မာပြည်၊ ငါက အဲလိုတော့ မဆွဲပါဘူး။ ရင်လျားနဲ့ ရေချိုးရင်း ပုလွေမှုတ်နေတဲ့အရိုင်းမလေးမျိုး လိုချင်တယ်။ နောက်တစ်ပုံက ထီးဟန်နန်းဟန်အပြည့်နဲ့''

''မဖြစ်နိုင်ဘူး၊ ကျွန်မ အဲလိုလည်း ရင်လျားမပြနိုင်ဘူး၊ ရှင် အဲလိုပုံမျိုးဆွဲချင်ရင် ကြေးစားအပျက်မတစ်ယောက်ယောက်ကိုခေါ်ပြီး ခိုင်းပါလား။ ရှင် လူကဲခတ်မှားနေပြီ''



www.burmeseclassic.com

www.burmeseclassic.com



သွေးဆူ ထူပူနေသည့်မိန်းကလေးကို သူက ပခုံးဖိ၍ ထိုင်ခုံလေးတစ်ခုမှာ ထိုင်စေသည်။

"ရှင် ကျွန်မကို မထိန်း။ မြကန်သာကဆိုပြီး ရှင့်အိမ်ခေါ်ပြီး စော်ကားတာ။ ကျွန်မ ပျက်စီးနေတဲ့မိန်းမဟုတ်ဘူး။ ရှင့်ကိုလိုက်လျှောမိတာ ရှင်က ကျွန်မကိုးကွယ်မိတဲ့သူမို့။ ရှင် ကျွန်မကို ဒီ့ထက်ပိုပြီး မစော်ကားနဲ့တော့။ လူတကာ စော်ကားတာထက် ရှင်စော်ကားတာကို ကျွန်မ ပိုခံစားရတယ်"

သူမြင်ခဲ့သမျှ တစ်ချိန်လုံး ညွတ်ပျောင်းနေခဲ့သည့် နူးနူးညံ့ညံ့မိန်းကလေး၏ ပေါက်ပေါက်ကွဲကွဲအလှက ကြေမွ ကြိမ်းရှ။ ရန့်ပြင်းလှ၏။ တအံ့တသြဖြင့် မြင့်မိုရ် ငေးကြည့်နေမိ၏။ ရန့်ပြင်းလှသည့် နှစ်ချို့ဝိုင်။ သွယ်ဝိုင်းမို့မို့မျက်နှာကျက ရွှန်းစို လင်းပြက်သောမျက်ဝန်း၊ မျက်တောင်နှာတံတို့ဖြင့် ပန်းချီဆေးရေးမမီနိုင်စရာ။ အိစက်ရဲရဲနှုတ်ခမ်းလေးကလည်း အသည်းနှလုံးပုံနှင့် ထွေးထွေးယှက်ယှက်၊ အတော်လှသည့်သူငယ်မလေးပါပဲ။ ယခုတော့ မွေ့ပြဟောက်မလေးပေါ့။ သူ့ကိုသွားထိမိလို့ ပါးပြင်းခွက်ခွက်နှင့် တရှူးရှူးနဲ့ မာန်ဖီနေတော့ပြီ။

"ကဲပါ ညှို့ဦးယံရယ်၊ မင်းကို ငါအနူးအညွတ် တောင်းပန်ပါတယ်။ ငါ့စိတ်ထဲမှာ မင်းကို ပန်းချီဆွဲချင်စိတ်ကလွဲပြီး အနု





ပညာစိတ်ကလွဲပြီး ဘာမှကလီကမာမရှိပါဘူး။ မင်း အထင်လွဲတာ ငါစိတ်မကောင်းဘူး။ ဘာပဲဖြစ်ဖြစ် မော်ဒယ်ဆိုတာ ပန်းချီဆရာခိုင်းတဲ့အတိုင်း လုပ်ပေးနေကြရတော့"

"အဲဒါက တကယ့်မော်ဒယ်လ်တွေပဲရှင့်၊ ကျွန်မ မသိဘူး၊ မလုပ်နိုင်ဘူး။ ရှင် တကယ့်စံပြမယ်တွေနဲ့ ဆက်သွယ်ပါလား။ ဒါမှမဟုတ် ရှင့်ရည်းစား ရှင့်မိန်းမကို အဲလိုလုပ်ခိုင်းပြီး ဆွဲပေါ့"

"ဟုတ်ပြီလေ၊ မင်းစကား မင်းမှတ်ထားနော်။ ကဲပါ၊ ငါတောင်းပန်ပါတယ်။ အရိုင်းပုံ အရင်မဆွဲဘူး၊ ထီးဟန်နန်းဟန်ပုံ အရင်ဆွဲမယ်။ မင်းက တစ်နေ့လုံး အချိန်မပေးနိုင်တော့ ဝတ်စားဆင်ယင် ပြင်ဆင်ခြယ်သရမှာနဲ့ အချိန်သိပ်မရနိုင်လို့ အရိုင်းပုံ အရင်ဆွဲမယ်လို့ပြောမိတာပါ။ ကဲ. . . အခု ဆယ်နာရီထိုးဖို့ ငါးမိနစ်၊ ဆယ့်ငါးမိနစ်အတွင်း မင်းကို ငါပြင်ဆင်ပေးမယ်။ မျက်နှာလိမ်းတာရော ဘာရော။ မင်းမလိမ်းတတ်ဘူးမဟုတ်လား"

ပျော့ပျောင်းသော သူ့အပြောမှာ ညှို့ဦးယံ ငြိတွယ်သွားသည်။ တင်းတင်းစေ့သောနှုတ်ခမ်းဖြင့် သူပြင်ဆင်ပေးသမျှ ငြိမ်သက်စွာ ခံယူရတော့သည်။ သူမမျက်နှာကို လက်ညှိုးလက်မနှင့် ကိုင်ထား ဖျစ်ညှစ်ထားပုံက မေးရိုးကြွေလုလု။ ဒီလူကြီး အလှပြင်ပေးလျှင်တော့ ဒဏ်ကြေလိမ်းဆေးတွေ ရောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ သူပြင်ဆင်ပေးနေသည်က ပန်းချီကျော်တစ်ဦး စုတ်တံဖြင့် ပန်းချီရေးနေသည်နှင့်လည်းတူ၏။

"ပြီးပြီ၊ ရော့. . . ဒီဝတ်စုံတွေ ငါ့အခန်းထဲ သွားလဲ"

"ဟင့်အင်း. . . ရှင် ခဏရှောင်ပေး၊ ကျွန်မ ဒီမှာပဲဝတ်မယ်"

"မဟုတ်ဘူးလေ၊ မှန်က အဲဒီမှာမှမရှိတာ။ သွားမှာသာ သွားစမ်းပါ။ ငါယုတ်မာချင်ရင် အချိန်မရွေး ရတယ်သိလား။ ပိုမနေနဲ့"

ပိုမနေနဲ့. . . တဲ့၊ တစ်ဖက်သားကို ပိသာလေး ဘေးပစ်စော်ကားမော်ကားပြောတတ်တာ သူ့ဝသီပဲဖြစ်မည်။ ဒါမှမဟုတ် သူမမို့လည်း အထင်သေးလို့ပြောတာဖြစ်မည်။ သူနှင့်ရန်မဖြစ်လိုတော့သည်မို့ ညဉ့်ဦးယံ ဝတ်စုံကိုယူပြီး သူ့အခန်းထဲ ဝင်ခဲ့သည်။

သူ့ပန်းချီခန်း(ညှော်ခန်း)ကလွဲလျှင် အခန်းတိုင်းသည် ရှုပ်ရှုပ်ထွေးထွေး။ သူ့ကိုယ်နံ့တွေ စွန်းထင်းနေသည့် ခပ်ရိုင်းရိုင်းလူပျိုခန်းမှာ ညဉ့်ဦးယံ ရင်ခုန်နေမိသည်၊ အရေးထဲနော်. . . မိန်းမဆိုတာလည်း ဦးနှောက်သာမပါလျှင် ခွေးတစ်ကောင်လို အူနေတော့မှာလားတောင်မသိ။ အမှတ်ရှိဖို့ကောင်းသည်။

လျင်မြန်စွာ ဝတ်စားပြီးတော့ ညဉ့်ဦးယံ မှန်ကြည့်မိ၏။





သူ့အိပ်ခန်းမှန်ဗီရိုမှာ ထင်လာသည့်ရုပ်သွင်က တကယ့်မင်းသမီးလေးနှယ်။ တစ်ခုပဲပြောစရာရှိသည်။ သူမမျက်နှာ မနူးညံ့သေး။ အနိုက်အတန့်မှု နာကျင်ကြေကွဲနေရသည်မို့ မျက်နှာက ပုံမှန်မဖြစ်သေး။

"ပြီးရင်လည်း ထွက်ခဲ့ဟေ့"

မြင့်မိုရ်၏အော်သံကြောင့် သူမဖြည်းဖြည်းချင်း ထွက်လာရသည်။ ထဘီရေသီနားက အရှည်ကြီးမဟုတ်လား။ ညဉ့်ဦးယံကို သူက သေချာစွာကြည့်သည်။

"မင်းမျက်နှာကို အရင်လိုကြည့်စင်အောင် ပြင်ရဦးမယ်၊ ရော့. . . ဒီဘူးထဲက လက်ဝတ်လက်စားတွေ ဝတ်လိုက်"

သံမဏိဘူးပြားလေးထဲမှာ ရတနာတွေက ပြိုးပြိုးပြက်ပြက်။ သူမ အံ့အားတသင့် မော့ကြည့်မိသည်။ ဒီလူကြီးဟာ မော်ဆရာကြီးလား သိုက်ဆရာကြီးလား။ ဘယ်သိုက်က ယူထားခဲ့တာလဲ။

"ဒါ အတုတွေလား"

"အေး. . . အတုတွေ၊ ကဲ. . . လာစမ်းကွာ။ အချိန်မရှိဘူး၊ ဆယ်နာရီခွဲပြီ။ ဒီတစ်ခါ အလုပ်လုပ်ရမှာလောက် စိတ်ပျက်စရာကောင်းတာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်ကြ ပြောပြောဆိုဆိုဖြင့် လက်ဝတ်ရတနာများကို ဆွဲယူဆင်ယင်ပေးနေလေတော့၏။ ညဥ့်ဦးယံ၏လည်မှာ ရတနာတွေ ဆင်ယင်ပေးတော့ သူမတို့ နီးကပ်လှသည်။ သူ့အသက်ရှူသံခပ်ပြင်းပြင်းက သူမ နဖူးမှာ ပါးမှာ ရိုက်ခတ်နေသည်အထိ။ သူမရင်ခုန်သံတွေကလည်း ပုံတီးသံနှယ်၊ စိတ်ညစ်လိုက်တာနော်၊ ရင်ခံအင်္ကျီဝတ်ထားရသည်မို့ ဖြူနုစ်နုစ်ရင်မို့မှာ ညဥ့်ဦးယံလက်ယှက်ထားမိသည်။ ရှေးမြန်မာအင်္ကျီကလည်း လုံလုံခြုံခြုံမရှိလိုက်တာ။ အင်းလေ. . . ရှေးရင်ခံအင်္ကျီကတော့ လုံချင်လုံမှာပေါ့။ ယခုအင်္ကျီကတော့ သူမ၏ဖွံ့ဖြိုးမှုတွေကို လုံခြုံမှုမပေးနိုင်။

''ဖယ်စမ်းပါ ဒီလက်က သည်းပြမနေနဲ့''

မြင့်မိုရ်ပြောသမျှ သူမစိတ်ဆိုးနေရလျှင်လည်း တစ်နေ့လုံး စိတ်ဆိုးပြေဖွယ်မရှိတော့။ ဒီလူကြီးကို အတိုင်းအတာတစ်ခုအထိတော့ သည်းခံရတော့မည်ထင်သည်။

''ကဲ. . . ပြီးပြီ၊ မှန်ကြည့်ဦးမလား''

''တော်ပြီ၊ ဆွဲမှာသာဆွဲ၊ ဆယ့်နှစ်နာရီ ထိုးတော့မယ်''

''ကျွတ်!. . . နေ့လယ်နှစ်နာရီလောက်မှ သွားလို့မရဘူးလား''

''ကျွန်မ အပိုတွေပြောနေတာမဟုတ်ဘူး ဦးမြင့်မိုရ်၊





မေမေ့ကို ဆရာမဆီ စာသွားမေးမယ်ပြောခဲ့တာ။ သွားမှဖြစ်မယ် မေးမှဖြစ်မယ်''

''မင်းက တကယ့်ဗိုင်းကောင်းကျောက်ဖိလေးပေါ့လေ၊ နေစမ်းပါဦး. . . ခုထိ ဆယ်တန်းမအောင်သေးဘူးလား။ ကောင်းတာပေါ့၊ မအေကိုပြဖို့ အကြောင်းပြချက်တစ်ခု ရတာပေါ့''

လူတစ်ဖက်သား(သို့မဟုတ်) သူမကို တော်တော် အထင်သေး ရှုတ်ချနေသည့်လူကြီးသို့ ညဥ့်ဦးယံ ဘယ်လိုတုန့်ပြန်ရမှန်းမသိဖြစ်နေရသည်။ လူတစ်ကိုယ်လုံး ဒေါသတို့ဖြင့် တုန်တော့မတတ်၊ ဒီတစ်ခါတော့ သူ့အကြောင်းမသိလို့ လာမိသည်၊ နောက်ဘယ်တော့မှမလာတော့ဘူး။ အနုပညာသမားတွေ ပန်းချီဆရာတွေကိုလည်း သူမ တစ်ခါမှအနီးကပ် ဆက်ဆံဖူးသည်မဟုတ်။ ဒီလိုပဲ ခွကျတတ်ကြပါသလား။

စိမ်းလဲ့နေသော မြက်ခင်းတစ်ခင်းနှယ် အဝေးကြည့်ပဲကောင်းတော့သည်။ ကျဲတာတွေ ပင်သေ ပင်ညှိုးတွေကို အနီးကပ်ကြည့်မှ မြင်ရမည်။

စကားမပြောတတ်သည့် ကျောက်ဆစ်ရုပ်လိုပဲ ညဥ့်ဦးယံ သူခိုင်းသည့်အတိုင်း ငြိမ်သက်စွာ နေပေးလိုက်သည်။ စောင်းတွေဘာတွေတော့ မပိုက်ခိုင်း။ ရှေးယွန်းကွမ်းအစ်ကြီးကိုဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းရွက်လေးတစ်ရွက်ကိုကိုင်၊ ထုံးသုတ်နေသည့်ပုံမျိုး လုပ်နိုင်းသည်။ တစ်ခုတော်သေးသည်။ ဓာတ်ပုံရိုက်သလို သူ့မျက်နှာကို မကြည့်နိုင်းတာပဲဖြစ်သည်။ ကွမ်းယာခြင်းအမှုမှာ စိတ်ဝင်စားနေရမည်မို့ မျက်တောင်ခပ်စင်းစင်း။ ကောင်း၏။ သူ့ကိုကြည့်မနေရတော့ဘူးပေါ့။ သူ့မျက်ခွက်ကြီးကို ကြည့်မနေရတော့ဘူးပေါ့။ တရိပ်ရိပ်တက်နေသည့်ဒေါသများနေရာမှာ လူငယ်ပီပီ ရယ်ချင်စိတ်ဝင်လာ၏။

ကြဲကြဲပန်ဖန် ရွေးမြန်မာတွေအားလုံး ကွမ်းစားခဲ့တာလား။

"ဟော့! မင်း ကွမ်းယာနေတာ ပုံမကျဘူး။ ကွမ်းယာတာတောင် မမြင်ဖူးဘူးလား။ ဒီမှာကြည့်၊ ကွမ်းကို သေသေချာချာကိုင်။ စာအုပ်ဖွင့်ဖတ်သလိုပုံစံကြီးလုပ်မနေနဲ့"

"ဒါဆို ရှင် ကွမ်းယာရောင်းတဲ့ကောင်မလေး တစ်ယောက်ယောက်ကို ခေါ်ဆွဲပါလား။ ပုံစံကျသွားအောင်"

"စကားကို ကပ်မပြောနဲ့၊ ငါခိုင်းသလိုသာ လုပ်စမ်း"

နောက်ဆုံးတော့ ပုံကျသွားရသည်။ သူက ပန်းချီမဆွဲခင် ဓာတ်ပုံအရင် တဖျပ်ဖျပ်ရိုက်သေး၏။

"ဓာတ်ပုံလည်း ကြည့်ဆွဲရဦးမယ်။ မင်းပုံ လိုချင်လွန်း





လို့ ရိုက်နေတာမဟုတ်ဘူး"

"ရှင့်ကိုလည်း ဘာမှမပြောဘူး။ မလုံမလဲဖြစ်မနေနဲ့"

"အောင်မာ!"

သူ့ထိတော့ နာတတ်၏။ တော်တော်လည်း တရားကျစရာကောင်းသည့် ဦးမြင့်မိုရ်ပါပဲ။ တစ်မနက်ခင်းလုံး ပန်းချီဆွဲနေတော့လည်း သူ့အသွင်က စူးစိုက်မှုဖြင့် အရောင်တွေ လက်ဖြာနေသလိုလို။ လေးစားအထင်ကြီးလိုက်ချင်စရာ။ အိုလေ၊ ဒီလူကြီးများ ဒီလိုလူကြီးများ. . . သွားစမ်းပါ။ ဝေးဝေးက ရှောင်တော့မည်။ ရင်ထဲမှာပဲ သတိရနေလိုက်ပါတော့မည်။

ဆယ့်နှစ်နာရီထိုးပေမယ့် ဦးမြင့်မိုရ်က စိတ်ပါလက်ပါဆွဲနေသည်မို့ ညဉ့်ဦးယံ အခက်တွေ့နေရလေ၏။ သူ နာရီလည်းမော့မကြည့်၊ နာရီကြီးကလည်း တစ်ချက်ချက်သွားနေမြဲ။ ပန်းချီဆရာက စုတ်တံအမျိုးမျိုးဖြင့် စိတ်ပါလက်ပါဆွဲနေမြဲ၊ တစ်နာရီကြာတော့ ညဉ့်ဦးယံ သည်းမခံနိုင်တော့။ ကျားမြီးဆွဲသလိုဖြစ်ချင်ဖြစ်စေ ပြောရတော့သည်။ ကိုယ်က သူ့ရဲ့ကျွန်မှမဟုတ်တာ။

"ဦးမြင့်မိုရ် ကျွန်မ ပြန်တော့မယ်"

ပြောလည်း သူက အရေးတောင်မလုပ်။ သူမကို ပန်းချီဆက်ဆွဲနေမြဲ။ ဘယ်ရမလဲ၊ ဒီကလည်း ညဉ့်ဦးယံ၊ သူမ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆို ထပစ်လိုက်သည်။ ဒီတော့မှ စက်ရုပ်ကြီးက အသက်ဝင်၏။

"ဟော့! မင်းဘယ်လိုလုပ်ပစ်လိုက်တာလဲ။ ဒီမှာ အရေးကြီးတာတွေ ဆွဲတုန်း။ ဘာမှအလိုက်မသိတတ်တဲ့မိန်းကလေးပဲ"

"တစ်နာရီထိုးနေပြီရှင့်၊ နောက်မှ ဓာတ်ပုံထဲကြည့်ဆွဲ။ ကျွန်မသွားတော့မယ်"

ပြောပြောဆိုဆိုဖြင့် ညဉ့်ဦးယံက အဝတ်အစားလဲဖို့ ပြင်လိုက်သည်။ သူ့အခန်းထဲဝင်တော့ တံခါးချက်ချဖို့လည်းမမေ့။ ဦးမြင့်မိုရ်ပုံစံက ဖြစ်နိုင်လျှင် သတ်တော့ဖြတ်တော့မည့်ပုံကြီးလေ။ နောက် မျက်နှာမှ မိတ်ကပ်တွေ ဆေးတွေကိုလည်း တွေ့သည့် အဝတ်တစ်ခုဖြင့် ပွတ်တိုက် ဖျက်ပစ်လိုက်သည်။ မတော်မနန်းတွေ လျှောက်လုပ်ရတာ ပျော်စရာတော့ အကောင်းသား။

ညဉ့်ဦးယံ ပြန်ထွက်လာတော့ သူက ဧည့်ခန်းထဲမှာ ရောက်နေသည်။ နှုတ်ဆက်ဖို့ သူမ သူ့ရှေ့မှာ ရပ်လိုက်၏။

"ဘာလဲ၊ ပိုက်ဆံလား. . . မပေးဘူး"

"ပေးချင်ပေး. . . မပေးချင်နေ၊ ကျွန်မ သွားပြီ"

ဒီတော့မှ သူက စာအိတ်တစ်အိတ်နှင့် ထည့်ထားသည့် ပိုက်ဆံကို ထုတ်ပေးသည်။

"တကယ်ဆို ကျွန်မ စေတနာနဲ့လာကူတာပါ။ ပိုက်ဆံ





မယူချင်ပါဘူးဘာညာ ဟန်ဆောင်ပန်ဆောင်ပြောပါလား"

သူက ရိ၏။ ပြေးရိုက်ချင်စရာရုပ်မျိုးနှင့်။

"မပြောနိုင်ပါဘူး၊ မေမေ့ဆေးဖိုးတွေက အမြဲလိုနေတာပဲ"

"ဝတ္ထုထဲကအတိုင်းပေါ့၊ မိခင်က မကျန်းမာတော့ သမီးက ငွေရရင်ပြီးရော၊ ငွေရှာရ။ ဒါနဲ့ပဲ ပျက်စီး. . . မျက်နှာဖုံးတစ်ခုအောက်မှာ ပျော်သလို့နေ"

"သေလိုက်ပါလား၊ ရှင့်ကိုမုန်းတယ်။ နောက် ဘယ်တော့မှ ရှင့်ဆီမလာတော့ဘူး။ အလကားလူကြီး"

"အခုရော နောက်ရည်းစားတစ်ယောက်နဲ့ ချိန်းထားလို့ သွားမှာမဟုတ်လား။ အဲဒီလူကရော မင်းကို ပိုက်ဆံပေးမှာလား"

"ရှင်ဟာလေ, ကျွန်မထက် အသက်ကြီးတဲ့ နိုင်ငံကျော်ကြီးမို့ပဲ။ ကျွန်မထက်သာငယ်ရင် လည်ပင်းညှစ်ပြီး အင်းလျားကန်ထဲ ပစ်ချလိုက်တယ်၊ သိလား"

သူ့အခန်းမှ ညဉ့်ဦးယံ ဒေါကြီးမောကြီးထွက်ခဲ့သည်။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ညဉ့်ဦးယံ အိမ်ပြန်ရောက်တော့ နေ့လယ်နှစ်နာရီခွဲ။ ဒီနေ့ ဘာတစ်ခုမှအဆင်မပြေ။ ဆရာမနှင့်လည်း မတွေ့ခဲ့ရ။ စာအုပ်ထဲမှာ စာပါမလာသည့်သမီးကို မေမေကတော့ သိမည်မဟုတ်ပေ။

လမ်းချိုးထဲသို့ ဝင်လိုက်ကတည်းက အိမ်ရှေ့မှာ ဥမ္မာတို့ကား ရပ်ထားတာတွေ့တော့ ညဉ့်ဦးယံ ဒေါသဖြစ်ရပြန်သည်။ မနာလိုလို့တော့ မဟုတ်ပါဘူး။ သို့ပေမယ့် ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဖြစ်မလာတော့လည်း လူငယ်ပီပီ ပုထုဇဉ်ပီပီ ညဉ့်ဦးယံ ဒေါသဖြစ်ရသည်။ ပခုံးနှင့်ထမ်းတင်ပေးလိုက်တော့ မိခင်၊ စံစားနေရတာက မယားဆွေ မယားမျိုးတွေ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



စူပုပ်ပြင်းထန်သောမျက်နှာဖြင့် ညဥ့်ဦးယံ အိမ်ပေါ်သို့ တက်လိုက်သည်။ အိမ်ရှေ့ခန်းမှာ မေမေနှင့်အတူ ပြုံးပြက်ဝင်းပသော ရွှေယောင်းမကိုတွေ့ရ၏။ ဝရန်တာမှာ သူ့မောင်နှစ်ယောက်ကိုလည်း တွေ့လိုက်ရသည်။

"မိုက်ခဲ ပါမလာဘူးလား"

ဝတ်ကျေတန်းကျေမေးသည်မဟုတ်။ ကိုယ့်တူလေးကိုတော့ ကိုယ်သတိရတာပေါ့။ မေမေရှေ့မှာ မုန့်ထုပ်တွေ နို့ဆီဘူးတွေနှင့် သစ်သီးများတွေ့ရ၏။ မေမေကတော့ တပြုံးပြုံး။ တယ်သိတတ်သည့်ချွေးမအတွက် ဂုဏ်ယူနေတာလား။ လူကြီးပီပီ အရာရာကို ခွင့်လွှတ်နေတာဖြစ်မည်။

ရွှေယောက်မ 'ဥမ္မာကို'က ညဥ့်ဦးယံကို အောင်နိုင်သူ အပြုံးဖြင့်ပြုံးလျက် လှမ်းကြည့်သည်။ ဒါ စိန်ခေါ်တာပေါ့။ ခေါင်းချင်းဆိုင်မိသည့်ရထားနှစ်စင်းလို သူမတို့ အရှိန်ပြင်းပြင်းဆောင့်မိကြသည်။ ဥမ္မာကိုက 'မင်းငယ်ပါသေးတယ်'ဟူသောအပြုံးဖြင့် ထပ်မံပြုံးပြသည်။ ဝရန်တာမှ သူ့မောင်နှစ်ယောက်ကလည်း ပြုံးတေ့တေ့ ကြည့်နေမြဲ။

"ဘယ်ကပြန်လာတာလဲ ညီမလေး၊ ဒီနေ့ အားရက် မဟုတ်လား"





ညဥ့်ဦးယံ သူ့ကိုအရေးလုပ်ပြီး ပြန်မဖြေမနေ။ ပါဆယ်ဖြင့်ဝယ်လာသည့် မုန့်ဟင်းခါးကိုသာ မေမေ့အတွက် ပြင်ဆင်ပေးနေ၏။

"ညနေကြီး မုန့်ဟင်းခါးစားလို့ဖြစ်မလား။ နင် အဲလို မပြုတတ် မစုတတ်လို့ မေမေ မကျန်းမာတာ။ အဲဒီမေမေတစ်ယောက်ကလည်း သမီးနဲ့လာနေပါဆိုတာကို မလာ။ အင်းပေါ့လေ၊ ဒီသမီးအပျိုကလည်း တစ်ယောက်တည်းထားရင် ပျက်စီးသွားမှာပေါ့။ မေမေ့အတွက်လည်း ရင်လေးပါတယ်လေ။ ကွင်းလယ်ခေါင် ခြံကြီး ဒီသမီးတစ်ယောက်အတွက်နဲ့ ဒုက္ခရောက်နေရတော့တယ်"

လူကြားကောင်းအောင် အသံကောင်းဟစ်ပြနေသည့် ဥမ္မာကိုအား ညဥ့်ဦးယံ လက်သည်းနှင့် ကုတ်ခြစ် ဖဲ့ရွဲ့လိုက်ချင်သည်အထိ ပေါက်ကွဲလာသည်။ သို့သော် သူမ ကိုယ့်စိတ်ကိုယ် အချိန်မီ ဘရိတ်အုပ်လိုက်ရသည်။ ဥမ္မာကိုက ထပ်ဆင့်ထိုးစစ်ဆင်၏။

"မြကန်သာမှာ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား ညီမလေးဝါသနာနဲ့တော့ ကိုက်ပါတယ်။ သတိတော့ထားနော်၊ ပိုင်ရှင်ဦးချစ်ရုံက 'ချစ်ရုံ'ဆိုတဲ့အတိုင်း ချစ်ရုံပဲချစ်တတ်တာ၊ ဘယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုမှတာဝန်ယူတာမဟုတ်ဘူး။ သတိမပေါ့နဲ့ပေါ့ကွာ''

မေမေက မျက်မှန်လေးကိုချွတ်ပြီး ညဉ့်ဦးယံအတွက် စိတ်ပူထိတ်ပျာစွာ ကြည့်၏။ တော်တော်နားရင်းရိုက်ပစ်ချင်စရာ ဥမ္မာကိုပါပဲ။ ဝရန်တာမှ လဒနှစ်ကောင်ကလည်း ဘာကိုသဘောကျသည်မသိ၊ လှောင်ရယ် ရယ်လိုက်ကြသည်။

''မိန်းကလေးဆိုတာ အရွဲ့မတိုက်ရဘူး ညီမရဲ့။ နစ်နာစရာရှိတော့ ကိုယ်ပဲနစ်နာတယ်။ အခု မမရဲ့အိမ်ပေါ်ကဆင်းပြီး သားအမိနှစ်ယောက်တည်းနေတော့ လူတွေအတွက် စားဝတ်နေရေးဟာ ဘယ်လောက်အရေးကြီးမှန်း ညီမတို့သိပြီမဟုတ်လား၊ အဆင်သင့် မပူပင် မကြောင့်ကြ စားရသောက်ရ နေရတဲ့ဘဝကနေ လမ်းပေါ်ခုန်ဆင်းချင်တာလည်း ဝါသနာပဲထင်ပါရဲ့။ မမကတော့ ဘာတတ်နိုင်မလဲလေ၊ လူဆိုတာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနေကြတာပဲမဟုတ်လား။ ကိုယ့်ကိုယ်ကိုတောင် ကိုယ်အစိုးမရတဲ့ လောကကြီးထဲ ကိုယ့်ယောင်းမလည်း ကိုယ် ပြုပြင်ပြောင်းလဲချင်လို့ ဘယ်ရမလဲ''

ဥမ္မာကို၏ တရားလက်လွှတ်စကားများကို ညဉ့်ဦးယံသည်းမခံနိုင်တော့။

''ကဲ! အပိုတွေ ပြောမနေနဲ့၊ အသံကောင်းတွေ ဟစ်





မနေနဲ့ ဒေါ်ဥမ္မာကို၊ လင်းတလား ကျီးကန်းလား အချိန်တန်တော့ ပေါ်လာလိမ့်မယ်၊ တောကျီးကန်းကများ. . . ဒေါင်းလို ကပြမနေနဲ့။ သွားတော့. . . ရှင်ပြန်တော့''

''ဟဲ့. . . ဟဲ့ သမီး''

''ရပါတယ် မေမေ၊ မေမေ့သမီးက အနာပေါ်တုတ်ကျနေတာပါ။ သမီးက ကြီးသူပဲ၊ ကိုနေ့မျက်နှာနဲ့ ညီမလေးပြောသမျှ ခွင့်လွှတ်လိုက်ပါတယ်။ နောက်တစ်ခါလာရင် သူမရှိတဲ့ရက်တွေမှာ လာမယ်မေမေ။ မေမေနဲ့အေးအေးဆေးဆေး စကားပြောရတာပေါ့။ သားကိုလည်းခေါ်လာခဲ့ပါမယ်။ သွားမယ် မေမေ''

အိမ်ပေါ်မှ ခြေသံပြင်းပြင်း နင်းဆင်းသွားကြသည့် မောင်နှမသုံးယောက်ကို တစ်ဖက်ခန်းမှ နေထွတ်အမေ ဒေါ်သန်းသန်းဆင့်က စိတ်ပါဝင်စားစွာ ကြည့်နေ၏။ ဒီဘက်မှာ ပြောဆိုနေကြသည်များကိုလည်း ဒေါ်သန်းသန်းဆင့် ကြားပေမည်။ အိမ်ခန်းလေးတွေက နီးနီးကပ်ကပ် ထရံတစ်ချပ်ပဲ ခြားပေသည်မို့။

တစ်ကိုယ်လုံး ရွှေတွေစိန်တွေနှင့် ပြုံးပြက်နေသည့် ဥမ္မာကို ကားထဲဝင်ပြီးသည်နှင့် ကားကလေး လျှောခနဲထွက်သွား၏။ ဒေါ်သန်းသန်းဆင့်ကလည်း မအောင့်နိုင်မအီးနိုင် ဒီဘက်ခန်းကို ကူးလာခဲ့တော့သည်။ မိန်းမဆိုတာ စပ်စုချင်သည့်အမျိုး၊ များမှာ



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးသူကို များများစပ်စုချင်သည့်မဟုတ်လား။ ဒီအိမ်သို့ပြောင်းရွှေ့ရောက်ရှိလာသည့် နှစ်လကျော်ကျော်အတွင်းမှာ ဒီတစ်ခါပဲ တောက်ပသည့်ညှော့သည်တွေ ရောက်လာခဲ့ပေသည်မို့။

ညည့်ဦးယံ အခန်းထဲဝင်ပြီး အိမ်နေရင်းအဝတ်အစားပြန်လဲသည်။ အိဖတ်ဖတ် စပန့်ဂါဝန်လေးက ပေါ့ပေါ့ပါးပါး လုံလုံခြုံခြုံ။ အသက်နှစ်ဆယ်ပြည့်ရင်တော့ ဒီဂါဝန်တွေ မဝတ်တော့ဘူး။ ချိတ်လုံချည်နှင့် ရင်ဖုံးအင်္ကျီနှင့်ပဲ မြန်မာဆန်ဆန်နေတော့မည်။ ခုတော့ ဝတ်လိုက်ဦးမည်နော်။

"စပ်စုတာတော့ မဟုတ်ပါဘူး တင်တင်ရယ်။ ကျွန်မက ရှင်တို့သားအမိကို ဆွေမျိုးလိုလည်း ခင်မိလို့ပါ။ အဲဒီလောက် ပြိုးပြိုးပြက်ပြက် ရှိနေကြရက်နဲ့ တင်တင်တို့သားအမိကို ဘာမှ မထောက်ပံ့ကြဘူးတဲ့လား။ သူပြောသွားတဲ့အတိုင်းဆို တင်တင့်သားက နိုင်ငံခြားမှာပေါ့နော်။ အံ့ရော. . . အံ့ရော. . . မအေကို ဘာမှပြန်မကြည့်ကြဘူး။ ညည့်ဦးယံလေးတစ်ယောက်တည်း ကျုံးရုံး ရှာကျွေးနေရတယ်"

နဂိုကတည်းက ရင်ဖွင့်ချင်နေသည့် ညည့်ဦးယံမှာ ရေငတ်တုန်း ရေတွင်းထဲ ကျသွားရသည်။ တွေတွေငေးငေးလေး ဖြစ်နေရှာသည့် မေမေ့နံဘေး ဒေါ်သန်းသန်းဆင့်နှင့် မျက်နှာချင်းဆိုင်





မှာ သူမ ထိုင်ချလိုက်သည်။

"သမီးရယ်၊ ပြီးတာတွေ ပြီးပါစေတော့ကွယ်။ ကိုယ့်အတွင်းရေးတွေ သူများလျှောက်မပြောပါနဲ့"

မေမေက ဟန့်တား၏။ ညည့်ဦးယံ မနေနိုင်။ လူငယ်ပီပီ သွေးက ဆူနေပြီလေ။

"ခွင့်လွှတ်ပါ မေမေ၊ သမီးပြောပါရစေ။ မေမေ့ချွေးမ အချိုပေါ် သကာလူးသွားတာ ရွှေမှုန်ကြဲသွားတာကို သမီးမခံနိုင်လွန်းလို့ပါ။ မေမေကတော့ တရားရှင်မို့ ဖြေသာပေမယ့် သမီးမဖြေနိုင်ဘူးမေမေ"

"ဒီလိုကြီးကြီးရဲ့၊ စောစောက လာသွားတာ ချွေးမလေ၊ မေမေ့မှာ သမီးနဲ့ ကိုကို'နေယံ' သားသမီးနှစ်ယောက်ပဲ ရှိတယ်။ ဖေဖေက သမီးရှစ်နှစ်သမီးမှာ ဆုံးတယ်။ ဖေဖေဆုံးတာ ဆယ်နှစ်ကျော်သွားပြီ။ အဲဒါ မေမေပဲ သမီးတို့မောင်နှမနှစ်ယောက်ကို လူတန်းစေ့အောင် လူလားမြောက်အောင် ရှာဖွေကျွေးခဲ့တယ်၊ ဖေဖေကတော့ အိမ်နဲ့ခြံနဲ့ ထားခဲ့တာပါလေ။ မေမေက အိမ်ဆိုင်လေးဖွင့်၊ တစ်ဖက်က အိမ်ငှားလည်းတင်၊ အဟင်း. . . ဖွတ်ဖြစ်ချင်တော့ အဲဒီမိန်းမမိသားစုကိုမှ အိမ်ငှားတင်မိလျက်သားလေ"

"ပြော်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ ကိုကိုနဲ့ အဲဒီမိန်းမ ညား၊ ကိုကို့မှာ အလုပ်မရှိတော့ နေ့တိုင်း နေ့တိုင်း တကျက်ကျက်ပဲ ရန်ဖြစ်ကြတာ။ သူတို့ပဲ အဆက်အသွယ်ရှာပြီး ကိုကို့ကို နိုင်ငံခြားသွားပြီး အလုပ်လုပ်ခိုင်းဖို့ စီမံကြတယ်။ သွားဖို့ကုန်ကျစရိတ်ကိုကျတော့ မေမေက အိမ်ရောင်းပြီး ပေးလိုက်ရတယ်လေ"

"ဟင်!"

ဒေါ်သန်းသန်းဆင့် မျက်လုံးပြူးသွား၏။ ဒီဇာတ်လမ်း ဘာဆက်ဖြစ်မလဲ။ စိတ်ဝင်စားသွားသလို ညဥ့်ဦးယံတစ်ယောက် ဉမ္မာကိုအပေါ် မကျေမချမ်းနိုင်သည်ကိုလည်း သဘောပေါက်သွား၏။

"ကိုကိုသွားနေတုန်း ကျွန်မတို့မှာ ဒုက္ခရောက်လိုက်ရတာ။ အမျိုးအိမ်မှာ တစ်ပြုံလုံး လိုက်ကပ်နေရတယ်။ ကိုကိုသွားဖို့အတွက် သူတို့က ပါးစပ်ပဲစိုက်တာ။ မေမေက ရှိသရွေ့ အကုန်ရင်းပြီး ပခုံးနဲ့ ထမ်းတင်ပေးလိုက်တာ။ နောက်နှစ်နှစ်အတွင်း အိမ်ဝယ်တယ်၊ ကားရောက်လာတယ်၊ ကျွန်မတို့သားအမိကတော့ တဖြည်းဖြည်း ကျွန်ရုပ်ပေါက်,ပေါက်လာတယ်၊ ကိုကိုနဲ့လည်း အဆက်အသွယ်မရဘူး၊ လိပ်စာဖျောက်ထားတယ်။ ကိုကိုကလည်း သွားတာ သုံးနှစ်ပြည့်တော့မယ်။ ခုထိတစ်ခေါက်မှ ပြန်





မလာသေးဘူး"

ယခုမှ ဒေါ်သန်းသန်းဆင့် ခေါင်းတညိတ်ညိတ်နှင့် ဇာတ်ရည်လည်သွားတော့၏။

"မဆင့်ရယ်၊ ကျွန်မတို့မိဘဲဆိုတာ ကိုယ့်သားသမီးပြေလည်ရင် ဝမ်းမြောက်တာပါပဲ။ တစ်ခုတော့ ကျွန်မ စိတ်မကောင်းဘူး၊ ကျွန်မမေတ္တာတွေ တစ်ဖက်စောင်းနင်းများ ဖြစ်ခဲ့သလား၊ အခြေအနေအပျက်ခံပြီး သားအတွက် ပံ့ပိုးလိုက်တော့ သမီးလေးခမျာ"

မေမေ့အသံလေး တိမ်ဝင်သွားတော့ ညဥ့်ဦးယံ ငိုချင်မိ၏။ အစကတည်းက ငိုချင့်လျက် လက်တို့မဟုတ်လား။

"ကိုကိုကတော့ ဘယ်သိမလဲ၊ သူ့လစာတွေက မိန်းမနာမည်နဲ့ပဲ ရောက်ရောက်လာတော့ မိန်းမတစ်မျိုးလုံးပဲ အဆင်ပြေနေတော့တာပေ့ါ။ ကျွန်မတို့သားအမိက သူတို့အိမ်မှာ ကပ်နေရတဲ့အဖြစ်မျိုးကိုဖြစ်လို့၊ ဉမ္မာကို့မိဘတွေ မောင်နှမတွေနဲ့ကလည်း ဘယ်လိုလုပ် ရေရှည်တည့်အောင် ပေါင်းလို့ရနိုင်မလဲ၊ သူတို့က အထက်စီးနဲ့နေတာကိုး၊ ပိုဆိုးတာက မေမေ့ကို မခန့်လေးစား လုပ်လာကြတာပဲ။ နောက်ဆုံး ဘယ်လိုမှလည်း သည်းမခံနိုင်တော့တာနဲ့ ကျွန်မတို့ ခွဲထွက်လာခဲ့ကြတာ။ ကြိုးကြိုးမြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း ကြားတဲ့အတိုင်း သူတို့ကပဲ ကျေးဇူးရှင်ကြီးတွေ လုပ်လို့လေ''

''အင်း''

တစ်ယောက်အကြောင်းတစ်ယောက် အခုမှ ပိုသိသွား ပိုရင်းနှီးသွားသလို ဒေါ်သန်းသန်းဆင့် ခံစားလိုက်ရ၏။ တင်တင့်ကို သနားမိသလို ညည့်ဦးယံအပေါ်မှာလည်း ပိုမိုကရုဏာသက်ရ၏။

''စိတ်မရှိနဲ့နော်၊ တင်တင့်မျက်လုံးက မွေးရာပါမဟုတ်နိုင်ဘူး''

''အစစ်ပေါ့ ကြီးကြီးရယ်၊ သူတို့နှိပ်စက်လိုက်ကြတာလေ။ ဥမ္မာကို့မောင်နှစ်ယောက်က လူရမ်းကားတွေ။ တမင်များ မနေနိုင်အောင် လုပ်ကြသလားမသိပါဘူး ကြီးကြီးရယ်။ သူတို့ရန်ဖြစ်ကြတာက တောင်ဆွဲပေါက် မြောက်ဆွဲပေါက်၊ ကြားထဲက မေမေ့မျက်လုံးကို ပန်းကန်ကွဲလွင့်စင်ထိသွားခဲ့တာ၊ ကုပေမယ့် မရတော့ဘူး။ ကျွန်မလည်း ဘယ်လိုမှသည်းမခံနိုင်တော့ဘူးလေ။ မေမေ့ကိုမဖြစ်ဖြစ်တဲ့နည်းနဲ့ ဆေးကု၊ ဆေးရုံက ဆင်းတာနဲ့ ကြီးကြီးတို့အိမ် တန်းပြောင်းလာခဲ့တာပဲ။ ကျွန်မမှာ ခြေနှစ်ဖက် လက်နှစ်ဖက် ရှိနေသရွေ့ မေမေထမင်းမငတ်စေရဘူး။





သူတို့အိမ်ပေါ်တော့ ဘယ်တော့မှပြန်မတက်ဘူး။ ကိုကိုပြန်လာရင်တော့ အိမ်ခန်းလေးဘာလေး ဝယ်ပေးတန်ကောင်းပါရဲ့''

''သမီးရယ်၊ မေမေ အပင်စိုက်တာ အသီးစားဖို့မဟုတ်ပါဘူး၊ သူတို့ပြေလည်နေကြရင် အဆင်ပြေနေကြရင် မေမေ ကျေနပ်ပါတယ်''

''ဘာပဲဖြစ်ဖြစ် သမီးတို့နေရေးအတွက် ကိုကို တစ်ခုခုတော့ စီစဉ်ပေးသင့်တာပေါ့မေမေရယ်''

စကားဝိုင်းလေးက အသက်မဲ့စွာ တိတ်ဆိတ်သွားကြသည်။ သုံးဦးစလုံးရဲ့ရင်ထဲမှာတော့ အတွေးကိုယ်စီ။ အဆွေးကိုယ်စီ။

အပြင်ပန်းအမြင်ဖြင့် ဂျစ်ကန်ကန်ပုံစံလေးပေမယ့် ညည့်ဦးယံ၏ဘဝကို သိလိုက်ရသဖြင့် ဒေါ်သန်းသန်းဆင့် ကြင်နာမဆုံးဖြစ်ရသည်။

အားမာန်အပြည့်ဖြင့် ပျံသန်းတော့မည့် ငှက်ကလေးကို ဒေါ်သန်းသန်းဆင့်က ကြည့်ငေးနေမိသည်။ ဒီငှက်ကလေးက လှလည်းလှလွန်းနိုင်ရဲ့နော်။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ငွေသုံးလေးသိန်းလောက်ဟာ ခုလိုခေတ်ကြီးထဲမှာ ဘာမှတန်ဖိုးမရှိပါဘူး။ ဘာမှမဟုတ်ပါဘူး။ ဒါပေမဲ့ ဒီငွေလောက်ကြောင့်ပဲ လူတချို့ဟာ ဘဝတွေ ပျက်မတတ်ဖြစ်ကြရတယ် မဟုတ်လား။

ညဉ့်ဦးယံမှာ ငွေသုံးလေးသိန်းလောက်အတွက် ခြေချုပ်မိနေရတာ။ မလုပ်ချင်တဲ့အလုပ်ကို လုပ်နေရတာ မည်သူမျှမသိကြ။ သူခိုးခွေးကိုက် မအော်ဝံ့ဆိုသလိုပဲ သူမအဖြစ်က ဘယ်လိုလုပ် အော်လို့ဟစ်လို့ရမှာတဲ့လဲ။ တစ်ချိန်ကတော့ ဉမ္မာကိုရဲ့အိမ်မှာ သားအမိနှစ်ယောက် ခွေးဝင်စားလို နေခဲ့ရသဖြင့် ဦးချစ်ရှံ၏ကမ်းလှမ်းချက်ကို လက်ခံ၊ သူပေးသည့်ငွေကိုယူပြီး ညဉ့်ဦး



www.burmeseclassic.com

www.burmeseclassic.com



ယံတို့သားအမိ တစ်အိုးတစ်အိမ် ထူထောင်ခဲ့ကြသည်။

လူကြီးသူမများ ပြောကြသည့် ဆီပူအိုးထဲမှ မီးတောက် မီးလျှံထဲသို့ ခုန်ချခဲ့ခြင်းပေပဲလား။ ဘာပဲဖြစ်ဖြစ် ဉမ္မာကိုရဲ့မိသားစုရဲ့ခြေနင်းပတ်မှာ မာနတွေ ဂုဏ်သိက္ခာတွေ ချပေးနေရမှာထက်စာရင်တော့ ယခုဘဝကမှ နေပျော်ပါသေးသည်။ အနည်းဆုံး မေမေတစ်ယောက်တော့ စိတ်ချမ်းမြေ့ရပါဦးမည်။

မေမေက သူမရဲ့အလုပ်ဆိုတာကို ခြေခြေမြစ်မြစ်သိသည်လည်းမဟုတ်။ ညဉ့်ဦးယံ မေမေစိတ်ချမ်းသာအောင် ပြောပြထားခဲ့ပါသည်။ သူမ၏အလုပ်ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးနီးပါးမျှဖြစ်အောင် ပြောထားရပါသည်။ ဘာလုပ်မလဲနော်၊ အမှန်တွေသိတော့ မေမေစိတ်ဆင်းရဲရမှာပေါ့။ မေမေ ဘာမှမတတ်နိုင်တော့သည့်အတူတူ ညဉ့်ဦးယံ မေမေ့ကို သောကတွေ ပေးမနေချင်တော့ပါ။ သူမ မေမေ့ကိုညာနေသည်ဆိုစေဦးတော့၊ ဒါဟာ စေတနာမှသားတွေသာ ဖြစ်သည်။

တစ်ခါက အားမာန်တွေ ပြည့်စွမ်းခဲ့သော မေမေသည် ယခုတော့ မျက်လုံးတစ်လုံးလည်း ဆုံးရှုံး၊ လောကဓံ၏ရိုက်ပုတ်ချက်အောက်မှာ လင်နှင့်သေကွဲကွဲ၊ သားနှင့်ရှင်ကွဲကွဲ၊ ချစ်သောသူများနှင့် အထပ်ထပ်ကွေကွင်းခဲ့ရပြီမို့ မေမေ့အသွင်က အထပ်





ထပ် ချိုးချေခံရသော ပန်းတစ်ပွင့်နှယ်သာ။

မြကန်သာမှာ လူကျဲပါးခိုက် ခန်းမရဲ့ထောင့်တစ်နေရာမှာ ငြိမ်သက်စွာထိုင်ရင်း ညဉ့်ဦးယံ လမ်းမဘက်သို့ငေးကြည့်နေမိသည်။ သို့သော် အလုပ်ထုတ်ခါမှထုတ်စေတော့၊ အလုပ်သမားတွေထဲမှာတော့ ညဉ့်ဦးယံလောက် အသုံးမကျတာမရှိ။

ရုပ်ကလည်း စူပုပ်ပုပ်၊ ရှစ်ခေါက်ချိုး မဖြစ်ရုံတမယ်၊ လူကလည်း ပီယဝါစာ မပြောတတ်ရသည့်ကြားထဲ သွက်သွက်လက်လက်လည်းမရှိ။ သို့ပေမယ့် မြကန်သာမှာ လူစည်ကားရခြင်းရဲ့အကြောင်းရင်းထဲ သူမလည်း တစ်ချက်အပါအဝင်ဆိုတာကို ညဉ့်ဦးယံကတော့ သိမည်မထင်။ ဘယ်လောက်ပဲ စူပုပ်ပုပ်၊ လှပမွှေးမြသည့်ပန်းကလေး၏ရနံ့က အရပ်ရှစ်မျက်နှာသို့ ပျံ့နှံ့သွားကြောင်း သူမကတော့ မသိခဲ့ပါ။

"ဘီယာနှစ်ဆယ်သားနဲ့ ဝက်ကောင်လုံးကြော်တစ်ပွဲ"

သူမ ဆတ်ခနဲတုန်သွား၏။ သူမမျက်နှာနားမှ ကပ်အော်လိုက်တာလေ။ ကိုယ်က လောကကြီးကိုမေ့ပြီး အဆွေးကြီးဆွေးနေခိုက်မို့ သူမအငိုက်မိသွား၏။ ထိုသူ့ပုံစံက ခပ်ရင့်ရင့်၊ အခြားသောညွှေ့ကြိုတွေဆိုရင်တော့ ရေလိုက်ငါးလိုက်ဖြင့် ရယ်မော ကြမည်လားမသိ။ ညဉ့်ဦးယံမှာ အရမ်းစိတ်ဆိုးမိ၏။ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမည်လဲ၊ ထိုလူ့ကို သူမ မိုက်ကြည့်ကြည့်ပစ်လိုက်သည်။

"စိတ်မဆိုးပါနဲ့ ချာတိတ်ရယ်၊ ငါ အသည်းကွဲလာလို့ပါ။ ဒီနေ့ ငါ့ရည်းစား သူများနဲ့ညားတဲ့နေ့လေ။ အလကားပါကွာ၊ ဂုဏ်သရေရှိမိန်းမတွေဟာ ငှက်တွေလိုပဲ အတောင်ပံနှစ်ဖက် မကျိုးမချင်း တစ်ပင်ကတစ်ပင် ကူးတတ်ကြတယ်။ ပြီးတော့ ဟန်ဆောင်တတ်ကြတယ်။ သူတို့ရင်ထဲမှာ အချစ်ရှိမရှိ မသိနိုင်ဘူး။ အဲ. . . ဒါပေမဲ့ သူတို့မှာ တရုတ်ပေသီးတွေ ဂဏန်းပေါင်းစက်တွေ ကွန်ပျူတာတွေ ရှိတာတော့ သေချာတယ်။ တော်ပြီ တော်ပြီ၊ နောက်ဆို အထက်တန်းစားမိန်းမတွေကို ဝေးဝေးက ရှောင်တော့မယ်။ သာမန်ပန်းကလေးတစ်ပွင့်ဟာ သာမန်မိန်းမပျိုလေးတစ်ယောက်ဟာ ဘယ်လောက်အပြစ်ကင်းစင်လိုက်သလဲ၊ သူ့မှာ ဆူးမရှိဘူး၊ သံကွန်ခြာတွေဘာတွေ မာယာမျက်နှာဖုံးတွေ မရှိ"

အရက်နံ့တွေ တထောင်းထောင်းထွက်နေသည့် ထိုသူ့အကြည့်ရိုင်းမှ ခပ်အေးအေး သူမရှောင်ထွက်ခဲ့သည်။ အမူးသမားနှင့် ရန်မဖြစ်လိုတော့။ ရည်းစားပူမိလာသည့် အထက်တန်းစား လုလင်ကြီး၏ပုံပျက်ပန်းပျက်အနီးမှ သူမ ထွက်ခွာလာခဲ့သည်။

"ဩော်"





ဒီဘက်စားပွဲမှာ ထိုင်နေသည်က နေထွတ်။ သူရော ဘယ်တုန်းက ရောက်တာလဲ။ ညဉ့်ဦးယံ၏အဖြစ်အပျက်တွေကို သူမြင်သွားကြားသွားမှာပေါ့။ မဆန်းပါဘူးလေ။ ဒီဆိုင်ရဲ့နိစ္စဓူဝ ဒုက္ခတွေပါပဲ။

ခန်းမကျယ်ကြီးထဲ လူတွေက ပျောက်တိပျောက်ကြား။ ပြူးတို့ ကေသီတို့မှာ ပန်းရည်ခပ်သည့် ပျားမလေးတွေနှယ်။ သူမ တစ်ယောက်သာ လောကကြီးကို မေ့နေခဲ့တာလေ။

"ရှင်ရော ဘာသုံးဆောင်မလဲ"

"ကိုယ်လည်း အသည်းကွဲလာတယ်၊ ဘီယာနှစ်ဆယ်သားနဲ့ ဝက်ကောင်လုံးကြော်ပဲ ပေးပါ"

စောစောကအဖြစ်အပျက်ကို သူ အစအဆုံးကြားခဲ့ပြီးပြီပေါ့။ သူမ ရှိန်းခနဲ ပူနွေးရှက်ရွံ့မိသွား၏။ သူ့အနားမှ ခေါင်းငုံ့ထွက်ခွာမိသည်။ ယောက်ျားတွေဟာ အတ္တကိုးဆယ်သား၊ ဗြဟ္မစိုရ်တရားက တစ်ကျပ်သားလောက်နှင့် ဖွဲ့စည်းထားတာပဲဖြစ်ရမည်။ ကြည့်လေ. . . မိန်းမတစ်ယောက်ရဲ့အတိဒုက္ခကို သူတို့မှီလှောင်ပြောင်ရက်ကြသည်။

မီးရောင်မှာ ပျော်မြူးနေတယ်လို့ ရှင်တို့ထင်ရင် မှားတယ်။ ကျွန်မက ပိုးဖလံအသွင်ရှိနေတဲ့ သူတော်စင်တစ်ဦးပါ။ ကျွန်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကို သစ္စာတရားတွေနဲ့ ဖွဲ့စည်းထားတယ်။ လောကပါလတရားတွေကို ကျွန်မ လေးစားတယ်။ လောကသစ္စာတရားတွေကို ကျွန်မ မြတ်နိုးပါတယ်။

သို့ပေမယ့် ကျွန်မ ဖြစ်တည်နေရတာ မီးလှုံကြားမှာလေ။

"ညဥ့်ဦးယံ"

နေထွတ်၏အသံက တုန်ယင်ကွဲရှ၊ သူမ အံ့ဩမိသည်။ တစ်လကျော် နှစ်လနီးပါး မျက်နှာချင်းတောင် မဆိုင်ခဲ့ဘူးဟု သူမထင်ခဲ့သူက ဘာတွေလာပြီး ပေါက်ကွဲပြနေရတာလဲ။

"ထမင်းတစ်လုတ်အတွက်နဲ့တော့ ကိုယ့်ဂုဏ်သိက္ခာကို နင်းချေမပစ်ပါနဲ့ ညဥ့်ဦးယံ၊ လောကကြီးမှာ လုပ်စရာအလုပ်တွေ အများကြီးရှိပါတယ်။ မင်းလုပ်မယ်ဆိုရင် ငါ. . ."

"ဟင့်အင်း. . . ဒါ ရှင်နဲ့မဆိုင်ပါဘူး။ ရှင့်အလုပ်မဟုတ်ဘူး"

ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်ပေါ့ နေထွတ်ရယ်။ ညဥ့်ဦးယံ သူ့ကိုကျောခိုင်းခဲ့သည်။

"ညဥ့်ဦးယံ၊ ဦးချစ်ရုံက ခဏလာဦးတဲ့၊ နင် အလုပ်လုပ်တာ တော်လွန်းလို့ ဆုချမလို့နဲ့တူတယ်. . . ဟီဟိ"





ကြည်သာ၏စကားကြောင့် သူမ ထိတ်ခနဲတော့ ဖြစ်သွားသည်။ သို့သော် ဘာကြောင့်မသိ၊ ညဥ့်ဦးယံ ဦးချစ်ရုံကြီးကိုတော့ မကြောက်ပါ။ ကြောက်လျှင်ဖြဲခြောက်မည့် တစ္ဆေသရဲကြီးကို သူမက ဘာလို့ကြောက်ရမှာတဲ့လဲ၊ အလုပ်ဖြုတ်ချင်လည်း ဖြုတ်ပစ်လိုက်ပေါ့။ သူ့အလုပ်ကြီးများ လုပ်ချင်လွန်းလို့။

ဦးချစ်ရုံရှိရာ ရုံးခန်းသို့ ညဥ့်ဦးယံ ဝင်ခဲ့သည်။ ပခုံးမှာလည်း စလင်းဘက်အဖြူလေးက လွယ်လျက်သား၊ သည်စလင်းဘက်ထဲမှာ ခြောက်လက်မအသွားရှိ ဓားမြှောင်တစ်လက် ပါရှိတာ အဘယ်သူသိနိုင်မလဲ။ တကယ်က ဒီအလုပ်လုပ်နေရသည့်ဘဝမှာ ဓားသာမက သေနတ်ပါ ဆောင်ယူထားသင့်သည်မဟုတ်ပါလား။

"ထိုင်"

သူ့အမိန့်အတိုင်း သူညွှန်ပြသောထိုင်ခုံမှာ ညဥ့်ဦးယံ ခပ်တောင့်တောင့်ထိုင်လိုက်သည်။ မျက်နှာကတော့ သူလည်းရှစ်ခေါက်ချိုး ကိုယ်လည်း ရှစ်ခေါက်ချိုး။ ဘဝမှာ အရှက်တရားနှင့် ဂုဏ်သိက္ခာကလွဲပြီး အသက်ကိုတောင် မနှမြောတတ်တော့အောင် အဖြစ်တွေက ကြမ်းရှခဲ့တော့ ညဥ့်ဦးယံ မည်သူ့ကိုမှ မကြောက်တတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးတစ်ကောင် ဆင်ကြီးတစ်ကောင်နှယ် မျက်ထောင့်နီနေသူအား သမင်မလေးက မိုက်ကြည့်ကြည့်ပြန်၏။

"ဆက်ဆံရေးတွေ ကျဲလှချည်လား"

"မြင်တဲ့အတိုင်းပဲ"

"ဒါ စတိုင်လား မာယာလား"

"ဘာ! "

"ငါ နှင့်အဖေလောက်ရှိတယ်၊ ငါ့ကိုရိုရိုသေသေ ဆက်ဆံ၊ ဒီအလုပ်လုပ်နေပြီး ဒီလောက်မာထန်နေတော့ နှင့်ဆိုင် ဘယ်သူလာစားမလဲ"

ဦးချစ်ရှိ သက်သက်ပြောနေခြင်းသာဖြစ်သည်။ သူ့ဆိုင်မှာ ဘယ်မှာ ရောင်းအားကျလို့လဲ။ ညဉ့်ဦးယံ ဝင်လာကတည်းက ရောင်းအားဂရပ်ဖ်တွေ ဦးမော့လာခဲ့သည်ပဲမဟုတ်လား။

"အဲဒီတော့ ကျွန်မ ဘာလုပ်ရမလဲ။ အလုပ်ထွက်ရမှာလား"

ညဉ့်ဦးယံ တမင် ဂျစ်တိုက်မေးချပစ်လိုက်သည်။

"အလုပ်ထွက်ရအောင် နင်ယူထားတဲ့အကြွေးတွေ ကျေသေးလို့လား။ ကျေးဇူးဆိုတာ သိတတ်ရတယ်။ အတိုးနဲ့ထုတ်ချေးပေးထားတာပဲ ကျေးဇူးတင်လေ။ နင့်မှာ ဘာလုပ်ငန်းမှမရှိ





ဘဲ ထုတ်ပေးထားတာ ငါ့စေတနာတွေ သဘောပေါက်ဖို့ကောင်းပါတယ်"

"ဒါဖြင့် ကျွန်မက ရှင့်ကို ထိုင်ရှိခိုးရမှာလား"

"မလိုပါဘူး"

"ကျွန်မကို ဘာလို့ခေါ်တွေ့တာလဲ. . . အလုပ်ဖြုတ်ရအောင့်မှတ်လို့ ဝမ်းသာအားရ ဝင်လာခဲ့တာ"

"နေစမ်းပါဦး။ နင့်မှာ တခြားအလုပ်ရော ရှိသေးလို့လား။ ရှိလည်း ဒီအလုပ်လောက် ဝင်ငွေကောင်းလို့လား။ ငါ့ဆိုင်မှာ အလုပ်လုပ်ချင်တဲ့လူတွေ တစ်ပုံကြီး။ ထမင်းလည်းစားရ၊ လစာလည်း အသားတင်ရ၊ ဒီကြားထဲ အပိုကြေးတွေလည်း ပြုစုတတ်ရင် ပြုစုတတ်သလောက် ရသေးတယ်"

ဦးချစ်ရှုံက သူ့အလုပ်သူ ကမ္ဘာပေါ်မှာ အကောင်းဆုံးဟု မပြောရုံဘဲရှိတော့သည်။ စကားတွေက လိုရင်းသို့မရောက်။ သူ ညဉ့်ဦးယံကို ဘာဖြစ်လို့ခေါ်တွေ့ရတာလဲ။

ဦးချစ်ရှုံက သူမကို တစ်ကိုယ်လုံးမျှချမတတ် အကြည့်ရူးရူးစိမ်းစိမ်းကြီးဖြင့် ခပ်ရိုင်းရိုင်းကြည့်၏။ ဒီလူကြီးအချိုးက ဒီအတိုင်းပဲ၊ လွန်ခဲ့သောနှစ်လခန့်ကသာ ညဉ့်ဦးယံ ထိုသို့အကြည့်ခံရလျှင် လိပ်ပြာလွင့်၍ပင် သေနိုင်သည်။ ယခုတော့ ဒါ ဘာအရေး



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ။ စိတ်ကိုလွှတ်တင်ထားတတ်ကြသော အရက်ဘားမှာ စားသောက်ခန်းတွေမှာ လုပ်ခဲ့ရပြီးမှ သည်အကြည့်မျိုးတွေနှင့်လည်း ကြုံခဲ့ဖူးပေါင်း များပြီ။ ညဥ့်ဦးယံရင်ထဲ နင့်ရပါ၏။ မေမေ့အတွက် ရယ်ဟု လုံးထွေးပုံမချလိုပေမယ့် သူမရဲ့ကံကြမ္မာက ထိုလမ်းသို့ပဲ မောင်းတင်ပေးခဲ့သည်။ ညဥ့်ဦးယံအတွက် ရွေးချယ်စရာလမ်း မရှိခဲ့။

"နင် မြကန်သာ–၂ မှာ သီချင်းသွားဆိုရမယ်"

လွန်ခဲ့သောနှစ်လကသာ သည်သတင်းမျိုး ကြားခဲ့ရလျှင် သူမ ထခုန်မတတ် ဝမ်းသာမိကောင်းပေမယ့် ယခုတော့ ညဥ့်ဦးယံ ဇဝေဇဝါ။ ဒါ ရာထူးတက်တာလား၊ ကျတာလား။ နဖားကြိုးတစ်ချောင်း ထပ်အထိုးခံရတာလား။ အကျိုးအမြတ်က ဘယ်လိုရှိမလဲ၊ လောကကြီးမှာ ငွေသိပ်မက်တာတော့ မကောင်းဘူးပေါ့။ သို့ပေမယ့် လူတွေအလုပ်လုပ်နေကြတာ ငွေအတွက်ပဲမဟုတ်လား။ စားဝတ်နေရေးအတွက် ငွေရှာနေကြတာပဲမဟုတ်လား။

သူမ ရင်ခုန်ရှူးသွပ်တတ်သော ခပ်အအ ဆယ်ကျော်သက်ကောင်မလေးလည်း မဟုတ်ချေတော့။ သူမ၏စူးစမ်းမျက်ဝန်းများကို ဦးချစ်ရုံ ဖတ်တတ်သည်။





"အဲဒီက သီချင်းဆိုတဲ့ကောင်မလေးတွေ ဘယ်ရောက်ကုန်လို့လဲ"

ဟော်လိုဂစ်တာတစ်လက်နှင့် စိတ်လိုလက်ရရှိတိုင်း တီးခတ်သီဆိုခဲ့တာ၊ အနုပညာအပေါင်းကို ရူးသွပ်ခံစားခဲ့တာတွေသည် ဒဏ္ဍာရီထဲမှာ မေ့ကျန်ခဲ့ပါပြီ။ ညဥ့်ဦးယံတို့ကာဝတွေ အသားမာတက်ခဲ့ရတာ ကြာပြီပဲ။ ရက်ပေါင်းများစွာ လပေါင်းများစွာ။

ကိုကိုရေ. . . ငါတို့သားအမိအတွက် အချိန်မီမှ နင်ကယ်တင်ရအောင် ပြန်လာနိုင်ပါ့မလား။

"ရှိတယ်၊ ဒါပေမဲ့ မစွံဘူး။ နင်ဆိုရင် ပိုကောင်းမယ်။ ခုည တစ်ပုဒ်နှစ်ပုဒ်လောက် ဝင်ဆိုကြည့်လိုက်"

"ခင်ဗျားပရိသတ်ကရော ဂီတကို နားလည်ခံစားတတ်ကြသူတွေမှမဟုတ်တာ။ မူးရူးနေတဲ့သူတွေက ခပ်များများ"

"ဘာပဲဖြစ်ဖြစ် အဲဒီဆိုင်က ဖြေဖျော်ရေးပိုင်း ညံ့တယ်၊ အဲဒီအတွက် တစ်ရစ်ချင်း ပြုပြင်မြှင့်တင်ရမယ်။ စိတ်ချ. . . နင့်ကို ငါအလကားမခိုင်းဘူး။ တန်ရာတန်ကြေးပေးမှာ"

ဘာပဲဖြစ်ဖြစ် ညဥ့်ဦးယံ မဝေခွဲတတ်။ ဘာလဲ၊ ညှို့ကြိုးရော အဆိုတော်ရော လုပ်ရမှာလား။ သီချင်းတွေတော့ ဆိုချင်တာပေါ့။ ဟင်! ဟုတ်ရဲ့လား။ သူမမှာ သီချင်းဆိုချင်စိတ်ကရော



www.burmeseclassic.com

www.burmeseclassic.com



တကယ်ရှိသေးရဲ့လား။ ကျန်သေးလို့လား။ သူမ ဘာလုပ်ရမည်လဲ၊ တစ်ယောက်ယောက်နှင့် နားလည်တတ်သိသူနှင့် သူမအပေါ် စေတနာထားမည့်သူတစ်ယောက်ယောက်နှင့်တော့ တိုင်ပင်လိုက်ချင်ပါသေးသည်။

''နှင်နဲ့ ဒီအလုပ်နဲ့ မကိုက်ဘူး။ ဟုတ်တယ်၊ နှင် သီချင်းဆို၊ ဒီမှာမလုပ်နဲ့တော့။ အပြန်ကျရင်လည်း ကားကြုံတွေဘာတွေ စီစဉ်ပေးလို့ရတယ်''

အမယ်လေး!. . . ကားကြုံတွေတော့ ကြောက်ပါတယ်။ ကိုယ်တိုင် ကြုံဖူးမှမဟုတ်၊ မီးဆိုတာ ပူမယ်မှန်း ကမ္ဘာဦးကတည်းက သိကြရမယ်လေ။ ပုံပြင်များစွာကို ညဥ့်ဦးယံ ဆည်းပူးခဲ့ဖူးပါ၏။

''ကျွန်မ တစ်ယောက်ယောက်နဲ့ တိုင်ပင်ဆွေးနွေးချင်သေးတယ်''

''ဆွေးနွေးရအောင် နှင့်မှာ ဘယ်သူရှိလို့လဲ။ ဘာလဲ၊ ရည်းစားတွေဘာတွေ ရနေပြီလား။ မအူမလည်နဲ့ ကြည့်လည်း လုပ်၊ ဒါပဲ။ ငါကတော့ ဒီအဖြေပဲလိုချင်တယ်။ ညနေသုံးနာရီမှာ အကြောင်းပြန်။ သီချင်းလေးဘာလေး တိုက်ဖို့''

''ရတယ်၊ ဒါက အရေးမကြီးဘူး၊ တိုက်စရာမလိုဘူး''





သူမ ဦးချစ်ရုံအခန်းထဲမှ ပြေးထွက်ခဲ့သည်။ မျက်ဝန်းမှာ ပေါ်လာတာက ဦးမြင့်မိုရ်၊ ချက်ချင်းပဲ ညဥ့်ဦးယံ ခေါင်းခါပစ်ရသည်။ ဦးမြင့်မိုရ်သည် သူမနှင့်သူစိမ်းပြင်ပြင်၊ သူ့ခေါင်းထဲမှာ ညဥ့်ဦးယံအတွက် နေရာရှိမည်မဟုတ်။ ကိုယ့်အတွက် သူက ကမ္ဘာလုံးလောက်ကြီး ကြီးကျယ်နေပေမယ့် သူ့အတွက်တော့ ကိုယ်ဟာ မြူတစ်မှုန်စာသာ။

သူမ ခေါင်းငုံ့လျှောက်လာဆဲ၊ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင် ဖေးမခံလိုက်ရသည်။ မော့ကြည့်တော့ နေထွတ်။

''ဩော်. . . မပြန်ရသေးဘူးလား''

''မင်းအကြောင်းကို ငါစိတ်ဝင်စားပါတယ်။ မင်းကိုနှုတ်ဆက်ပြီးမှ ပြန်မလို့ပါ''

နေထွတ်၏မျက်ဝန်းတွေက အတည်အတံ့၊ အရေးထဲ နော်။ သူမ ဒီစားသောက်ဆိုင်မှာ အလုပ်လုပ်မှ ဘယ်ပုရိသကိုမှ မယုံကြည်တတ်တော့ဘူး။ အားလုံးဟာ မျက်နှာဖုံးစွပ်ထားကြတာချည်းပဲ၊ မင်းသားမျက်နှာဖုံးအောက်က ဘီလူးတွေလား၊ ဘီလူးမျက်နှာဖုံးအောက်က ဝံပုလွေတွေလား။ တစ်ယောက်ကိုမျှ သူမ မယုံကြည်တတ်တော့ပါ။

''မင်းမေမေကို ဘာမှာလိုက်ဦးမလဲ၊ ငါက မင်းအရှင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်မှာမို့''

သူမမှာ ပြောစရာစကားမရှိ။ နေထွတ်မျက်နှာကိုလည်း မကြည့်ချင်။ ခေါင်းထဲမှာ သီချင်းဆိုရမှာလား၊ ညှော်ကြိုဆက်လုပ်ရမှာလား၊ ဒါပဲ ရောက်နေသည်။ မေမေ့ကိုတော့ အသိမပေးချင်၊ စိတ်ဒုက္ခလည်းမပေးချင်။ ကာယိကဒုက္ခဝေဒနာတို့ဖြင့် ပြည့်လျှမ်းနေသောမေမေ့ခမျာ စိတ်ကလေးတော့ တတ်နိုင်သမျှ ချမ်းသာနေပါစေ။

သူမ ဖျတ်ခနဲ အလန့်တကြားဖြစ်သွား၊ မော့ကြည့်မိ၏။ နေထွတ်ကို တိုင်ပင်ရမလား။ အို. . . သူ့မျက်ဝန်းမှာ အလင်းတန်းတွေ၊ တလက်လက် ဖိတ်ရည်စီးကျနေသော ထိုအလင်းရောင်များသည် ဘာတွေလဲ။ ဘယ်လိုအဓိပ္ပာယ်ရှိသလဲ။

နေစမ်းပါတော့ နေထွတ်ရယ်။ ငါ့အသည်းနှလုံးတွေ လောကရဲ့ရိုက်ပုတ်ချက်ကြောင့် ကြေမွကြမ်းတမ်းခဲ့ပြီ၊ ငါ့ရဲ့နေရာ ကျဉ်းကျဉ်းလေးရှိတဲ့ရင်ထဲမှာ. . . သူမှတစ်ပါး။

''နင် ငါ့ကိုဘာတိုင်ပင်မလို့လဲ၊ ပြောလေ။ နင့်ရင်ထဲမှာ တစ်ခုခုကို မထွေးနိုင်မမျိုနိုင်ဖြစ်နေတယ်မဟုတ်လား''

''တော်တယ်၊ နင် ပေဒင်ဆရာကြီး လုပ်စားဖို့ကောင်းတယ်''





ခွကျနေသောအဖြစ်အပျက်ကို ရယ်ရယ်မောမောဖြင့် သူမ ပေါ့ပါးစေလိုက်သည်။

''ဟုတ်တယ်၊ စောစောက ဒီစားသောက်ဆိုင်ပိုင်ရှင်ကြီးက ငါ့ကိုခေါ်ဆူတယ်။ ငါ့ဆက်ဆံရေးတွေ ကျဲတယ်တဲ့၊ မြကန်သာ-၂ မှာ သီချင်းသွားဆိုရမယ်တဲ့၊ အဲဒါ ရာထူးတက်တာလား ကျတာလား၊ ညှော်ကြိုအလုပ်နဲ့ သီချင်းဆိုရတဲ့အလုပ် ဘယ်ဟာက ပိုကောင်းမလဲဟင်''

''ဘယ်ဟာမှမကောင်းဘူး၊ နင် ဒီအလုပ်တွေက ထွက်လိုက်တော့''

နေထွတ်အပြောကြောင့် ညဉ့်ဦးယံ အံ့အားတသင့်ဖြစ်သွား၏။ ကျွတ်! ကူစဉ်းစားပေးမလားလို့ မေးမိပါတယ်။

''အလုပ်မလုပ်လို့တော့ ဖြစ်မလားဟ၊ ထမင်းစားဖို့က ဘယ်က ရမလဲ''

''မပူနဲ့၊ ဒီအလုပ်မှမဟုတ်ဘူး၊ အလုပ်တွေ ပြည့်လို့''

''ကဲကဲ. . . ကားသမား သွားတော့၊ တော်ကြာ အံ့နာခလေးတောင် မကျေဖြစ်နေမယ်''

''ရတယ်၊ ဒါ တို့ကိုယ်ပိုင်''

ဟင်! နေထွတ်စကားကြောင့် သူမ မျက်လုံးပင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ လာကြွားနေတာလား။ သို့သော် ညဥ့်ဦးယံမျက်ဝန်းတွေ အရောင်မပြောင်းခဲ့ပါ။ သူမက လောကကြီးမှာ လောဘဆိုတာကို ကောင်းကောင်းမသိ။ လောလောဆယ်မှာ ကိုယ့်ဘဝကိုယ် မကျေနပ် ပေါက်ကွဲ အော်ဟစ် ဒေါသကိုသာ သိသူ ကျွမ်းကျင်သူဖြစ်သည်။

"ဘာလဲ. . . မယုံဘူးလား"

"ဒါ ငါနဲ့မဆိုင်ပါဘူး"

"ဆိုင်တာမဆိုင်တာ ထား။ မင်းကို တစ်ခုပြောစရာရှိတယ်။ ကိုယ့်အသက် အစိတ်ပြည့်ပြီ၊ ပုခက်ချိတ်သင့်တဲ့အရွယ်ပေါ့ကွာ။ မင်းက ဆယ့်ကိုး"

"ရှင် ဘယ်လိုလုပ် သိ. . ."

"မေမေတင့်ဆီက မင်းမှတ်ပုံတင် ခိုးကြည့်ထားတာလေ၊ အဲဒီတော့ မင်း ကိုယ့်ကိုရိုရိုသေသေဆက်ဆံပါ။ နင်တွေ ငါတွေနဲ့ မပြောပါနဲ့"

"အရေးထဲ"

"ဟုတ်တယ်၊ ကိုယ့်အတွက်တော့ ဒါလည်းအရေးကြီးတယ်။ ကိုယ် မင်းဆီက အရိုအသေတွေ ရယူချင်တယ်"

'သေလိုက်ပါလား. . . သွား' ထုံးစံဆိုလျှင် ဒီလို ဘုတော





လိုက်ဖို့ပေါ့။

သို့သော် နေထွက်မှာ ဘာအရှိန်အဝါတွေရှိနေသည် မသိ။ သူမ နည်းနည်းအားနာမိပါသည်။ ဘာပဲဖြစ်ဖြစ် သူသည် မိတ်ဆွေကောင်းတစ်ယောက်တော့ ဖြစ်နိုင်သည်။

"ဒါဆိုလည်း ရပါတယ်၊ ကဲ. . . ကျွန်မကို အကြံပေးခဲ့ပါဦး။ ဒီမှာလုပ်ရမလား အဆိုတော်လုပ်ရမလား"

"ကိုယ်တော့ တစ်ခုမှမကြိုက်ဘူး. . . မင်းကို လူတွေ အထူးသဖြင့် ယောကျ်ားတွေ ဝိုင်းကြည့်ကြမှာကို ကိုယ်မခံစားနိုင်ဘူး"

ပြဿနာက လိုရင်းသို့ရောက်တော့မည်မဟုတ်။ ညဥ့်ဦးယံ အလုပ်လုပ်ရဦးမည်။ ဘာပဲဖြစ်ဖြစ် လူဆိုတာ ကိုယ့်လမ်းကိုယ်လျှောက်ကြရမှာပါပဲ။ သူမ စားပွဲမှ ထလိုက်သည်။

"မင်းမှာ တခြားရွေးချယ်ခွင့်မရှိတော့ဘူးဆိုရင်တော့ သီချင်းပဲ ဆိုပါတော့။ ဒါပေမဲ့ မင်းအပြန်ကျရင်တော့ ကိုယ်ပဲ လာကြိုခွင့်ပြုရမယ်"

"ရှင်ကရော ဘယ်လောက်ကောင်းလို့လဲ"

"မင်းကိုယ်မင်း ယုံကြည်စိတ်ချသလောက် ကိုယ့်ကို စိတ်ချနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပီပီ 'ပိုရန်ကော'ဟူသောအကြည့်ဖြင့် သူမ နေထွတ်ကို ပစ်ပေါက်လိုက်သည်။ သို့သော် ညဥ့်ဦးယံက ခပ်ကြမ်းကြမ်းမိန်းကလေး၊ ကဗျာမဆန်သည့်မိန်းကလေးမို့ သူမ၏ မျက်စောင်းက သက်သက်သာသာရှိမည်မဟုတ်ချေ။



## အခန်း (၆)

လောကကြီးမှာ သိပ်အရဲကိုးလို့တော့မဖြေ၊ 'ကိုယ်ကောင်းလျှင် ခေါင်းဘယ်မရွှေ့'ဆိုသောစကားပုံကလည်း ဘယ်အထိ အာမခံချက်ပေးမှာလဲ။ 'ကျားရဲရာ ကြံမှာမရိုးသာ'တို့ ဘာတို့ကိုလည်း ညဥ့်ဦးယံ ခေါင်းထဲထည့်ထားရပါသည်။ သူမရောက်ရှိနေတဲ့ဘဝက ဘာပဲဖြစ်ဖြစ် ဆယ့်နှစ်ရာသီ သတိ အသိတို့ နိုးကြားနေရသည့်နေရာ။

ညကိုးနာရီ ကိုးနာရီခွဲဆိုတာ သိပ်တော့ ညဥ့်မနက်သေး၊ လိုင်းကားတွေလည်း တဝီဝီပြေးဆွဲဆဲ။ သူမ ဦးချစ်ရုံကို ကိုးနာရီခွဲထက် နောက်မကျစေရန် တောင်းပန်ထားရသည်။ အဆိုတော်လုပ်ရတာ ဒီနေ့နဲ့ဆို သုံးရက်ရှိပြီပေါ့။ ကိုယ်ပြီးဆုံးသည့်အချိန်



www.burmeseclassic.com

www.burmeseclassic.com



က အစိုးမရ။ မတိကျတာရယ်၊ နေထွက်ကလည်း နေ့ရောညပါ ကားဆွဲနေတော့ မအားလပ်တာရယ်ကြောင့် တစ်နာရီအထိစောင့်ပါဆိုပေမယ့် သူမ ငြင်းပယ်ခဲ့သည်။

ညဥ့်ဦးယံ မည်သူ့ကိုမျှ အားမကိုးချင်။ သူက ဘာမို့လို့လဲ၊ အကူအညီတိုင်း၏နောက်ကွယ်မှာ ကပ်ပါလာမည့် နောင်ကြိုးတွေကိုလည်း သူမ မလိုလားပါ။

သီချင်းဆိုခြင်းဟာ ညဥ့်ဦးယံရဲ့ အသွေးထဲ အသားထဲက နှစ်လိုမှုတစ်ခု ကျွမ်းဝင်မှုတစ်ခုမို့ ဒီအလုပ်နှင့်တော့ သူမ အံဝင်ခွင်ကျသည်။ အလုပ်ဆင်းတော့လည်း ညနေခြောက်နာရီမှ ဆင်းရသည်။ တစ်နေ့လုံး အခြားအလုပ်တစ်ခုခု လုပ်မည်ဆိုလျှင် လုပ်လို့ရဦးမည်။ မေမေ့အနားမှာလည်း ကြာကြာနေလို့ရတာပေါ့။ ပန်းကုံးတွေဘာတွေ အစွပ်ခံရတာတော့ စိတ်ညစ်သည်။ ပိုက်ဆံရကာမှ ရရော ညဥ့်ဦးယံ ပြုံးမပြချင်။ မျက်နှာကြီးရှစ်ခေါက်ချိုးမို့ နောက်မစွပ်ချင်ရင်လည်း နေကြပေရော့။ သူမ မျက်နှာကြော မလျှော့ချင်။

မူးယစ်ရီဝေ အဆီယစ်နေသည့် အမျိုးကောင်းသားကြီးများ၏ ပန်းကုံးစွပ်ရင်း လည်တိုင်ကိုထိတာ ဖိတာသည် မတော်တဆမဟုတ်တာတော့ သေချာ၏။ သေသာသေလိုက်ဖို့ကောင်း





တော့သည်။ ညှော်ကြိုလုပ်တုန်းကလည်း မသက်သာ။ ထိကပါး ရိကပါးအပြောတွေ အကြည့်တွေ စားမတတ်ဝါးမတတ်အကြည့်တွေ၊ လောကကြီးမှာ စုန်းပြူးတွေ နတ်ဆိုးတွေသာမရှိဘူးဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ ပိုင်ရှင်ဦးချစ်ရုံကလည်း စားသောက်ဆိုင်သာဆိုသည်၊ မြကန်သာက အရက်မြစ်ကြီးကို ဖြစ်လို့။

မီးလုံးပြာမှောင်မှောင်လေးတွေ ထွန်းထားသော မြကန်သာ-၂ ၏ ခန်းမမှာ လူတွေကလည်း မူးယစ်ရီဝေ။ သီချင်းတွေကလည်း မူးယစ်ရီဝေ။ ကိုယ်ဆိုချင်တာ ဆိုခွင့်မရ။ သူညွှန်ပြတာပဲ ဆိုရသည်။ ဝတ်စုံကိုလည်း ဦးချစ်ရုံကပဲ ချပေးသည်။ ပြိုးပြိုးပြက်ပြက်ဝတ်စုံက လုံလုံခြုံခြုံမို့ တော်သေးသည်။ သို့ပေမယ့် ဘာထူးသလဲ၊ ကော်နှင့်ကပ်ထားသလို ဝတ်စုံလေးသည် လုံခြုံသော်လည်း ဖုဖုထစ်ထစ်၊ သည်ဝတ်စုံအတွက် ဦးချစ်ရုံနှင့်စကားများရသေးသည်။

"ဟိတ်! စေတနာကို မစော်ကားနဲ့၊ သူများတွေဝတ်စုံက နင့်ထက်ဆိုးတယ်။ ဂါဝန်တွေ ရှော့ပန်တွေ။ နင့်ကိုဘိုးတော်က ဘုရားလက်ထက်ကမှန်းသိလို့ ဘောင်းဘီရှည်နဲ့ အင်္ကျီလက်ပြတ်လုပ်ပေးထားတာ။ ဝတ်မှာသာဝတ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ညဉ့်ဦးယံ ညာဏ်သုံးရတော့သည်။ သူမ၏ဆံပင်ရှည်ကြီးကို ဖြန့်ချပစ်လိုက်ခြင်းပါပင်။ ခါးအထိ ရှည်သောဆံရှည်တွေက ညရောင်မှာ မြွေတွေနှယ် လူးလူးလွန့်လွန့်။

အမှောင်အောက်မှာ အနက်ရောင်ကောင်မလေး၏ ပြုံးပြုံးပြက်ပြက်အလှက ပြက်ပြက်ထင်ထင်။ မျက်နှာလေးဖွေးဖွေး၊ ပေါ်သမျှအသားလေးတွေက ဖွေးဖွေးဆွတ်ဆွတ်။

ကိုယ့်အလှည့်ပြီးပြီမို့ သီချင်းဆိုသည့်ဝတ်စုံကို အခန်းတစ်ခုထဲမှာ ဝင်လဲပြီး ညဉ့်ဦးယံ ထွက်ခဲ့သည်။ အချိန်က ကိုးနာရီခွဲ။ စင်မြင့်မှာတော့ သီချင်းဆိုကြတုန်း။ ခန်းမဘေးမှ ဖြတ်လျှောက်ပြီး မြကန်သာမှအထွက် သူမနောက်မှ ခြေသံကြားလိုက်ရသည်။

ညဉ့်ဦးယံမျက်နှာ တင်းခနဲဖြစ်သွားပြီး ကျောပိုးအိတ်ကလေးကို ရှေ့သို့ရွှေ့ယူလိုက်၏။ ကျောပိုးအိတ်ထဲမှာက ဓား။ ခြောက်လက်မ နှစ်ဖက်ချွန်ခလုတ်ဓား၊ လာစမ်း! ဘယ်သူလာစမ်းမလဲ။ ပထမ ပါးစပ်က ပြေရာပြေကြောင်းပြောမယ်။ ဒုတိယ အနူးအညွတ်ရှင်းပြမယ်။ မရလို့ကတော့ တတိယအဆင့် ဓားနဲ့ထိုးပြီး ထွက်ပြေးမှာပဲ။

''ညဉ့်ဦးယံ''





ကြားလိုက်ရသည့်အသံကြောင့် သူမ လန့်သွားရသည်။ သူမရဲ့ကောင်းကင်ကြီးလေ။ ဦးမြင့်မိုရ်ပေါ့။ ဘယ်တုန်းက မြကန်သာရောက်ပြီး၊ ဘယ်တုန်းက သောက်စားမူးယစ်နေခဲ့ပါလိမ့်။ ဟုတ်တယ်၊ မြကန်သာကို လာကြတဲ့သူ တစ်ရာမှာ ကိုးဆယ်လောက်က အရက်သောက်ဖို့လာကြတာ။ သူမ မတွေ့ရဲတော့။ လှည့်ကြည့်သည်။

''ဆီပူအိုးထဲကနေ မီးပုံထဲ ခုန်ချလိုက်တာပေါ့လေ။ ဟုတ်လား. . . တောက်! မင်း ငါ့ကိုအရွဲ့တိုက်နေတာလား''

အရေးထဲ အဖေနောက်တစ်ယောက်နဲ့ တွေ့နေပြန်ပါပြီ၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနေရတာပါ ဦးမြင့်မိုရ်ရယ်။ ဘယ်သူ့ကိုမှ အရွဲ့မတိုက်အားပါဘူး။ သူက ညဉ့်ဦးယံအနားသို့ ရောက်လာသည်။

''ငါ ပန်းချီဆွဲဖို့ပြောတုန်းကတော့ ရှက်သလေးဘာလေးနဲ့။ အခု မင်းပုံစံကရော ဘာထူးသေးလဲ၊ အနက်ရောင်ကိုယ်ကျပ်ဝတ်စုံက အရှိအရှိအတိုင်း ထင်းလို့လင်းလို့၊ ဘာလဲ၊ မင်းပစ္စည်းတွေက အများပိုင်လား။ လုပ်သားပြည်သူအားလုံးအတွက်လား''

သူ့စကားကြောင့် ညဉ့်ဦးယံတစ်ကိုယ်လုံး သွေးတွေဆူပွက်၊ တောက်လောင်သွားသည်။ သူမကို အသားလွတ် လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး စော်ကား ပက်ပက်စက်စက်ပြောရက်သည့်လူကြီးကို အရမ်းမုန်းသွား၏။

ကျောပိုးအိတ်ထဲမှ ခလုတ်မားကို ဖြောင်းခနဲဖွင့်ပြီး သူ့ဗိုက်ကြီးကို အခါတစ်ရာလောက် စိတ်ထဲမှ မွှေ့ပစ်လိုက်သည်။

သူ့ရှေ့မှ သူမ ချာခနဲပြေးထွက်ခဲ့၏။ ရန်လည်းမတွေ့ချင်တော့။ စကားလည်း မပြောချင်တော့။ မားနှင့်လည်း မထိုးချင်တော့ပါ။ သူက ကောင်းကင်မှာ ဝဲ့ဝဲနေရသည့် ကြယ်တစ်ပွင့်၊ လမင်းတစ်မင်းမို့ မြေပြင်ရဲ့ခက်ခဲမှုတွေ ရုန်းကန်ရမှုတွေကို သိမည်မဟုတ်။ အောက်ခြေလွတ်လုသည့် ဒီလူကြီးကို သူမ လှည့်မကြည့်တော့။ ကမ္ဘာမြေပြင်မှာ ပြေးစရာမြေရှိသေးသရွေ့ ညဥ့်ဦးယံ ပြေးလိုက်ချင်၏။ သို့ပေမယ့် ကားမှတ်တိုင်က ခဏချင်းရောက်သွားသည်။

အလို! သူမမျက်ဝန်းမှာ မိုးတွေ စိုရွဲလို့ပါလား။ မရွာဘဲ ရွဲသည့်မိုးသည် သူပစ်လွှတ်လိုက်သည့် ပေါက္ခရဝဿမိုးပဲ ဖြစ်လိမ့်မည်၊ ချစ်၍ရွာသောမိုးတော့ မဖြစ်တန်ရာ။ မျက်ရည်များကို ဘယ်ညာသုတ်ရင်း သူမ ကားစောင့်နေရသည်။ လူတွေမှာ ငှက်တွေလို အတောင်နှစ်ဖက်ပါလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ ယခုလို ကားစောင့်နေစရာမလိုတော့။ လိုရာခရီးသို့ ခဏ





ချင်းပြန်လို့ရပေမည်။ အတွေးများဖြင့် နာကျင်မှုကို ဖြေဖျောက်တာတောင်မှ ကျောလေး သိမ့်ခနဲနေအောင် အသံတိတ် သူမ ရှိုက်ငင်မိသေး၏။

သည်စဉ် ကားဖြူဖြူတစ်စီး သူမအနားမှာ ထိုးရပ်ခဲ့၏။ ကားတံခါးဖွင့်ဆင်းတော့ သူ့. . .ဦးမြင့်မိုရ်။

''တက်. . . ငါလိုက်ပို့မယ်''

သူမ သူ့ကိုစိတ်နာလွန်းလို့ အရေးတောင် မလုပ်။ လိုင်းကားတွေကလည်း မဝင်သေး။ သူမ စီးရမည့်ကားများ မဟုတ်သေး။

''ပြောနေတာ မကြားဘူးလား။ ဘာလဲ. . . အကြံအဖန် လုပ်ချင်သေးလို့လား''

ကဲ! ဒီလောက်နှိပ်နှိပ်စက်စက် ချိုးချိုးဖွဲ့ဖွဲ့ ပြောနေသူကြီးနောက် ညဥ့်ဦးယံက ဘယ်လိုလုပ် လိုက်ချင်ရမတဲ့လဲ။ သူမ လှည့်အော်ပစ်လိုက်သည်။ ခပ်ကျိတ်ကျိတ်ပေါ့။

''မလိုက်ဘူး! ရှင့်နောက် သေတောင် မလိုက်ဘူး''

ပြောပေမယ့် သူက မရ။ မျက်နှာကြီးကို စူပုပ် ထန်တင်းပစ်လိုက်ပြီး. . .

''မရဘူး၊ လိုက်ရမယ်၊ ငါ့နောက်ခေါ်တာလည်း မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ မင်းအိမ်ကို လိုက်ပို့မလို့ခေါ်တာ။ ငါ လူကြီးလူကောင်းတစ်ယောက်။ ငါ့ကိုယုံ''

သူမ ဘယ်လိုလုပ်ရမှာလဲ။ ဒီညအဖို့ သူ့ကိုအရမ်းမုန်းနေပြီ။ သူမအမုန်းက နှစ်ဆယ့်လေးနာရီ ခံမှာမဟုတ်ပေမယ့် ခုတော့ မုန်းသည်။ ပြောဆိုပစ်လိုက်ရမှာလည်း အားမနာ။

''ဒါ ရှင့်အကြောင်းမဟုတ်ဘူး၊ ကျွန်မက မြေကြီးပေါ်မှာ မွေးလာတဲ့လူ။ ကိုယ့်ဘဝနဲ့ကိုယ် အသားကျပြီးသား။ ရှင့်ဘာသာရှင် ပြန်စရာရှိပြန်''

ညဥ့်ဦးယံအသံက လှိုင်းနှယ် အနိမ့်အမြင့်၊ ကြေကွဲတာလား နာကျင်တာလား ဒေါသဖြစ်တာလားတော့မသိ။ အားလုံးရောယှက်နေတာလည်းဖြစ်နိုင်သည်။ မှတ်တိုင်မှာ လူကတော့ ခပ်ပါးပါး။ ရှိသမျှလူတွေကလည်း သူ့ကိုကွက်ကြည့်ကွက်ကြည့်နှင့်။ နိုင်ငံကျော်ကြီးမို့ သိလေသလား။ ဒါမှမဟုတ် အဆိုတော်မကို နီးစပ်ဖို့ကြိုးစားနေသူရယ်လို့ပဲ ကြည့်လေသလား မသိနိုင်။

''ညဥ့်ဦးယံ''

သူ ဖွဲမလျှော့။ သူ့အသံက ကြေကွဲမှုတွေ ပြည့်သိပ်နေသလိုလို။ အလို! သူရော ငိုတော့မှာလား။ သူမ ကိုယ့်နာကျင်မှုကို မေ့သွားပြီး မော့ကြည့်မိသည်၊ အနုပညာသမားမို့ ခံစားလွယ်လေသလား။ ဒီခံစားမှုကရော ကမ္ဘာတိုင်မှာလား။ ရွှန်းလက်ပြည့်သိပ်လာသော သူ့မျက်ဝန်းရိပ်မှာ ညဥ့်ဦးယံ မှင်တက်မိသွားမိသည်။ ဒူးထောက်သွားမိပြီ။ မော်ဆရာကြီးရဲ့ ကမ်းလက်မှာ သူမ၏လက်ကလေး ပေးထည့်မိလိုက်သည်မှာ စပါးကြီးမြွေကြီးရဲ့ ညို့ချက်မိသူပမာ။

သူဖွင့်ပေးသောတံခါးမှ ဝင်၊ သူထိုင်ခိုင်းသောနေရာမှာ ထိုင်။ တဒင်္ဂ သူ့ရုပ်သေးရုပ်ကလေး ဖြစ်သွားခဲ့သည်။ ညဥ့်ဦးယံ လိပ်စာတစ်ခုကို ရွတ်ပြလိုက်သည်။

တန်းခနဲထွက်သွားသော ကားလေးထဲ သူ့ကိုယ်သင်းနံ့များက စူးစူးပုံ့ပုံ့။ အံကိုတင်းတင်းကြိတ်ထားသော သူ့ရုပ်သွင်ချောချောကို ခိုးငေးကြည့်စဉ် သူ့ကျောပြင်တစ်ချက် တုန်သွားတာတွေ့လိုက်ရသည်။ သူလည်း ရင်ထဲမှာ ငိုနေပြီပေါ့နော်။

ညဥ့်ဦးယံ တင်းမထားနိုင်တော့။ ကားတံခါးကို ခေါင်းထိုးပြီး ဖရိုဖရဲငိုကျွေးမိတော့၏။ သူမမျက်ရည်ထဲမှာ သူ့ကို မုန်းခဲ့သောအမုန်းတွေ ရေခဲအရည်ပျော်သည့်နှယ် ပျော်ဝင်မျောပါနေ၏။

''ညဥ့်ဦးယံ''

အရှိန်လျော့သွားသည့်ကားလေးထဲမှာ သူက သူမကို



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်ဖြင့် ဆွဲယူပွေ့ဖက်ထားခဲ့သည်။

''ငါ သဝန်တိုနေတာ၊ သဝန်ကြောင်နေတာ။ မင်း ဒီအလုပ်လုပ်တာ ငါမကြိုက်ဘူး။ မင်းကို ယောကျ်ားတွေ ကြည့်တာ ငါမကြိုက်ဘူး။ ခုတော့ မင်းက အဆိုတော်မကြီးလုပ်ပြီး ယောကျ်ားတွေကို စင်ပေါ်က လှုပ်ခါပြနေခဲ့ပြီနော်။ ငါ ဘာဆက်လုပ်ရမှာလဲ''

သူမ စကားမတုန့်ပြန်မိ။ ညှော်ကြိုအလုပ်ကို ပျော်လို့လုပ်နေတယ်များ မှတ်နေသလား ချစ်သူရယ်။

ခေါင်းကို ညင်သာစွာခါရင်း သူမ သူ့အနားမှ ရုန်းထွက်သည်။ စိတ်ကိုတင်းပြီး မျက်ရည်များကို သုတ်၏။ အငိုလွယ်အရှိုက်ခက်သာဆိုတယ်၊ ညည့်ဦးယံမှာတော့ မငိုတော့ပေမယ့် အရှိုက်က ရပ်လို့မရ။ ပါးစပ်ကို လက်ဝါးနှင့်ပိတ်ထားသော်လည်း မရ။ လက်ကိုင်ပဝါလေး ဆို့ထားရအောင်လည်း သည်လက်ကိုင်ပဝါက မျက်ရည်တွေ သုတ်ထားပြီးသားကြီး။

ကားတံခါးလေးကိုမှီပြီး ငြိမ်သက်စွာ သူမ လိုက်ပါလာခဲ့သည်။ မျက်ဝန်းတို့ကို သူ့ဆီမရွေ့တော့။ မမြင်သောမျက်လုံးတို့ဖြင့် ကားရှေ့ကိုသာ ဦးတည်ထားတော့သည်။

သူ့ကားပေါ်မှာ သူ့ကိုဆွဲဆောင် ညှို့ငင်သူ မဖြစ်စေရ၊





ညှို့ငင်ဖြားယောင်းတယ်လို့လည်း အထင်မခံနိုင်ပါ။ သူက ကောင်းကင်ကြီးလောက် မြင့်မားသူဖြစ်ရသည့်ကြားထဲ သူ့မှာ တိုက်ခန်း၊ ကား၊ လက်ဝတ်ရတနာတွေ အများအပြားရှိထားတာလည်း သူမက သိနေရသည်။ ဘာမှမဖြစ်ခဲ့သည့်အတိုင်း သူမ လိုက်ပါလာခဲ့သည်။

အံ့သြစရာ. . .

တဒင်္ဂလွတ်သွားခဲ့သော သူသည် သူမက တည်ငြိမ်သွားသည်နှင့် သူလည်း တည်တည်ငြိမ်ငြိမ်ပြန်ဖြစ်သွားခဲ့သည်။

သူမလို ညှော်ကြိုမလေးနှင့် ပတ်သက်မိသဖြင့် နောင်တတွေဘာတွေတောင် ရချင်ရနေလိမ့်မည်။ ယူကျုံးမရဖြစ်ချင်လည်း ဖြစ်နေလိမ့်မည်။ သူမ နာကျင်စွာ တွေးမိရပါ၏။

''ဒီလမ်းထိပ်မှာပဲ ရပ်ပါ၊ ကျွန်မတို့အိမ်လေးက ဟိုအိမ်ပါတောင် ငှားနေရတာ။ လိုက်ပို့တဲ့အတွက် လူကြီးမင်းကို ကျေးဇူးတင်ပါတယ်''

ကားပေါ်မှ သူမ ဆင်းလိုက်သည်။ သူက စကားတစ်ခွန်း ပြော၏။

''မင်း နေ့ဘက်မှာ အားနေတယ်မဟုတ်လား။ ငါ့စတူဒီယိုမှာ အလုပ်ဆင်းပါ၊ ရှေ့လအမီ ပန်းချီကားချပ်တွေ တင်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မင်းနဲ့ ကားတွေ အနည်းဆုံး သုံးလေးကားလောက် ဆွဲချင်တယ်''

▣

''သမီး. . . နောက်ကျလိုက်တာကွယ်''

ယခုတိုင် အိမ်တံခါးလေးမှာ ထွက်ပြုမျှော်နေဆဲ မေမေက ညဦးယံကို ဆီးကြိုခဲ့သည်။ သူမ ခေါင်းနားပန်း ကြီးသွား၏။ ကားနဲ့ပြန်ပို့တာ မေမေများ မြင်သွားခဲ့လေသလား၊ မေမေ့ကို ဘယ်လို လိမ်ရညာရဦးမလဲ။ မေမေစိတ်ချမ်းသာဖို့ပါ။ မျက်ဝန်းလေး ဆယ့်နှစ်ရာသီ ဝေသီနေတတ်သော မေမေ့မျက်လုံးလေးကို အရောင်တွေ ရွှန်းတောက်စေချင်တာ ညဦးယံ စေတနာတွေပါ။

''ရော့ မေမေ၊ ညနေက သမီး စပျစ်သီးဝယ်လာတယ်။ မေမေ ဘာလို့ အိမ်ရှေ့ထွက်နေတာလဲ၊ ဆောင်းဝင်လာပြီမေမေရဲ့''

''ရန်ကုန်ဆောင်းက မအေးလှပါဘူး သမီးရယ်၊ ညဦးနက်လှပြီနော်''

ဆယ်နာရီကျော်စပြုပြီပေါ့လေ၊ မျက်လုံးတစ်ဖက်သာ





ကောင်းတော့သည့်မိခင်ကို သူမ မညာချင်ပါ။ အခြားသူတွေအတွက် ညဆယ်နာရီက ညဦးမနက်သော်လည်း မေမေ့အတွက် (ဝါ) မေမေ၏အပျိုစင်သမီးအတွက်တော့ ညဦးနက်လှပြီပေါ့။

''ဒီနေ့ သီချင်းသုံးပုဒ် ဆိုနေရလို့ပါမေမေရယ်။ မေမေကလည်း ညနေကမှသွားတဲ့သမီးကို အခုလွမ်းနေပြီလား''

ရင်ထဲမှာ မပျော်ရွှင်လှပေမယ့် မေမေစိတ်ချမ်းသာအောင် ပေါ့ပါးစွာ စကားဆိုရသည်။

''ခေတ်ကြီးက မသမာသူတွေ ပေါလှပါဘိသမီးရယ်။ လွမ်းတာထက် စိတ်ပူတာက များတာကွယ့်''

''အမယ် မေမေရယ်၊ သမီးကျောပိုးအိတ်ထဲမှာ လက်နက်မျိုးစုံ ပါပါတယ်။ ပြီးတော့ မြို့လယ်ခေါင်ကြီးမှာ ဘယ်လူဆိုးမှ အတင့်မရဲပါဘူးမေမေရဲ့။ သမီးစိတ်မပါဘဲ ဘယ်သူမှ ကားပေါ် ဆွဲတင်လို့မရပါဘူး''

''သမီးစိတ်ပါရင်တော့ ကားပေါ်ဆွဲတင်လို့ ရတယ်ပေါ့ဟုတ်လား။ လူတွေကို သိပ်မယုံနဲ့ သမီး''

'မေမေ'. . .'မေမေ' ခုည ကားနဲ့ပြန်လာတာကို ဆိုလိုသလားမေးလိုက်ဖို့ရာ သူမ မမေးရဲ မေမေ့မျက်နှာကိုသာ အဖြေရှာကြည့်နေမိ၏။ အတန်ကြာတော့ ညဦးယံ မျက်နှာလွှဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်ထဲစားပွဲပေါ်လေးမှာ မုန့်တွေ စပျစ်သီး လိမ္မော်သီး ပန်းသီးတွေ။ ညဥ့်ဦးယံမျက်နှာ တင်းခနဲဖြစ်ရ၏။ ဟိုမိန်းမ။

''မေမေ၊ ဥမ္မာကို လာသွားပြီး ဘာတွေမဟုတ်တမ်းတရား လျှောက်ပြောသွားခဲ့သလဲ''

မေမေ့မှာ နှလုံးအားနည်းသည့်ရောဂါပါ ရှိနေသည်မို့ သူမက မေမေစိတ်ချမ်းသာအောင် ထားလေသမျှ ဟိုမိန်းမ ဖော်ကောင်လုပ်ခဲ့ပြီလား။ တကယ်က ဦးချစ်ရှုံသည် ဥမ္မာကို့မိတ်ဆွေ။ ဒီလမ်းကြောင်းထဲ ရောက်ခဲ့အောင် ဥမ္မာကို တမင်ဖန်တီးခဲ့လေသလား၊ ဒေါသထွက်နေမိ၏။

''သူပြောတိုင်းလည်း မေမေ ယုံသင့်မှယုံမှာပေါ့ သမီးရယ်။ မေမေက ကိုယ့်သမီးအပျိုစင်ကလေး တန်ဖိုးမရှိဖြစ်မှာ သိက္ခာမရှိဖြစ်မှာ ဒါပဲ စိတ်ပူတာပါ။ စောစောက မေမေ ကားသံ ကြားလိုက်ရတယ်''

ညဥ့်ဦးယံ ခေါင်းနားပန်းကြီးသွား၏။ ဒါဆို ကားကိုလည်း လှမ်းမြင်လိုက်မှာပေါ့။ လမ်းထဲကလူတွေကရော ဘယ်လိုများ ထင်မလဲ၊ စားသောက်ဆိုင်မှာ အလုပ်လုပ်တယ်။ ကားအကောင်းစားတစ်စီးက လိုက်ပို့တယ်။ ဘုရားရေ! ဒီ့ထက်များ ပိုမိုတွေးနေကြမှဖြင့်။





''မေမေရယ်၊ သမီးကိုစိတ်ချပါ၊ ကိုယ်လုပ်မိတဲ့အလုပ်ကြောင့် ယောကျ်ားတွေနဲ့ နည်းနည်းပါးပါးပြောဆိုဆက်ဆံနေရလည်း သမီး ဘယ်သူ့ကားမှမစီးပါဘူး။ စောစောက လိုက်ပို့တဲ့ကားက လူကောင်းသူကောင်းမို့ သမီးစီးခဲ့တာပါ။ သူက ပန်းချီဆရာ ကဗျာဆရာ သီချင်းတွေလည်းရေး၊ စာလည်းရေးတယ်။ မေမေသိလား. . . ဗီသိုဗင်တို့ မိုးဇက်တို့၊ ဟိုလေ၊ မြန်မာပြည်မှာတော့ နိုင်ငံကျော်ကြီးပေါ့မေမေ၊ သူက လူကောင်းပါ၊ သမီးကို ခင်လို့ စေတနာရှိလို့ လိုက်ပို့တာ။ စိတ်ချပါမေမေရယ်၊ နောက်လိုင်းကားနဲ့ပဲ ပြန်ခဲ့ပါ့မယ်။ ဟိုမိန်းမ ဘာတွေပြောသွားသေးလဲ၊ တောက်! သူချမ်းသာနေရဲ့သားနဲ့ တကယ်ဆို ငွေသုံးသိန်းလောက် ပေးပါလား။ ဒါဆို သမီး တခြားအလုပ်ပြောင်းလို့ရမှာပေါ့။ အဲ''

တကယ်က ဦးချစ်ရှုံကြီးဆီမှာ အကြွေးရှိနေလို့သာ သူမ အလုပ်ထွက်မရဖြစ်နေရတာပါ။ မေမေ့ခမျာ တိတိကျကျတော့ မသိရှာ။ အကြွေးတင်တာက ဘယ်လောက်၊ အိမ်စပေါ် ဘယ်လိုတင်ပြီး အိမ်လခ ဘယ်လောက်၊ တစ်လ ဘယ်လောက်ဆေးဖိုးကုန်နေတာကအစ မေမေ့ကို ညဥ့်ဦးယံ အသိမပေးခဲ့၊ သိလို့ရော မေမေစိတ်ဆင်းရဲတာပဲ အဖတ်တင်မှာပေါ့။

''ပိုက်ဆံတော့ မပေးပါဘူးသမီးရယ်၊ မုန့်တွေ သစ်သီး



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ဝယ်ပေးခဲ့တယ်။ သားလည်း ပြန်လာတော့မယ်ဆိုလား၊ တစ်လပဲ လိုတော့တယ်တဲ့''

''ဒါကြောင့် ဒီမိန်းမ အလာစိပ်နေတာကိုး။ ကိုကိုလာရင် ဒီမိန်းမ ဘယ်လိုဖြေရှင်းမလဲ။ အိုလေ. . . ပါးစပ်ထဲမှာ မုသားပေါင်းသောင်းခြောက်ထောင်ကို အရည်ကျိုသောက်ထားတဲ့ မိန်းမပဲ။ ကိုကိုက နုံနုံအအနဲ့ သူ့စက်ကွင်းထဲ ကားခနဲပစ်ကျသွားမှာပါပဲ''

တိုးလျှိုပေါက်မြင်နေရသည့် အတွင်းခန်းလေးထဲ သူမ အဝတ်လဲပြီး မေမေ့ရှေ့ပြန်ရောက်သည်။ မေမေက ညဉ့်ဦးယံလှုပ်ရှားသမျှ အလွတ်မပေး လိုက်ကြည့်နေသည်မို့ သူမ စိတ်မကောင်းဖြစ်ရသည်။ သူမတို့သားအမိ၏ချမ်းမြေ့မှုကို သံသယတွေဖြင့် ပစ်ရှို့မီးမြှိုက်ခဲ့သည့် ဥမ္မာကို့ကို မကျေနပ်။

''သမီး''

''မေမေ ဘာပြောချင်လို့လဲဟင်၊ ပြောလေ''

အခါတိုင်းလိုမဟုတ်ဘဲ မေမေ့ကြည့်ရတာ နောက်ဆံတင်းတင်း မထွေးနိုင်မအံနိုင်ပုံစံဖြစ်နေသဖြင့် ညဉ့်ဦးယံ မေမေ့ကိုယ်လုံးပိန်ပိန်လေးကို သိမ်းကြုံးဖက်ရင်း မေမေ့ပခုံးလေးကို မေးတင်၊ မေမေ့ပါးမှာ ခေါင်းလေးဝှက်ထားမိသည်။ မေမေ ဘာ





ကို တစ်ချိန်လုံးစိတ်ဆင်းရဲရအောင် ဟိုမိန်းမ ဘာတွေသပ်လျှိုပစ်ခဲ့ပါသလဲ။

''တစ်လ တစ်လ မေမေ့ဆေးဖိုးက မနည်းဘူးနော်။ မသန့်ရှင်းတဲ့နည်းလမ်းနဲ့တော့ ငွေကိုမရှာပါနဲ့သမီးရယ်။ မေမေတို့အိမ်ဆိုင်ကလေး ပြန်ဖွင့်ကြမယ်လေ''

သမီးကို မပြောရက်လို့ မချိတင်ကဲ မျိုသိပ်ဖုံးဖိပြောနေရရှာသည့်မေမေ့ဒုက္ခကို. သူမ တိုးလျှိုပေါက်မြင်လိုက် နားလည်လိုက်ရသည်။ အယုတ်တမာမက သူမကို အပျက်မဖြစ်အောင်ပြောသွားခဲ့မှာပေါ့။ သူမ ငိုကျွေးမိတော့၏။ ညဉ့်ဦးယံရဲ့ဘဝကငိုချင်ရဲ့ လက်တို့ပါ။ ဆူးကြားက ဘူးလေ။ ဒီအလုပ်ကို မလုပ်ချင်ဘူး၊ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ သူခိုးခွေးကိုက် မအော်ဝံ့ရတဲ့ဘဝ။ မေမေက သူမကိုပွေ့ဖက်ထားခဲ့၏။ လက်ပိန်ပိန်လေးများက တင်းကျပ်လျက်။

''မေမေ၊ မေမေ့ကို မဟုတ်ကဟုတ်ကတွေ လာပြီးပြောသွားပြီမဟုတ်လား။ ဒီမိန်းမရဲ့ပါးစပ် ဒီမိန်းမရဲ့အကျင့်တွေ သိရက်နဲ့မေမေရယ်။ ဆင်းရဲတဲ့ဘဝ အောက်တန်းကျတဲ့ဘဝက ကိုကို့ကြောင့် လွတ်မြောက်ပြီး အောက်ခြေလွတ်နေတဲ့မိန်းမ၊ သမီးသိပြီ မေမေ၊ သမီး ဒီအဖြစ်ရောက်အောင် သူပဲ ပို့ခဲ့တာ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်ရုန်းထွက်လို့ မရတော့ဘူး။ ငွေရေးကြေးရေးတွေ ပါနေတယ်။ တကာယ်ဆို ငွေနှစ်သိန်းလောက် သူပေးပါလား။ သမီးတို့ ကိုကို့အတွက် အိမ်ရောင်းပေးခဲ့တာ၊ ပခုံးနဲ့ထမ်းတင်ပေးလိုက်ရတာ မသိချင်ယောင်ဆောင်နေပြီး သူတို့တော်လို့ သူတို့အဆက်အသွယ်ကောင်းလို့ပဲ ကိုကို နိုင်ငံခြားမှာ အလုပ်လုပ်ရသလိုလို ခုလိုချမ်းသာလာတာ သူ့အစွမ်းအစကြောင့်လိုလို. . . သိပ်မုန်းဖို့ကောင်းတဲ့မိန်းမ၊ သူ့မျိုး ကမ္ဘာတောင် မကျေဘူး''

''စိတ်ချပါ မေမေ၊ သမီး ဘယ်တော့မှ ကိုယ့်ကိုယ်ကို ရောင်းမစားဘူး။ မဟုတ်တဲ့အလုပ်နဲ့ မေမေ့ကို လုပ်မကျွေးဘူး။ ဘယ်သူ့ကားနောက်မှ ပါမသွားဘူး၊ လိုက်မသွားဘူးမေမေ၊ သမီး အခု လုပ်ကျွေးနေတာ ရိုးရိုးသားသားရှာစာဖွေစာတွေပါ။ မေမေ မယုံဘူးလားဟင်။ သမီးဒီလောက်ပြောနေတာတောင်မှ ညာနေတာလို့ မေမေထင်ရက်သေးလား။ တစ်ကမ္ဘာလုံးကလူတွေ ဝိုင်းလက်ညှိုးထိုး ကဲ့ရဲ့ချင် ကဲ့ရဲ့ပါစေ၊ မေမေကတော့ မယုံပါနဲ့။ မေမေ့ကို သမီးအမှန်တွေပြောနေခဲ့တာပါ။ သမီး ဘယ်တော့မှ ကိုယ်ခန္ဓာကို ရောင်းမစားဘူး။ ငွေဆိုတာ ဘာလုပ်မလဲ မေမေရယ်၊ မေမေ့ဆေးဖိုးလေးရရင် သားအမိနှစ်ယောက် စားလောက်သောက်လောက်မယ်ဆိုရင်''





ညှဉ့်ဦးယံအသံတွေ တိမ်ဝင်သွား၏။ အဲဒီဆေးဖိုး၊ စားဝတ်နေရေးကပဲ နည်းလား။ မေမေ့ကို မြူတစ်မှုန်စာမျှ မငြိုငြင်မိသော်လည်း သူမ မလုပ်ချင်သည့်အလုပ်တွေကို ဆက်လက်လုပ်ဆောင်နေရပါဦးမည်လေ။

''ကဲကဲ. . . တိတ်ပါ သမီးလေးရယ်။ မေမေက စိုးရိမ်လွန်းလို့ပြောတာပါ။ သမီးသာ တစ်ခုခုဖြစ်သွားရင် မေမေ ရင်ကျိုးပါပြီ။ မေမေအသက်ရှင်နေရတာ ဘာမှအဓိပ္ပာယ်မရှိတော့ဘူး။ ဥမ္မာကိုပြောတာတွေ မေမေမယုံပါဘူးသမီးရယ်။ သူ မလိုလို့ ပြောသွားတာပဲ''

''မေမေနားလည်ရင် ပြီးတာပါပဲ မေမေရယ်။ သမီးအတွက် စိတ်မဆင်းရဲပါနဲ့နော်။ စိတ်ချမ်းသာအောင်နေပါ။ ကဲ! ညဆေးသောက်မယ်၊ ခုလောလောဆယ်တော့ မေမေ့ချွေးမကြီး ပေးတဲ့ အိုဗာတင်းပဲ ဖျော်တိုက်လိုက်ဦးမယ်။ သောက်သာသောက် မေမေ၊ ဒါ ကိုကို့လုပ်အားခရဲ့ အဖျားအနား အမှုန်အစက်လေး တစ်ခုလို့ပဲမှတ်။ ဪ. . . သားမွေးရတာများ တယ်ဝမ်းရေစပ်ပါလား။ ရသမျှ မယားနာမည်နဲ့ပဲ ပို့တယ်။ မေမေနဲ့ညီမလေးကို နည်းနည်းလောက် ခွဲပေးလိုက်ပါလို့ သူမမှာဘူးလားမသိဘူးနော်။ သုံးနှစ်လုံးလုံး စာလည်းတစ်စောင်မှမရေး။ နေနိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကိုကို''

အဘွားကြီးအိုလေးနဲ့ သူမ တဗျစ်ဗျစ် ညည်းမိ၏။ လက်ကလည်း မေမေသောက်ဖို့ ဂလောက်ဂလောက်နှင့်ဖျော်။

''သားကတော့ ရေးမှာပါလေ၊ အင်း. . . ဥမ္မာကို. . . ဥမ္မာကို''

''ကဲ. . . မေမေ၊ စိတ်လေးလံစရာတွေ ဘေးဖယ်ထား။ အရာရာဟာ သူ့သဘောသူဆောင်ကြလိမ့်မယ်။ မေမေ့မှာ ဒီသမီး ရှိသရွေ့ ဘယ်တော့မှ ဒုက္ခမရောက်စေရဘူးမှတ်၊ ရော့. . . ပါးစပ်ဟ၊ ဆေးသောက်ရအောင်''

အိုဗာတင်းကို ပန်းကန်လေးများဖြင့် ခွဲထည့်၊ ခပ်နွေးနွေးဖြစ်အောင် မှုတ်ပေးရင်း သူမ ဆိုသည်။ ကမ္ဘာ့ပေါ်မှာ နှစ်ဦးတည်းရှိသည့်သားအမိ၏အကြင်နာက နွေးထွေးလှပါလား။ မေမေ့ရင်ခွင်ပိန်ပိန်လေးမှာ ခေါင်းထိုးအိပ်ခွင့်အတွက် ကမ္ဘာကြီးရဲ့အခွင့်အရေးအားလုံးနှင့် သူမ လဲလှယ်ရဲပါသည်။

''သားအမိတွေ တယ်ကြင်နာနေပါလား''

နေထွတ်အသံကြောင့် သူမတို့ မော့ကြည့်မိသည်။ ကိုယ့်ဖောနှင့်ကိုယ်မို့ ကားသံတောင် မကြားလိုက်သလိုလို။

''ကားကို ဝပ်ရှော့ ခဏပို့ခဲ့ရတယ်။ ညဉ့်ဦးယံကို တစ်





ခါမှ လာမခေါ်ရဘူး၊ ပါးစပ်ပြောကြီး ဖြစ်နေရတယ်''

နေထွတ်က မေမေ့ရှေ့မှာ ဝင်ထိုင်သည်။ မေမေကတော့ နားမလည်စွာ ငေးကြည့်နေသည်။

''ရပါတယ်. . . ကျွန်မ သဘောပေါက်ပြီးသားပါ''

''ညဉ့်ဦးယံ''

သူ့အသံက အလန့်တကြား။ သူ့လေးနက်မှုကို သူမ ဖျက်ဆီးမိလေသလား။

''ငါအပြောသမားသက်သက် မဟုတ်ဘူး၊ သုံးညလုံးလုံး မြကန်သာ–၂ ရှေ့ ဆက်တိုက် ငါရောက်ခဲ့တယ်။ မင်းက စောင့်မနေခဲ့ဘူးလေ။ ငါက နောက်ကျသူမို့ ငါရောက်ခဲ့တာတွေ မပြောပြတော့ဘာ။ မယုံရင် မင်း မြကန်သာရဲ့ညှော်ကြိုကောင်လေးတွေကို မေးကြည့်ပါ''

သူမ အနည်းငယ် အားနာသွား၏။ သို့သော် ဘာလုပ်မလဲ၊ လောကကြီးမှာ အတတ်နိုင်ဆုံး အနှောင်အဖွဲ့ကင်းချင်ပါသည်။ သံယောဇဉ်ဆိုတာကို ညဉ့်ဦးယံ မလိုချင်တော့။

''ကျွန်မယုံပါတယ်၊ ကျွန်မ နောက်ပြောင်မိတာ တောင်းပန်ပါတယ်။ နေထွတ်က ဆယ်နာရီမှလာမှာ၊ ကျွန်မက စောပြီး သွားတော့ ပြန်နှင့်တာပေါ့။ လိုင်းကားတွေနဲ့ပဲ အဆင်ပြေပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက် လုံ့လစိုက်ထုတ်ရတာမျိုးလည်း မဖြစ်ချင်ဘူးလေ။ နေထွတ် လာမကြိုပါနဲ့၊ ကျွန်မအကြောင်းကို ခေါင်းထဲထည့် မထားပါနဲ့။ တကယ်ပြောတာပါ''

''ကားကြုံနဲ့တော့ ဘယ်တော့မှမပြန်ပါနဲ့၊ မင်းလည်း ပုံပြင်တွေ ဇာတ်လမ်းတွေ ကြားဖူးမှာပါ။ ဘာပဲဖြစ်ဖြစ် ငါ့ကိုတော့ စောင့်သင့်တယ်။ နောက်ဆို ငါစောစောလာကြိုနေပါ့မယ်''

''နေပါစေ နေထွတ်၊ ကျွန်မ မစီးချင်ဘူး။ အားနာပါတယ်။ ဝန်ထုပ်ဝန်ပိုးတစ်ခုလိုလည်း ခံစားရတယ်။ ကျေးဇူးမတင်ချင်ဘူး၊ အကြွေးမတင်ချင်ဘူး''

မေမေ နားလည်သွားပြီဖြစ်သည်။ ခေါင်းလေးညိတ်ရင်း ဝင်ပြောဖော်ရသည်။

''တကူးတကဆိုရင် အားနာစရာပေါ့ကွယ်၊ ကြုံရင်တော့ မင်းညီမကို ဝင်ခေါ်လေ။ သမီးကလည်း အဆင်ပြေရင် ကိုယ့်အစ်ကိုနဲ့ပဲ ပြန်လိုက်ပေါ့''

''အားနာစကားဆိုတာ အမေတို့သားအမိ ကျွန်တော့်အပေါ်မှာ သူစိမ်းဆန်တာပဲ။ ကျွန်တော်ကတော့. . .''

''သားရေ''

တစ်ဖက်ခန်းမှ ဒေါ်သန်းသန်းဆင့်အသံကြောင့် နေ





ထွတ် စကားဆုံးခွင့်မရလိုက်။ မိခင်ကို ဦးထိပ်ပန်ဆင်သောသားပေမို့ ချက်ချင်းဆင်းသွားခဲ့သည်။

ဒီည လေစိမ်းတွေ တိုက်နေပါလား။ ကေန္တ ဥမ္မာကို ပေဟာသောတရားတွေ ဒေါ်သန်းသန်းဆင့်နားထဲသို့ တစ်လုံးတလေ ဝင်သွားခဲ့ပြီဖြစ်ရမည်။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

''ငြိမ်ငြိမ်နေစမ်း၊ ကွမ်းယာနေတဲ့ပုံ ပြန်ဆွဲရမယ်။ ပြန်ပြင်ရမယ်''

''ကျွန်မဘာသာ လိမ်းပါရစေ၊ ရှင်လိမ်းပေးတာ မနေတတ်ဘူး''

သူမကို အရုပ်တစ်ရုပ်နှယ် ကင်းဘတ်စတစ်စနှယ် သူက ဆေးခြယ်တော့မှာမို့ ညဦးယံ ဟန့်တားမိသည်။ သူ မျက်နှာသစ်ခိုင်းထားခဲ့သည်မို့ ညဦးယံမျက်နှာက သန့်သန့်စင်စင်။ အရှိ . . . အရှိအတိုင်းပေါ့။ ဆင်စွယ်နှစ်နှယ် ဖွေးဥကြည်စင်သော အသားအရေက ရှေးစာဆိုအတိုင်း ကောင်းခြင်းငါးဖြာထဲ ပါမပါတော့မသိ။ ကျန်းမာရေးကောင်းသူ၊ စိတ်သဘောထားဖြူစင်သူ



www.burmeseclassic.com

www.burmeseclassic.com



လေးပေမို့ အသားအရေက ကျောက်သလင်းနှယ် ကြည်လဲ့စိမ်းမြနေရပါသည်။

မြင့်မိုရ် ညှပ်ဖျစ်ထားသောမျက်နှာက ဘယ်လိုနေရမှန်းမသိတော့။ တကယ်ပါပဲ. . . ဘာလို့အရမ်းရှက်နေမှန်းမသိ။ သူဟာ ညဥ့်ဦးယံရဲ့နှလုံးသားတိုင်းပြည်က ဘုရင်ကြီးမို့လေ။ သူ့ကိုလည်း နည်းနည်းလေးမှမကြည့်ရဲတော့။ သူမရင်တွေ တဒိုင်းဒိုင်းခုန်နေတာကလည်း ဖူးလူးတွေ ဗုံတီးနေသလိုပါပဲ။ သူကြားမှာစိုးပါဘိလေ။ သူမ မျက်လုံးကိုသာ မှိတ်ပေးထားရတော့သည်။

ချစ်သူရေ. . . ရှင်ကြိုက်သလိုသာ ပြုပေတော့။

ကျွန်မက. . . ရှင့်ရဲ့အရုပ်ကလေး။

ယောကျ်ားတန်မဲ့ လိမ်းခြယ်ပေးနေပုံက ဘယ်ရည်းစားကိုများ သူ ပြင်ပေးခဲ့ဖူးပါလိမ့်နော်။ အတွေးဖြင့် ညဥ့်ဦးယံ ကြေကွဲလာချင်ချင်။

အိုလေ. . . သူနဲ့ငါ ဘာဆိုင်လို့လဲ။ ဘယ်တော့မှလည်း ဆိုင်လာမှာမဟုတ်ပါဘူး။ ငါက သူ့ရဲ့အလုပ်သမား။ သူပန်းချီဆွဲဖို့အတွက် မော်ဒယ်စံပြမယ်သာ။ စိတ်ဆိုတာလည်း အခက်သားနော်။ ဖယောင်းဟာ မီးနဲ့မတွေ့ခင် ကျောက်ဆောင်ကျောက်သားနှယ် မာကျော ကြမ်းရှခဲ့လည်း။ အခုတော့ သူမ ရောမရေ





ဟောင်ကြီး တရိရိအရည်ပျော်သလို ပျော်နေခဲ့ပြီ။ မှိတ်ထားသောမျက်ဝန်းမှ မျက်ရည်တို့ မထွက်စေရန် သူမ မော့သည်ထက်မော့ပြန်သွင်းနေမိတော့. . .

"ဘယ်လိုဖြစ်နေတာလဲ. . . ဒီမှာ ပျက်ကုန်လိမ့်မယ်၊ ကျွတ်!"

သူကတော့ ဘာခံစားချက်မှရှိပုံမရ။ သူအလုပ်ဖြစ်ရေးသူ့အလုပ်မှတစ်ပါး အခြားဘာမှရှိပုံမရ။ နှလုံးသားမဲ့သူကြီးရဲ့ ကျောက်သားကျောက်ဆိုင်လို မာကျောတဲ့ သူ့နှလုံးသားမှာ နှင်းဆီဆူးလောက် ခြစ်ရုံနဲ့တော့ အယားတောင် ပြေမှာမဟုတ်ပါဘူး။ မာနဖြင့် အသိတရားဖြင့် သူမ ပြန်လည်ဆည်တံ့ရသည်။ သူကတော့ လိမ်းလိုက်ခြယ်လိုက်။

"မိုက်ကယ်အိန်ဂျလိုကို မင်းသိလား ကြားဖူးလား"

သူက ဆိုင်းမဆင့်ဗုံမဆင့် မေးလာခဲ့သည်။

"ဟုတ်ကဲ့၊ ကျွန်မ ဖတ်ဖူးပါတယ်။ ကမ္ဘာကျော်ပန်းပုဆရာကြီးလေ။ ဒေါ်ခင်မျိုးချစ်ရေးတာလားမသိဘူး"

သူမစကားကြောင့် သူက ပြုံးတုံ့တုံ့။ လူကိုများ မယုံသလို မကြည့်သလိုနှင့်။ ညဥ့်ဦးယံပြောတာ ဘာများမှားသလဲ။

"ဒေးဗစ်ကိုရော မင်းမြင်ဖူးခဲ့မှာပေါ့ ဘယ့်နှယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ညွှ်ဦးယံ အသံမထွက်တော့။ အင်း၊ ပြောရမှာလည်းအခက်၊ ဟင့်အင်းပြောရမှာလည်း အခက်၊ တော်တော်ကတ်သီးကတ်သပ် ပြောတဲ့လူကြီး၊ ဦးတည်ချက်က ဘယ်ကိုလဲ။

"မြင်ဖူးတယ်မို့လား. . . သူ ထုဆစ်ခဲ့တဲ့ ကမ္ဘာကျော် ကျောက်ဆစ်လက်ရာလေ။ တကယ့်လူသားပကတိအတိုင်းပဲ။ အကြောတွေ၊ အရိုးအဆစ်တွေ၊ အနွဲ့အပျောင်း၊ အခက်အမာ ဟိုနေရာ ဒီနေရာတွေပါ အားလုံး တကယ့်ယောကျ်ားရင့်မကြီး အတိုင်း"

လာပြီ ဒီလူကြီး။ တကယ်လည်း ဒေးဗစ်ကျောက်ဆစ်ကို စာအုပ်တွေထဲမှာ မြင်ဖူးခဲ့သည်မို့ ညွှ်ဦးယံမျက်နှာမှာ ပူနေရသည်။ သူ့ကိုတုန့်ပြန်မဆွေးနွေးမိ။

"မင်းဖတ်ဖူးတယ်ဆိုရင် ဒီအကြောင်းတွေ သိရမှာပေါ့။ မိုက်ကယ်အိန်ဂျလိုဟာ ဒီလောက်ကမ္ဘာကျော်တဲ့လက်ရာ၊ ကမ္ဘာကျော်တဲ့အနုပညာကို ပါရမီသက်သက်နဲ့ ရခဲ့တာမဟုတ်ဘူး။ သူ့ရဲ့လုံ့လ သူ့ရဲ့အားထုတ်မှု သူ့ဘဝတစ်ခုလုံးကို ဒီဘဝထဲမှာပဲ နှစ်ထားခဲ့တာလေ။ ကျောက်ဆစ်ရုပ်ထုတဲ့အခါ လူသားရဲ့အရိုး အကြော ကြွက်သားတွေရဲ့ဖွဲ့တည်မှု၊ ဆက်စပ်မှုတွေကို ထဲထဲ





ဝင်ဝင်သိဖို့ သဘာဝကျကျနားလည်ဖို့ သူ ကြိုးစားခဲ့ပုံ ဖတ်ဖူးတယ်ဆို။ ငါ့ကိုပြန်ဆွေးနွေးလေ"

သူမ မျက်စောင်းထိုးချင်စိတ်ပေါက်မိသည်။ မျက်နှာကို သူနှင့်တစ်တောင်အကွာလောက်မှာ ညှစ်ဖျစ်အထားခံနေရသည်။ ကျဉ်းထဲကျပ်ထဲမှာ ကမ္ဘာကျော်ပန်းပုဆရာကြီး မိုက်ကယ်အိန်ဂျလိုရဲ့ ဒေးဗစ်ရုပ်ထုအကြောင်း ဆွေးနွေးနေခဲ့သတဲ့။ အော်ဆဲပစ်ဖို့ကောင်းတဲ့လူကြီးပဲ။

"အေး. . . မင်းမပြောရင် ငါပြောမယ်၊ သူဟာ ဆရာဝန်တစ်ယောက်လိုပဲ အလောင်းကောင်တွေကို ဓားတစ်လက်နဲ့ ကျောက်ကုတင်ပေါ်မှာ ခွဲစိတ်လေ့လာခဲ့ရတယ်လေ။ ဆရာဝန်တွေကမှ နေ့ဘက် ခွဲချင်ခွဲရမယ်၊ အဖော်အပေါင်းနဲ့ ခွဲချင်ခွဲရမယ်၊ မိုက်ကယ့်ခမျာမတော့ ညဘက်ကြီး ခွဲရတာ။ တစ်ယောက်တည်း တိတ်တဆိတ်ခွဲရတာ သူတို့ဘာသာအယူအရ ဒီလိုမလုပ်ကောင်းဘူးမို့ ခိုးလုပ် ခိုးခွဲခဲ့ရတာ"

"အဲဒါဘာဖြစ်သလဲ၊ ရှင်နဲ့ဘာဆိုင်သလဲ"

အသံကို အတတ်နိုင်ဆုံး ပျော့အောင်ပြောလည်း ညွှ်ဦးယံ စိတ်တိုနေခဲ့သည်။ သူ စာအကြောင်းပေအကြောင်း ဆွေးနွေးတာကလည်း တစ်ဖက်လူ အသက်ရှူမှားနေတဲ့အချိန်ကြီးမှာ။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့၊ ငါလည်း ပန်းချီဆွဲတဲ့အခါ အတတ်နိုင်ဆုံး သဘာဝကျချင်တယ်။ အပေါ်ယံလေး ရုပ်မဆွဲချင်ဘူး"

ကျောချမှ ဓားပြမှန်းသိ။ သူမ မြင့်မိုရ်ကို အလန့်တကြား မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ သည်တော့လည်း သူ့ရုပ်က တည်တည်ကြည်ကြည်။

"ဒါဆိုလည်း ဓားတစ်ချောင်းနဲ့ ရှင်လည်း လူသေတွေကို လိုက်ခွဲပေါ့"

"ငါက လူရှင်တွေကို လိုက်ကြည့်ချင်တာ။ မိန်းမချောလေးတစ်ယောက်ရဲ့သဘာဝအလှတွေကို အသက်ဝင်အောင် မှတ်တမ်းတင်ချင်တယ်"

"ဒါဆို ဓာတ်ပုံဆရာလုပ်ပါလား၊ လွယ်လွန်းလို့"

"မတူဘူး၊ ဓာတ်ပုံက ဓာတ်ပုံပဲ၊ ရုပ်သေကြီး"

"မိုနာလီဇာပန်းချီကားလို ကမ္ဘာတည်မယ့် ဂန္ထဝင် ပန်းချီကားချပ်တွေကို ဖန်တီးချင်တယ်ပေါ့လေ"

"မင်း ငါ့ကိုမလှောင်ပါနဲ့၊ မင်းအသံက မခိုးမခန့်နဲ့"

မြင့်မိုရ်က တရှူးရှူးတရှဲရှဲဖြင့် ကျွဲမြီးတိုသွားတော့ ညဥ့်ဦးယံ ပြုံးမိသည်။ ကိုယ့်မာနထိတော့ နာတတ်လိုက်တာလေ။

"ကျွန်မဟာ အကောင်းပြောတာပါ၊ ပန်းချီဆရာတိုင်းဟာ





နလုံးသားနဲ့ဆွဲတဲ့အခါ မိုနာလီဇာလို အသက်ဝင်တဲ့ပန်းချီကားချပ်တွေ ရတတ်ပါတယ်။ ရှင်က ပိုသိမှာပါ။ ကြိုးစားပေါ့၊ တစ်ချိန်ချိန်မှာ ရှင့်ဆန္ဒတွေ ပြည့်ဝလာပါစေလို့ ကျွန်မ ဆုတောင်းပေးနေမယ်"

သူမလို နလပိန်းတုံး မိန်းမငယ်လေးတစ်ယောက်က ဒီစကားတွေ ပြောနေတော့ မြင့်မိုရ် မခံချင်သလိုလိုဖြစ်မိသည်။ ရင်ထဲမှာ မကျေမနပ်။ ဘာဖြစ်မှန်းကိုမသိ။ နှုတ်ခမ်းနီဆိုးပေးထားတာ စိတ်တိုင်းမကျသဖြင့် သူမနှုတ်ခမ်းကို မြင့်မိုရ် လက်ဖြင့် ညှစ်ဖျက်ပစ်လိုက်သည်။

"အား. . ."

"မပိုနဲ့၊ မသေဘူး"

တစ်မနက်ခင်းလုံးတော့ ဘီလူးထွက်ချည်း ထွက်နေဖြစ်သည်၊ မြင့်မိုရ် ဘာကိုမကျေနပ်မှန်းလည်းမသိ။ အတန်ကြာတော့ ညဥ့်ဦးယံ အဆင်သင့်ဖြစ်သွားခဲ့သည်။ ဒီတစ်ခါတော့ ကွမ်းယာတာလည်း ပုံကျသွားခဲ့ပြီ။ သူ့ကိုမကြည့်ဘဲ ကွမ်းယာခြင်းအမူကိုသာ စိတ်ဝင်စားနေရမည်မို့ ညဥ့်ဦးယံ အသက်ရှူချောင်ရသည်။ ဘာကြောင့်မသိ၊ သူမ မြင့်မိုရ်ကို မကြည့်ရဲတော့ဘူးလေ။

သူက ကိုယ့်ကို အရေးမစိုက်၊ စိတ်မဝင်စားဘဲ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သတ် စွဲလန်းမိသွားတဲ့အဖြစ်ဟာ အဘယ်မျှဆိုးရွားရုက်ရွံ့ဖို့ ကောင်းလိုက်ပါသလဲ။

နှလုံးသားမှာ အငိုက်မိ၊ အလစ်စီးခံလိုက်ရပြီမို့ သူ့ကို မချစ်မိဖို့တော့ ကြိုးစားလို့ရမည်မဟုတ်။ သို့ပေမယ့် အဲဒီအချစ်တွေကို လုံအောင်ဖုံးအုပ် ဖုံးဖိဖို့တော့ သူမ တတ်နိုင်ရပေမည်။ ဘာကြောင့်ဆို သူမက မြန်မာပြည်မှ မိန်းမသားတစ်ဦးမို့ဖြစ်သည်။

သေချင်သေသွားစမ်းပါစေ၊ ဘယ်တော့မှ သူ့ကိုချစ်မိနေတာ မပေါ်လွင်စေရဘူး။ ဆယ့်နှစ်ရာသီ ရန်ပဲလုပ်နေမယ်၊ ရန်ပဲဖြစ်နေမယ်။ ကဲ!

မျက်တောင်လေး စင်းပြီး၊ ကျုံ့ကျုံ့လေး ကွမ်းယာနေသည့်အပျိုမလေးဟာ နန်းတွင်းသူလား အရပ်သူလား။ သူဌေးသမီးလေးလား။ ဟိုတစ်နေ့က လက်ဝတ်ရတနာတွေ ထုတ်ဆင်ခဲ့ပေမယ့် ဒီတစ်နေ့ကျ ထုတ်မဆင်တော့။ သူ့ပစ္စည်းတွေ ပျောက်မှာစိုးလို့လည်းဖြစ်မည်။ ပြောရင် ယုံပါ့မလား။ ညဥ့်ဦးယံဆိုတဲ့ မိန်းကလေးဟာ ထူးထူးခြားခြားကိုပဲ ပစ္စည်းဥစ္စာတွေအပေါ်မှာ မတပ်မက်တတ်ဘူးဆိုရင်. . .

တကယ်ပါ၊ သူမမှာ လောဘတွေ လှိုင်းကြီး တံပိုးကြီး





မရှိ။ မိခင်နှင့်အတူ ပြေလည်ရုံလေး နေရစားရ ဆေးဖိုးဝါးခလေး ရပြီဆိုရင် တော်ပါပြီ။ ဘာလုပ်မလဲ၊ သူမရဲ့အရည်အချင်းနှင့် တိုက်တွေကားတွေ စီးချင် လိုချင်တယ်ဆိုလျှင်လည်း သမ္မာအာဇီဝဖြစ်တော့မည်မဟုတ်။ ဒီတော့ ဖြူဖြူစင်စင်ဘဝကို အလိုရှိသည်ဆိုလျှင်ဖြင့် ညဥ့်ဦးယံ ရိုးသားရပေမည်၊ လောဘကို စွန့်လွှတ်နိုင်ရပါလိမ့်မည်။

ယာနေရသည့်ကွမ်းရွက်လေးကိုကြည့်ရင်း ကြည့်ရင်းပဲ ညဥ့်ဦးယံ ပျင်းလာရသည်။ တစ်မနက်လုံးကြီး ထိုင်နေရတာ မဟုတ်လား။ ညောင်းတာပေါ့၊ ပျင်းတာပေါ့။

''ဟေး. . . ငြိမ်ငြိမ်နေလေ၊ ငိုက်မနေနဲ့''

သူက လှမ်းပြီးအမိန့်ပေးသည်။ ငိုက်လည်း မငိုက်ဘဲနဲ့ လူကိုတော်တော်နာမည်ဖျက်သည့်လူကြီးပဲ။

သူ့တိုက်ခန်းက အပြင်မှသော့ခတ်ထားသည်မို့လည်း ဤကဲ့သို့ အနှောင့်အယှက်မရှိ ပန်းချီဆွဲနေနိုင်ခြင်းဖြစ်သည်။ ညဥ့်ဦးယံ အရိုးကြေကြေ အရေခန်းခန်း၊ သူခိုင်းသမျှ နေပေးလိုက်တော့သည်။ အချိန်တွေကို အမှတ်သညာမထားတော့။ ဤသည်မှာ သူပေးမည့် နေ့တွက်ငွေအတွက်မျှ မကကြောင်း မြင့်မိုရ်ကတော့ အလေးဂရုပြုမည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ရပြီ ရပြီ၊ မနက်စာ သွားစားချင်သွားစားတော့။ ငါတော့ ဆက်လိုက်ဦးမယ်။ ခဏနားလိုက်။ အဝတ်အစားမလဲနဲ့။ ဟော့! ဒီမှာ ဟိုတစ်နေ့က အိုင်ဒီယာကိုမကြိုက်လို့ ဒီနေ့ပုံဆွဲတာ၊ ဟိုနေ့က အထက်တန်းစားမိန်းမပျိုပုံ။ မင်းနဲ့မကိုက်ဘူး"

"ရှင်"

"ဒီလိုလေ၊ မင်းက ရိုးစင်းတယ်မဟုတ်လား။ အဲဒီတော့ မင်းစရိုက်နဲ့ညီမယ့် သာမန်အရပ်သူလေးပုံပဲ ဆွဲလိုက်တယ်။ ဒီပုံက ပိုပြီးအသက်ဝင်လိမ့်မယ်။ အင်းဝခေတ်က သာမန်မိန်းမပျိုလေးတစ်ယောက်ယောက်ရဲ့ပုံပေါ့"

"ဒါဖြင့် ဟိုတစ်နေ့က ရှင် ပိုက်ဆံကုန်ပြီး အကျိုးမရှိဖြစ်ရတာပေါ့"

"ဒါက ကိစ္စမရှိပါဘူး၊ မင်းရုပ်ကို ပိုပြီးမှတ်မိတာပေါ့။ ကဲ! ထမင်းသွားစား၊ နာရီဝက် နား၊ ပြီးရင် ပြန်ထိုင်မယ်"

သူ့အမိန့်အတိုင်း ညဉ့်ဦးယံ ထမင်းစားခန်းသို့ ချီတက်သည်။ စားပွဲပေါ်မှာ ထမင်းချိုင့်က အဆင်သင့်။ မနက်ကတည်းက ပို့ထားခဲ့သည်မို့ ထမင်းဟင်းတွေက အေးတိအေးစက်။ ဆန်းတော့မဆန်းပါဘူးလေ။ လူတွေဟာ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အေးအေးပူပူ ဖြည့်နေကြရမယ်မဟုတ်လား။ နေ့လယ် ဆယ့်နှစ်





နာရီကြီးများတောင် ရှိပြီမို့ သူမ တကယ်လည်းဆာနေခဲ့ပါပြီ။ ထမင်းချိုင့်တွေ ဖွင့်ကြည့်လိုက်တော့ ငါးနုပ်နှင့် ဆိတ်ကလီစာဟင်း၊ အစိမ်းကြော်၊ နောက် ငံပြာရည်ကြော်နှင့် တို့စရာသရက်သီးချဉ်လေးတွေ တွေ့လိုက်ရသည်။ အေးလည်း စားလို့ကောင်းမည့်ဟင်းတွေပါပဲ။ သူမအားရပါးရစားဖို့ ဟန်ပြင်လိုက်၏။ အိမ်မှာ ဘယ် ဒီလောက်စားရမလဲ။ စားသောက်ဆိုင်မှာ ထမင်းစားရတယ်ဆိုပေမယ့်လည်း အလိုက်သိရသေးသည်လေ၊ တော်ရိလျော်ရိနှင့် စားရတာချည်းမို့။

"အဲ. . ."

မျိုမကျဘူးဆိုတာ ဒါလား။ ညဉ့်ဦးယံ စားရမှာ မစားရက် စားမဝင်ဖြစ်သွားရသည်။ သူမ ပြန်စဉ်းစားကြည့်၏။ တစ်မနက်ခင်းလုံး သူရော ဘယ်မှာ ဘာစားသေးလို့လဲ။ အနုပညာသမားတွေဟာ ထမင်းမေ့ဟင်းမေ့ သားမေ့မယားမေ့ အနုပညာစျာန်ဝင်တတ်သတဲ့၊ သားမေ့မယားမေ့က ထားပါတော့။ ထမင်းမေ့ဟင်းမေ့ဆိုရင် ကျန်းမာရေးတွေ ကောင်းပါဦးမတဲ့လား။

ဘာပဲဖြစ်ဖြစ်. . . အော်ထုတ်ကာမှ ထုတ်ရော၊ သူ့ကို ထမင်းနဲ့ဟင်း သွားပေးဦးမှပါပဲ။ ပန်းကန်ပြားလေးထဲမှာ ထမင်းဟင်းကိုပုံထည့်၊ ဇွန်းတပ်ပြီး သွားပေးဖို့ဟန်ပြင်မိသည်။ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားခန်းမှ သူ့အလုပ်ခန်းသို့ ညဥ့်ဦးယံ စိုးရွံ့စွာဝင်သည်။

"ဘာလဲ. . . စားပြီးပြီလား"

သူ့အနားရောက်တော့ အလိုမကျစွာ တွန့်ရှုံ့၍မေး၏။

"မဟုတ်ဘူးလေ၊ ရှင် ထမင်းမစားရသေးဘူးမို့လား"

"ဟာ! နေစမ်းပါ၊ ကားတွေက အရင်လိုတယ်၊ ရှေ့လမှာ တင်ရမှာ။ အဲဒါ ကိုယ့်ဘဝအတွက် အဆုံးအဖြတ်တစ်ကိုယ်တော်ပြပွဲလေ။ မင်းအကူအညီတွေလည်း အများကြီးလိုတယ်"

သူက ထက်သန်စွာဆိုသည်။

"အင်းပါ၊ ဆွဲတာလည်းဆွဲတာပေါ့။ ထမင်းလည်း စားပါဦး။ ရှင် ဒုက္ခများလိမ့်မယ်"

"ထမင်းတစ်နပ် မစားလို့တော့ မသေပါဘူးကွာ၊ ကျေးဇူးပြုပြီး ငါ့ကိုလာမရှုပ်စမ်းပါနဲ့။ မင်းဘာသာ သွားစားစမ်းပါ။ သွား. . ."

မြင့်မိုရ်၏မျက်လုံးတို့က ပန်းချီကားက မခွာ၊ လက်ကလည်း စန္ဒယားတီးသည့်နှယ် စုတ်တံအမျိုးမျိုးဖြင့် တို့ခတ်လျက်။

"ငါမအားဘူးကွ၊ လက်ရော မျက်လုံးရော မအားဘူး"

ဒီလောက် အပြောရ အဆိုရခက်သည့်လူကြီးကို ညဥ့်ဦးယံ ပစ်ထားလိုက်ဖို့ စဉ်းစားကြည့်သည်။ သို့သော် ကိုယ်တော်





အရမ်းဆာနေမှပဲ၊ သူလည်း ဆာမှာပေါ့။ ဆာရမှာပေါ့။

"ဒါဆို ရှင် ပါးစပ်တော့ အားတယ်မို့လား။ ကျွန်မ. . ."

ရှေ့သို့စကားဆက်ဖို့ သူမ ရှက်ရွံ့သွားသည်။ ပြောမိသည့်အတွက်လည်း နောင်တရသွားသည်။ သူက ဘယ်လိုထင်သွားမလဲ။ ဒုက္ခပါပဲ၊ စေတနာတွေ မေတ္တာတွေ သူ့အပေါ် ရေစီးကမ်းပြိုမိတာ သတိထားမိသွားမှာလား။

"အေးကွာ. . . တစ်လုပ်နှစ်လုပ်တော့ ခွံ့ပေးရင် ကောင်းမှာပဲ၊ ငါ့မေမေဆိုရင်လည်း ဒီလိုပဲ ငါ့ကိုကျွေးရတယ်၊ ခွံ့. . . တစ်လုပ်နှစ်လုပ်လောက်"

တကယ်ပါပဲ၊ မြင့်မိုရ်က သူမကိုမကြည့်။ သူ့ပန်းချီကားချပ်မှ မျက်လုံးမခွာ။ တကယ့်ကို စိတ်ပါလက်ပါ။ ကျန်တာအားလုံး မေ့နေတော့သည်။ ခွံ့ပေးတော့လည်း တစ်လုပ်နှစ်လုပ်မကစားပါသည်။ တစ်ပန်းကန်လုံး ပြောင်သည့်အထိ။

"ကုန်ပြီ"

"အေး. . . ကုန်လည်း တော်တော့၊ ရေပေးဦး"

လူလည်း သူ့ခိုင်းဖတ်ကြီး ဖြစ်နေတော့သည်။ အေးလေ သူက မော်ဒယ်လုပ်ခ တစ်နေ့ ထောင့်ငါးရာပေးသည်မဟုတ်ပါလား။ ဟိုတစ်နေ့က စာအိတ်ထဲမှာ ငါးရာတန်သုံးရွက်ပါလာသည်



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တွေမှာလည်း ဒီလိုပဲပေးမည်ထင်ပါရဲ့။ တစ်နေ့ ထောင့်ငါး ရာ၊ များသလား နည်းသလားတော့ ညည့်ဦးယံ မသိ။ တန်ပါတယ် လေ။ ဘာလုပ်ပေးရတာမှတ်လို့၊ ထိုင်ပေးနေရတာပဲ မဟုတ်လား။

မြင့်မိုရ် စားပြီးတော့မှ ညည့်ဦးယံ ထမင်းစားရသည်။ အများကြီးစားလို့လည်းမဖြစ်။ သူက ဆက်ပြီးထိုင်ခိုင်းပါလိမ့်ဦး မည်။ ထမင်းစားပြီးတော့ သူမ ပန်းချီခန်းထဲသို့ ပြန်ဝင်ရသည်။ လူကတော့ အင်းဝခေတ်က လုံမငယ်အတိုင်း။

"ကျွန်မ ပြန်ထိုင်ရမလား"

"အေး. . . ပြန်ထိုင်"

သူတောင် ခုထိ နေရာမှမထသေးလျှင် သူမက ဘာလို့ မထိုင်နိုင်ဘဲရှိရမည်လဲ။ ညည့်ဦးယံ သူထားသည့်နေရာမှာ ပြန် ထိုင်လိုက်သည်။ သူက တမေ့တမောဆွဲနေပြန်သည်။

"ဟာ!"

ပန်းချီဆွဲနေရာမှ မြင့်မိုရ် အလန့်တကြား ထအော်တော့ သူမ ငိုက်တိုက်တိုက်ဖြစ်နေရာမှ လန့်ဖျပ်သွားရသည်။ ဘာဖြစ် တာလဲ၊ မှားဆွဲမိလို့လား။

"ငါ ကိစ္စတစ်ခုချိန်းထားတာ မေ့နေလို့၊ မင်း ဒီမှာခဏ ကျန်ခဲ့၊ ခဏလေး. . . ခဏလေး၊ ငါအပြင်က သော့ခတ်ခဲ့မယ်





နော်။ ခုပဲ ပြန်လာမယ်"

"မဟုတ်ဘူးလေ၊ ခုပဲ နှစ်နာရီကျော်နေပြီ၊ ကျွန်မလည်း ပြန်တော့မယ်လေ။ ရှင်လည်း စိတ်ချလက်ချသွားရဲ"

"ဟာ! ခုပဲ ပြန်လာပါ့မယ်ဆိုမှ၊ မရဘူး. . . ကျန်ခဲ့"

တော်တော်အတ္တကြီးသည့်လူကြီးပဲ။ သူ့စကားအတိုင်း သူမကိုသော့ခတ်ထားပစ်ခဲ့ပြီး ကားမောင်းထွက်ခွာသွားခဲ့သည်။

ပြတင်းပေါက်တွေကို ဘယ်လိုကျော်ဖြတ်ရမလဲ။ ကျော် တက်ရအောင်လည်း ပြတင်းပေါက်တွေမှာ သံတိုင်တွေ တပ်ထား ခဲ့သည်။ တံခါးမကြီးတွေမှာလည်း အပြင်က အထပ်ထပ်ပိတ်ခဲ့ သည်မို့ ညည့်ဦးယံ ထွက်လို့မရ။

သူကတော့ သူ့အပေါင်းအသင်းတွေနှင့် ဘယ်အရက် ဆိုင်မှာ ထိုင်နေသလဲ။ ဘယ်စားသောက်ဆိုင်ထဲမှာ ပျော်ပါး ပါးလားလုပ်နေသလဲ။ တချပ်ချပ်လည်ပတ်မြဲ တိုင်ကပ်နာရီကြီး ကိုမော့ကြည့်ရင်း ညည့်ဦးယံ အံကိုတင်းတင်းကြိတ် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ ငိုရလွန်းလို့လည်း မောလှ ပါပြီ။

ထိုစဉ် တိုင်ကပ်နာရီမှ သံစုံမြည်ဟီးသံတွေက ချိန်ကိုက် ဗုံးတစ်လုံးကို ဖောက်ခွဲလိုက်သည့်နှယ်၊ သူမကို နာကျင် စုတ်ဖြဲ



www.burmeseclassic.com

www.burmeseclassic.com



စေပြန်သည်။

ည ကိုးနာရီ တော်တော်အတွေ့ကြီးသည့်လူကြီးပဲ။ မိန်းမတစ်ယောက်ကို သူ့အခန်းထဲမှာ ပိတ်လှောင်ထားခဲ့ပြီး သူကတော့ ဘယ်တွေကို ခရီးလွန်နေသလဲ။ လူကို လူလို့မှမှတ်ရဲ့လား။ ခွေးကလေး ကြောင်ကလေးကို ပိတ်လှောင်ထားသလိုမျိုး ထားခဲ့ရက်ပုံက သူမဟာ ဂုဏ်သရေရှိမိန်းမတစ်ယောက် မဟုတ်လို့ပေါ့။ ဂုဏ်သရေရှိ အထက်တန်းစားမိန်းမတစ်ယောက်သာဆိုလျှင် သူ ဒီလိုလုပ်ရဲမှာတဲ့လား။ လုပ်ရက်မှာတဲ့လား။ တွေးရင်းတွေးရင်း ညဉ့်ဦးယံ ရှိုက်ငိုနေမိပြန်သည်။

မျက်ရည်ကျခြင်းဟာ အရှုံးပေးခြင်းတဲ့။ နို့ပေမယ့် သူမ ဘာလုပ်ရမှာတဲ့လဲ။ မိန်းမသားပီပီ ဒေါသဖြစ်လည်း မျက်ရည်ကျ၊ နှုတ်ခမ်းတွေလည်း သွားနှင့်ကိုက်ရလွန်းလို့ ပေါက်ပြဲကုန်တော့မည်။ သူ့ကိုအရမ်းဒေါသဖြစ်သည်။ သူသာ အရုပ်ကြီးတစ်ရုပ်လို ငြိမ်ခံနေမည်ဆိုပါက ကျောရော ရင်ပါ နှစ်ဖက်ညှပ်ပြီး ပတ်မကြီးထုသလို လက်သီးဆုပ်နှစ်ဖက်ဖြင့် ထုရိုက်ပစ်ချင်လှသည်။ တစ်ဖက်သားကို နည်းနည်းမှထည့်မတွက်သည့်လူကြီး။ တစ်ဖက်သားကို လူရယ်လို့တောင်မှ သဘောထားပါရဲ့လား။

သူဟာ ညဉ့်ဦးယံကို မိန်းမကောင်းရယ်လို့မှ သတ်မှတ်





ပါရဲ့လား။ သူ့ကို ကိတ်တခိုးမြတ်နိုးစွဲလန်း၊ ခရေဇီဖြစ်နေမိတာ သူများ သိနေခဲ့သလား။ သူမ မျက်ရည်ကျခဲ့ရပြန်သည်။ သူ့ကို စိတ်ဆိုးလွန်းသဖြင့် သူထားခဲ့သည့်ထိုင်ခုံလေးပေါ်မှာပဲ နေရာမရွှေ့၊ ကျောက်ရုပ်တစ်ရုပ်လို ငုတ်တုပ်ထိုင်နေပစ်လိုက်သည်။ အခန်းမီးတွေလည်းမဖွင့်၊ စားစရာသောက်စရာလည်း ရှာမစား၊ ဒေါသတွေဖြစ်ရလွန်းလို့ ဆာမှန်းမဆာမှန်းပင်မသိတော့။ တကယ်ဆို မနက်စာပဲစားရသေးတာ၊ ညစာတစ်နပ် လွတ်သွားခဲ့ပြီပေါ့။ သူပြောသလိုဆိုလျှင်ဖြင့် 'ထမင်းတစ်နပ် မစားရလို့ မသေပါဘူး' ပေါ့လေ။

တကယ်ဆို ဒီနေ့က သူမရဲ့အားလပ်ရက်လည်းမဟုတ်၊ မြကန်သာမှာ ညဉ့်ဦးယံ သီချင်းဆိုရဦးမည်။ မေမေကတော့ ခါတိုင်းလိုပဲ သူ့သမီးလေးကို မြကန်သာမှာ သီချင်းဆိုနေတယ်ရယ်လို့ပဲ ထင်မှာပေါ့။ မနက်က မေမေ့ကို သူမ ဘယ်လိုနှုတ်ဆက်မိခဲ့သလဲ။

'မေမေရေ. . . သမီး, ပန်းချီဆရာတစ်ယောက်၊ ပန်းချီဆွဲဖို့အတွက် မော်ဒယ်လုပ်ပေးရမယ်။ တစ်နေ့ ထောင့်ငါးရာပေးတယ်မေမေ။ ဘယ်အချိန်ပြီးမယ်တော့မသိဘူး၊ အချိန်မရရင် မြကန်သာပဲ တစ်ခါတည်း ဆက်သွားလိုက်မယ်နော်။ မေမေစိတ်



www.burmeseclassic.com

www.burmeseclassic.com



ပူမှာစိုးလို့ သမီး ထမင်းတွေဟင်းတွေ တစ်ခါတည်းချက်ပေးခဲ့ပြီနော်။ မေမေဆာတဲ့အချိန် ခူးစား' အဲလိုပြောခဲ့သည့်ထင်ပါရဲ့။

သို့ပေမယ့် ကိုးနာရီကျော်တဲ့အထိ အလွန်ဆုံး ဆယ်နာရီထိုးတဲ့အထိ ပြန်မရောက်လျှင်တော့ မေမေ အရမ်းစိတ်ပူနေတော့မှာပေါ့။ ကြည့်စမ်း! မျက်လုံးလေးတစ်ဖက်နှင့်သာ ရှင်သန်နေရရှာသည့်မေမေဟာ စိတ်သွားတိုင်း ဘယ်မှာ ကိုယ်ပါနိုင်ရမှာတဲ့လဲ။ သုဝဏ္ဏသာမလို သူမက မြားမှန်ခံရ၊ မြားဆိပ်နဲ့ မိန်းမောနေရတဲ့အခါ သူမရှိရာသို့ မေမေ ဘယ်လိုရှာဖွေသိနိုင်မှာတဲ့လဲ။ ပိဋ္ဋိယက္ခမင်းကြီးကတော့ ခုထိပြန်ကိုမလာ။

နာရီပေါင်းများစွာ၊ မိနစ်ပေါင်းများစွာ၊ စက္ကန့်ပေါင်းများစွာ ဒေါသဒီရေတွေ တက်လိုက်။ သူတစ်ခုခုများ ဖြစ်နေသလားရယ်လို့ စိုးရိမ်ဒီရေတွေ တက်လိုက်။ သူမမှာ သူ့ကို ဘယ်လိုသဘောထားရမှန်းလည်း မသိတော့။ နောက်ဆုံးတော့ ညှို့ငြိုးယံစိတ်ကို ဒုန်းဒုန်းချလိုက်ရသည်။ ကိုယ့်သေတွင်း ကိုယ်တူးချင်လို့ သူ့ကိုချစ်မိဆက်ဆံမိခဲ့ရတာပဲလေ။ ကိုယ့်ဒုက္ခကို ကိုယ် ခါးစီးခံပေတော့ပေါ့။ သူကတော့ ငွေအတွက် သူ့ဆီလာပြီး ဒုက္ခခံနေတာလို့ ထင်မှာပဲ။ ရှိပါစေတော့။

သူပြန်လာသည့်အချိန်ဟာ ဘယ်အချိန်ပဲဖြစ်ဖြစ် ဒီတိုက်





ခန်းမှာ သူမ ပြေးထွက်လိုက်တော့မည်။ မြကန်သာသို့သွားရန်တော့ မမီတော့။ မေမေ့ဆီသို့ပဲ အမြန်ဆုံးပြန်ပြေးတော့မည်။ တွေးမိမှ သူမ ဘဝင်ကျရသည်။ တိုက်ခန်းမှာ မီးမဖွင့်ဘဲ သူမ အခန်းတံခါးပေါက်အဝနားသို့ ကပ်နေမိသည်။ သူဖွင့်လိုက်တာနှင့် တစ်ခါတည်းပြေးထွက်လိုက်ဖို့။

သို့သော် သူမ စဉ်းစားရပြန်သည်။ မြင့်မိုရ်က သူ့ဌေးလားဘာလား။ ရတနာပစ္စည်းတွေလည်း ဒီတိုက်ခန်းထဲမှာ ရှိနေတယ်။ မပြောမဆို ထွက်ပြေးသွားခဲ့လျှင် သူမကို သူခိုးလို့ထင်ဦးမှာလား။ တစ်ခုခုခိုးပြေးသွားတယ်လို့ထင်လျှင် ခက်ဦးမည်။ အတွေးတို့က ညှို့ငြိုးယံရင်မှာ ဘောင်ဘင်ခတ်လျက်။

အောက်ချင်းငှက်များဟာ အစာရှာထွက်သွားလို့ရှိလျှင် သူ့အသိုက်ကို ရွှံ့နဲ့ပိတ်ပြီး ရွှံ့နဲ့မံပြီး ငှက်မကို ထားခဲ့သတဲ့။ ရင်နင့်ကြည်နူးစရာ။ သို့ပေမယ့် ယခုအဖြစ်ကတော့ အောက်ချင်းငှက်လို တန်ဖိုးထားခဲ့ခြင်းမဟုတ်။ ဘာမှတန်ဖိုးမရှိသည့် အောက်တန်းစား၊ စားပွဲထိုး၊ သီချင်းသည်မတစ်ယောက်ကို ခွေးလိုကြောင်လို အခန်းထဲမှာ သော့ပိတ်၊ ဖြစ်သလို ထားခဲ့ခြင်းမျှသာဖြစ်၏။

နောက်ဆုံးတော့ အခန်းထောင့် သံမံတလင်းကြမ်းပြင်မှာ ခွေးတစ်ကောင်လိုပဲ သူမ လှဲခွေနေမိတော့သည်။ သူ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



လည်း မောလှပါပြီ။ အစာမစားရလို့လည်း နွမ်းလှပါပြီ။ သူ့အပေါ်မှာ အချစ်တွေ အမုန်းတွေ နာကြည်းမှုတွေ ထွေးလုံးရစ်ပတ်လွန်းရလို့လည်း နှလုံးသားတစ်ခုလုံး ညက်ညက်ကြေခဲ့ရပါပြီ။ မေမေ့ထံသို့လည်း စိတ်ကရောက်၏။

မေမေရေ. . . မငိုပါနဲ့နော်

ချစ်ခြင်းကြောင့် ဖြစ်ရတဲ့ သမီးရဲ့ဆင်းရဲဒုက္ခမှာ. . .

မေမေက ဓားစာဝင်မခံပါနဲ့။

မျက်လုံးလေးတစ်လုံးတည်းနဲ့ မေမေငိုနေတဲ့အခါ. . .

သမီးရဲ့နှလုံးသားတွေ အထပ်ထပ် နာကျင်ကြေကွဲရပါလိမ့်မယ်နော်. . .

အချိန်နာရီတွေကို သူမ မမှတ်ချင်တော့။ မကြားချင်တော့။ လောကကြီးရေ. . . ထုံးစံအတိုင်းပဲ တလျှပ်လျှပ် လည်ပတ် ရွေ့သို့ဆက်လက်ချီတက်ပေတော့။ သူမက အချိန်နာရီရထားကြီးပေါ်မှ ခေတ္တခုန်ဆင်းကျန်ခဲ့ပါတော့သည်။ နားနှစ်ဖက်ထဲ စက္ကူစုတ်လေးတွေ လုံးထွေးပိတ်ဆို့ပြီး သူမ မောမောနှင့် အိပ်ပျော်သွားခဲ့သည်။

''ညဉ့်ဦးယံ''

''ညဉ့်ဦးယံ''





''ညဉ့်ဦးယံ''

သူမနားထဲမှာ ပဲ့တင်ထပ်သံတွေလား၊ ကောင်းကင်ပေါ်မှာ. . . သူ။ သူမက မြေပြင်မှာ။ အို! မိုးတွေကလည်း ရွဲလို့။ မိုးချုန်းသံတွေကလည်း ညံလို့။ သူ မြင့်မိုရ်က ကောင်းကင်မှောင်မှောင်ထဲမှာ အလင်းတန်းသဖွယ် သူမအပေါ် စီးမိုးငုံ့ကြည့်လို့။

ဒါဟာ အိပ်မက်လား။ အိပ်မက်တစ်ခုလား။ သူက မြေပြင်ကို တစ်ကြိမ်တစ်ခါလောက် အလည်ရောက်ဖူးချင်သတဲ့။ ကမ္ဘာပျက်မတတ် ထစ်ချုန်းစိုရွှဲမှုထဲမှာ သူမ မောပန်းစွာ ပြေးလွှားပုန်းအောင်းနေခဲ့ပြန်သည်။

နည်းနည်းလေးတောင်မှ မဆုံတွေ့ချင်တော့ဘူး။ ချစ်သူရှင့်ရဲ့တန်ဖိုးမဲ့ဆက်ဆံမှုမှာ မထီမဲ့မြင်ဆက်ဆံမှုမှာ ကျွန်မ ကြေကွဲရလွန်းလို့ပါ။

''ညဉ့်ဦးယံ. . . ညဉ့်ဦးယံ''

နောက်ဆုံးတော့ အိပ်မက်မှ သူမ နိုးထသွားခဲ့သည်။ အို! တစ်ခန်းလုံးလည်း အလင်းတွေ ထိန်ထိန်ငြီးလို့။ သူ ဘယ်အချိန်က ပြန်ရောက်နေခဲ့သလဲ။ မည်သို့ပင်ဖြစ်စေ သူမ မစဉ်းစားချင်တော့။ သူမရဲ့ခံစားချက်တွေက ရေဆူမှတ်မှ ရေခဲမှတ်သို့ လျှောကျခဲ့ပြီလည်းဖြစ်သည်။ ညဉ့်ဦးယံ အနီးရှိ စလင်းဘတ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ကောက်လွယ်လိုက်သည်။

''မင်းနယ် အိပ်ချင်တာ ငါ့အိပ်ရာထဲတော့ ဝင်မအိပ်ဘူး''

''ဘာရှင့်''

''ပြောလိုက်ရင် အကျအနကောက်ဖို့ပဲ၊ လာ. . . မင်းဖို့ ငါ စားစရာတွေ ဝယ်လာတယ်''

အံ့သြစရာပဲနော်။ ရောမပြစ်မှုကြီးကို ကျူးလွန်ခဲ့ပြီး ယခုတော့ ထိုကိစ္စသည် ဘာမှမဆန်းသည့်နှယ်။ တစ်ခုခုတော့ လွဲချော်နေခဲ့ပါပြီ။ သူမ နာကြည်းမှုတွေကို မျိုသိပ်သိမ်းဆည်းလိုက်သည်။ သူ့သဘောထားတွေကို သိနေမှပဲ။ ဘာလုပ်ရတော့မှာလဲ။ ရန်တွေ့ရအောင်လည်း သူက အထက်တန်းစား။

''ကျွန်မ ပြန်မယ်''

ပြောပြောဆိုဆို ဖွင့်ထားသောတံခါးမှ သူမ အပြင်သို့ထွက်ဖို့ပြင်သည်။ နာရီကြီးကိုမော့ကြည့်ခဲ့တော့ ညကိုးနာရီလေးဆယ်။ ကားတွေရှိပါသေးတယ်၊ အရှုံးမပေးနိုင်ပါဘူး။

''နေဦး၊ ငါလိုက်ပို့မှာပါ။ လာ. . . ထမင်းစားရအောင်''

သူက ပြောပြောဆိုဆိုဖြင့် ညဥ့်ဦးယံ ဘယ်လက်ကို ဆတ်ခနဲဆွဲလိုက်၏။ သူ့ဘက်သို့အငိုက် အရက်နံ့ကို စူးခနဲရ





လိုက်သလိုလို။ ညဥ့်ဦးယံစိတ်ကို မချုပ်တီးနိုင်တော့။ ကောင်းကင်ကြီးလောက် မြင့်ရုံမကလို့၊ စကြဝဠာကြီးလောက်ပဲမြင့်မြင့်၊ သူ့ရင်ဘတ်ကြီးကို သူမက ညာလက်သီးဖြင့် ဒိုင်းခနဲထိုးချပစ်လိုက်သည်။ ကဲ. . . မှတ်ထား။

ညဥ့်ဦးယံက ခပ်ကြမ်းကြမ်းမို့ သူမလက်သီးသည် နာကျက်မည်မဟုတ်။ သူကလည်း အမှတ်မထင်မို့ နောက်သို့ ခြေတစ်လှမ်းစာမက ယိုင်ထွက်သွားခဲ့သည်။

''ရှင် ကျွန်မကိုမထိနဲ့၊ ရှင့်ကို ကျွန်မ ဒီနေ့အရမ်းမုန်းတယ်။ အို! နောက်နေ့တွေလည်း မုန်းမှာပဲ။ ရှင့်ကြောင့် ကျွန်မအလုပ်တွေ ပျက်ကုန်ပြီ။ မေမေလည်း ငိုနေပြီလားမသိဘူး။ ရှင်ကတော့ ရှင်လုပ်ချင်တာလုပ်ရလို့ စိတ်ချမ်းသာနေတယ်မို့လား။ ကျန်ခဲ့တော့. . . ကျွန်မ သွားပြီ''

သူမ လမ်းပေါ်သို့ပြေးထွက်ခဲ့သည်။ နောက်မှ ဘာသံတွေ ထွက်နေသလဲ၊ ညဥ့်ဦးယံ မကြားတော့။ ဆယ်နာရီပတ်ဝန်းကျင်မို့ လူသွားလူလာတော့ ကျဲပါးနေခဲ့ပြီ။ ကားတွေကတော့ သွားတုန်းလာတုန်း။ ညဥ့်ဦးယံ ခြေလှမ်းခပ်သွက်သွက် လှမ်းနေမိသည်။ ကားတစ်စီးစီးတော့ တွေ့မှာပဲ။

သူ့ကိုမုန်းတယ်။ နောက် ဘယ်တော့မှမလာတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ ဆွဲချင်တဲ့ပုံ ဆွဲပစေ။ အလကား. . . အပိုတွေ။ ည ဦးယံနှုတ်မှ ပွစိပွစိ ရွတ်ဆိုနေမိ၏။

"အမယ်လေး! "

နောက်မှကားတစ်စီးက ရပ်သည်ကြောင့် အေးခနဲ ဟပ်ခံရသည်နှင့်အတူ သူမ လန့်ဖျပ်ခုန်မိ၏။ ရန်တွေ့မလို့ လှ ကြည့်တော့ သူ. . . ဦးမြင့်မိုရ်။

"လာ. . . တက်၊ အချိန်မရှိတော့ဘူး။ အပိုတွေ လ မနေနဲ့"

"ရှင့်ကားကို မစီးဘူးလို့ ဘယ်နှခါပြောရမလဲ၊ အပို ပြောနေတာမဟုတ်ဘူး၊ သွားဆို ရှင်သွားနော်။ ကျွန်မ အော် လိုက်မယ်။ ရှင် ကျော်မကောင်းကြားမကောင်းဖြစ်ပြီး အချုပ် ထဲ ရောက်သွားမယ် သိလား။ အလကားလူ"

စိတ်ဆိုးဒေါသဖြစ်နေသည်မို့ အားလည်းမနာနိုင်တော့ သူကလည်း ဘုရားစင်ပေါ်မှာ နေချင်သူမဟုတ်။

"အော်ချင်အော်. . . မအော်ချင်နေ၊ တက်! ငါ့မှာ တာ ရှိတယ်"

"မတက်ဘူး၊ ရှင် တစ်နေ့လုံး အရှုးထပြီး ကျွန်မ ပိတ်လှောင်ပစ်ခဲ့တာ၊ ကျေမယ်မှတ်လို့လား။ ရှင့်ကို တစ်သ





လုံးမကျေဘူး။ ဘယ်တော့မှ ရှင့်ကိုမခေါ်တော့ဘူး။ ဘယ်တော့ မှလည်း ရှင့်ဆီ မလာဘူး. . . ရှင့်ဘာသာ ဆွဲချင်တဲ့သူနဲ့ဆွဲ၊ အလကား အပိုအလုပ်တွေ"

"ဟော့! မင်း ငါ့အနုပညာကို မစော်ကားနဲ့။ အလကား ဘာမှနားမလည်တဲ့မိန်းမ။ ငါ မင်းကို ဇာတ်လမ်းလုပ်နေတာ မဟုတ်ဘူး သိလား။ လိုအပ်လို့ အကူအညီတောင်းနေတာ မှတ် ထား။ မင်းပုံမျိုးကိုလည်း ဘယ်သူမှ ဇာတ်လမ်းမလုပ်ဘူး။ ကိုယ့် ကိုယ်ကို အထင်ကြီးမနေနဲ့"

လမ်းမကြီးမှာ သူတစ်ပြန် ကိုယ်တစ်ပြန် အော်ဟစ်နေ ကြ လင်မယား စကားများနေသည့်နှယ်။ လူသွားလူလာကျဲပါး လို့သာ တော်ရော့သည်။ သူ့စကားကို ညဦးယံ နာသွား၏။ မင်းပုံမျိုးကိုလည်း ဇာတ်လမ်းမလုပ်ဘူးတဲ့။ ဟုတ်တာပေါ့။ သူမ က အထက်တန်းစားမိန်းမမှမဟုတ်ဘဲ။ ရင်ထဲမှာ မီးတောင်ကြီး လို တဝုန်းဝုန်းပေါက်ကွဲနေသော်လည်း ညဦးယံ အေးအေး ဆေးဆေးပဲ စကားတစ်ခွန်း ပြန်ပြောလိုက်၏။

"ဒါဆိုလည်း ပြီးရောပေါ့"

ကံကောင်းချင်တော့ သူမက ပြေးအထွက်၊ သူမစီးရ မည့် လိုင်းကားက ထိုးအရပ်၊ ကားပေါ်သို့ ညဦးယံ တိုးတက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ နောက်သို့လှည့်မကြည့်တော့။ သူလည်း မာနတွေ တဟုန်းဟုန်း၊ အတ္တတွေ တဟုန်းဟုန်းလောင်ကျွန်ခဲ့မှာပါလေ။

ကောင်းကင်ဆိုတာ အဝေးက မျှော်ငေးကြည့်ဖို့ မြေပြင်မှ မျှော်ငေးတမ်းတဖို့ပဲ ကောင်းပါတယ်။

▣▣▣



## အခန်း (၈)

မနေ့က ပျက်ကွက်ခဲ့သည့်အတွက် ဦးချစ်ရုံကို အလျော်အစားပေးသည့်အနေဖြင့် သူဝတ်ခိုင်းသောဝတ်စုံကိုဝတ်ဖို့ ညဥ့်ဦးယံ စဉ်းစားနေမိသည်။ ခါတိုင်းက ကိုယ်ကျပ်ဝတ်စုံဆိုသော်လည်း အနက်ရောင်မို့ စိတ်က ရဲသေးသည်။ ပြီးတော့ မီးမှိန်ပျပျ အလင်းထဲမှာ။

ယခုဝတ်စုံကတော့ ပန်းရောင်ဖျော့ဖျော့လေး။ အတွင်းခံပါ လဲဝတ်ရမတဲ့။ သူမဝတ်နေကျ အတွင်းခံက မြန်မာပြည်မှာချုပ်တာ၊ လုံလုံခြုံခြုံရှိသည်။ ယခုဥစ္စာကတော့ ယိုးဒယား၊ အရှိကို အရှိအတိုင်း အထင်းသားပေါ်လွင်စေမည့်ကိစ္စကြီး။ ဝတ်စုံတွေကိုင်ပြီး အဝတ်လဲခန်းလေးမှာ ညဥ့်ဦးယံ ငိုင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆန်စားရဲမှဆိုပေမယ့် ဒီကိစ္စကြီးကတော့ မသက်သာ။ ဦးချစ်ရှံဟာ ငါ့ကိုရောင်းစားနေတာလား။ မဟုတ်သေးပါဘူး။ ဒီလူကြီး တစ်ဆိတ်လွန်လွန်းပြီ။ ကဲ! စိတ်ဆိုးချင် ဆိုး၊ မဆိုးချင်နေ၊ အလုပ်ဖြုတ်တော့ရော ဘာအရေးလဲ။

သည်စဉ် ဦးချစ်ရှံ အဝတ်လဲခန်းသို့ ဝင်လာခဲ့၏။

"ဟော့! ခုထိ မလဲရသေးဘူးလား၊ ကြီးကျယ်မနေနဲ့။ ခါတိုင်းလိုပဲ နင့်ဆံပင်တွေနဲ့ ဖုံးလိုက်ပေါ့။ သီချင်းကြီးဆိုသလို ချိတ်နဲ့ရင်ဖုံးအင်္ကျီနဲ့များ ဝတ်ဖို့စိတ်ကူးနေသလား။ နင့်ပုံစံက ဘောင်းဘီရှည်နဲ့မှ လိုက်မှာမို့ ငါကစီစဉ်ပေးတာ။ တစ်ခါလာလည်း ဒီအနက်ရောင်ဝတ်စုံ၊ တစ်ခါလာလည်း ဒီအနက်ရောင်ချည်း ဝတ်လို့တော့ ဘယ်ဖြစ်မလဲ၊ ဝတ်. . . ဒီပန်းရောင်ကို ဝတ်"

"မဟုတ်ဘူးလေ ဦးချစ်ရှံ၊ ဒါကြီးတော့ ကျွန်မ မဝတ်ချင်ဘူး။ ဘောင်းဘီနဲ့လိုက်တယ်ဆိုလည်း ဂျင်းဘောင်းဘီလေး ဘာလေး လုပ်ပေးပါလား။ ဒါပဲ ကျွန်မ မဝတ်နိုင်ဘူး၊ အလုပ်ဖြုတ်ချင်ဖြုတ်လိုက်၊ ဒီအလုပ်လည်း ကျွန်မက စိတ်ပါတာ မဟုတ်ဘူး"

"ဩော်. . . တော်တော်မှ တရားနည်းလမ်းကျပါပေါ့လား။ ငါကလည်း နင့်ကိုခန့်ချင်လွန်းလို့ ခန့်ထားတာမဟုတ်ဘူး၊





င်ယူထားတဲ့ အိမ်စပေါ်ငွေနဲ့ နင့်အမေ မျက်လုံးခွဲခတွေ ပြန်ပ်လေ။ ကျေရင် အချိန်မရွေးထွက်။ လခကျတော့လည်း ဆပ်ကာမဟုတ်ဘူး။ အပိုကြေးရအောင်လည်း မစွမ်းဆောင်ဘူး၊ စားသောက်ဆိုင်မှာလုပ်ပြီး မယ်သီလရှင်လို သိက္ခာရှိပြနေတော့ ဘာများသုံးရမှာလဲ။ ငါ့အလုပ်လုပ်ရင် ငါခိုင်းသလို လုပ်ရမယ်။ ဝတ်. . . အခုဝတ်"

"မဝတ်ဘူး. . . ရှင် ဘာလုပ်ချင်သလဲ"

"တယ်လေ. . . ငါ"

ဦးချစ်ရှံကလည်း အောက်ခြေမှတက်လာသည့် စားသောက်ဆိုင်များပိုင်ရှင်မို့ စရိုက်က ခပ်ကြမ်းကြမ်း။ ညွှန့်ဦးယံကို သတ်တော့ဖြတ်တော့မည့်ပုံ ဖြစ်နေတော့သည်။ ဆူညံဆူညံအသံများကြောင့် ကေသီ ဝင်လာလို့သာ တော်တော့သည်။

"ဘာဖြစ်နေကြတာလဲ ညွှန့်ဦးယံ၊ ဘာဖြစ်နေတာလဲ ဘာဖြစ်နေတာလဲ"

ကေသီ့သို့ သူတို့နှစ်ဦးစလုံး အလုအယက် ရှင်းပြကြသည်။ ကေသီက သူတို့စကားများကို သေချာစွာ နားထောင်ပြီး ဆုံးအဖြတ်ပေးခဲ့သည်။

"ဒီလိုလုပ်၊ ဦးကလည်း ညွှန့်ဦးယံက ဒီဝတ်စုံတစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တည်းဝတ်နေပေမယ့် သူနဲ့လိုက်တယ်လေ။ ဒီတော့ မြကန်သာ ၂ ရဲ့ နှစ်ပတ်လည်အထူးပွဲနေ့ကျမှ ဒီဝတ်စုံလှလှလေးကို ဝတ်နိုင်းရရင် ပိုမကောင်းဘူးလား။ ထူးထူးခြားခြားလည်း ဖြစ်တာပေါ့''

''အင်း''

ဘာပဲဖြစ်ဖြစ် ကေသီ့အကြံဉာဏ်ကိုပဲ သူမတို့ လက်ခံလိုက်ကြရသည်။ လောလောဆယ် လွတ်သွားလျှင် ပြီးတာပါပဲ။

◻

ပြိုးပြိုးပြက်ပြက် အနက်ရောင် ကိုယ်ကျပ်ဝတ်စုံသည် ညည့်ဦးယံ၏သင်္ကေတတစ်ခု။ သူမက ဂီတ၏သံစဉ်လှိုင်းများမှာ အနုပညာမှာ ပျော်ဝင်လေးနက်သူဖြစ်ပေမယ့်လည်း သူမ၏ ပရိသတ်တွေကတော့ ရုပ်ဝတ္ထုနောက် ကောက်ကောက်ပါလိုလှသူချည်းသာ။ အပြာရောင်ခန်းမထဲမှာ မည်သူတွေရှိနေမည်လဲ။ ညည့်ဦးယံ မသိချင်တော့။ အားလုံးကို ပင်လယ်လှိုင်းများလိုပဲ သဘောထားလိုက်၊ အပြာရောင်ခန်းမထဲက ပရိသတ်တွေဟာ သမုဒ္ဒရာရေလှိုင်းများပေါ့။ ကိုယ့်ကမ်းပါးမှာ ကိုယ်ကူးခတ်နေလိုက်ကြ။ သူမကို ရိုက်ခတ်မလာလျှင် ပြီးတာပဲ။

ဖျတ်ခနဲ မီးရောင်အမှိတ်မှာ စင်ပေါ်သို့ သူမ ပြေးတက်





ခဲ့လိုက်သည်။ သူမရဲ့ကိုယ်ကျပ်ဝတ်စုံကို ထိုက်သင့်သလောက် အကာအကွယ်ရဖို့ တီးဝိုင်းမှ စပိန်ဂစ်တာတစ်လက်ကိုလည်း ဖျတ်ခနဲ ဆွဲယူခဲ့သည်။ ပြီးတော့ အနက်ရောင်ဆံနွယ်များကိုလည်း ညှို့အားပြင်းသည့်မြွေတွေနှယ် သူမကိုယ်ပေါ် လူးလူးလွန့်လွန့် ဖြန့်ချလိုက်သည်။

စင်ပေါ်မှာ အပြာရောင်မီးပွင့်လေးတွေ ဖျတ်ခနဲလင်းလာတော့ လွတ်နေသည့်ပရိသတ်များဆီမှ လက်ခုပ်သြဘာသံတွေ လှိုင်းတက်လာခဲ့သည်။ ပြိုးပြိုးပြက်ပြက်အလင်းများဖြင့် ဂီတပိုးစုန်းကြူးလေးပေါ့။ ကိုယ်ပိုင်အလင်း မဖြစ်ညစ်ကျယ်လေးနှင့် ဂီတအပေါ် ပျော်ဝင်ညွတ်နူးနေသည့်သူမဟာ မိမိကိုယ်မိမိ ဒွန်နာဆမ်းမားလိုလို စလင်းဒီယွန်လိုလို သွေးနားထင် ရောက်နေမိ၏။

ဂစ်တာကို ကိုယ်တိုင်တီးခတ်ရင်း သီချင်းများကို သီဆိုစဉ်မှာတော့ သူမ လောကမှ လွတ်မြောက်နေခဲ့သည်။ သူမမှာ ကမ္ဘာမြေမရှိ၊ ကောင်းကင်မရှိ၊ ယုတ်စွအဆုံး မိမိရှေ့မှ ပရိသတ်တောင် ပျောက်နေခဲ့သည်။

ပုံပြင်ထဲကလို ဇာတ်လိုက်ပေါ်လာခဲ့လျှင် ကောင်းမှာ။ သူမအသံနှင့်ဆိုဟန်ကို ဇာတ်လိုက်ကြီးက သဘောကျ၊ မိုးပေါ် သိကြားမင်းကြီးလို သူမကို မြေတောင်မြှောက်၊ သူမက ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကျော် အဆိုတော်ကြီးဖြစ်လာ။ အဟင်း. . . အဲဒါ ဝဋ္ဋ္ဍုဆန်တဲ့ အဖြစ်အပျက်တွေပေါ့။ တကယ်ကျတော့လည်း ဘဝဆိုတာ ဝဋ္ဋ္ဍု မဆန်ခဲ့ပါလား။ တိုက်ဆိုင်မှုတွေ ကျဲပါးလှသောလောကကြီးထဲ လမ်းမမှားရအောင် ကိုယ့်လမ်းကိုယ်လျှောက်နေကြရတာတောင် လမ်းမပျောက်အောင် လျှောက်လှမ်းနေကြရတာတောင်မှ သူမ ၏ပြေးလမ်းက အမှားကြီး ဖြစ်နေရသေးသည်။

သီချင်းတစ်ပုဒ်ဆုံးတော့ လက်ခုပ်သံတွေနှင့်အတူ ဒယီး ဒယိုင်ခန္ဓာကိုယ် သုံးလေးခု ထရပ်တာ တွေ့လိုက်ရသည်။ သူမ ကို ပန်းကုံးစွပ်ကြပေဦးမည်။ ရရှိသည့်ပန်းကုံးအလိုက် ညဥ့်ဦးယံ အချိုးကျရမှာဖြစ်ပေမယ့် သူမ မပျော်ရွှင်မိပါ။ မုန်သောစကား တွေပင်။ ဒီငွေတွေကို ဘာလုပ်မလဲ၊ ဘယ်လိုပင် စုစု၊ ဦးချစ်ရုံ ကြီးရဲ့အကြွေးတွေက မကျေနိုင်တော့ဘူး။ သူက အတိုးနှင့် သတ် မှတ်သည်မို့ အဲဒီအတိုးတောင် တစ်လတစ်လ အနိုင်နိုင်ဆပ်နေရ သည့်အတူတူ အကြွေးတွေလည်း မချေချင်တော့။ မေမေ့ကို လက်ပွေ့ချီပြီးသာ ကမ္ဘာရဲ့အပြင်ဘက်သို့ သူမ ထွက်ပြေးချင်မိ တော့သည်။

''သိပ်ချစ်ဖို့ကောင်းတာပဲ''

ပန်းကုံးစွပ်ပေးရင်း မျက်နှာကို ရုပ်ကြည့်၊ ပါးစပ်သရမ်း





သွားသည့် လူကြီးလူကောင်းဝဝကြီးကို သူမ မိုက်ကြည့် ပြန်ကြည့် ပစ်လိုက်သည်။ လူတွေအများကြီးရှေ့တောင်မှ ဒီလိုပြောရဲကြ သတဲ့လား။ အေးလေ. . . ငွေဆိုတာ စိတ်ကို မြူးကြွစေတတ် သောအရာ။ အရက်ဆိုတာ စိတ်ကိုလွတ်မြောက်စေတတ်သော အရာဆိုတော့ ပြီးပြီပေါ့။ သူတို့ စိတ်သွားတိုင်း ကိုယ်ပါနေကြ တော့တာပေါ့။ ပြီးတော့ နှစ်ကိုယ်ကြား စကားဆိုနေခဲ့တာလေ။

ပန်းကုံးစွပ်အပြီး နောက်မှ လက်ခုပ်သံတွေကြားလိုက် ရပြန်သည်။

''တွေ့ချင်တယ်၊ အပြင်မှာ ဆုံချင်တယ်''

လက်ခုပ်သံတွေကြားမှာ ထိုလူဝကြီးက ဆက်လက်ပြီး အရေးဆိုနေဆဲ။ နောက်လူတွေကလည်း ပန်းကုံးတွေ သရဖူတွေ ကိုင်ပြီး မတ်တပ်ရပ်နေကြဆဲပင်။

ပြောတာတော့ ပြောကြမှာပါပဲ။ ငြင်းပယ်ရပေါင်းလည်း များလှပါပြီ။ ဒါကြောင့် ဦးမြင့်မိုရ်က နေထွက်က စားသောက်ဆိုင် မှာ အလုပ်မလုပ်စေချင်ကြတာပေါ့။ သူမအဖြစ်က ချောက်ကမ်း ပါး လမ်းလျှောက်နေရသည့်နှယ်။ ဖြားယောင်းမှုတွေက တစ်ခု ပြီးတစ်ခု။

မင်းမဲ့တိုင်းပြည်တော့ မဟုတ်ဘူးပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် လမ်းဘေးပန်းပွင့်လေးတွေက အခူးအဆွတ် ကျွမ်းသည့် လေနီကြမ်းတွေမှာ အငိုက်မမိကြစေဖို့။

''ကျွန်မ မိကောင်းဖခင်သားသမီးပါ၊ ဆုံခွင့်မရှိဘူး''

ခပ်တင်းတင်းမျက်နှာနှင့်ပေမယ့် သူမ၏မျက်နှာကို အား ပြင်းသည့်နှယ် ထိုလူဝကြီးက မက်မပြေဖြစ်နေသေးတော့သည်။

ထိုညက သူမကို ပန်းကုံးစွပ်သူတွေ များလှပါဘိ။ မထင် မှတ်စရာ။ ညည့်ဦးယံကို နောက်ဆုံးပန်းကုံးစွပ်သူသည် ဦးမြင့်မိုရ် ဖြစ်လို့နေတော့သည်။

◙

သူမ၏အလှည့်ပြီးတော့ အဝတ်လဲဖို့ အဝတ်လဲခန်းသို့ သွားဖို့ပြင်လိုက်သည်။ ယနေ့ညတော့ အနည်းငယ် ညဉ့်နက်၏။ ဆယ်နာရီထိုးတော့မည်။ နေထွတ်, သူလာကြိုဦးမလား။ တကယ် တော့ မည်သူ့ကားနှင့်မှ ညဉ့်ဦးယံ မလိုက်ချင်ပါလေ။

''ညဉ့်ဦးယံ''

အဝတ်လဲခန်းသို့သွားသည့် စင်္ကြံလမ်းမှာ ကြားလိုက် ရသည့် လှိုက်လှဲ့တုန်ခါသံတစ်ခုကြောင့် သူမ အလန့်တကြား ကြည့်မိသည်။ ဒီအသံကို နှလုံးသားက အသေအချာသိပါ၏။





အဆပေါင်းများစွာ နာကျင်ကြေမွ စုတ်ပြတ်နေရသည့်ကြားထဲ မှလေ။

''ဦးမြင့်မိုရ်''

''အဝတ်မလဲနဲ့တော့၊ လာ. . . ကိုယ်လိုက်ပို့မယ်''

ဖြစ်ပျက်ခဲ့သမျှကို အရာမထင်သဘောဖြင့် သူက ဆို ခဲ့သည်။ ဟုတ်တာပေါ့။ သူက ပြုလုပ်သူပဲ၊ ဘယ် အမှတ်သညာ ရှိနေမလဲ။

''ဘယ်ဖြစ်မလဲ၊ ညဉ့်ဦးယံဟာ ကားတစ်စီးစီးနဲ့ လိုက် သွားတတ်တယ်လို့ သတင်းအဖြစ်မခံနိုင်ဘူး။ ကျွန်မ လိုင်းကား နဲ့ပဲ ပြန်မယ်။ အငှားကားနဲ့ပဲပြန်မယ်''

''ဒါပေါ့၊ မင်း ဒီည ညို့အားပြင်းခဲ့တာပဲ။ ငွေတွေ ထောနေမှန်း ငါသိပါတယ်''

''ဘာ! ရှင်. . . ရှင် ဘာပြောလိုက်တယ်''

''မင်းကို ငါ ဘာကြောင့် အခန်းထဲမှာ ပိတ်လှောင်ထား ခဲ့ကြောင်း ငါဝန်ခံချက်ပေးချင်လို့ပါ။ မင်းနားမထောင်ချင်ဘူး လား''

''တကယ်က. . . ရှင်မှ ညို့အားပြင်းတဲ့ စပါးကြီးမြွေ ကြီး။ ဒါပေမဲ့ မရတော့ဘူး။ ရှင့်ကို ကျွန်မစိတ်ကုန်သွားပြီ၊ လက်



www.burmeseclassic.com

www.burmeseclassic.com



မြှောက်လိုက်ပြီ''

''ဘယ်ရမလဲ၊ ငါကတော့ မင်းကို အခုမှပိုပိုပြီး. . .''

သူက ဒီနေရာမှာတင် စကားရပ်၏။ ကိုယ့်ကို အချက်
ပေါင်းများစွာ နာကျင် ကြေမွအောင် ရိုက်ပုတ်ခဲ့သည့်လက်
တောင် သူမ ရင်ခုန်စွာ မျှော်လင့်မိသေး၏။ အတော်မိုက်မဲသည့်
ပန်းကလေးပါပဲ။ အတော်ရူးသွပ်သည့်မိန်းမသားပါပဲလေ။

သို့ပေမယ့် သူမ အဝတ်လဲရန် ထွက်ခွာခဲ့သည်။

''ညဥ့်ဦးယံ''

ဒုက္ခပါပဲ။ ဒီအသံနဲ့ပဲ သူမကို စိုးမိုးတော့မှာလား။ အခြား
သူတွေလို ဥပေက္ခာပြုလိုက်ဖို့ သူမ စိတ်ကူးမရ။ နှလုံးသား
က တကယ်မနာကြည်းသေးဘူးထင်ရဲ့လေ။

''ငါ မင်းကို. . . မင်းကို. . . ချစ်မိပြီ''

လှိုက်လှဲတုန်ခါနေသည့် သူ့အသံကလည်း ကြေမွမှု
ညဥ့်ဦးယံ အံ့အားသင့်သွား၏။ ကောင်းကင်ကြီးရဲ့ ရင်ဖွင့်
ကလည်း ဘာအခမ်းအနားမှမပါပါလား။

''မင်း ဒီမြကန်သာတွေမှာ အလုပ်မလုပ်ရဘူး။ အိုက
ဒီလိုနိမ့်ကျတဲ့အလုပ်မျိုးလုပ်ဖို့ ငါခွင့်မပြုဘူး။ မင်းရဲ့အလုက မ
ဘဝက ငါ့အတွက်ပဲဖြစ်ရမယ်။ ငါနဲ့ပဲ သက်ဆိုင်ရမယ်''





သူ့တစ်ကိုယ်လုံးမှာ အတ္တတွေချည်းပါပဲလား။ ကမ်းလင့်
လာသည့်လက်က သူမ၏ရှေ့မှာ ခိုင်ခိုင်မာမာ။ ခိုင်မာသည်ဟု
ညဥ့်ဦးယံ ထင်ပါသည်။

သူ့မျက်ဝန်းတွေ ရွှန်းလက်နေတာ ဘာကြောင့်ပါလဲ။
အရာအားလုံးကို စိန်ခေါ်ပစ်နိုင်လောက်သည့်အထိ မိုက်မဲရဲတင်း
သည့်သူမကရော သူ့မျက်ဝန်းတွေကိုမှ ရင်ဆိုင်မကြည့်ရဲခဲ့တာ
ဘာကြောင့်ဖြစ်ပါသလဲ။ သူ ရွှန်းလက်တာကရော ချစ်ဆိပ်ရည်
မှ ဟုတ်ရဲ့လားလေ။

သံသယတွေ ပြည့်နှက်နေသည့်ကြားမှ ကမ်းလက်ကို
တုံ့ပြန်မိပြန်သည်။ အညှာလွှယ်တယ်မထင်လိုက်ပါနဲ့ ချစ်သူ၊ ရှင်
ဟာ ညဥ့်ဦးယံရဲ့စကြဝဠာကြီးပါပဲ။

''အဝတ်မလဲနဲ့တော့နော်၊ မောင် နည်းနည်းလေးမှ
မစောင့်ချင်တော့ဘူး။ မျက်လုံးပေါင်း အထောင်အသောင်းအောက်
က မင်းကိုဆွဲခေါ်သွားချင်လှပြီ''

''နေပါဦးရှင်၊ ကျွန်မရဲ့ပုံစံကြီးက ပြိုးပြိုးပြက်ပြက်နဲ့''

''ဘာဖြစ်သလဲ၊ အဲဒါ မောင့်ရဲ့ပိုးစုန်းကြူးလေးလေ''

''ကြယ်ပွင့် မဟုတ်ဘူးလား''

''ဟင့်အင်း. . . မင်းက ကြယ်ပွင့်လောက်မှ မကြီးကျ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ။ ဒါပေမဲ့ ပိုးစုန်းကြူးလည်း ကိုယ်ပိုင်အလင်းနဲ့ပါပဲ။ ကိုယ့်ရဲ့ ပိုးစုန်းကြူးလေးလေ၊ ကိုယ့်ဘဝအတွက် လမ်းပြပေါ့''

တကယ်က သူဟာ လမင်းကြီးပေါ့။ မိုးကောင်းကင်ကြီးပါ။ သို့သော်လည်း မိန်းမသားဆိုတာ ယုံအောင်ပြောရင် ယုံရမှာပဲမဟုတ်လား။ သူ့စကားအတိုင်း သူမ ယုံလိုက်တော့မည်။ သူ ကမ်းသည့်လက်ကို မြဲမြဲတွဲဆုပ်ရင်း အပြာရောင်ခန်းမဆောင်မှ ပတ်ထွက်ခဲ့တော့သည်။

''မောင်သိပ်ပျော်တာပဲကွာ၊ မင်း အခုမောင့်ရဲ့မူပိုင်ဖြစ်ခဲ့ပြီနော်''

''ဟင်. . . ဟုတ်လား''

''အူကြောင်ကြောင်မလုပ်နဲ့နော်၊ မောင်ရိုက်ပစ်လိုက်မှာဗျ''

''မဟုတ်ဘူးလေ၊ ဘာတွေဖြစ်လာမလဲ၊ ဘာတွေဖြစ်ကုန်မလဲ ကျွန်မ အသေအချာမသိဘူး။ ချစ်တော့ချစ်တာပါပဲ။ အရမ်း''

''မင်းစကားကလည်း မလေးနက်လိုက်တာကွာ''

တကယ်က သူမသာ လေးနက်သူဖြစ်ပါသည်။ မိန်းမသားဆိုတာ အချစ်တစ်ခုကို ဘဝနှင့်အိမ်ထောင်ရေးအထိ စဉ်းစား





တတ်ကြတာပဲမဟုတ်လား။ မိမိဘက်ကတော့ သေချာပြီးသား။ အခြားတစ်ဖက်မှာသာ ဘယ်လိုရှိမလဲ မရေရာရခြင်းဖြစ်ပါသည်။ သို့သော် ညဉ့်ဦးယံ ရှင်းပြမနေတော့ပါ။ သူမတို့ မြကန်သာ-၂ မှ ထွက်လိုက်ကြသည်။

''အဲ. . .''

ဒီကနေ့မှ နေထွက်နှင့်လည်း ဆုံနေသေးရဲ့။ လမ်းတစ်ဖက်မှာ ကားရပ်ပြီး စောင့်ကြိုထွက်မိနေသူသည် နေထွက်ဖြစ်သည်။

''ဘာလဲ. . . ဘာလဲ''

''ဟိုမှာလေ၊ အိမ်က မေမေကြိုခိုင်းလိုက်တာ၊ ကျွန်မတို့ သူ့အိမ်မှာ ငှားနေကြတာ''

''ရပါတယ်၊ ပြန်လွှတ်လိုက်တာပေါ့။ မေမေ့ကို ကိုယ်ပြန်ပို့မယ့်အကြောင်း အခုပဲပြောလိုက်မယ်''

''ဟာ! နေဦး၊ ကျွန်မဘာသာ သွားပြောမယ်၊ သူ နေခဲ့ဦး''

''မရဘူး. . . မင်းကိုမယုံဘူး၊ အဲဒါ မင်းရည်းစားလား။ ကိုယ်ပါ လိုက်မယ်''

အဖြစ်သည်းစွာ သူပါ လမ်းတစ်ဖက်သို့ ကူးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်တော့ သူမ ငြူစူမိသည်။

''ဘယ်လိုကြီးလဲ၊ ရှင့်ပါဝါနဲ့ရှင် နေခဲ့စမ်းပါ။ သူသာ ကျွန်မရည်းစားဆိုရင် ရှင့်နောက်ဘယ်လိုက်ခဲ့မလဲ။ အပိုတွေ ကဲ မနေနဲ့''

သည်တော့မှ သူ့ကားထဲသူ ဝင်ထိုင်ခဲ့တော့သည်။ သူမ နေထွတ်ဆီ ကူးလာခဲ့သည်။

''နေထွတ်''

''ပြန်မယ်လေ''

''ဟိုလေ. . . ကျွန်မကို သူလိုက်ပို့လိမ့်မယ်''

ညဥ့်ဦးယံ၏စကားကြောင့် နေထွတ်မျက်နှာပျက်သွားပုံက ဖုံးမရဖိမရ။

''သူက ဘယ်သူလဲ. . . မင်းနဲ့. . .''

''သူ. . . ဦးမြင့်မိုရ်လေ၊ ကဗျာဆရာ ပန်းချီဆရာ ဇာတ်ညွှန်းတွေ ဝတ္ထုတွေ သီချင်းလည်းရေးတယ်''

''အဲဒါ ကိုယ်က ဘာလုပ်ရမှာလဲ''

နေထွတ်၏ ဘုဆတ်ဆတ်အမေးက ရယ်မောချင်စရာ။ သို့သော် သူမ မရယ်မောမိ၊ နေထွတ်ဟာ သူမရဲ့မိတ်ဆွေကောင်းတစ်ဦးဖြစ်ပါသည်။





''ရှင်ကတော့ ဘာမှမလုပ်ရဘူးပေါ့၊ ဒါပေမဲ့ ကျွန်မ သူ့ကိုသဘောကျတယ်''

''မရူးစမ်းနဲ့ ညဥ့်ဦးယံ၊ မင်းရဲ့ကမ္ဘာကျော် နိုင်ငံကျော်ကြီးက မင်းကိုဘယ်လိုသဘောထားမှာလဲ။ ဒီလိုပဲ နိုင်ငံကျော်တွေဟာ ကောင်မလေးတွေကို အပျော်တွဲတတ်ကြတာပဲ။ မင်းကို အဲလိုအဖြစ်မခံနိုင်ဘူး''

''တီ! တီ! ''

သူမတို့ စကားပြောနေတာ အတန်ငယ်ကြာနေသဖြင့် ဦးမြင့်မိုရ်က ကားသံပေး၏။ နေထွတ်ရုပ်ကလည်း မကြည်မလင်။ သို့သော် နေထွတ်က သူမရဲ့မိတ်ဆွေသာဖြစ်ပါသည်။

''ဘာပဲဖြစ်ဖြစ် ကျွန်မကို သူပြန်ပို့ပေးပါစေ။ ကျွန်မကို ခွင့်ပြုပါနော်''

''ဟော့. . . ဟော့''

ညဥ့်ဦးယံ မြင့်မိုရ်ရှိရာဘက်သို့ အပြေးလေး ပြန်ကူးလာခဲ့သည်။ သူက ကားတံခါးဖွင့်ပေးပြီး သူမထိုင်မိတော့ ကားကို အသံမြည်အောင် ဆောင့်ပိတ်လိုက်သည်။ ကားက မြားတစ်စင်းနှယ် ဆောင့်ထွက်တော့ သူမ သူ့ဘက်သို့ ယိုင်လဲ၏။ စူပုပ်ထားသောသူ့မျက်နှာကို ခိုးကြည့်ရင်း တစ်လမ်းလုံး ငြိမ်ကုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရ၏။

အလို! ဒါနဲ့များ သူဟာ ကျွန်မကိုချစ်သတဲ့။ နေစမ်းပါဦး။ ရည်းစားလည်း တစ်ခါမှမထားဖူးသေးလို့ ချစ်သူတို့၏သဘောသဘာဝတွေကို ညှင်းဦးယံ မသိပါ။ ချစ်သူတွေဆိုတာ ဒီလိုပဲလား။ တစ်ယောက်နဲ့တစ်ယောက် စူပုပ်တင်းထော်။

သူ ဘယ်တွေမောင်းနေသလဲ။ သူ့နံဘေးမှာ စကြဝဠာတစ်ခုလုံး ပြာလွင်စိုရှုနေသည့်မို့ ညှင်းဦးယံ လမ်းတွေလည်း မမှတ်မိတော့။ မိမိကိုယ်ကိုတောင် မူးမူးမေ့မေ့။ အချစ်ရူးမလေး၏နှလုံးသားတစ်ခုလုံး ပရမ်းပတာ တုန်လှုပ်ပေါက်ကွဲနေရသည်။ သူ မခြွဘဲနှင့်တောင် ကြွေမွတော့မည့်နှလုံးသားက ယဲ့ယဲ့ကလေး။

"မုန်းတယ်"

"ရှင်!"

"အဲဒီကောင်က ဘာကောင်မို့လို့ ဒီလောက် ခ. . . ယ နေရတာလဲ"

"အခု ရှင် ဘယ်ကိုသွားနေတာလဲဟင်"

"ငါမေးတာ ဖြေစမ်းပါ၊ အဲဒီကောင်က ဘာကောင်လဲ"

ပြဿနာမရှိ ပြဿနာရှာနေသည့်မြင့်မိုရ်ကို ညှင်းဦးယံ



BURMESE CLASSIC .com



နားမလည်နိုင်စွာ မော့ကြည့်မိသည်။ ဒါ ချစ်တာလား။ သူ ညှင်းဦးယံကို တကယ်ချစ်လို့ သဝန်ကြောင်တာလား။

"ဘာကောင်မှမဟုတ်ဘူးလေ။ ဒါပေမဲ့ မေမေ့ဆီ သူအရင်ရောက်လိမ့်မယ်။ အကျိုးသင့်အကြောင်းသင့်တော့ ရှင်းပြရဦးမှာပေါ့"

"ပြေပြေလည်လည်ရှိရဲ့လား၊ သူ့ဆီက ခွင့်ပြုမိန့်ရခဲ့ရဲ့လား"

သူ့စကားကြောင့် ညှင်းဦးယံ အတော်စိတ်ညစ်သွားရသည်။ အရည်မရအဖတ်မရစကားတွေကို သူမို့ပြောရက်သည်။ သူ့ကို တုံ့ပြန်ဖြေရှင်းမှုပင် မပြုချင်တော့။ မျက်ခုံးကိုသာ တွန့်ချိုးထားမိတော့သည်၊ ငြိမ်သက်စွာ ကားတူရှေ့ရာသို့ကြည့်ရင်း သူမကိုယ့်ဦးနှောက်တွေ တဖောက်ဖောက်ပေါက်ကွဲနေတာကို ငြိမ်သက်အောင် ထိန်းချုပ်လို့မရဖြစ်နေသည်။

သူ့ကိုချစ်မိတာ မှားသွားပြီလား။ နှလုံးသားဆိုတာ အလိုမလိုက်သင့်ဘူး။ အလိုမလိုက်သင့်ဆုံးသောအရာ။ ပြီးတော့ သူနဲ့ကျွန်မဟာ သဘာဝတွေရော တူမျှပါရဲ့လား။ ကောင်းကင်နဲ့မြေသား. . . လေ။

သူ့ကိုစတင်ချစ်ခွင့်ပေးသည့်နေ့မှာပဲ စိတ်ညစ်ညူးရှုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေးမှုများနှင့် သူမ နာကျင်ကြေမွခဲ့ရသည်။ ကားက တုံ့ခနဲရပ်သွားသည်မို့ သူမကြည့်လိုက်တော့ ပြာမှောင်မှောင် နောက်ထပ်စားသောက်ဆိုင်တစ်ခု။ တော်ပါပြီနော်။

''ခဏဆင်းမယ်''

''တော်ပြီ၊ မေမေ မျှော်နေမယ်''

''ဪ. . . မင်းက ဗိုင်းကောင်းကျောက်ဖိလေးပေါ့၊ ဟုတ်လား''

သူ့ကိုချစ်တာတော့ အရမ်းချစ်တာပေါ့လေ။ သို့ပေမယ့် သူမ မိုက်ကြည့်ကြည့်ပစ်လိုက်သည်။ စလင်းဘက်ထဲမှာ ဓားတစ်ချောင်း အိပ်ပျော်နေတာ သူ မသိသေး။ သူမအကြည့်ကို သူက တုံ့ပြန်ပြီး ခပ်ကြမ်းကြမ်းကြည့်သည်။ အကြည့်တွေအချင်းချင်း တိုက်ခိုက်ထိုးကြိတ်။

''ကောင်းပြီလေ၊ ဒီတစ်ကြိမ်တော့ မင်းကို အနိုင်ပေးလိုက်မယ်''

ကားလေးက သည်တစ်ခါတော့ ရှောရှောရှူရှူထွက်ခဲ့ပြီး မီးပွိုင့်တွေသိပ်မမိသည်မို့ အိမ်သို့ ဆယ့်ငါးမိနစ်ပင် မကြာ၊ ရောက်ခဲ့သည်။ နေထွက်ကားပင် မရောက်သေး။ တော်ပါသေးရဲ့၊ ဘာကြောင့်မသိ၊ ညဥ့်ဦးယံ နည်းနည်းစိတ်ချမ်းသာမိသည်။





သူမ ကားတံခါးဖွင့်မဆင်းမီ. . .

''ညဥ့်ဦးယံ''

ဆွေးမြည့်သော သူ့အကြည့်များက မှိန်ပျပျညှာ ပေါက်ပေါက်ကွဲကွဲ။ သူမတို့လက်ချင်း မြဲမြဲဆုပ်ကိုင် ဖျစ်ညှစ်မိကြသည်။

''ကိုယ့်ကိုခွင့်လွှတ်ပါ ကိုယ်. . . မင်းကို''

''ဟုတ်ကဲ့၊ ကျွန်မ သွားတော့မယ်နော်''

သူ့လက်တွေကို ရှန်းဖြည်ပြီး သူမ ဆတ်ခနဲ ကားတံခါးဖွင့်ထွက်ခဲ့သည်။

''နက်ဖြန် ပန်းချီဆွဲမယ်၊ ကိုယ် ရှစ်နာရီ လာခေါ်မယ်။ မင်း ဘယ်တော့မှ သီချင်းမဆိုရတော့ဘူးနော်''

သူ့ကားထွက်ခွာသွားရာသို့ ညဥ့်ဦးယံ ငေးမျှော်ကြည့်ကျန်ခဲ့ရင်း ပရိယေသနနှင့် ပရိဒေဝ ရောယှက်ရှုပ်ထွေးကျန်ခဲ့သည်။

▣

ခါတိုင်းလို မေမေက ဝရန်တာလေးမှ စောင့်မနေ။ အိမ်တံခါးကတော့ စေ့ရုံစေ့လျက်သာ။ သမီးဖြစ်သူ ဝင်လာဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အိမ်တံခါးလေး အသင့်ဖွင့်ထားခဲ့သည်။ သူမ မလုံမလဲဖြစ်စွာ အိမ်ထဲသို့ တိတ်တခိုးဝင်ခဲ့သည်။

"သမီး"

"ဟင်! မေမေ မအိပ်သေးဘူး။ မှောင်ထဲမှာ မေမေရယ်"

အိမ်ရှေ့ခန်းမှာ ပုတီးလေးကိုကိုင်လျက် မေမေ့ကိုတွေ့ရသည်။ သူမရင်ထဲ နာကျင်လျက်။

သူမ မှားသွားခဲ့ပြီလား. . .

"ဘယ်သူလိုက်ပို့သလဲဟင်"

ဆွေးမြည့်တုန်ခါနေသော မေမေ့အသံမှာ စိုးရိမ်မှုဒီရေလှိုင်းတွေက နိမ့်တုံမြင့်တုံ။ မေမေစိတ်ပူမှာပါလေ။

"စိတ်ချပါ မေမေ၊ သူက သမီးရဲ့. . ."

ဖွင့်ပြောလိုက်လျှင် မေမေစိတ်ချမ်းသာမလား။ ပိုပြီး စိတ်မချဖြစ်သွားမှာလား။ သူမ တဒင်္ဂတုံ့ရပ်နေမိသည်။

"ချစ်သူ. . . သမီး မော်ဒယ်လုပ်ပေးရတဲ့ ပန်းချီဆရာလေ"

မေမေ့ထံမှ တုံ့ပြန်သံ ထွက်မလာ။ မီးမထွန်းရသေးသည်မို့ ညက မှောင်မှောင်မည်းမည်း။





"သူက သမီးကို လက်ထပ်မှာလား၊ အပျော်ကြိုက်တာလား"

ဒါကလည်း မသေချာ။ သူတစ်ပါးစိတ်ကို သူမ မည်သို့သိနိုင်မှာတဲ့လဲ။ ညဉ့်ဦးယံ မေမေ့မေးခွန်းကို မဖြေနိုင်။ ကိုယ်ကတော့ လက်ထပ်ချင်တာပေါ့။ လက်ထပ်ဖို့အထိ ချစ်မိတာ။

"သမီးတို့ခေတ်နဲ့တော့ ဒီစကားက အံဝင်ချင်မှ ဝင်တော့မယ်။ ဘာပဲဖြစ်ဖြစ် မိန်းမသားဟာ မိန်းမသားပါပဲ။ စိတ်ကိုပေါ့ပျက်ပျက်မထားသင့်ဘူး။ အထူးသဖြင့် သမီးက စားသောက်ဆိုင်မှာ အလုပ်လုပ်ရတာ"

"သမီး သူ့ကိုတကယ်ချစ်တာပါ၊ သူလက်ထပ်မယ်လို့ ထင်ပါတယ်"

မေမေ့ကိုရင်မဆိုင်ဘဲ သူမ တံခါးတွေ လျှောက်ပိတ်၊ အဝတ်လဲနှင့် မလုံမလဲလုပ်နေမိသည်။ ဖယောင်းတိုင်မီးညွှန့်လေးကတော့ မေမေ့အနားမှာ သူမအစား ပူလောင်နေခဲ့သည်။

"အိပ်ကြစို့ မေမေ၊ ဆယ့်တစ်နာရီထိုးတော့မယ်"

အိပ်ရာကလေးမှာ သားအမိနှစ်ယောက် ဝင်ရောက် လဲလျောင်းလိုက်ကြသည်။ ဘယ်လိုအိပ်ပျော်ကြမှာလဲ။ မေမေနိုးမှာစိုးသဖြင့် သူမက သက်ပြင်းတွေ တိတ်တခိုးချ၊ မေမေကလည်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်ရှာပါလေ။ ညတာကြီးကလည်း ရှည်လျားလွန်းပါရဲ့။

"သမီး"

တိတ်ဆိတ်သောညမှာ မေမေ့အသံက တိုးတိုးကလေး ထွက်လာခဲ့သည်။

"ဘာပဲဖြစ်ဖြစ် အနေအထိုင်တတ်ပါနော်၊ ချစ်သူဆိုတာ လက်ထပ်ဖြစ်ချင်မှ လက်ထပ်ဖြစ်တတ်တယ်။ မိမိကိုယ်ကို တန်ဖိုးထားပြီး ထိန်းသိမ်းရမယ်။ မိန်းကလေးတစ်ယောက်အတွက် အပျိုစင်ဘဝဟာ တန်ဖိုးအကြီးမားဆုံးပဲ။ အပျိုဟာ အပျိုရဲ့တာဝန် ဝတ္တရားဖောက်ဖျက်ရင် အဲဒါ လောကဓမ္မကို ဖောက်ဖျက်တာပဲ"

မေမေ့ပရိဒေဝများကို သူမ လေးနက်စွာ နှစ်သိမ့်ပေးမိသည်။

"စိတ်ချပါမေမေရယ်၊ သမီး မမိုက်ပါဘူး။ မေမေ့စကားတွေကို သမီးအမြဲသတိရနေပါ့မယ်"

▣▣▣



## အခန်း (၉)

"မောင့်မှာ တရားဝင်ချစ်သူတွေ ငါးယောက်ရှိခဲ့ဖူးတယ်"

"ငါးယောက်တောင်. . . ဘုရားရေ!"

ချစ်သူနှင့်မျက်နှာချင်းဆိုင်ပြီး ထမင်းစားနေရသည့် အရသာလေးတောင် ပျောက်သွားခဲ့သည်။ တော်တော်ဆိုးတဲ့လူကြီးပဲ။ တစ်မနက်ခင်းလုံး ပန်းချီဆွဲနေရာမှ နေ့လယ်စာ စားနေရင်း သူမတို့ စကားပြောဖြစ်ကြသည်။

"နည်းတောင်နည်းသေးတယ်၊ မင်းလည်း မောင့်အရွယ်လောက်ဆို ငါးယောက်တောင် ကမှာ.မဟုတ်ဘူး"

"ဟင်! မောင်က ကျွန်မကိုလက်ထပ်မှာမဟုတ်ဘူးလား"

သူမ၏အူကြောင်ကြောင်မေးခွန်းကြောင့် သူကပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်စမ်းကွာ၊ လောကကြီးမှာ ချစ်တိုင်းသာ ညားရရင် အသည်းကွဲတဲ့စိတ်ဒုက္ခသည်တွေ ဘယ်ရှိတော့မလဲ။ အဲဒီချစ်သူတွေနဲ့ ဘာကြောင့်ကွဲခဲ့တယ်ထင်သလဲ။ စိတ်ချပါကွာ၊ ဘယ်ရည်းစားကိုမှ မောင်ကတော့ စပြီးမဖြတ်ခဲ့ပါဘူး"

မြင့်မိုရ်ပြောသမျှ ညွှဦးယံ ငေးမောနားထောင်နေမိ၏။ သူမက စာသူငယ်ဆိုလျှင် ယခု ခဲအမှန်ခံရတော့မှာလား။

"မောင့်ရည်းစားတွေအားလုံး ငွေမက်ကြတယ်။ ပစ္စည်းမက်ကြတယ်။ ကျော်ကြားမှုကို မက်မောကြတယ်။ ထစ်ခနဲဆို လက်ဆောင်ပစ္စည်းလိုချင်ကြ၊ ဟိုဟာဝယ်နိုင်း ဒီဟာဝယ်နိုင်း၊ ဟိုဟာပူဆာ ဒီဟာပူဆာနဲ့ မောင့်မှာ ရည်းစာတစ်ယောက် ရရင်း ရှိသမျှပိုက်ဆံကုန်သွားရင်း"

မောင် ဒီစကားတွေကို ဘယ်လိုရည်ရွယ်ချက်နဲ့ပြောနေတာလဲ။ သူမက ချို့ငဲ့သူမို့ ကာဗာလုပ်သည့်အနေဖြင့် ပြောတာလည်းဖြစ်မည်။ ညွှဦးယံ ဝမ်းနည်းပူဆွေးမိသည်။ သူ့ထံမှာ မော်ဒယ်လုပ်ပေးနေတော့ နေ့တိုင်းနေ့တိုင်း နေ့တွက်ခ ပေးနေရတာလည်း သူမ စိတ်မချမ်းသာပါ။ 'နေပါစေ'လို့ သူမ ပြောချင်တာပေါ့။ သို့ပေမယ့် ကိုယ့်ဘဝက ဤသို့ပြောပိုင်ခွင့်မရှိ၊ ချစ်သူနားလည်အောင် မည်သို့ပြောပြရမှာလဲ။





"တကယ်တော့ သူတို့ဆန္ဒစောကြတာပါကွာ၊ ယောကျ်ားတစ်ယောက်ကို လက်ထပ်ရင် အဲဒီယောကျ်ားရဲ့အရည်အချင်း၊ ငွေကြေးအားလုံး သူတို့ရကြမှာပဲ။ ဒါကိုပဲ မအောင့်နိုင်မအီးနိုင်"

သူ့မှတ်ချက်တွေကို ညွှဦးယံ ဘာမှဝင်မဆွေးနွေးရဲ၊ မလုံမလဲဖြစ်နေရသည်။ စိတ်ချပါမောင်ရယ်၊ ရှင့်ငွေတွေကို ကျွန်မ တောင်းမသုံးပါဘူး။ သူမ ထမင်းစားဖို့တောင် မေ့နေမိသည်။

"ဟိတ်! စားလေ၊ မောင်က သူများတွေကိုပြောတာပါ၊ မင်းကတော့ သူတို့နဲ့မတူဘူးမို့လား"

ရင်ထဲမှာ ပြည့်သွားသည်မို့ ညွှဦးယံ ထမင်းဆက်စားချင်စိတ်မရှိတော့။ သူနှင့်တွေ့ချိန်တိုင်း ရင်ထဲမှာ ပြည့်ပြည့်သွားရတာလည်း ဘာဖြစ်တာတဲ့လဲ။ နှလုံးသားတွေ ကြီးထွားကုန်လို့လား။ သူထည့်ပေးသမျှ တို့ကနန်းဆိတ်ကနန်း စားနေရသည်။

"တော်ပြီ၊ ကျွန်မ မကုန်တော့ဘူး"

"ဘာဖြစ်လို့လဲ၊ ထမင်းမစားချင်တော့ရင် ဒီဟင်းတွေတော့ ကုန်အောင်စား၊ ဟင်းချိုသောက်၊ ဒီ့ထက်ပိန်ရင် မလှတဲ့နေလိမ့်မယ်"

သူ့စကားများကို သူမ ပေါ့ပါးစွာ ရယ်မပြနိုင်။ အသက်နှစ်ဆယ်ပင် မပြည့်သေးသော်ငြား ညွှဦးယံဘဝက ရင့်ထော်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းကြောင်း မောင်ကတော့ သိဖို့မကြိုးစားခဲ့ပေ။ ချစ်သူဖြစ်ကြတာလည်း သုံးရက်ပဲရှိသေးသည်။ နေ့တိုင်းနေ့တိုင်း သူ့ပန်းချီခန်းမှာပဲ အချိန်တွေကုန်ခဲ့ရသည်။ သူမ ညကပြောသော စကားများကို သတိရနေမိသည်။

''ဦးချစ်ရုံ လာသွားတယ်သမီး၊ မြကန်သာ-၂ကို မလာတာ သုံးရက်ရှိပြီတဲ့။ ဥမ္မာကိုတို့မျက်နှာကြောင့် သည်းခံနေတာတဲ့။ သူ့ငွေမကျေဘဲနဲ့ ဒီလိုလုပ်နေတာ မကြိုက်ဘူးတဲ့။ တော်တော်ဒေါသထွက်နေပုံပဲ။ ဘာပဲဖြစ်ဖြစ် သမီး ရှင်းလိုက်ဦးလေ''

သူမ ထမင်းစားလို့မရတော့။ သူစားတာကိုပဲ ငေးကြည့်နေမိတော့သည်။ စိတ်ကတော့ ဒီမှာရှိသည်မဟုတ်။ ကြောက်မက်ဖွယ် ဦးချစ်ရုံကြီးကိုသာ မြင်ယောင်နေမိသည်။ ညဥ္ဈဦးယံရဲ့ဘဝဟာ ဘာလို့များ ဒုက္ခတွေနှင့် ရောထွေးနေခဲ့ရပါလိမ့်။ ပြဿနာကတော့ ကိုကိုနေယံကို နိုင်ငံခြားသွားဖို့ အိမ်ရောင်းပေးလိုက်ရတာက စလိမ့်မည်ထင်သည်။

ဥမ္မာကိုလို မိန်းမလည်နှင့် ရ၊ အိမ်ရောင်းပေးလိုက်ရပြီးကတည်းက ညဥ္ဈဦးယံတို့သားအမိတွေ ငြိမ်းချမ်းမှုပျောက်ဆုံးခဲ့ရသည်။ ဖေဖေက မပူမပင် မကြောင့်မကြရအောင် စီမံဖန်တီးပေးခဲ့ပေမယ့်လည်း ဒုက္ခက ကြံဖန်ပြီး အလုံးအရင်းနှင့် ဝင်လာ





ခဲ့ရသည်။

အရေးအကြီးဆုံးကတော့ ဦးချစ်ရုံကြီးကို အကြွေးဆပ်ဖို့ပဲဖြစ်နေသည်။ ချစ်သူကလည်း မြကန်သာ-၂ မှာ အလုပ်လုပ်တာ မကြိုက်။ စားသောက်ဆိုင်မှာ သီချင်းဆိုတာ စားပွဲထိုးတာ မကြိုက်။ ဦးချစ်ရုံကလည်း သူ့ကြွေးမပေးဘဲနှင့် ထွက်ပြေးတာ ဘယ်ကြိုက်မလဲ။ အရေးထဲ တိုက်တိုက်ဆိုင်ဆိုင် မြင့်မိုရ်က အရင်ရည်းစားတွေ ငွေမက်လို့ ကွဲခဲ့ရသည့်အကြောင်း ပြောနေပြန်၏ ညဥ္ဈဦးယံ ဘယ်လိုလုပ်ရမှာတဲ့လဲ။ သူ့ထံမှလည်း ငွေတောင်းခံဖို့ မရည်ရွယ်ပါ။

မြင့်မိုရ် ထမင်းစားပြီးတော့ သူမ မီးဖိုထဲမှာ ဆေးကြောသိမ်းဆည်းကျန်ခဲ့သည်။

''ဒီနေ့လယ်တော့ မောင်သွားစရာရှိတယ်၊ မောင့်ဇာတ်ညွှန်းတစ်ခု ဗီဒီယိုရိုက်တာ ကန်တော့ပွဲပေးစရာရှိတယ်''

သူမ မီးဖိုထဲမှထွက်လာတော့ မောင်က ဧည့်ခန်းထဲမှာ သူ့ပန်းချီကားများကို ငေးမောရင်း ဆိုသည်။

''ဒါဖြင့် ကျွန်မ ပြန်ရမှာလား''

''မပြန်ရဘူး၊ ပြန်သွားရင် မင်း မြကန်သာ-၂ ကိုသွားမှာပဲ မဟုတ်လား။ ငါခွင့်မပြုနိုင်ဘူး။ မင်းကို ယောကျ်ားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြည့်နေတာ၊ မင်းက စင်ပေါ်ကနေ ညို့အားကောင်းကောင်းနဲ့ ညို့မြူပြုနေတာ ငါမကြည့်နိုင်ဘူး''

စွပ်စွဲချက်က ပြင်းထန်သည်။ မောင့်အချစ်သည် ဘယ်လိုကြီးမှန်း သူမ မသိတော့။ ချစ်ရောချစ်ရဲ့လားကွယ်။ သက်သက်နှောင့်ယှက်ချယ်ချယ်ရုံပဲလား။ ဒီကောင်မလေးကို မောင်တကယ်ရော မြတ်နိုးပါရဲ့လား။

''ဒါဖြင့် ကျွန်မက ဒီအခန်းထဲမှာ သက်သက်မဲ့ အချိန်ဖြုန်းနေရမယ်ပေါ့. . . ဟုတ်လား''

မောင်နှင့်ဘာမှမဆိုင်ခင်တုန်းက တရှူးရှူးတရှားရှားနှင့်ပေါက်ကွဲဒေါသဖြစ်လို့ရပေမယ့် ယခုကျ ဖြစ်လို့မရတော့။ မိန်းမသားတစ်ယောက်ရဲ့ဘဝဟာ ချစ်မိလိုက်တာနှင့် အခွင့်အရေးတွေဆုံးရှုံး ပျောညံ့သွားခဲ့ရပြီလား။

''ဟုတ်တယ်၊ ဒီအတိုင်းပဲ၊ မင်းဟာ လက်ရှိ မောင့်ချစ်သူ။ မောင့်စကား နားထောင်ရမယ်။ ညကိုးနာရီလောက်ထိ နေရမယ်။ ဒါမှ မင်း မြကန်သာ-၂ ကို မသွားနိုင်မှာ''

''ဟိုတစ်ခါ ပိတ်ထားခဲ့ရတာရော''

''မင်းသီချင်းသွားဆိုမှာစိုးလို့ တမင်ပိတ်ထားခဲ့တာလေ''

ညဉ့်ဦးယံသာ ပြည့်ပြည့်စုံစုံဆိုလျှင်တော့ သူ့လုပ်ရပ်





က ရင်ခုန်ကြည်နူးစဖွယ်ပေါ့။ ယခုကျ သူမမှာ ဒုက္ခရောက်နေရသည်။ ဦးမြင့်မိုရ်ရယ်. . . ကျွန်မသီချင်းဆိုတာ ပျော်လို့မဟုတ်ပါဘူး။ စားဝတ်နေရေးအတွက် ပရိယေသနအတွက်ပေါ့။

''ကျွန်မ လိုက်လို့ရော မရဘူးလားဟင်''

သည်စကားက မောင့်အရှိုက်ကို ပြင်းထန်စွာ လက်သီးနှင့်ထိုးချလိုက်သလို ဖြစ်သွားခဲ့သည်ထင့်၊ သူ့ခမျာ မရှုနိုင်မကယ်နိုင် ဖြစ်သွားတော့သလို။ ဟုတ်တာပေါ့။ ညဉ့်ဦးယံက ပွဲလယ်တင့်သူ မဟုတ်ဘူးထင်သည်။ သူ တွဲမသွားလို။ သူမ နောင်တရ ကြေကွဲရသည်၊ မောင်သည် သူမကိုလက်ထပ်လိမ့်မည်လည်း မဟုတ်။ သူ့အသိုင်းအဝိုင်းထဲမှာ မထုတ်ရဲ။

''ကျွန်မ အလကားပြောတာပါ၊ မောင်သွားလေ၊ ကျွန်မခွေးကလေးလို မောင့်အိမ်မှာ စောင့်ကျန်ခဲ့ပါ့မယ်။ မောင့်ကိုမချစ်မိတော့တဲ့အချိန်ကျမှ မောင့်စကားတွေကို ကျွန်မ တော်လှန်မယ်''

ပြောပြီး ဝမ်းနည်းစွာ သူမခေါင်းငုံ့၊ မျက်ရည်ဝဲနေမိပါသည်။ ကောင်းကင်ကြီးရယ်. . . ရှင့်ကိုပွေ့ယူလက်လှမ်းမိခဲ့တာကျွန်မမှားပြီ ထင်ပါရဲ့နော်။ ညော့်ခန်းလေးက ပန်းချီကားများနှင့်အတူ သက်ငြိမ်တိတ်ဆိတ်နေခဲ့သည်။ အတန်ကြာမှ သူ့ထံမှ သက်ပြင်းချသံ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ မင်းလိုက်ချင်ရင် မောင်ခေါ်ပါ့မယ်။ မောင့်ချစ်သူလို့တော့ မကြေငြာသေးဘူးနော်။ အခြေအနေတွေကို မောင့်စောင့်ကြည့်ချင်သေးတယ်။ မင်းကို မောင်မယုံရဲသေးဘူး။ ကဲ. . . နည်းနည်းပါးပါးသွားပြင်ချေ။ ရေချိုးချင်လည်း ချိုး၊ မင်းသမီးတွေနဲ့ အလှချင်းပြိုင်ရအောင်။ နေဦး. . . မင်းအဝတ်အစားက မှိန်နေတယ်။ မောင် တစ်စုံလောက် ပြေးဝယ်လိုက်ဦးမယ်"

ပြောပြောဆိုဆို သူက ထသွားမည်ပြင်တော့ ညွှို့ဦးယံ အလွမ်းတွေ ပြေရသည်။ သူ့အပေါ်ထားရှိသော သံသယတွေ ပျောက်ကုန်ရသည်။ သိပ်ချစ်တာပဲ မောင်ရယ်၊ သူမ မောင့်လက်ကို ဆွဲထားမိသည်။

"နေပါစေ မောင်၊ ကျွန်မ မလိုက်ပါဘူး။ မလိုက်တော့ပါဘူး။ မောင်စောင့်ကြည့်နေတဲ့အချိန်တွေကို ကျော်ဖြတ်လိုက်ဦးမယ်လေ။ နောက်မှလိုက်မယ်နော်။ အခု ကျွန်မ မောင့်အိမ်ကို ရှင်းပေးထားမယ်။ အဝတ်တွေ လျှော်ပေးထားမယ်။ ထမင်းလည်း ချက်ထားပေးမယ်နော်။ မောင် စိတ်ဖြောင့်ဖြောင့်သာသွား"

"ဟာ! မရဘူးကွာ၊ လိုက်ခဲ့။ မောင့်ရဲ့မော်ဒယ်မလေး





လို့ လူတွေကို မိတ်ဆက်ပေးမှာပေါ့။ ဟုတ်တယ်. . . မောင့်ပန်းချီကားချပ်တွေအတွက် ကြိုတင်ကြေငြာပြီးသားတောင် ဖြစ်ဦးမယ်။ အဲ. . . စာနယ်ဇင်းတွေက မဟုတ်တရုတ်တွေ ရေးရင်တော့ ပြီးပါလေရော"

"မဟုတ်တရုတ်! ဘာလဲ. . . မောင်"

"သြော်. . . ဒီလိုပါ၊ မောင်က ချစ်သူတွေနဲ့ ခဏခဏ ကွဲဖူးနေတော့ ဘာကိုမှမယုံရဲဘူးလေ။ လက်မထပ်ခင် အရာရာကို လျှို့ဝှက်ထားချင်တာ မောင့်ဆန္ဒပါ"

"အင်းပါ. . . ကျွန်မ မလိုက်တော့ပါဘူး၊ မောင် ဘယ်အချိန်သွားမှာလဲ"

"ညနေသုံးနာရီမှ စမှာပါ။ နှစ်နာရီခွဲလောက်မှ ထွက်မယ်။ မရဘူးကွာ. . . မင်းလိုက်ခဲ့၊ ရေမိုးချိုးပြီး အလှဆုံးလေး ပြင်ထားလိုက်၊ မောင် အဝတ်သွားဝယ်မယ်။ ပန်းချီဆရာနဲ့ သူ့မော်ဒယ်လ် တွဲသွားတာ အပြစ်မဟုတ်ပါဘူး"

သူက အတည်ပြောပြီး အဝတ်သွားဝယ်ဖို့သာ ပြင်နေတော့သည်။ ချစ်သူက ပွဲထုတ်မည်ဆိုတော့လည်း သူမကြည်နူးရင်ခုန်ရသည်။ မောင့်ကို လှမ်းစမိ၏။

"မောင်အဝတ်ဝယ်ပေးမှာ ကျွန်မရဲ့နေ့တွက်ထဲကတော့



www.burmeseclassic.com

www.burmeseclassic.com



မဖြတ်ဘူး မဟုတ်လား''

''ခွေးမလေး''

မောင်က သူမပါးလေးကို ဖျစ်ညှစ်သွားခဲ့သည်။

◘

ချစ်သူများလို လက်မောင်းချိတ်ခွင့်၊ ယှဉ်တွဲသွားလာခွင့်တော့ မရှိဘူးပေါ့။ သို့ပေမယ့် ညဥ့်ဦးယံ ကျေနပ်ပါသည်။ ချစ်သူရဲ့နောက်မှ ခွေးလေးလို တကောက်ကောက်လိုက်ခွင့်ရနေတာကိုပဲ သူမ ကျေနပ်နေမိ၏။ မားမားစွင့်စွင့်နှင့် ချစ်သူ့အသရေကို နတ်ဘုရားတစ်ပါးနှယ် သူမက ကိုးကွယ်ချင်နေသူမို့ ချစ်သူချထားပေးသောစားပွဲမှာ ငြိမ်ငြိမ်လေးထိုင်ရင်း နေကြာပန်းနှယ် သူ့ရှိရာအရပ်သို့ပဲ မျက်နှာမူနေမိတော့သည်။

ယခုရိုက်မည့် ဗီဒီယိုကားထက် မောင့်ကိုသာ အများကြီးပိုမိုစိတ်ဝင်စားပါသည်။ ညဥ့်ဦးယံ လိုက်လာတာကိုက မင်းသားမင်းသမီးတွေကို မြင်လို့မှုသက်သက်ကြောင့်မဟုတ်။ သူမက တစ်ကမ္ဘာလုံးမှာ မောင့်တစ်ယောက်ကိုပဲ အသက်ရှိသည်ဟု ထင်မှတ်သူပါ။

မောင်က သူ့အသိုင်းအဝိုင်းမှာ မင်းညီမင်းသားတစ်ပါး





နှယ် တွင်ကျယ်သည်။ လူတိုင်းနှင့် ဖက်လှဲတကင်း နှုတ်ဆက်၊ စကားစမြည်ပြော၊ အလုပ်ကိစ္စတွေ ပြောဆိုနေကြသည်။ မောင်က သူမကိုတော့ မည်သူနှင့်မှ မိတ်ဆက်မပေး။ သူမအနားမှာလည်း မနေ။ သို့သော်လည်း သူမ မောင့်ကိုနားလည်နိုင်ပါသည်။ ရင်ထဲမှာတော့ ဝမ်းနည်းမိတာပေါ့။ မောင် ပွဲလယ်တင့်စေရန် သူမ၏ဘဝကို ပြောင်းပြန်လှန်ပေးလိုက်ချင်ခဲ့သည်။

''ညီမလေးက မင်းသမီးအသစ်လေးလား''

သူမအနီးမှာရှိသည့်အန်တီကြီးက တစ်ယောက်တည်းခြောက်သွေ့နေရသည့်ညဥ့်ဦးယံကို စကားပြောလာ၏။ တကယ်က သူမသည် တိတ်ဆိတ်စွာပဲ ငေးမောကြည့်နေလိုတာပါ။ နားလေးသူတစ်ယောက်နှယ် သူမ ဘာမှပြန်မဖြေခဲ့။ အန်တီကြီးကလည်း စကားဆက်မပြောတော့။

တဖြည်းဖြည်းနှင့် ကန်တော့ပွဲပေးသည့်နေရာမှာ လူနည်းနည်းပဲ ကျန်တော့သော်လည်း မောင်တို့စာရေးဆရာ ကဗျာဆရာအုပ်စုက ဆက်လက်စည်ကားနေမြဲ။ ဘာတွေ ဝိုင်းဆက်ကြဦးမည်မသိ။ မိန်းကလေးဆိုလို့လည်း တစ်ယောက်နှစ်ယောက်သာ ကျန်တော့သည်။ ညဥ့်ဦးယံ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေသည်။ အချိန်ကြည့်လိုက်တော့လည်း ညနေငါးနာရီကျော်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မောင်ကတော့ သူမကို လုံးလုံးမေ့နေခဲ့ပေပြီ။ သူသတိရအောင် သူ့ရှေ့သွားရပ်ပြရမလား။ သူမကြိုက်မှာလည်း စိုးရသည်။ ညဥ့်ဦးယံ နေရာမှာပဲ စိတ်အားငယ်စွာ နေနေရ၏။ အတန်ကြာတော့ မောင်တို့အုပ်စု တစ်နေရာသို့ သွားဟန်ပြင်ကြသည်။

"ညဥ့်ဦးယံ ပြန်နှင့်တော့၊ ကိုယ် ကားငှားပေးလိုက်မယ်"

လူအများရှေ့မှာ သူနှင့်ပတ်သက်တာ မသိစေလို့လားတော့မသိ။ တိုတောင်းစွာ စကားတစ်ခွန်းပြော၏။

"ရတယ်၊ ကျွန်မ ပြန်တတ်ပါတယ်။ သွားတော့မယ်နော်"

သူမကို မောင်က ခေါင်းညိတ်ပြခဲ့သည်။ သူ့လူတွေနှင့် လုံးထွေးကျန်ခဲ့တာကို သူမ ကျောခိုင်းထွက်ခွာခဲ့၏။

"ညဥ့်ဦးယံ. . . နေဦး၊ ရော့ ပိုက်ဆံ၊ သုံးရက်အတွက် မနက်ဖြန် မလာနဲ့ဦး"

သူ့အပေါင်းအသင်းတွေရှေ့မှာ ငွေထုတ်ပေးတော့ သူမ ယူရမှာလား မယူရဘူးလားလည်းမသိ။ ဘာပဲဖြစ်ဖြစ် သူမသည် သူ့အလုပ်သမားဖြစ်ကြောင်း လူအများရှေ့မှာ သက်သေပြခြင်းဖြစ်မည်။ သူမအခြေအနေကလည်း 'နေပါစေ'လို့ မူလို့ရသည့် အခြေအနေမဟုတ်၊ မနက်က ကြည့်ခဲ့တော့ မေမေသောက်သည့်





နှလုံးဆေးတွေလည်း ကုန်ခါနီးနေပြီ။ မောင်ပေးသောပိုက်ဆံတစ်ထပ်ကို သူမ ကျိုးနွံစွာ ယူရသည်။ သူကလည်း ယူစေချင်လို့ပေးတာမဟုတ်လား။ ညဥ့်ဦးယံစိတ်ထဲမှာ သူမတို့ တဒင်္ဂဝေးကွာသွားကြသလိုတော့ ခံစားရသည်။ မောင်တို့အုပ်စုက အရင်ထွက်ခွာသွားကြသည်။

သူမ မြို့ထဲမှာ မေမေ့အတွက် ဆေးဝင်ဝယ်၏။ သူက ဘယ်အိမ်ကိုပြန်ရမယ်လို့ သေချာစွာမပြောခဲ့၊ အခန်းသော့လည်း မပေးခဲ့သည်မို့ ညဥ့်ဦးယံ ကိုယ့်အိမ်သို့ပဲ စောစီးစွာ ပြန်ခဲ့သည်။

◙

"ဦးချစ်ရှံ"

"ချစ်သူရလို့ သိပ်ပျော်နေတယ်ပေါ့လေ၊ နင့်အကောင်က ဘယ်လောက်တာဝန်ယူနိုင်မှာမို့လဲ။ ဒီလိုနဲ့ ဘဝပျက်သွားကြတာပဲ"

စကားလုံးများ၏ ရုတ်ရင်းကြမ်းရှမှုကို သူမ ခါးစည်းခံနိုင်ပေမယ့် မေမေလိပ်ပြာလွင့်မှာကိုတော့ သူမ သည်းမခံနိုင်။ အိမ်ရှေ့မှာ ဦးချစ်ရှံကား မြင်ကတည်းက ပြဿနာကို ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း ညဥ့်ဦးယံ သဘောပေါက်ပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးချစ်ရုံ မေမေ့ရှေ့မှာ စကားပြောဆင်ခြင်ပါ။ ကျွန်မ မေမေက နှလုံးသိပ်ကောင်းတာမဟုတ်ဘူး။ မေမေတစ်ခုခုဖြစ် လို့ကတော့ ကျွန်မ မခံဘူး"

အိမ်ကျဉ်းလေးထဲမှာ စကားလုံးတွေက တိုးလျှိုပေါက် တိုးတိုးပြောလည်း ကြားရမည်ပဲဖြစ်သည်။ မေမေကတော့ မျက်စိမျက်နှာပျက်လျက်။ တစ်ဖက်ခန်းမှာလည်း ဒေါ်သန်းသန်းဆင့်နှင့် နေထွတ်တို့ရှိနေကြသည်။ နေထွတ်နှင့်မဆုံကြတာတောင် ဟိုတစ်ညကတည်းက။ ဦးချစ်ရုံက ဒေါသတွေ မချိတင်ကဲကို မြွေကြီးတစ်ကောင် အစာနင်သလို မျိုချသည်။ သူ့မျက်နှာကြီးက နီနီရဲရဲ၊ ဝသော ပွသော ကိုယ်ခန္ဓာကတော့ အဆီကိုစား၊ အသားကိုမျိုဖူးသောကြောင့်ပါးကြီးနေယ်။

"နင် အေးအေးဆေးဆေးစဉ်းစားပါဦး။ နင့်မှာ တခြား အဆင်ပြေတဲ့အလုပ်ရော ရှိပြီလား။ ငါ နင့်ကို သုံးရက်အချိန်ထပ်ပေးမယ်။ သုံးရက်ပြည့်ရင် မလုပ်ချင်လည်းထွက်၊ ဒါပေမဲ့ ငါ့အကြွေးတွေပါ အားလုံးပြန်ဆပ်နိုင်မှနော်။ အကြွေးမဆပ်နိုင်ဘဲ လူလည်ကျလို့ကတော့ ငါ့ဒေါသကို နင်သိတယ်မဟုတ်လား။ ငါက ငါ့အပေါ်ကောင်းရင် ကောင်းတယ်၊ ငါ့အပေါ်ဆိုးရင် ငါကလည်း အပြန်တစ်ရာလောက် ဒုက္ခပေးဖို့ဝန်မလေးဘူး။ ငါ့အကြွေး





အတွက် နင့်ဆီက တန်ရာတန်ကြေးပြန်ယူရမှာပဲလေ။ အေးလေ ခုတော့ နင်က မီးရောင်ကို ရွှေတောင်မှတ်ပြီး တစ်ဖက်မှာသွားပြီး ကျက်စားပျော်မြူးနေလိုက်ဦးပေါ့။ အချိန်တန်တော့လည်း နင်ဘာလုပ်သင့်သလဲ ကိုယ့်ဘဝကိုယ် ပြန်သတိရလာမှာပါ။ ငါ သွားမယ်"

ဒေါသကိုမျိုသိပ်ပြီး သွေးအေးအေးနှင့် တိုးတိုးလေး ရှင်းပြသွားပေမယ့် ဦးချစ်ရုံ၏စကားလုံးများကို ညဥ့်ဦးယံ တစ်လုံးမကျန် ကြားလိုက်ရသည်။ မကြားလို့ရော ဖြစ်မည်လား။ ဦးချစ်ရုံ၏စကားလုံးတိုင်းသည် အဆိပ်လူးထားသော ပန်းပွင့်တွေပဲ။ သူ့စကားတွေက တိုးရှသဖြင့် မေမေလည်း လုံးစေ့ပတ်စေ့ မကြား၊ တစ်ဖက်ခန်းကသားအမိလည်း မကြားလောက်၊ ကောင်းတယ်၊ ဒေါ်သန်းသန်းဆင့်သည်လည်း သားနှင့်ပတ်သက်လာမှာ စိုးသူ။ သူမ၏အလုပ်ကို အမြင်မကြည်လင်သူ။ ဟုတ်တော့ ဟုတ်ပါတယ်လေ။ ဒီအလုပ်ကြီးကလည်း ဘယ်အမျိုးကောင်းသားရဲ့ မိခင်က ကြည်ဖြူပါမတဲ့လဲ။

ညော့်ကြိုမလုပ်ခင်က အလုပ်ဝင်ခဲ့သော စတိုးဆိုင်သို့ မနေ့က ညဥ့်ဦးယံ ဖုန်းဆက်ကြည့်သေးသည်။ အချိန်မရွေး ပြန်လာပါဟုတော့ ဖိတ်ခေါ်သည်။ သို့သော် သူမက လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



မောင့်ပန်းချီပြပွဲအတွက် မော်ဒယ်လုပ်ပေးနေရသည်။ ဒီကိစ္စတွေပြီးဆုံးမှပဲ စတိုးဆိုင်မှာ အလုပ်ပြန်ဝင်ရပေတော့မည်။ စတိုးဆိုင်မှာ အလုပ်လုပ်ရတာက မြကန်သာ–၂ မှာ လုပ်ရတာရဲ့ တစ်ဝက်မျှလောက်ပင် ဝင်ငွေမရှိ။ ကန္တြီရတာတော့ မှန်ပါ၏။ သူတို့သားအမိ မစားလောက် မနေလောက်။ မေမေ့ဆေးဖိုးက ပိုပြီးအရေးကြီးသည်။ ဒီလိုနဲ့ အကြွေးတွေ ထပ်တင်။ နေစမ်းပါဦး၊ ဦးချစ်ရုံကြီးရဲ့အကြွေးတွေကရော ဘယ်လိုဆပ်ရမှာတဲ့လဲ။ ကြွေးမကျေဘဲ သူ့အလုပ်ကထွက်လျှင် ဦးချစ်ရုံကြီးက သူမကို အစိမ်းလိုက်ဝါးစားလိမ့်မည်။ သတ်လိမ့်မည်။

နေရာမှာတင် အဝတ်စုတ်တစ်ခုနှယ် အပုံလိုက် ပျော့ခွေ ညွတ်အိနေမိဆဲ၊ တစ်ဖက်ခန်းမှ နေထွတ် ကူးလာခဲ့သည်။ မေမေကတော့ ဒေါ်သန်းသန်းဆင့်နှင့်အတူ လမ်းထိပ်အိမ်မှ ဘုရားကိုးဆူသို့ လိုက်သွားရှာသည်။ မေမေ ဘယ်စိတ်ချမ်းသာမလဲ။ ညဉ့်ဦးယံ မေမေ့ကိုနားလည်ပါသည်။ သမီးရဲ့ဒုက္ခကို မေမေလွှဲပြောင်းယူချင်ရှာပေလိမ့်မည်။ ဒါတောင် မေမေတင်သည့်ကြွေးက နည်းနည်းပါးပါး။

"ညဉ့်ဦးယံ"

နေထွတ်က သူမရှေ့ တစ်တောင်အကွာမှာ တင်ပလ္လင်





ထိုင်ချသည်။

"ငါ့ကိုပြောစမ်းပါ၊ နင်ဘာတွေဖြစ်နေလဲ။ ဘယ်လိုအကျပ်အတည်းတွေ တွေ့နေရသလဲ။ နင့်ရုပ်ကြည့်ရတာ ပျော်နေတဲ့ရုပ် မဟုတ်ဘူး။ သေချင်နေတဲ့ရုပ်"

သူမ့် ကြံကြံဖန်ဖန်ပြောတတ်သည်။ သို့သော် သူ့စကားကလည်း ကွက်တိမှန်နေသည်။

"အင်း. . . ဟုတ်တယ်၊ ကျွန်မသေချင်နေတယ်။ ကျွန်မချစ်သူက မြကန်သာမှာ အလုပ်လုပ်တာမကြိုက်ဘူး။ ကျွန်မအဖြစ်ကလည်း မြကန်သာကနေ ထွက်လို့မရဖြစ်နေတယ်၊ ကျွန်မကိုယ်တိုင်လည်း ဒီအလုပ်ကိုမလုပ်ချင်ပါဘူး။ ဒါပေမဲ့ ရှင်တို့အားလုံး ကျွန်မကို ပျော်နေကြတယ်လို့ ထင်ကြတယ်မဟုတ်လား"

"ဒါဖြင့် မင်း ဒီအလုပ်က ဘာလို့မထွက်နိုင်ဖြစ်နေရတာလဲ"

"ကျွန်မ သူ့ဆီက ငွေတွေယူထားမိလို့ပေါ့။ အကြွေးတွေရှိလို့ ထွက်မရဖြစ်နေတာပေါ့"

"အကြွေး! ဘယ်လောက်တောင်မို့လို့လဲ"

နေထွတ်က အလန့်တကြားမေးသည်။ ညဉ့်ဦးယံ မပြောတော့။ ငွေနှစ်သိန်းကျော်ကျော်ဆိုတာ သူမတို့အဆင့်နဲ့တော့ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမဟုတ်လား။ နေထွတ် ထပ်မံအထင်သေးတာကိုလည်း မခံချင်တော့။

"အဲဒီအကြွေးတွေက ဘာလို့တင်ရတာတဲ့လဲ၊ မင်းတို့မိန်းကလေးတွေဟာ ကိုယ့်မှာမရှိဘဲ မတန်တရာတွေ ဝတ်ချင်ကြ၊ စားချင်ကြ။ ပြီးတော့ အကြွေးတွေ တင်ကြ။ နောက်ဆုံးတော့ ကိုယ်ခန္ဓာကို ထိုးအပ်"

အကြောင်းရင်းကို သေသေချာချာမသိဘဲ နေထွတ်က ပြောသည်။ ကရုဏာဒေါသပင်ဖြစ်စေ၊ သူမ စိတ်ဆိုး၏။ ဦးချစ်ရုံအပေါ်၊ မောင့်အပေါ် မကျေနပ်လေသမျှ ဘာမှမဆိုင်သည့် နေထွတ်အပေါ် စုပုံပေါက်ကွဲပစ်လိုက်သည်။

"ဘာရှင့်! ကျွန်မ အခုဝတ်နေသမျှ လွန်ခဲ့တဲ့နှစ်နှစ်ကျော်က အဝတ်တွေချည်းပဲ။ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေကလည်း မြကန်သာက ဝယ်ပေးထားတာ၊ သူတို့အလုပ်သဘောအရ ဝယ်ပေးထားတာ။ ကျွန်မကိုယ်တိုင်အတွက် အပိုတစ်ကျပ်တောင် မသုံးဘူး။ ရှင်မသိဘဲနဲ့ လျှောက်ရမ်းမပြောနဲ့"

နေထွတ်ကလည်း အလျှော့မပေး။ ယောကျ်ားတန်မဲ့ သူတစ်ပါးအတွင်းရေးကို အတိအကျသိချင်နေသည်မှာ စပ်စုလိုစိတ်လား ကူညီလိုစိတ်လား။





"ဒါဖြင့် ဘာလို့အကြွေးတွေ တင်ရသလဲ"

သူမ နေထွတ်ကို မုန်းမုန်းဖြင့် မျက်စောင်းပိတ်ထိုးလိုက်ပါသည်။

"မေးမနေနဲ့ ရှင်. . . ကျွန်မအဖေမဟုတ်ဘူး။ ကျွန်မအကြွေး ကျွန်မပြေလည်အောင် ဖြေရှင်းမယ်။ ရှင်လည်း ကူဆပ်တာမဟုတ်ဘဲနဲ့"

"ဆပ်သင့်ဆပ်မလို့ မေးတာပေါ့ကွ၊ ပြော. . . ဘာလို့တင်ရတာလဲ"

"မပြောဘူး၊ ဆပ်ခွင့်လည်းမပြုနိုင်ဘူး။ ရှင်နဲ့ကျွန်မ ဘာဆိုင်လို့လဲ"

"ဒါဖြင့် ဆိုင်တဲ့လူကို အဆပ်ခိုင်းလေ၊ မြကန်သာမှာ အလုပ်လုပ်တာ မကြိုက်ဘူးဆိုတဲ့ မင်းရည်းစားကြီးကို အဆပ်ခိုင်းလေ"

"ဒါ ရှင့်အကြောင်းမဟုတ်ပါဘူး"

"ရည်းစားထားတာလည်း ကြည့်ထား ကြည့်နေ။ ဘာမှ နားမလည်ပါးမလည်နဲ့ ဒုက္ခရောက်ကျန်ခဲ့တာပဲ အဖတ်တင်နေမယ်"

"ဒါလည်း ရှင့်အကြောင်းမဟုတ်ဘူး၊ ရှင်ပူစရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပူတာပေါ့. . . ပူရတာပေါ့၊ မေမေတင်ကို ကိုယ့်အမေလိုသဘောထားတော့ မင်းဟာ ငါ့ညီမလေးပေါ့"

"အပိုတွေ ပြောမနေနဲ့၊ တစ်မိသားနဲ့တစ်မိသားချင်း မေတ္တာစေတနာဆိုတာတွေ ကျွန်မ အယုံအကြည်မရှိဘူး။ နောက်ဆုံးကျ လူသားဟာ လူသားဆန်တာပဲ၊ ယောကျ်ားတွေဟာလည်း ယောကျ်ားဆန်တတ်ကြတာပဲ။ ပေးဆပ်ခြင်းနောက်မှာ ရယူလိုမှုက ကပ်ပါလာစမြဲပဲ"

နှစ်ယောက်တည်းရှိသည်မို့ ရင်ထဲမှာရှိသမျှ တစ်လောကလုံးအပေါ် မကျေနပ်သမျှ နေထွတ်သို့ အားပါးတရပြောပစ်လိုက်သည်။

"ဒါတော့ မင်းသဘောထားတွေ အစွန်းရောက်သွားပြီ။ ဟုတ်တော့ဟုတ်ပါတယ်လေ၊ လောကကြီးမှာ ဒီလိုလူတွေပဲ များနေတာကိုး။ ဒါပေမဲ့ ငါကတော့ မင်းအတွက် ချွင်းချက်ပဲ။ မင်းတို့မိသားစုရဲ့ ဒုက္ခသုခတွေအားလုံးကို ငါ မျှဝေခံစားချင်တယ်။ ပြောစမ်းပါ မင်းမှာ အကြွေးတွေ ဘယ်လောက်ရှိပြီး ဘာကြောင့်တင်တယ်ဆိုတဲ့အကြောင်း"

"ကျွန်မပြောတော့ရော ဘာထူးမှာတဲ့လဲ၊ တစ်ခုတော့ ပြောမယ်လေ၊ ကျွန်မတင်တဲ့အကြွေးတွေက အိမ်ငှားတော့ စပေါ်





တင်ရတာရယ်၊ မေမေဆေးကုလို့ ကုန်တာရယ်၊ ဒါကြောင့်ပဲ။ ကျွန်မရဲ့ဝတ်မှုစားမှု အလှအပကြောင့် ကုန်တာလုံးဝမဟုတ်ဘူး"

ညဥ့်ဦးယံစကားကြောင့် နေထွတ်ကျေနပ်သွားမိသည်။

သို့သော် နေထွတ်ရင်ထဲမှာ မတင်မကျ။ ညဥ့်ဦးယံရဲ့ယောင်းမက နည်းနည်းလေးမှ မကြည့်ဘူးတဲ့လား။

"မေမေတင် ဆေးကုတုန်းက မင်းယောင်းမက ငွေမပေးဘူးလား။ သူ့မောင်နှစ်ယောက် ရန်ဖြစ်ရာက ရတဲ့ဒဏ်ရာဆို၊ ကုပေးသင့်တာပေါ့။ ပြီးတော့ သူတို့ဒီလိုအခြေအနေဖြစ်လာတာ မင်းတို့ပံ့ပိုးမှုကြောင့်မဟုတ်လား"

"ကုပေးဖို့နေနေသာသာ အခန်းလေးကျဉ်းကျဉ်းမှာ ကြော်လိုက်လှော်လိုက် စားလိုက်သောက်လိုက် ရယ်လိုက်မောလိုက်နဲ့ ယောက်မဝယ်တဲ့တိုက်ခန်းက ကျဉ်းရတဲ့ကြားထဲ ရှေ့တစ်ခြမ်းကို စတိုးဆိုင်ဖွင့်ထားတယ်။ မေမေ့ဆေးဖိုးပေးဖို့ကျ ဆိုင်ထဲ အရင်းမြုပ်လို့ဘာလို့နဲ့ နောက် သူ့မအေကြီးနဲ့ ကျွန်မနဲ့ ရန်ဖြစ်ပြီး ဒေါ်ကြီးပုတို့အိမ် ခဏဆင်းနေလိုက်တယ်"

"ဒေါ်ကြီးပုဆိုတာက"

"ရပ်ဆွေရပ်မျိုးပါ၊ ဒါပေမဲ့ ကော်ရှာပါတယ်။ အဲဒါ သူ့အိမ်ပေါ်ကဆင်းသွားတာ သူ့မှာတာဝန်မရှိဘူးဆိုပြီး တာဝန်



www.burmeseclassic.com

www.burmeseclassic.com



မယူဘူးလေ၊ ဘယ်ရမလဲ. . . မေမေ့မျက်လုံးကို ကျွန်မဘာသာ ငွေချေးပြီး ကုပစ်လိုက်တာပေါ့။ နောက်. . . အိမ်ရှာ၊ ရှင်တို့အိမ်မှာ ပြောင်းလာနေပေါ့"

"ဦးချစ်ရုံကြီးနဲ့ ဘယ်လိုဆက်မိတာလဲ"

"ဦးချစ်ရုံက ဥမ္မာကို့မိတ်ဆွေလေ၊ သူတို့တိုက်ခန်းမှာ ကပ်နေရတုန်းက သိတာပါ။ မေမေ ဆေးခန်းမှာရောက်နေတုန်း သူက လူမမာလာမေးတယ်၊ လိုတဲ့ငွေ ထုတ်ချေးတယ်"

"ဒါ ခေတ်သစ်ဘူဇွာဝါဒပဲ၊ စီးပွားရေးအရ မင်းကို သိမ်းသွင်းလိုက်တာပေါ့"

နေထွတ်စကားကို ညည့်ဦးယံ ခေါင်းညိတ်ပြလိုက်ရ၏။ ဟုတ်တာပဲလေ၊ အစကတော့ သူမ မသိခဲ့၊ နောက်တော့လည်း သူ့အကြွေးတွေအတွက် သူ့ရဲ့မြကန်သာများမှာ အလုပ်လုပ်ရတော့တာပါပဲ။

"မင်းအကြွေးတွေ ဘယ်လောက်တင်တယ်ဆိုတာ မင်းအမေသိရဲ့လား"

"ဟင့်အင်း. . . မသိဘူး၊ ဘာလုပ်မလဲ၊ မေမေ ဘာမှ မတတ်နိုင်တော့တဲ့ကိစ္စမှာ မေမေသိတော့ရော စိတ်ဆင်းရဲရရုံပဲ ရှိမှာပေါ့။ ကျွန်မတစ်ယောက်တည်းပဲ ဖြေရှင်းမယ်"





"အဲဒါမှားတယ်၊ သားအမိနှစ်ယောက်တည်း ရှိတဲ့ကိစ္စမှာ အားလုံး မအေသိနေသင့်တယ်"

နေထွတ်က သူ့အယူအဆနှင့်သူ တွေးတွေးဆဆပြောသည်။

"မေမေစိတ်ဆင်းရဲရမယ့်ကိစ္စကို ကျွန်မအသိမပေးချင်ဘူး။ ကျွန်မ မဟုတ်တာမလုပ်ဘူး။ ဒီကိစ္စ ထိန်ချန်ထားတာကလည်း စေတနာနဲ့ပဲ။ ကျွန်မမှားတယ်ဆိုလည်း အဲဒါစေတနာအမှား။ ကျွန်မပြဿနာကို ကျွန်မနိုင်အောင် ဖြေရှင်းသွားမှာပါ။ ဒီကြားထဲ ကိုကိုပြန်လာရင်လည်း ပြီးသွားမှာပါ"

"အေးကွာ. . . မင်းကလည်း ကြွေးဘယ်လောက်ဆိုတာကို မေးလို့မရဘူး။ ငါကလည်း ကားဖိုးငွေ အရစ်ကျသွင်းနေရတယ်။ ဘာပဲဖြစ်ဖြစ် ငါ့ကားဖိုးကိုရပ်ထားပြီး မင်းအကြွေးကို ဆပ်ပေးလို့ရပါတယ်"

နေထွတ်က ငြီးတွားရင်း မချင့်မရဲဆို၏။ ညည့်ဦးယံ ခေါင်းခါပြလိုက်သည်။


"ကျေးဇူးတင်ပါတယ်၊ ကျွန်မ တစိမ်းဆီက အကူအညီ မယူချင်ဘူး၊ အားလုံးအဆင်ပြေသွားမှာပါ"

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ပေါ်လီယာနာကတော့ ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ဖို့ ခံနိုင်ရည်ရှိဖို့ အကောင်းဆုံးနည်းလမ်းကို ပေးခဲ့သည်။ အကောင်းဆုံးဝါဒနှင့် ဘဝကို ရင်ဆိုင်ကျော်ဖြတ်ရမတဲ့။ ပေါ်လီယာနာအတွေးမျိုး တွေးကြည့်ဖို့ ညဥ့်ဦးယံ ကိုယ့်ဘဝကိုယ် ဖင်ပြန်ခေါင်းပြန် သုံးသပ်ကြည့်မိသည်။ ပေါ်လီယာနာရယ်. . . ငါ့ဘဝအခက်အခဲတွေ ပြေပျောက်အောင် ကူလို့စဉ်းစားပေးပါဦး။

သည့်ရက်ပိုင်းအတွင်းမှာ မေမေက နှလုံးရောဂါ ပိုပြီးထလာသည်။ မေမေ့ကို သူမ အစွမ်းကုန်ပြုစုယုယခဲ့ပါ၏။ သို့သော်လည်း မေမေ ဘယ်မှာစိတ်ချမ်းသာရမတဲ့လဲ။ သူမရင်ဆိုင်နေရသမျှ အရာအားလုံးကို မေမေမသိအောင် ဖုံးဖိထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း ပိပိရိရိမရှိသဖြင့် မေမေ့ခမျာ တစ်စွန်းတစ်စ သိနေရသည် ထင်ပါသည်။ မေမေ့မျက်နှာလေးမှာ သောကဖြင့် ညှိုးနွမ်းနေသည်။ ညဥ့်ဦးယံရင်ထဲ မချိ။ ဘယ်လိုဖြေရှင်းရမလဲ။

သူမရဲ့ချစ်သူကလည်း မပေါ်လာ။ အေးလေ. . . ဘယ်ပေါ်လာမလဲ။ ခါတိုင်းလည်း သူမကပဲ သွားရတာပါ။ ရွှေဘုံပေါ်က ချစ်သူရယ်၊ ကျွန်မရဲ့အခက်အခဲတွေကို နည်းနည်းလောက်ငဲ့စောင်းကြည့်လှည့်ပါဦးကွယ်။ မေမေ့ကွယ်ရာမှာ ညဥ့်ဦးယံမျက်ရည်အနည်းငယ်ကျမိသည်။ ရင်ထဲကတော့ တုံးတိုက်တိုက်ကျားကိုက်ကိုက် ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းချင်စိတ်က တားမရဆီးမရ။ သူမ အံကိုတင်းတင်းကြိတ်မိသည်။

လမ်းတွေ ပိတ်ဆို့နေတယ်. . .

ဘဝကို ရိုးရှင်းစွာ ရင်ဆိုင်ချီတက်ဖို့. . .

ဘယ်အရာတွေက ပိတ်ပင်တားဆီးနေသလဲ. . .

ချစ်သူရဲ့ကမ်းလက်ကရော ထာဝရစီးဆင်းနေပါရဲ့လား။

ချစ်သူရဲ့ကောင်းကင်မှ ကမ်းလက်ကိုရော သူမ မီနိုင်ပါရဲ့လား။ ခံစားမှုအထွတ်အထိပ်ကြောင့် ညဥ့်ဦးယံဘဝက ထုံပေပေဖြစ်လို့နေသည်။ မထူးစိတ်တွေနှင့် လူတစ်ကိုယ်လုံး ထုံရှရှ။





ချစ်သူက ဒီအလုပ်လုပ်တာမကြိုက်၊ ဒီအလုပ်ကလည်း မလုပ်လို့လုံးဝမဖြစ်။ ခုနေခါ ကိုကို ဘွားခနဲပြန်လာခဲ့လျှင် သိပ်ကောင်းမှာပဲ။ ဥမ္မာကိုကတော့ မသိချင်ယောင်ဆောင်နေခဲ့သည်။ သူမတို့၏ဒုက္ခကို စုတ်တသပ်သပ်ဖြင့် ချိုမြိန်စွာ စောင့်ကြည့်နေကောင်းနေမည်။ ပြောခဲ့ဖူးသားပဲ. . . ငွေနှစ်သိန်းလောက် ခဏလှည့်ဖို့။ သည်တုန်းက ဥမ္မာကိုပြောခဲ့သည့်စကားများက ယခုထိ ရင်ကို စူးရှနာကျင်စေတုန်း။ ပျားရည်လူးသည့်အဆိပ်။

"ညီမလေးက အကြွေးပြန်တောင်းနေတာလား။ မမလည်း ကိုနေ့ဆီ စာရေးထားပါတယ်။ ညီမတို့ကို အိမ်တစ်လုံးအစားပြန်လျော်ပေးဖို့။ သူလည်း ဟိုမှာ ကြုံးရုန်းရှာဖွေနေတုန်းလေ။ တစ်နေ့ ငါးနာရီလောက်ပဲ အိပ်ပြီး ကျန်တဲ့တစ်ချိန်လုံး အလုပ်လုပ်နေရတာပါ။ မင်းတို့သားအမိကို အကြွေးဆပ်ဖို့ အိမ်တစ်လုံးပြန်ဝယ်ပေးဖို့လေ"

"ရှင်. . . ဒီလိုမပြောနဲ့"

သူမက စူးစူးဝါးဝါးအော်ခဲ့မိသည်။

"မမက အမှန်အတိုင်းပြောတာပါ။ အခု မမတို့ အဆင်ပြေနေတာက ကိုနေ့အစွမ်းအစကြောင့် လုပ်အားခကြောင့်မဟုတ်ဘူးလေ။ မောင်လေးအငယ်ရဲ့ရည်းစားက ကားဝယ်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကားနဲ့ တက္ကစီဆွဲစားလို့ မမတို့ ထမင်းနပ်မှန်နေတာပါ။ တိုက်ခန်းဝယ်တာလည်း မောင်လေးအကြီးရဲ့အစီအစဉ်ပါပဲ။ ကိုနေပို့တဲ့လစာက ထမင်းစားရရုံတောင် မနည်း။ မမတတ်နိုင်တာတစ်ခုပဲရှိတယ်။ မေမေနဲ့ညီမလေးတို့ နေချင်ရင် အချိန်မရွေးပြန်လာနေလို့ရတယ်။ ရပါတယ်ကွယ်. . . လူနှစ်ယောက်ရဲ့စားစရိတ်ကို ပြတ်ပြတ်သားသားမပေးနိုင်ပေမယ့် အိမ်မှာ လက်ရည်တစ်ပြင်တည်းစားမယ်ဆိုရင်တော့ ကျွေးနိုင်ပါတယ်''

ကိုကို့စွမ်းဆောင်ချက်အားလုံးကို ရေစုန်မျှောအောင်ပြောခဲ့၊ ဆင်သေကို ဆိတ်ရေနှင့်ဖုံးခဲ့သည့် ဥမ္မာကို့ကို ညဦးယံလက်မြှောက်ခဲ့ပါသည်။ ရှိစေတော့။

''သမီး''

''ရှိတယ်မေမေ၊ သမီး. . . မေမေ့အနားမှာ''

အတွေးများနှင့် ဆူပွက်နေမိဆဲ မေမေ့ခေါ်သံကြောင့် ညဦးယံ တုံ့ပြန်ထူးလိုက်သည်။ သူမက မေမေ့ခြေသလုံးပိန်ပိန်လေးများကို နှိပ်ပေးနေရာမှ မေမေ့မျက်နှာအနားသို့ ကပ်လိုက်သည်။

''မေမေ ဆာပြီလားဟင်၊ ငါးဆန်ပြုတ်လေး ရှိတယ်။ ကြက်သားကြော်လေးနဲ့ သောက်မလား။ သမီးသွားယူပေးမယ်''





ဆယ့်တစ်နာရီမျှရှိပြီမို့ အိမ်ပြင်မှာ နေပူကျဲကျဲ။ ဆောင်းနှောင်းနေကလည်း ရင်ကွဲအောင် ပူလှသည်။

''မဆာသေးပါဘူးသမီးရယ်၊ မေမေ့နားထဲမှာ 'မေမေမတရားဘူး၊ မေမေ မတရားဘူး' လို့ အော်သံတွေ ကြားနေရလို့ပါ''

မေမေ့စကားကြောင့် ညဦးယံ ထိတ်လန့်သွားသည်။ မေမေ ကယောင်ချောက်ချားဖြစ်နေတာလား။

''ဟာ! ကြံကြံဖန်ဖန် မေမေရယ်၊ မေမေက ဘာလို့မတရားရမှာလဲ။ မေမေ့သားနဲ့သမီးကို မေမေ လူလားမြောက်အောင် ပြုစုပေးခဲ့ပြီလေ။ မေမေ့တာဝန်ကျေပါပြီ။ သမီးတို့သာမေမေ့အပေါ် တာဝန်မကျေသေးတာပါ။ ကြည့်စမ်း! ဒီမအေတစ်ယောက်ကိုမှ သမီးဝလင်အောင် ရှာမကျွေးနိုင်သေးဘူး။ စိတ်ချမ်းသာအောင် သမီးမထားနိုင်သေးဘူး။ ပေါက်ကရတွေ မတွေးပါနဲ့မေမေရယ်။ သမီး တရားခွေဖွင့်ပြမယ်နော်။ နေထွက်ဆီကကက်ဆက်လေး ငှားထားတယ်''

မေမေအာရုံပြောင်းသွားစေရန် ပရိတ်တရားခွေလေးတစ်ခွေ ဖွင့်ပြရသည်။ ညဦးယံ သိပါသည်။ မေမေ့ခမျာ သားအတွက် ရှိသမျှရောင်းပြီး အိမ်တောင်ရောင်းပြီး ပံ့ပိုးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူအတွက် နောက်ဆံတင်းနေခြင်းဖြစ်နေရရှာသည်။

"မေမေ တရားနာလိုက်နော်၊ သမီး ဆန်ပြုတ်သွားယူဦးမယ်"

မီးဖိုထဲမှာ မေမေ့အတွက် ဆန်ပြုတ်တစ်ပန်းကန် ခပ်သည်။ ကြက်သားကြော်လေးနှင့် လက်သုတ်ပဝါလေးနှင့် လင်ပန်းထဲမှာ သပ်သပ်ရပ်ရပ်တင်ပြီး အိမ်ရှေ့သို့ယူခဲ့သည်။

"မေမေ တရားနာရင်း သောက်မယ်နော်၊ ပြီးရင် ဆေးသောက်ရဦးမယ်"

မနက်က ဆေးခန်းသွားလိုက်ရသဖြင့် မေမေ မောပန်းခဲ့သည်။ ဒါတောင် နေထွက်ကားဖြင့် သွားရပြန်ရပေလို့။ ဒေါ်သန်းသန်းဆင့်တို့များကျတော့လည်း ကျန်းမာလှပေသည်။ မနက်ကအဖြစ်ကို တွေးမိတော့ ညဦးယံ စိတ်ညစ်သည့်ကြားမှ မချိပြုံးဖြစ်ရသည်။ အတိုင်းအတာလေးတော့ ထားသည်ထင်သည်။ မနက်က ဒေါ်သန်းသန်းဆင့်ကိုယ်တိုင် ဆေးခန်းလိုက်ပို့ခြင်းဟာ မေမေ့ကိုစိုးရိမ်မှုထက် သူ့သားကုန်ကျမှာစိုးသဖြင့် လိုက်ကြောင်း သိသာစေခဲ့သည်လေ။

ညဦးယံနှင့်ပတ်သက်သမျှ ယောက်ျားတွေကို ညဦးယံက ငွေကုန်ကြေးကျများစေသည်လို့များ လွဲမှားတွေးနေခဲ့လေ





သလားမသိ။ သူမက မေမေ့ဆေးဖိုးအတွက် အမြဲဆောင်ထားစုထားခဲ့သူသာဖြစ်ကြောင်း ဒေါ်သန်းသန်းဆင့် သိစေခဲ့သည်။

လောကကြီးရေ. . . တော်ပါပြီနော်။

လောကမှာ သူတစ်ပါး အကြောင့်ကြကိုခံပြီး အသက်ရှူရတာထက် ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရတာက ပိုပြီးလိပ်ပြာသန့်စင်စေကြောင်း သိခဲ့ပါပြီ။

မေမေက ညဦးယံ စိတ်ချမ်းသာစေရန် ဆန်ပြုတ်ကိုဖျစ်ညှစ်သောက်နေလိုက်ပုံက သနားစရာ။ သားအမိနှစ်ယောက် တစ်ပြန်တစ်လှည့်စီ စိတ်ချမ်းသာနေစေချင်ကြသည်။

"မေမေ သောက်လို့မကောင်းရင်လည်း တော်လေ။ သမီး အိုဗာတင်းဖျော်ပေးမယ်"

"တော်ပြီ သမီးရယ်၊ မေမေဘာမှမသောက်ချင်တော့ဘူး။ အိပ်ရင်း တရားနာမယ်နော်။ သမီးထမင်းသွားစားချည်"

မီးဖိုထဲမှာ ညဦးယံ တိတ်ဆိတ်စွာ ထမင်းစားနေတုန်း အိမ်ရှေ့မှာ ကားရပ်သံ ကြားလိုက်ရသည်။ ပဲကြော်လေးတစ်ချပ်ဖြင့် ထမင်းစားနေရာမှ သူမ ထွက်ကြည့်ဖြစ်သည်။

"ဒါ ညဦးယံတို့အိမ်နော်"

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့ပါလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးမြင့်မိုရ်က စာပေးခိုင်းလိုက်လို့ပါ၊ ဆရာ ခရီးသွား စရာရှိလို့"

"ရှင်! သူ. . . အခုသွားပြီလား"

ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်သည့်ပင် အားထားစရာဆိုလျှင် မောင်သည် သူမအတွက် မြင့်မိုရ်တောင်ကြီးပါ။

"သွားပြီ၊ စာထဲမှာ ရေးထားမှာပါ"

ပဋိသန္ဓာရစကားတွေတောင် သူမ မပြောဖြစ်။ ယောင်နနဖြင့်သာ ပေးသောစာနှင့် အထုပ်ကလေးကို ဆွဲယူမိသည်။ ကားမောင်းလာသူက ပြန်ထွက်သွားခဲ့သည်။ ညဥ့်ဦးယံ မေမေ့ဘက်သို့နိုးကြည့်ရင်း စာနှင့်အထုပ်ကို မီးပိုဆီသို့ ယူခဲ့၏။ မေမေကတော့ မျက်စိမှိတ်လျက် တရားကို ကြိုးစားမှတ်နေပုံရသည်။

သူမ ဝမ်းနည်းတုန်ယင်စွာဖြင့် စာကိုဖောက်သည်။ သူနှင့်မတွေ့ရတာ နှစ်ရက်ရှိပြီ။ ကိုယ့်ဒုက္ခတွေက ဖိစီးနေသည့်မို့ ချစ်သူကို အားကိုးတိုင်တည်မိချင်သမျှ သူက ပေါ်မလာခဲ့၊ ယခုတော့ နှုတ်တောင်မဆက်ဘဲ ခရီးသွားပြီတဲ့လေ။

ညဥ့်ဦးယံဟာ အရေးတယူနှုတ်ဆက်ဖို့ မထိုက်တန်သည့် အပေါ်စားချစ်သူတစ်ယောက်တဲ့လား။ ကျွန်မကို တကယ်မှ ချစ်ပါရဲ့လား မောင်ရယ်။





ညဥ့်ဦးယံ...

ပန်းချီကားတွေပြီးဖို့ အရေးကြီးနေတယ်၊ မောင်တစ်ယောက်တည်း ကျင်းခပ်ပြီး,ဆွဲမှ ပြီးမှာ။ ချစ်သူ့အနားမှာ တရစ်ဝဲဝဲလုပ်နေလို့တော့ အလုပ်က ပြီးတော့မှာမဟုတ်တော့ဘူး။ မင်းနဲ့ဆွဲတဲ့ပုံတွေလည်း အချောသတ်ရဦးမယ်။

မောင့်ပန်းချီပြပွဲက ရှေ့လဆန်း (ဒီဇင်ဘာ...၇ ရက်) နေ့မှာ စမယ်။ အခုပဲ နိုဝင်ဘာလဝက် ကျိုးနေပြီ။

မင်းအတွက် မောင် ငွေတစ်သောင်းခွဲ ပေးခဲ့တယ်။ မင်း မြကန်သာ–၂ မှာ သီချင်းသွားမဆိုရဘူး။ မောင် ခရီးသွားနေတဲ့ဆယ်ရက်အတွင်းမှာ ပေးတဲ့ငွေနဲ့လောက်အောင်သုံး။ မောင့်စကား နားထောင်ပါ။ လိမ်လိမ်မာမာလေးဖြစ်စေချင်တာ မောင့်ရဲ့ဆန္ဒပဲ။

မြင့်မိုရ်

သြော်. . . ကဗျာဆရာကြီးရဲ့ ချစ်သဝဏ်လွှာကလည်း ကဗျာမဆန်လိုက်တာ။ ယုံနိုင်စရာတောင်မရှိ၊ စာတစ်ကြောင်းမှာမှ ချစ်ခြင်းတွေနှင့် ပျော်ဝင်လွမ်းမြည့်မနေခဲ့ပါ။ ယောကျ်ားမွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ မလွမ်းတတ်ကြဘူးတဲ့လား။ ခွဲခွာသွားမည့်ရက်တွေအတွက် အမှာပါးခဲ့ပုံကလည်း အတ္တတွေသာ မဖုံးနိုင်မဖိနိုင်။ အမိန့်တွေ အာဏာတွေပဲ သုံးခဲ့သည်။

စာလေးကို စူးစူးနစ်နစ်ကြည့်ရင်း ညှို့ဦးယံ မျက်ရည်တွေ ပြိုကျလာသည်။ သူပေးခဲ့သည့်အထုပ်ကလေးကို ဖောက်ကြည့်လိုက်တော့ နှင်းဆီရဲရဲသုံးပွင့်နှင့် တစ်ထောင်တန်ငွေစက္ကူဆယ့်ငါးရွက်။ ငွေစက္ကူများက စိမ်းဖန့် မာတောင့်နေကြသည်။ စာကလေးကို သူမ အသေအချာ အားကိုးတကြီးရှာဖွေနေမိပြန်သည်။

လိပ်စာ. . . လိပ်စာ မပေးခဲ့ပါလား။

ချစ်သူရယ်. . . ရှင်ထားခဲ့တဲ့ရက်အတွင်းမှာ ကျွန်မဘဝ ကမောက်ကမ ကသောင်းကနင်းမဖြစ်အောင် ဘယ်လိုကြိုးစားရပါ့မလဲ။

ဆယ်ရက်ဆိုတဲ့အချိန်ဟာ လူသာမန်တို့အတွက် ဘာမျှမဖြစ်စကောင်းပေမယ့် ကံဆိုးမအတွက်တော့ ဆယ်သက် ဆယ်ကမ္ဘာ ဆယ်စကြဝဠာကြီးပါ။

ငွေစက္ကူစိမ်းစိမ်းများကို ပြန်ထည့်ရင်း နှင်းဆီစူးဖြင့် သူမကိုယ့်လက်ဖျံကို စူးစိုက်ပစ်လိုက်။





သွေးတို့က နီရဲရဲ. . .

မနက်ဖြန်. . .

ကျွန်မ ဦးချစ်ရုံနဲ့ရင်ဆိုင်ရတော့မယ်။ ကာကွယ်မှု မပေးနိုင်တော့မည့်အတူတူ ချစ်သူ့ဆူးနဲ့ ကျွန်မ နာကျင် စုတ်ပြဲပါရစေတော့။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

သူခေါ်နေလည်း× × × ကိုယ်မလိုက်ရဲဘူး× × ×
သတ္တိတွေ ကိုယ့်မှာ မရှိတော့ဘူး× × ×
နေစေချင်လည်း× × × ကိုယ်မခေါ်ရဲဘူး× × ×
သတ္တိတွေ ကိုယ့်မှာ မရှိတော့ဘူး× × ×

စင်မြင့်ပေါ်မှာ ဘောင်းဘီရှည်အနက်၊ ကိုယ်ကျပ်ဝတ်စုံအနက်. . . ပြိုးပြိုးပြက်ပြက်ဖြင့် ယခုတော့ ညဥ့်ဦးယံသည် ပိုးစုန်းကြူးတစ်ကောင် ပြန်ဖြစ်သွားခဲ့သည်။ ကျောထိ ရှည်လျားသောဆံနွယ်ရှိုင်းများကို ဖုံးအုပ်ရင်း ခန္ဓာကိုယ်အထက်ပိုင်းကို ဖုံးအုပ်ရင်း ထွန်းအိန္ဒြာပို၏သီချင်းကို သူမ ခံစားချက်အပြည့်ဖြင့် ဟစ်ကြွေးသီဆိုနေမိသည်။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်. . . ငါ့မှာ သတ္တိတွေ မရှိတော့ဘူး ချစ်သူ။ မင်းကို ဘယ်တော့မှ ရင်မဆိုင်ရဲတော့ဘူး။ ပိုးဖလံမျိုးဟာ မီးကို တိုးမယ်။ ချေးထဲက လောက်ဟာ ချေးထဲမှာပဲ ပျော်မယ်။ ဘယ်လိုမှ လက်ကမ်း ဆယ်တင်လို့မရဘူးရယ်လို့ မင်းစိတ်နာလိုက်ပါတော့။

**သတ္တိတွေ× × × ကိုယ့်မှာ မရှိတော့ဘူး× × × ဟူး× × ×**

နောက်ဆုံးစာသားကို သက်ပြင်းများနှင့်အတူ မှုတ်ထုတ်ရင်း ညဥ့်ဦးယံ ခေါင်းမော့လိုက်တော့ လက်ခုပ်သံများ ဆူညံပေါက်ကွဲ။ ဟား. . . သွားစမ်းပါ။ ငါက ဒါတွေကို သာယာနေတာမဟုတ်ဘူး။

သို့ပေမယ့် ဒယီးဒယိုင်နှင့် စားပွဲများမှ လူကြီးလူကောင်းများ သုံးလေးငါးဦးမက ထရပ် ထွက်လာကြပါပကော။ သူမကို ပန်းကုံးတွေ စွပ်ကြဦးမယ်ပေါ့လေ။ မောင်သာ မြင်ရင် ဘာပြောဦးမလဲ။ အနည်းဆုံး သူမကို လည်ပင်းညှစ်သတ်လိမ့်မည်။

အို! သွားစမ်းပါ၊ ကျွန်မ မှားတယ်။ ကျွန်မတို့ ဘဝချင်းခြားနားပြီးသားပါ။ ကောင်းကင်ကိုနမ်းဖို့ ကြိုးစားမိတဲ့ ညဥ့်ဦးယံရဲ့အမှားပါ။

ပန်းကုံးတွေ တစ်ကုံးပြီးတစ်ကုံး စွပ်တာကို ခံယူနေရ





ပေမယ့် သူမ မပြုံးပြခဲ့ပါ။ မပြုံးနိုင်ပါ။ မေမေ ဘယ်လိုနေမလဲ။ တစ်နေ့လုံး မေမေ့အနားမှာနေ၊ ညဘက်မှာ သီချင်းထွက်ဆိုနေရတဲ့ မေမေ့သမီးဟာ အသူရကာယ်မလေးလား။ မြကန်သာ-၂ နှင့် တစ်ပတ်မျှကင်းကွာပြီး ယခုပြန်လည်ဝင်ရောက်လာရတော့ မြကန်သာ-၂ ၏ ကြိုဆိုအားပေးမှုက မယုံလောက်စရာ။

"မင်းပါးလေးကို နမ်းချင်တယ်"

နောက်ဆုံး သရဖူဆောင်းပေးသူကြီး၏ တုန်ရီ မောလျသံကြောင့် ညဥ့်ဦးယံ အိပ်မက်လို လွင့်မျောနေမှုတွေအားလုံး တန့်ရပ် လန့်ဖျပ်သွားသည်။ ဒါမျိုးဖြစ်လေ့ဖြစ်ထရှိမှုတွေ ရှိလို့နေမှာပေါ့။ သူမကတော့ အလန့်တကြား နောက်ဆုတ်၊ ဣန္ဒြေမပျက် ဦးညွှတ်နှုတ်ဆက်ခဲ့ပြီး စင်ပေါ်မှဆင်းပြေးခဲ့သည်။

စင်အောက်မှာ နံရံတစ်ခုကိုမှီရင်း သူမ မောပန်း လန့်ဖျပ်နေမိဆဲ ဦးချစ်ရုံက အအေးတစ်ပုလင်း ပိုက်တပ်လျက် ပေးလာသည်။

"ကျေးဇူး"

"ငါက ကျေးဇူးတင်ရမှာပါ ညဥ့်ဦးယံ၊ မင်းပြန်ဝင်လာတဲ့ညမှာ မြကန်သာ-၂ ရောင်းအားတက်လာတယ်"

"တိုက်ဆိုင်မှုဖြစ်မှာပါ၊ ကျွန်မ ဒီလောက်မစွမ်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ရှိုက ပြုံးပြပြီး သူ့ကောင်တာသို့ ပြန်သွားသည်။ သူမ အအေးပုလင်းကို အားပါးတရ စုပ်သောက်လိုက်သည်။

t ဂျ. . . ရင်ထဲကို အေးမြချိုရှ။ သို့သော် သူမ တစ်ပုလင်းကုန်အောင် မသောက်ဖြစ်လိုက်။ စောစောက သရေ့ဆောင်းပေးသူလူကြီးက သူမအနီးသို့ လျှောက်လာခဲ့ပြီလေ။ သူ့စိမ်းဖန့်ဖန့်အကြည့်ကြောင့် ညဥ့်ဦးယံ အအေးပုလင်း လွှတ်ကျသွားခဲ့သည်။ ခရပ်ရှာအရည်တို့က ကြမ်းပြင်မှာ စီးမျောလွှန့်လူးလျက်။

▣

မျက်နှာမှာ ထိတွေ့လာသော နှင်းခဲအေးစက်စက်တို့ကြောင့် ညဥ့်ဦးယံ လန့်ဖျပ်သွားခဲ့သည်။ ဘယ်လိုလဲ၊ ကန္တာထီးထီး လွင်တီးခေါင်မှာ သူမရောက်နေတာလား။ ထိတ်လန့်တကြားမျက်လုံးဖွင့် လက်ထောက်လိုက်တော့ မွေ့ရာကြီးထဲ အိခနဲနစ်ဝင်သွားရသည်။ သူမ လန့်အော်လိုက်မိ၏။ သူမ ဘယ် အသူရကာယ်ဘုံကို ရောက်နေတာလဲ။

ရင်ပွင့်ထွက်မတတ် ထိတ်လန့်စိတ်ဖြင့် သူမ. . . ကိုယ်ရောက်နေရာကို ပြူးပြူးပြာပြာကြည့်မိသည်။ ခမ်းနားသောအိပ်





ခန်းတစ်ခုက မီးရောင်ပြာလဲ့လဲ့မှာ လဲသေလိုက်ချင်စဖွယ်။ ညဥ့်ဦးယံ မိမိကိုယ်ကို ပြန်လည်ငုံ့ကြည့်မိသည်။ ညဦးပိုင်းက ဝတ်စားထားသည့်အတိုင်း အနက်ရောင်ဝတ်စုံက ပုံမပျက်သေး။

"ဟေး. . . အချစ်ကလေး၊ နိုးပြီလား။ ဒီမှာ မင်းအတွက်စားစရာသောက်စရာတွေ ကိုယ်သွားယူနေတာ"

"ဟင်!"

ညဦးပိုင်းက သရဖူလူကြီးပဲ။ ဘယ်လိုကနေ ဘယ်လိုသူမ ဒီရောက်လာတာလဲ။ လူကြီးကတော့ ငွေလင်ပန်းတစ်ခုဖြင့်စားသောက်စရာများ သယ်ယူလာပြီး သူမအနီးမှ စားပွဲပေါ်သို့တင်လိုက်သည်။ ထို့နောက် သူမရှိရာကုတင်ဆီသို့ လျှောက်လာပူးကပ်ထိုင်ခဲ့သည်။ ညဥ့်ဦးယံ ကုတင်ပေါ်မှ ခုန်ဆင်းဖို့ပြင်လိုက်သည်။ သို့သော် အံ့ဩစရာ၊ သူမကိုယ်ခန္ဓာက ထုံထိုင်းလေးလံလျက်။

ဘုရားရေ! ကျွန်မ ဆေးမိခဲ့တာလား။ ညဦးပိုင်းကသောက်ခဲ့မိသော ခရပ်ရှာပုလင်းကို သတိရလိုက်သည်။ ဟုတ်တယ်၊ ဒါပဲဖြစ်မှာပဲ။ ခရပ်ရှာက ဖွင့်ပြီးသား၊ ပိုက်တပ်ထားပြီးသား။ သူမ ဦးချစ်ရှိုကို ကျိန်ဆဲလိုက်မိ၏။ လောလောဆယ်သူမ လူကြီးလက်မှာ မိသွားရသည်။ သူမ ဉာဏ်နီဉာဏ်နက်



www.burmeseclassic.com

www.burmeseclassic.com



တွေ သုံးရလိမ့်မည်။ လူကြီးဖက်ထားသောပခုံးကိုတော့ ရုန်းယူလိုက်သည်။

''ကျွန်မ ဘယ်လိုဖြစ်လို့ ဒီရောက်လာတာလဲ၊ အကျိုးအကြောင်းရှင်းပြပါဦး။ မဟုတ်သေးပါဘူး၊ ကာယကံရှင်က ဘာမှမသိလိုက်ရဘဲ ဘယ်လိုလုပ် ဒီရောက်လာရတာလဲ။ ရှင့်ကို ဘယ်သူက ပေးလိုက်တာလဲ''

ညဉ့်ဦးယံအမေးကို လူကြီးက ပခုံးတွန့်ပြသည်။ သူက အိပ်ရာကြီးပေါ်မှာ လဲလျောင်းဖို့ပြင်တော့ ညဉ့်ဦးယံ ကုတင်ပေါ်မှ အားတင်းခုန်ထပစ်လိုက်သည်။ သေရေးရှင်ရေးထက် အရေးကြီးချိန်မို့ သူမတစ်ကိုယ်လုံး မကြာမီ သွေးတွေဆူပွက်ကာ လေးလံမှုတွေ လျော့ပါးလာခဲ့သည်။ လူကြီးက သူမကိုပြုံးကြည့်နေခဲ့သည်။

''ထွက်ပြေးဖို့တော့ မကြိုးစားပါနဲ့ အချစ်ကလေးရယ်၊ ကိုယ့်အခန်းက ခြင်တစ်ကောင်တောင် ထွက်ပြေးလို့. . . အဲလေ ဝင်လို့မရဘူး။ ဘာလို့အမောခံပြီး ပြေးနေတော့မလဲကွယ်။ ကိုယ်နဲ့ ဒီတစ်ည အတူနေလိုက်လေ၊ တစ်သိန်းရမယ်''

''တစ်သိန်း! ''

''တစ်ခုတော့ရှိတယ် အချစ်ရဲ့၊ အဲဒီတစ်သိန်းက ကိုယ်





ဦးချစ်ရုံကို ပေးခဲ့ရပြီနော်။ မင်းမယုံရင် ဖုန်းဆက်မေးပေါ့။ အဲ, နေဦးကွ၊ သူ့ကိုသွားပြီး မနှောင့်ယှက်လိုက်နဲ့ဦး။ သူလည်း ခုချိန်လောက်ဆို သူ့ချစ်ချစ်ကြီးနဲ့ ငြိမ့်နေရောပေါ့။ အခု မစောတော့ဘူးလေ၊ ဆယ့်တစ်နာရီတောင် ကျော်နေပြီ''

ကျောချမှ ဓားပြမှန်းသိ၊ ဦးချစ်ရုံ၏ကောက်ကျစ်စဉ်းလဲမှုကို ညဉ့်ဦးယံ သိလိုက်ရသည်။ ခွေးကြီး. . . သူ့အကြွေးတွေကို ဒီနည်းနဲ့ အရယူတာပါလား။ အမုန်းတွေ အာဃာတတွေ ဒေါသတွေက သူမရင်မှာ တဟုန်းဟုန်းဆူပွက်လာခဲ့၏။ သရဖူလူကြီးကတော့ သူ့အိပ်ရာပေါ်မှာ ကျောဆန့်လဲလျောင်းနေရာမှ ထပြီး ကုတင်ပေါ် ခြေချထိုင်လိုက်ပြန်သည်။ မီးရောင်မှိန်မှိန်မှာ လူကြီးပုံစံက တစ္ဆေသရဲတစ်ကောင်နှယ်။

''ကဲ! မင်း တစ်ခုခုစားဦးမလား၊ ဘီယာသောက်ချင်ရင်လည်း သောက်၊ ပြီးရင် လာကွာ. . . မင်းအိပ်ပျော်နေလို့ စောင့်နေရတာကွ။ ကိုယ်တို့ပြန်လာတော့ ဆယ်နာရီ၊ ကိုယ်က နိုင့်ထက်စီးနင်းမလုပ်ချင်လို့ မင်းနိုးအောင် မျက်နှာကို ရေဆွတ်ပေးထားတာ၊ ငွေတစ်သိန်းလုံးလုံး ဦးချစ်ရုံကိုပေးလိုက်လို့ စိတ်မဆိုးပါနဲ့လေ။ မင်းကိုလည်း တစ်ခုခုလက်ဆောင်ပေးပါ့မယ်''

သွေးပျက်နေသည့်သူမကတော့ အခန်းကိုသာ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိသည်။ လက်နက်ရှာနေမိသည်။ ဘာမှလည်းမတွေ့ရ။ ပြီးတော့ သည်လူ့ဘီလူးကြီးကို အသနားခံလို့လည်း ရမည်မထင်။ အကြမ်းဖက်လို့လည်း လွတ်ရာလွတ်ကြောင်းမမြင်။ သူသွေးအေးနေတာက စားနေကျကြောင်ဖားကြီးပေမို့လည်း ဖြစ်မည်။ ဒီကိစ္စတွေသည် သူ့အတွက် ထမင်းစားရေသောက်ကိစ္စ သစ်သီးတစ်လုံး စားသည့်ကိစ္စမျှသာ ဖြစ်ပေလိမ့်မည်။ ဘယ်လောက်ပဲ တည်ငြိမ်အောင် ကြိုးစားကြိုးစား ညှို့ဦးယံ တုန်လှုပ်နေမှုကလည်း မဖုံးနိုင်မဖိနိုင်။ ဒီပြဿနာကြီးကို ဘယ်လိုဖြေရှင်းရမှာတဲ့လဲ။ မောင်ရေ. . . ကျွန်မကိုကယ်ပါဦး၊ ရုပ်ရှင်ထဲမှာလို သူမကိုကယ်တင်မည့်ဇာတ်လိုက်လည်း ပေါ်မလာနိုင်ခဲ့။

“ကဲပါကွာ. . . လာပါ၊ ကြောက်မနေနဲ့။ ကိုယ်ပေးခဲ့ရတဲ့ငွေကလည်း မနည်းဘူးနော်။ ကြည်ကြည်ဖြူဖြူပဲ ဖြစ်စေချင်တယ်။ ပျော်ပျော်ပါးပါးပေါ့ကွာ၊ နော်. . . ကဲ. . . မင်းဘာလုပ်ဦးမလဲ”

အိပ်ရာပေါ်မှလူကြီးက အနီးအငွေ့တွေ လွှတ်နေသော နဂါးကြီးနှယ်။ သူမတစ်ကိုယ်လုံးသို့ တန်အောင် သိမ်းကျုံးကြည့်နေတော့ ညှို့ဦးယံ နတ်ပူးသည့်နှယ် တုန်ယင်ယိမ်းယိုင်လာ၏။

ယုန်ကလေးတစ်ကောင်တောင် မသေခင်အထိတော့





လွတ်မြောက်ရေးအတွက် ကြိုးပမ်းပေမည်။ သူမတစ်ကိုယ်လုံး ဇောချွေးတွေ ရွှဲနစ်လာသည်။

“ကျွန်မ. . . ကျွန်မ. . . ရေ. . . ရေချိုးပါရစေဦးနော်။ အဝတ်လည်း လဲချင်တယ်”

“အေး. . . ဟုတ်တာပေါ့. . . ဟုတ်တာပေါ့၊ ကဲ! သွားသွား. . . ဟော. . . ဘယ်လဲ၊ ရေချိုးခန်းလည်း ဒီမှာပဲလေ။ ကပ်ရက်ပဲ။ အဝတ်တော့ ပေးစရာမရှိဘူး။ ကိုယ့်ညအိပ်ဝတ်စုံတစ်စုံကို ဝတ်လိုက်။ ကိုယ်ထုတ်ပေးထားမယ်”

ဘာပဲဖြစ်ဖြစ် သူမ လောလောဆယ် လွတ်မြောက်ရေးအတွက် ရေချိုးခန်းသို့ ညှို့ဦးယံ အပြေးဝင်ခဲ့သည်။ ဒီရေချိုးခန်းထဲမှာ တစ်ညလုံးနေလိုက်မယ်။ ဆောင်းတွင်းကြီးမို့ အအေးမိပြီး သေလည်းအေးတာပဲ။ သူမ ရေချိုးခန်းထဲမှာ ဇောချွေးတွေ ပျံပြီး တုန်လှုပ်စွာ ရပ်နေမိ၏။

ကမ္ဘာကြီးရယ်. . . ပျက်ချင်လည်း ပျက်သွားလိုက်ပါတော့လား။ ငလျင်တွေဘာတွေလည်း လှုပ်ပစ်လိုက်ပါတော့လား။ ဒါမှ တိုက်တွေပြို၊ သူမပါ သေ၊ မေမေ့ကိုတော့ သူမ လှမ်းပြီး စိတ်ပူသည်။ ယခုလို တစ်ညလုံးပြန်မလာနိုင်သည့်သမီးအတွက် မေမေ ရောဂါတိုးနေလျှင် ဒုက္ခဖြစ်မည်။ မေမေတစ်ခုခုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဦးချစ်ရှုံကြီးကို ညှ့်ဦးယံ သတ်ဖြစ်အောင် သတ်မည်။ အချိန်အနည်းငယ် ကြာမြင့်သွားဆဲ၊ အပြင်မှခေါ်သံကြားလိုက်ရသည်။ သူမ ပူပင်နေရသည်။

ယုတ္တိရှိအောင် ရေချိုးရမလား။ ဟာ. . . ဒီလူကြီးကိုများ အရေးစိုက်လို့။

''ညှ့်ဦးယံ. . . ညှ့်ဦးယံ''

သူမ တိတ်ဆိတ်ငြိမ်သက်နေမိသည်။ မျက်လုံးများကလည်း အားကိုးစရာလက်နက် ရှာသည်။ ရေချိုးခန်းထဲမှာ ဘာတွေများ တွေ့ရမလဲ။

''ဘေဘီ. . . ထွက်ခဲ့လေ၊ ဘဝဆိုတာ ပျော်စရာကောင်းကြောင်း မင်းကို ကိုယ်သင်ပေးမယ်။ ဒီတံခါးက နောက်တစ်ပေါက်ရှိသေးတယ်နော်။ ကိုယ်ဖွင့်ဝင်လာခဲ့ရမလား။ မင်းဖွင့်မပေးရင် ကိုယ် ဖွင့်ဝင်လာခဲ့မှာနော်။ အအေးပတ်ပြီး သေလိမ့်မယ် ကောင်မလေးရဲ့။ မင်း မချမ်းဘူးလား''

လူကြီးစကားကြောင့် ညှ့်ဦးယံ အလန့်တကြားဖြင့် ရေချိုးခန်းကို လှည့်ပတ်ကြည့်မိသည်။ ဟုတ်ချင်လည်း ဟုတ်မှာပါပဲ။ ဘယ်နေရာမှာ နောက်တံခါးပေါက် ရှိသေးသလဲ။ နောက်ဆုံးအကြိမ်အဖြစ် ရေချိုးခန်းကို သူမ ပြူးပြဲကြည့်လိုက်သည်။





စင်ကလေးပေါ်မှာ ဆပ်ပြာခွက်တွေ သွားတိုက်ဆေးဘူး သွားပွတ်တံနှင့် ဘူးကလေးတစ်ခု။ သူမ ဘူးရှည်ရှည်လေးကို ကပျာကယာ ပြေးဆွဲယူလိုက်သည်။ ဘူးကိုဖွင့်လိုက်တော့ သင်တုန်းဓား။ ဆံသဆိုင်တချို့မှာ သုံးခဲ့ဖူးသည့်မုတ်ဆိတ်ရိတ်ဓား။ သံဃာတော်များ ဦးခေါင်းတုံးသည့် သင်တုန်းဓား၊ မြည့်နေအောင် ပြတ်သော သင်တုန်းဓားလေးကို သူမ ဝမ်းသာအားရယူလိုက်သည်။

''ညှ့်ဦးယံ. . . တံခါးဖွင့်လေ၊ ကိုယ်ဘေးပေါက်က ဝင်လာမှာနော်''

ကိုယ့်မှာ လက်နက်ရှိနေပြီမို့ ရေချိုးခန်းတံခါးကို ညှ့်ဦးယံ ဖွင့်လိုက်သည်။

''ဟင်! ရေလည်းမချိုးပါလား၊ အညာမလေး။ ကဲပါ၊ လာပါ။ မချိုး. . . ချိုးချိုး၊ ကိုယ့်လေဒီကြီး ခရီးသွားနေလို့ ကဲခွင့်ရတာကွ။ လာ. . .''

လူကြီးက လက်ဆန့်တန်းဆဲ သူမက တံခါးဝမှ ခုန်ထွက်လိုက်သည်။

''ရှင် နောက်ဆုတ်၊ ကျွန်မကိုမထိနဲ့။ ဒီမှာ ဒါဘာလဲ ကြည့်စမ်း! ကျွန်မဘဝက မထူးတော့ဘူးနော်။ လူသတ်မှု ဝန်



www.burmeseclassic.com

www.burmeseclassic.com



မလေးဘူး''

လူကြီးက ညဉ့်ဦးယံကို 'ဟန်တွေလုပ်နေတာပါ' ဟူသောအကြည့်ဖြင့် ပခုံးတွန့်ပြီး အနားသို့ တစ်လှမ်းချင်း ကပ်လာသည်။

''လုပ်လိုက်လေ၊ မင်း လူမသတ်ရဲပါဘူးကွာ။ ကိုယ်နဲ့ အတူနေလိုက်တာက လူမသိသူမသိ ဘာပြဿနာမှမဖြစ်ဘူး။ မင်း ငါ့ကိုသတ်ရင် ပြဿနာတွေမှ တစ်သီကြီး။ ပထမဦးဆုံး အဖမ်းခံရမယ်ကွာ၊ နောက် ထောင်ကျမယ်၊ အနည်းဆုံး ထောင်ဒဏ်ဆယ်နှစ်ကနေ အနှစ်နှစ်ဆယ်သုံးဆယ်။ ကဲ! စိတ်ကူးမယဉ်စမ်းပါနဲ့ကွာ၊ နေစမ်းပါဦး၊ မင်းက ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် လုပ်ပြနေတာလား။ မင်းလိုညှို့ကြို့မလေးတစ်ယောက်က လူတစ်ယောက်နဲ့ ညအိပ်ရမှာများ မြေမျိုခံရတော့မယ့်အတိုင်း။ ဘဝဆိုတာ အလိုက်သင့်အလျားသင့်လေး ကူးခတ်ရတယ်ကွ။ ဘာဖြစ်လို့ ဆူးပွမ်းလမ်းကို လျှောက်မလဲ။ ကဲ! ကိုယ်ပြောမယ်၊ မင်းအတွက် မုန့်ဖိုးတစ်သောင်း ထပ်ပေးမယ်ကွာ၊ ကျေနပ်ပြီလား။ မင်းဓားကြီး ပစ်ချထားလိုက်စမ်းပါ။ အချစ်ကလေးကလည်း ကိုယ်က ကြောက်တတ်တယ်ကွ။ ချစ်လည်းချစ်တတ်တယ်၊ ဘယ့်နှယ်လဲ''





စကားရောဖွဲ့ရောဖြင့် လူကြီးက သူမအနားသို့ ကပ်လာပြီး ဓားကိုင်လက်ကိုဆွဲဖယ်လို့ ဓားကိုလုဖို့ ကြိုးစားသည်။

''ရှင် အနားကပ်မလာနဲ့နော်၊ ကျွန်မ အိုက်တင်လုပ်နေတာမဟုတ်ဘူး။ ကျွန်မ ဒီလိုမိန်းမစားမဟုတ်ဘူး''

''ဒါတော့ မင်းတို့ချင်း ရှင်းလေ၊ ကိုယ်ကတော့ တစ်သိန်းပေးခဲ့ရတာအမှန်ပဲ။ ပန်းဦးပန်ချင်သူအတွက် ဒီလောက်ပေးခဲ့ရတာ။ မင်းကလည်း ညှို့အားပြင်းတယ်မဟုတ်လား။ ကဲ! ကြာပါတယ်ကွာ. . . လာ''

လူကြီးက ဆတ်ခနဲအငိုက်ဖမ်းပြီး သူမလက်ကိုဆွဲတော့ ညဉ့်ဦးယံ ကိုင်ထားသောသင်တုန်းဓားဖြင့် ရမ်းပစ်လိုက်သည်။

''ဟော့! ငါစိတ်ဆိုးလာပြီနော်၊ မင်း ဓားကိုပစ်ချမလား မပစ်ချဘူးလား၊ ဒါပဲပြော''

''မချဘူး၊ ကျွန်မကို တံခါးဖွင့်ပေး၊ ကျွန်မ အိမ်ပြန်မယ်''

''အောင်မယ်! ဘယ် အူကြောင်ကြောင်လုပ်လို့ရမလဲ။ ငါ့ပိုက်ဆံတွေ ဘယ်လိုလုပ်မလဲ။ မင်းကိုမလွှတ်နိုင်ဘူး။ ပြီးတော့ ဒီအချိန်ကြီး လမ်းပေါ်ရောက်ရင် လမ်းပေါ်က အန္တရာယ်က ပိုဆိုးမှာပေါ့''

''မဆိုးဘူး၊ ရှင့်ထက်တော့ ဘယ်အရာမှ မဆိုးနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီညကတော့ ကျွန်မအတွက် နောက်ဆုံးညပဲ။ ကျွန်မ အရမ်းစိတ်ဆင်းရဲနေတယ်။ ရှင့်က လူ့အဖိုးတန်၊ လူကြီးလူကောင်းတစ်ယောက်ပါ။ ဘယ့်နှယ်လဲ. . . မိန်းကလေးတစ်ယောက်အတွက် ရှင့်ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို အဆုံးရှုံးခံမှာလား''

''ငါကလည်း ဘယ်လည်စင်းပေးမလဲကွ''

''ဟုတ်ပြီလေ၊ လုံးထွေးသတ်ပုတ်ကြပြီပဲထား။ ကျွန်မက ဓားနဲ့ သူများအသားလှီးရတာ ကိုယ့်အသားလှီးတာမှမဟုတ်ဘဲရှင့်။ ရှင့်ကိုခုတ်ဖို့ထစ်ဖို့များ ကျွန်မက ဘာနှောင့်နှေးနေစရာလိုမလဲ။ သတ္တိရှိရင် လာခဲ့၊ ကျွန်မက အိမ်မှာ ငါးခုတ်နေကျ။ ဒီညတော့ ရှင်ဟာ ငါးတစ်ကောင်ဖြစ်စေရမယ်''

သင်တုန်းဓားကို ဟန်ပါပါရမ်းရင်း ညဥ့်ဦးယံ ပွဲကြမ်းနေတော့ လူကြီးအကြံအိုက်သွားသည်။ စားရမှာလည်း သဲနှင့်ရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီနှင့်ဝင်းဝင်းဆိုတာ ဒါမျိုးဖြစ်မှာပဲ။ မျက်စိရှေ့မှောက်မှာ လှပဖုထစ်နေသည့်ကောင်မလေးကို မျက်နှာလွှဲလိုက်ရပေတော့မည်။

''ဒါဖြင့် ငါ့ပိုက်ဆံဆုံးပြီပေါ့''

''ဒါ ကျွန်မကိစ္စမဟုတ်ဘူး၊ ရှင့်ကိစ္စပဲ။ ကိုယ့်ဘာသာသွားရှင်း။ ဦးချစ်ရုံကိုလည်း ကျွန်မ မကျေဘူး။ ဒီည သူ့ကိုသွား





သတ်ဖြစ်အောင် သတ်မယ်''

ရဲရဲတောက်နေသော ညဥ့်ဦးယံကိုကြည့်လိုက်၊ လက်ထဲက သင်တုန်းဓားကိုကြည့်လိုက်နှင့် နောက်ဆုံး လူကြီး လက်လျှော့လိုက်သည်။ သူ့အခန်းထဲမှ ဘဲလ်တစ်ခုကိုနှိပ်လိုက်သည်။ အတန်ကြာတော့ ပိန်ပိန်ရှည်ရှည်လူကြီးတစ်ယောက် ရောက်လာခဲ့သည်။

''မောင်သန်းရေ၊ ဒီကောင်မလေးကို သူသွားလိုရာလိုက်ပို့လိုက်ပါကွာ''

ပြောပြီး လူကြီးက သူမကို ဆလံပေးလိုက်သည်။

''မင်းတို့မြကန်သာတော့ ဆလံပါပဲကွာ၊ ငါညှံ့လို့ ခံလိုက်ရတယ်ပဲ သဘောထားလိုက်ပါတယ်။ တကယ့်လူရှုပ်တွေပဲ''

သူကပဲ တစ်ပြန့်စီး ပြောရသေးသည်။ သင်တုန်းဓားကို လက်မှမချသေး။ လောကကြီးကို စိတ်မချသေး။ မောင်သန်းဆိုသူနောက်မှ ခပ်သွက်သွက်လိုက်ရသည်။

ခမ်းနားသောတိုက်ခန်းမှထွက်တော့ ဆလွန်းကားပေါ်သို့ ညဥ့်ဦးယံ တက်ရသည်။ ယခုလိုလိုက်ပို့ခိုင်းတာ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ရပါသည်။ သို့သော် သင်တုန်းဓားတော့ ကိုင်ထားမြဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုပို့ပေးရမလဲ"

"မြကန်သာ – ၂ "

မြကန်သာများ၏ခြံဝင်းထဲမှာပဲ ဦးချစ်ရုံ၏တိုက် ရှိသည်လေ။

◘◘◘



## အခန်း (၁၂)

ညဥ့်ဦးယံ မိမိအိမ်ရှေ့ ပြန်ရောက်တော့ နံနက်လေးနာရီ၊ လမ်းပေါ်မှာ ကားသံ ဆိုက်ကားသံ အော်သံခေါ်သံများကလည်း ပြန်လည်စည်ကားဆူညံလာခဲ့၏။ သူမ အိမ်ကလေးသို့ အဝေးမှ လှမ်းကြည့်လိုက်သည်။ လျှပ်စစ်မီးမရသဖြင့် မည်းမှောင်နေသင့်သည့်အိမ်ကလေးထဲ ဖယောင်းတိုင်မီးပျပျကို တွေ့ရသည်။

မေမေ မအိပ်ဘူးလား၊ မေမေ တစ်ညလုံး မအိပ်ခဲ့ဘူးလား။ အချိန်လွန် ညလုံးပေါက်ပျောက်နေသည့်သမီးကို တစ်ညလုံး မအိပ်ဘဲ စောင့်နေခဲ့ပေမည်။ ညဥ့်ဦးယံ အံကိုတင်းတင်းကြိတ်၊ နှုတ်ခမ်းကို ပြတ်မတတ်ကိုက်ရင်း ယခုတိုင် မလဲဖယ်ရသေးသည့် အနက်ရောင်ကိုယ်ကြပ်ဝတ်စုံ ပြိုးပြိုးပြောင်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲဆုတ်ပစ်ချင်စိတ် ပေါက်မိ၏။ သူမ၏အဝတ်အစားထည့် သည့်အိတ်နှင့် စလင်းဘက်၊ မြကန်သာအဝတ်လဲခန်းထဲမှာ ကျန်ခဲ့သည်။

စိတ်ဖိစီးမှုဒဏ်ကို တစ်ညလုံးခံခဲ့ရသဖြင့် သူမ ဖရိုဖရဲ ကြောင်တိကြောင်တောင်ဖြစ်နေသည်။ ဒီရုပ်ကြီး ဒီပုံစံကြီးနဲ့ မေမေ့ရှေ့ ဘယ်လိုဖြတ်ကျော်ရမလဲ။ မေမေ လန့်ဖျပ်အသက်ထွက်သွားပေလိမ့်မည်။ ဆံပင်များကို လက်နှင့်အတတ်နိုင်ဆုံး သေသပ်အောင် ပြင်ဆင်ရသည်။ သင်တုန်းဓားကတော့ ပိတ်ပြီး ခါးကြားမှာ ထိုးဝှက်ထားဆဲ။

ညှို့ဦးယံ အိမ်နားသို့ တစ်လှမ်းချင်း တိုးကပ်သွားနေမိသည်။ နေထွတ်တို့အိမ်ဘက်မှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်။ ကားထားသည့်နေရာလေးမှာ ကားတွေ့ရသေးသဖြင့် နေထွတ် ကားမထွက်သေးတာ သိလိုက်သည်။

သူမ ကိုယ့်အိမ်ကိုယ် ထရံပေါက်ကလေးများမှ ချောင်းကြည့်လိုက်သည်။ မေမေ ဘုရားစင်ရှေ့မှာ ပုတီးစိတ်နေသလား။ ဒါမှမဟုတ် ငြိမ်သက်စွာ လဲလျောင်းနေသလား။

"ကျွိ. . ."

နားပါးသည့်မေမေက ဝရန်တာသို့ ညှို့ဦးယံ တက်လာ





ကတည်းက ကြားခဲ့သည်ထင်၏။ တံခါးရွက်က ပွင့်ဟလာခဲ့သည်။ သူမ မေမေ့ကိုရင်မဆိုင်ဝံ့သေးသဖြင့် အိမ်ထရံနားသို့ ဖားလေး တစ်ကောင်နှယ် ကပ်နေမိခဲ့သည်။

"ညှို့ဦးယံ"

"ဟင်! နေထွတ်"

သူမတို့အခန်းထဲမှ နေထွတ် ထွက်လာသဖြင့် ညှို့ဦးယံ အံ့အားသင့်သွားသည်။

"မေမေနေမကောင်းလို့ စောင့်အိပ်ပေးတာလားဟင်"

နေထွတ်က ညှို့ဦးယံမေးခွန်းကို မဖြေ။ အိမ်ထရံမှာ ကပ်နေသည့် အမှောင်ထဲမှ ညှို့ဦးယံကိုသာ စူးစူးဝါးဝါးကြည့်နေခဲ့သည်။

"နင်ပျက်စီးနေပြီ ညှို့ဦးယံ"

နေထွတ်အသံက အက်ကွဲစိမ်းဖန့်။ ထို့အတူ တိုးတိုးလျလျ။ သူ ညှို့ဦးယံကို အတင်းလက်ဆွဲပြီး အခန်းမီးရောင်အောက် ဆွဲသွင်းသည်။

ယခုတော့ ညှို့ဦးယံ မီးရောင်အောက်မှာ နေထွတ်ရှေ့မှောက်မှာ ခေါင်းငုံ့မတ်တပ်ရပ်နေရသည်။

"မေမေရော"



www.burmeseclassic.com

www.burmeseclassic.com



''သြော်. . . နင့်မှာ မအေတစ်ယောက်လုံး ရှိသေးတာ သတိရသေးသားပဲ။ ကြည့်စမ်းပါဦး၊ နင့်ပုံစံကို နင်ပြန်ကြည့်စမ်းပါဦး။ ပြောစမ်းပါဦး ညဥ့်ဦးယံရဲ့၊ မအေကို စိတ်ချမ်းသာအောင် လုပ်ကျွေးနေတယ်ဆိုတဲ့ မိန်းမလိမ္မာကြီးရဲ့။ တစ်ညလုံး နင် ဘယ်တွေသွားနေသလဲ၊ ဘာလဲ. . . နင့်ရည်းစားက ပြန်မလွှတ်လို့လား''

''မပြောနဲ့၊ နင် သူ့ကိုထိခိုက်ပြီး ဘာမှပြောစရာမလိုဘူး။ သူလည်း ဒီမှာမရှိဘူး''

မြင့်မိုရ်ကိုထိတော့ ညဥ့်ဦးယံ ပြန်အော်လိုက်နိုင်သည်။ ချုံးချုံးကျ ခွန်အားတွေ ကင်းမဲ့နေပေမယ့် မောင့်ကိုထိတော့လည်း သူမ နာတတ်ခဲ့သည်။

''ဒါဖြင့် နင်ဘယ်တွေမှာ လျှောက်အလေလိုက်နေခဲ့တာလဲ၊ ကိုယ့်မအေကြီးက နှလုံးရောဂါသည်ကြီးဆိုတာ နင်မသိဘူးလား။ ဟင်. . . နင်မသိဘူးလား''

''ဖျန်း''

နေထွတ်စကားဆုံးတော့ ညဥ့်ဦးယံ သူ့ရင်ဘတ်ကြီးကို ဖျန်းခနဲမြည်အောင် အားထည့်ရိုက်ပစ်လိုက်သည်။ လူတွေဟာ ယောကျ်ားတွေဟာ ကိုယ့်တစ်ဖက်တည်းကိုပဲ လောကကြီးကို





ကြည့်တတ်ကြတယ်။ ညဥ့်ဦးယံ ဘယ်လိုရင်ဆိုင်ခဲ့ရသလဲ။ ဘာတွေကို ကျော်ဖြတ် ဖောက်ထွက်ခဲ့ရသလဲ၊ မမေးခဲ့။

သူမ နေထွတ်ရှေ့မှ ထွက်ခဲ့သည်။ အိမ်ထဲခန်းသို့ ဝင်ပြီး အဝတ်လဲမည်။ မေမေ အိမ်ထဲမှာရှိမှာပဲ။ မေမေနိုးသွားမှာ စိုးသဖြင့် သူမ ခြေဖျားဖွဖွဖြင့် အိမ်ထဲသို့ဝင်ခဲ့သည်။

''ဟင်!''

မေမေ အိမ်ထဲမှာလည်း မရှိပါလား။ အိမ်သာများ သွားလေသလား။ ပြတင်းပေါက်ဖွင့်ပြီး အိမ်သာသို့မျှော်ကြည့်မိပြန်သည်။ အိမ်သာကလည်း ဟောင်းလောင်း။ သူမ အပြင်ခန်းသို့ ပြန်ထွက်ခဲ့သည်။ နေထွတ် မရှိတော့။ နေထွတ် သူတို့အခန်းသို့ ပြန်သွားပြီဖြစ်သည်။ ညဥ့်ဦးယံ အိမ်ရှေ့ဝရန်တာလေးမှ နေထွတ်ဆီသို့ အပြေးလေး လိုက်သွားသည်။

''နေထွတ်. . . မေမေ. . . မေမေရောဟင်၊ မေမေ ဘယ်မှာလဲ။ မေမေ ဒေါ်ဒေါ်နဲ့လာအိပ်နေသလား''

''ခုမှလာမမေးနဲ့ သွား. . . အလကားမိန်းမ။ နင့်ကို သိပ်အထင်သေးသွားပြီ။ သိပ်ရွံသွားပြီ''

နေထွတ်စကားများကြောင့် သူမခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားသည်မှာ ရေနွေးအဖျောခံရသည့် ကြက်မစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်နယ်။ အထင်သေးသွားပြီ ရွံသွားပြီတဲ့လား နေထွတ်ရယ်။ ဟုတ်တယ်. . . နင် ငါ့ကိုအထင်သေးသင့်တယ် ရွံသင့်တယ်။ ဒါပေမဲ့ နေပါဦး၊ ဆုံးဖြတ်ချက်တွေ မစောလိုက်ပါနဲ့ဦး။

သူမ နေထွတ်ကို ပြောစရာစကားမရှိ။ သူရင်ဆိုင်ခဲ့ရသည့်အဖြစ်တွေက မောင်နဲ့နှမ၊ သားအမိ ကြားသင့်ကြပါရဲ့လား။ ဒါဟာ မြကန်သာမှာ ညှော်ကြိုလုပ်မိသည့် အဆိုတော်လုပ်မိသည့် အဖြစ်၏ရလဒ်ပေပဲလား။

"နေထွတ်"

"မခေါ်နဲ့. . . သွား"

သူမဘက်သို့ နေထွတ် လှည့်မကြည့်ပေမယ့် ညဥ့်ဦးယံ စိတ်မကွက်နိုင်။ မျက်ဝန်းဖြင့် ရှာဖွေကြည့်တော့လည်း ဒီဘက်ခန်းမှာ မေမေ့ကိုမတွေ့ရ။

"နင် ကိုယ်ချင်းစာပါနေထွတ်ရဲ့၊ မေမေ ဘယ်သွားလဲ။ မေမေ့ကို ဘယ်သူခေါ်သွားသလဲ။ ငါ့မေမေ ဘယ်ကိုထွက်သွားပြီလဲဟင်။ နင် ငါ့ကိုမုန်းချင်မုန်း သတ်ချင်သတ်လိုက်ပါ။ ဒါပေမဲ့ မေမေဘယ်မှာလဲဆိုတာတော့ ပြောစမ်းပါ"

"အပိုတွေ. . . မှုယာမာယာတွေ"

စကားအဖြစ် ထွက်မလာသော်ငြား နေထွတ်အကြည့်





တွေက အသံထွက်နေကြသည်။ ပြင်းထန်သည့်ခံစားချက်များကြောင့် နေထွတ်မှာလည်း မျက်နှာတစ်ခုလုံး ပျက်ယွင်းအိုစာလျက်။

နောက်ဆုံး သူစိတ်လျှော့လိုက်သည်။

"နင့်မေမေ ဆေးခန်းမှာ၊ ညဦးပိုင်းက အရမ်းအမောကျပ်လာလို့ ဆေးခန်းတင်လိုက်ရတယ်။ အခု ငါ့မေမေ စောင့်ပေးနေတယ်"

"ဟင်! "

ကြားလိုက်ရသည့်သတင်းကြောင့် ညဥ့်ဦးယံ မိုးကြိုးပစ်သလို ခံစားလိုက်ရသည်။ ဖြစ်မှဖြစ်ရလေ မေမေရယ်။ သူမဆတ်ခနဲ တစ်ဖက်ခန်းသို့ ပြန်ပြေးဖို့ပြင်သည်။ မေမေ့ထံ သွားမည်။ ငွေရေးကြေးရေးလည်း ဘယ်လိုဖြေရှင်းမလဲ။ မေမေ အားငယ်နေရှာမှာပဲ။

နေထွတ်က သူမလက်မောင်းတစ်ဖက်သို့ ဆောင့်ဆွဲထားလိုက်သည်။

"နင် ခဏနားလိုက်ဦး၊ ဒီရုပ်နဲ့လိုက်သွားရင် မေမေတင် တစ်ခါတည်းအသက်ထွက်သွားလိမ့်မယ်။ ပြီးမှ ငါလိုက်ပို့မယ်။ မိုးလင်းမှ လိုက်ပို့မယ်။ အဝတ်လဲ၊ ခဏအနားယူလိုက်"



www.burmeseclassic.com

www.burmeseclassic.com



''ဟင့်အင်း. . . ငါ''

''ကျွတ်! ငါရိုက်ပစ်လိုက်ရရင် သေတော့မယ်။ သွား ခဏနားလိုက်''

နေထွတ်၏ဒေါသတကြီးစကားကြောင့် သူမ နာခံလိုက်ရသည်။ မေမေ့ကိုစိတ်ပူပေမယ့် ဖြစ်သင့်ဖြစ်ထိုက်တာကို နာခံရပေမည်။

''အခုတော့ မေမေသက်သာနေပြီလားဟင်၊ ရှင်လိုက်ပို့တယ်မဟုတ်လား''

''ပို့တယ်၊ ငါ ညတစ်နာရီကျော်မှ ဆေးခန်းကပြန်လာခဲ့တာ။ အခုတော့ သက်သာနေပါပြီ''

နေထွတ်က အပိုစကားမပြော။ ဖွယ်ဖွယ်ရာရာမပြော။ သူမကို လှည့်လည်းမကြည့်။ သူ့အခန်းမှ ညဉ့်ဦးယံ ထွက်ခဲ့၏။ လောလောဆယ် သူမ ခေတ္တနားလိုက်ပါဦးမည်။ ခံစားပေါက်ကွဲခဲ့ရသည့်အဖြစ်တွေက ပန်းပဲဖိုမှ ဓားတစ်စင်းနှယ် အပူပေးခံရလိုက်၊ အအေးပေးခံရလိုက်။ မိမိကိုယ်လည်း ဘာမှန်းညာမှန်းမသိတော့။

ကိုယ့်အိမ်ထဲမှာ သက်တောင့်သက်သာ အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ပြီး မေမေနှင့်အတူအိပ်ခဲ့သည့် အိပ်ရာ





လေးမှာ ညှင်သာစွာ သူမ လဲလျောင်းခဲ့သည်။


မနက်လင်းရင် နေထွတ် မေမေ့ဆီ လိုက်ပို့လိမ့်မည်။ ယခု အနားယူလိုက်တာ အကောင်းဆုံး။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ညည့်ဦးယံ. . . ညည့်ဦးယံ"

"ညည့်ဦးယံ"

သူမအိပ်နေသည့်အခန်းထဲရှိ လက်ဖြင့်ပုတ်ရင်း ခပ်အုပ်အုပ်ခေါ်နေသည့်အသံကြောင့် ညည့်ဦးယံ လန့်နိုးသွားသည်။ တကယ်က အိပ်ပျော်သွားသည်လို့တော့လည်းမဟုတ်ပါ။ မောပန်းနွမ်းနယ်နေခဲ့သည့် သူမ၏ကိုယ်ခန္ဓာအစိတ်အပိုင်းများ ခေတ္တမေ့မျောသွားကြတာပဲဖြစ်ခြိမ့်မည်။

"ဟင်. . . အင်"

ကယောင်ကတမ်း ထူးသံပေးမိဆဲ. . .

"အပြင်ဘက်ကို ချောင်းကြည့်လိုက်စမ်း၊ နင် ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့သလဲ ညဥ့်ဦးယံ၊ နင်ဘာတွေဖြစ်ခဲ့သလဲ''

နေထွက်၏စကားကြောင့် ညဥ့်ဦးယံ လန့်ဖျပ်သွားပြီး အခန်းအပြင်ဘက်သို့ ထရံပေါက်မှ ချောင်းကြည့်လိုက်သည်။

''ဟင်!''

အပြင်ဘက်မှာ ရဲတွေပါလား။ သူမတို့အိမ်ကလေးကို ဝိုင်းထားကြသည်။ ယခုတော့ ကမ္ဘာလောကသည် ညဉ့်ဦးပိုင်းက မှောင်ခဲ့တာ သူမဟုတ်သလို အလင်းတွေက ထိန်ထိန်ကျဲနေပေတော့သည်။

''ညဥ့်ဦးယံ၊ နင်. . . နင် မဟုတ်တာတွေ လုပ်ခဲ့တာလား''

နေထွက်အသံက တုန်တုန်ရီရီပေါ်လာပြန်သည်။ သူမနှင့် နေထွက်သည် ထရံတစ်ချပ်ခြားကာ စကားပြောနေကြသည်။

''ဟုတ်လား၊ ငါမဟုတ်တာတွေ လုပ်ခဲ့သလား''

''ကျွတ်! အူကြောင်ကြောင်မလုပ်စမ်းနဲ့ ညဥ့်ဦးယံ။ နင်ပုန်းနေမလား၊ နောက်ဖေးမီးဖိုချောင်လေးကနေ ဒီဘက်ကို တိတ်တိတ်ကလေး ကူးခဲ့၊ ကားထဲမှာဖြစ်ဖြစ် တစ်နေရာမှာဖြစ်ဖြစ် ငါဖွက်ထားပေးမယ်''

နေထွက်စကားကြောင့် သူမ တုန်လှုပ်စပြုသည်။ ဒီရဲ





တွေဟာ သူမကိုဖမ်းရအောင် လာတာလား။ သူမ ဘာပြစ်မှုတွေ ကျူးလွန်ခဲ့မိသလဲ။ ပြန်စဉ်းစားမိတော့ ကြုံခဲ့ရသည့်ညသည် မီးလျှံထဲမှာ လျှောက်ပြေးလွှားခဲ့ရသည့်ပိုးဖလံနှယ် အရာရာသည် ဝေဝေဝါးဝါး။

''ဒီရဲတွေဟာ ရှင့်ဆီလာတာရော မဖြစ်နိုင်ဘူးလား''

သူတို့ငြင်းခုန်နေမိဆဲ ရဲအရာရှိသည် ညဥ့်ဦးယံ၏ အိမ်ခန်းတံခါးဝသို့ ရောက်လာခဲ့သည်။ ကံကြမ္မာသည် လွှဲဖယ်လို့ မရစကောင်း။ ညို့ချက်မိခံနေရသည့်ယုန်တစ်ကောင်နှယ် သူမ တံခါးကိုသွားဖွင့်ပေးလိုက်သည်။

တံခါးဝမှာ ဝတ်စုံပြည့်ရဲအရာရှိများကို မြင်လိုက်ရတော့ သူမ ငေးကြောင်ကြည့်နေမိသည်။ သူတို့အားလုံး အခန်းထဲသို့ မဝင်မီ တစ်ဖက်ခန်းမှနေထွက်က ကမူးရှူးထိုး သူမအနားသို့ ရောက်လာသည်။

မောင်သာ အနားမှာရှိလျှင် ကောင်းမှာပဲ။ အိုလေ၊ ဒါတွေ ပြီးဆုံးခဲ့ပါပြီ။ မြင့်မြတ်မှုကို အလိုရှိသော အထက်တန်းစားမိန်းမကိုမှ အထင်ကြီးသောမောင်သည် ဤအဖြစ်မျိုးကို နှစ်သက်နိုင်မည်မဟုတ်။

''ဘာကိစ္စရှိလို့ပါလဲရှင်''



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သလား။ ဒီဇာတ်ဝင်ခန်းမှာ ဒီလိုမေးလိုက်ရမှာလား။ သူမအမူအရာတွေက သေသပ်လှသည်တော့မဟုတ်ပါ။ သူမ အနည်းငယ်တုန်ရင်နေခဲ့သည်။ နေထွတ်သာ အနားမှာ ဖေးမမထားဖြစ်ခဲ့ဘူးဆိုလျှင် ညဥ့်ဦးယံ လဲကျသွားနိုင်လောက်ပါသည်။

ရဲတွေ အမှုအခင်းနှင့် ကြုံဆုံမြင်တွေ့လိုက်ရသည့် မိန်းမသားတိုင်း ဤကဲ့သို့ဖြစ်မှာပါပဲ။

"ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့ စခန်းကို ခေတ္တလိုက်ခဲ့ပါ"

"ဘာ. . . ဘာဖြစ်လို့ပါလဲခင်ဗျာ"

နေထွတ်က ကြောင်စီစီဝင်မေးသည်။

"လူသတ်မှုတစ်ခုအတွက် မေးစရာရှိလို့ပါခင်ဗျာ။ သေသူရဲ့အနီးမှာ ဒီက မညဥ့်ဦးယံရဲ့စလင်းဘက် ပြန့်ကျဲနေခဲ့ပါတယ်။ မှတ်ပုံတင်တွေရော ဘာတွေရော"

"ရှင်!"

"ဗျာ!"

သူမတို့နှစ်ယောက်စလုံး သွေးပျက် ထိတ်လန့်သွားကြသည်။





"သူ. . . သူ သေသွားပြီလားဟင်၊ ဟင့်အင်း. . . ကျွန်မ သူ့ကိုမသတ်နိုင်ခဲ့ပါဘူး။ သတ်ချင်ပေမယ့် မသတ်ဖြစ်ခဲ့ပါဘူး"

"ဘယ်သူလဲ၊ ညဥ့်ဦးယံ နင် ဘယ်သူ့ကိုသတ်ပစ်ခဲ့တာလဲ"

နေထွတ်က သူမပခုံးကို သွေးရူးသွေးတန်း ကိုင်လှုပ်နေသဖြင့် ညဥ့်ဦးယံ မူးဝေလဲကျသွားတော့မတတ်။ ဒီည သူမ မအိပ်ခဲ့ရဘူးမဟုတ်လား။ ညဥ့်ဦးယံ အနားမယူဖြစ်ခဲ့သေးပါပေ။

"သူ. . . ဦးချစ်ရုံကို သတ်ခဲ့တယ်လေ"

"အို! မဟုတ်ပါဘူး"

"သူသတ်တယ်လို့ ကျွန်တော်တို့ တစ်ထစ်ချ မစွပ်စွဲသေးပါဘူး။ ဦးချစ်ရုံအနားမှာ စလင်းဘက်တွေဘာတွေ တွေ့တာရယ်၊ မျက်မြင်သက်သေအချို့ရယ်ကြောင့် မညဥ့်ဦးယံကို ခေတ္တခေါ်သွားမှာပါ။ အမှုမှန်အတိုင်းဖြစ်စေရမှာပေါ့။ မစိုးရိမ်ပါနဲ့ခင်ဗျာ"

ရဲအရာရှိများအနက် တစ်ယောက်က ချေချေငံငံရှင်းပြသည်။ အသက်ကြီးကြီး ဗိုက်ရွှဲရွှဲဝဝတစ်ယောက်ကတော့ သူမကို တရားခံတစ်ယောက်အလား အလွတ်မပေးဘဲ ကြည့်ပုံမျိုး စောင့်ကြည့်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . ကျွန်မ မသတ်ဘူး၊ ကျွန်မ သူ့ကိုမသတ်နိုင်ခဲ့ဘူး၊ ဟုတ်တယ်. . . တကယ်က သူ့ကို ကျွန်မသတ်ပစ်ချင်တာ၊ အစိမ်းလိုက် ဝါးစားပစ်ချင်ခဲ့တာ။ ဒါပေမဲ့ သူက သိုးတစ်ကောင်မှမဟုတ်ဘဲရှင့်။ သူက ကောက်ကျစ်ယုတ်မာတဲ့ ကျားငစဉ်းလဲကြီးပဲ။ ကျွန်မ မသတ်နိုင်ခဲ့ပါဘူး. . . ရဲအရာရှိကြီးရယ်။ ကျွန်မပြောတာကို ယုံပါ"

သူမ အသံတင်မက တစ်ကိုယ်လုံး တုန်ရင်လာခဲ့သည်။ အပျက်အပျက်နှင့် သူမ အဖမ်းခံရတော့မှာပါလား၊ ညွှန့်ဦးယံ အဖမ်းခံရတော့မည်။ မေမေ. . . မေမေ့ကို ဘယ်လိုလုပ်ပေးနိုင်တော့မလဲ။ မေမေ့ကို ဘယ်သူပြုစုလုပ်ကျွေးပါတော့မလဲ။

သည့်ထက်ပိုပြီးအရေးကြီးသည်က ဒီသတင်းကို မေမေကြားလျှင် သူမအဖမ်းခံရတာကို မေမေသိရလျှင် နှလုံးရောဂါသည် မေမေသည် ဗိုင်းခနဲ လဲကျသေဆုံးသွားနိုင်သည်။

အခန်းကြမ်းပြင်မှာ အရုပ်ကြိုးပြတ် ပုံကျ၊ ညွှန့်ဦးယံ ငိုရှိုက်ပူဆွေးမိတော့သည်။

"နင် ဦးချစ်ရှံ့ကို တကယ်သတ်ခဲ့သလားဟင် ညွှန့်ဦးယံ။ ညက နင်ဘာတွေဖြစ်ခဲ့သလဲ"

သူမအနီးမှာ မေးကြောကြီးတွေ ထန်တင်းနေသည့် နေ





ထွတ်ရုပ်သွင်ကလည်း ပေါက်ကွဲတော့မည့် ချိန်ကိုက်ဗုံးကြီးနှယ်။ သူမ ခေါင်းကို ခပ်သွက်သွက် ခါရမ်းပြလိုက်သည်။

"ဟင့်အင်း. . . ငါမသတ်ပါဘူး နေထွတ်ရဲ့။ ငါမသတ်နိုင်ခဲ့ပါဘူး"

"ဒါဖြင့် ဦးချစ်ရှံ့အနားက စလင်းဘက်နဲ့ဓားကရော"

သူမ ခေါင်းညိတ်ပြသည်။ ဒါ ညဦးကတည်းက ကျွန်နေခဲ့တာပဲ။ တကယ်သတ်သူက ယူငင်အသုံးပြုခဲ့မှာပေါ့။

"ကျွန်မ. . . ကျွန်မ ဖြစ်ခဲ့သမျှ အမှန်အတိုင်းပြောပြပါ့မယ်ရှင်"

"ဖြောင့်ချက်ပေးတော့မယ်ပေါ့"

ရဲအရာရှိဝကြီးက ဝမ်းသာအားရ ဝင်ပြောသည်။ ကျွန်နှစ်ယောက်ကတော့ စိုးရိမ်စာနာစွာသာ ကြည့်နေခဲ့ပါသည်။

"မဟုတ်ဘူးလေ၊ ကျွန်မမှ မသတ်ဖြစ်တာ။ ကျွန်မက ကိုယ်ဖြစ်ခဲ့တဲ့အတိုင်းပဲ ပြောပြမှာပါ"

▣

ညွှန့်ဦးယံ မြကန်သာ-၂ သို့ရောက်တော့ ညတစ်နာ[illegible] လောကကြီးအတွက် အမှောင်ဆုံးအချိန်ပါ။ မြကန်သာ[illegible]တော့



www.burmeseclassic.com

www.burmeseclassic.com



အလင်းတုများဖြင့် လင်းချင်ယောင်ဆောင်တုန်း။

"ရပြီ၊ ဒီပလက်ဖောင်းမှာပဲ ရပ်လိုက်"

ကားသမားကို အမိန့်ပေးလိုက်ပြီး သူမ ခုန်ဆင်းလိုက်သည်။ ကားလေးက လူရှင်းရှင်း၊ လမ်းရှင်းရှင်းမှာ ချက်ချင်းချိုးကွေ့ပြန်ထွက်သွားခဲ့၏။ ညဥ့်ဦးယံ တစ်ဖက်ပလက်ဖောင်း မြကန်သာများရှိရာသို့ မျှော်ကြည့်လိုက်သည်။ ဆယ့်နှစ်နာရီ ထိုးပြီမို့ မြကန်သာက ပိတ်သွားခဲ့ပေပြီ။

ခြံဝင်းထဲကို ဘယ်လိုဝင်မလဲ။ ခုချိန်ဆို လောဘအိုးကြီးကတော့ သူ့အိပ်ခန်းတစ်နေရာရာမှာ ငွေတွေ ရေတွက်နေမှာပဲ။ ကောင်မလေးတွေဆီမှ အဆီညှစ်၊ အမြတ်ထုတ်ထားသည့် ငွေတွေကို ရေတွက်နေမှာပဲ။ အနည်းဆုံး သူမကို တစ်ညတာ ရောင်းစားခဲ့လို့ ရသည့်ငွေတစ်သိန်းကို ပျော်ရွှင်စွာ ရေတွက်နေပေလိမ့်မည်။ အတွေးဖြင့်ပင် သွေးတွေ ဆူပွက်လာခဲ့၏။

တိရစ္ဆာန်ကြီး။ သင်းကိုသတ်ရမယ်။ အဲလိုသတ်ဖို့ရာအတွက် အမှောင်သည်သာ အသင့်တော်ဆုံး။ နေ့ခင်းကြောင်တောင်တော့ ဦးချစ်ရှုံကို သူမ မည်ကဲ့သို့ သတ်လို့ရမှာတဲ့လဲ။ ညဥ့်ဦးယံ ဆင်ခြင်တုံတရားတွေ ပျောက်နေတော့သည်။ ညဦးပိုင်းက အဖြစ်အပျက်ကလည်း အခုတွေး အခု ကြက်သီးဖျန်းဖျန်း





ထစရာ။ ကံကောင်းလို့ သူမဘဝ မပျက်ခဲ့ရတာပါလား။

ပလက်ဖောင်းတစ်ဖက်သို့ သူမ စိတ်လိုက်မာန်ပါ ပြေးကပ်သွား၏။ သူမက သူရဲကောင်းလည်းမဟုတ်၊ ကံကောင်းလို့ မစုတ်ပြတ်ခဲ့ရသည့် သာမန်ပန်းတစ်ပွင့်သာဖြစ်သည်။

ဂျပန်ဆာမူရိုင်းတွေလို လက်ထဲမှာ ဓားကိုကိုင်ဝင့်ပြီး ထိုလူကြီးကို ပြေးထိုးလိုက်မည်။ ဘယ်လောက်အရသာရှိလိုက်မလဲ။ တစ်ချက် နှစ်ချက် သုံးချက်. . .

"နောက် သူတစ်ပါးသားပျိုသမီးပျိုတွေအပေါ် မတရားခေါင်းပုံဖြတ်ဦးမလား။ နောက် သူတစ်ပါးသားသမီးတွေကို မလိမ့်တစ်ပတ် ရောင်းစားဦးမလား"

မေးခွန်းတစ်ခုမေးလိုက်၊ ဓားဖြင့် တစ်ချက်ထိုးလိုက်။ ဒီလိုလုပ်ရလျှင် ကောင်းမှာပဲ။ အဲလို လုပ်ပစ်လိုက်မည်။ လုပ်ရဲလိမ့်မည်ထင်သည်။ လောလောဆယ်တော့ ဝါးစားပစ်ချင်စိတ်ပင် ပေါက်နေသည်။

"ဘာကိစ္စလဲ. . . ညဥ့်ဦးယံ"

မြကန်သာ-၂ ၏အစောင့် ဦးထွန်းအသံကြောင့် သူမ လန့်ဖျပ်သွား၏။ သို့သော် စိတ်ကိုတင်း၊ အဆင်ပြေအောင် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ ကျွန်မ ဦးချစ်ရှံနဲ့ တွေ့ချင်လို့ပါ။ သူဘယ်မှာရှိမလဲ"

ဦးထွန်းက သူမကို အသေအချာ စူးစိုက်ကြည့်နေသေးသည်။ သို့သော သူ ယုံကြည်ပုံရ၏။ ခြံတံခါးကိုဖွင့်ပေးသည်။

"သူဌေး သူ့အလုပ်ခန်းထဲမှာ ရှိတုန်းပဲ။ ဝင်သွားလိုက်"

မြကန်သာ-၂ ၏ဘေးပေါက်မှ သူမ အလွယ်တကူဝင်ရောက်ခွင့်ရခဲ့သည်။ သို့သော် ဦးထွန်းက သူမလက်မှ သင်တုန်းဓားကို မမေ့မလျော့ ယူထားခဲ့သည်။

"နင် အပြန်ကျမှ ပြန်ယူပေါ့"

ဦးထွန်းကို ညဥ့်ဦးယံ စိတ်ထဲမှ မေတ္တာပို့နေမိသည်။ တကယ့် စေတဲ့ကျွန် ထွန်တဲ့နွား၊ သစ္စာရှိလူယုံကြီးပဲ။ ဦးထွန်းသည် ထွားထွားကျိုင်းကျိုင်း အရုပ်ဆိုးဆိုးမရှိသော်ငြား သိန်းငှက်တစ်ကောင်လို အကင်းပါးပြီး ခွေးတစ်ကောင်လိုလည်း စိတ်ချရပါသည်။ အရုပ်ပုပု ဂင်တိုတိုဖြင့်ပင် သူ့သခင်၏အလုပ်များကို ကျေပွန်စွာ ထမ်းဆောင်၏။

သူက ညဥ့်ဦးယံကို အဆိပ်မရှိသည့်မြွေကလေး ဒါမှမဟုတ် သူ့သခင်အတွက် ပျော်တော်ဆက်ကလေးရယ်လို့ အပျင်းပြေလွှတ်ပေးလိုက်ဟန်လည်း ရှိသည်။





သူမ ဦးချစ်ရှံအလုပ်ခန်းဆီသို့ ဒေါကြီးမောကြီး လျှောက်လာနေမိ၏။ ယခုတော့ မြကန်သာရှိအဆင်အပြင်အားလုံးသည် သုသာန်တစ်စပြင်နှယ်။ ညဦးပိုင်းက မဖွယ်မရာအဖြစ်တွေအားလုံး ပြည်ဖုံးကားချပြီးသလို လုံခြုံနေတော့သည်။

သူမ ဦးချစ်ရှံ၏အလုပ်ခန်းတံခါးကို ဖွင့်ဝင်ပစ်လိုက်၏။

"ဦးချစ်ရှံ"

ဦးချစ်ရှံက သူမ၏အသံကြောင့် လန့်ဖျပ်ပြီး သူ့ဆုံလည်ကုလားထိုင်ကို ဆတ်ခနဲလှည့်ခဲ့သည်။ လန့်မှာပေါ့။ သူ မဟုတ်တာ လုပ်ခဲ့တာပဲ။ ယုတ်မာခဲ့တာပဲ။

"ရှင့်ကို ကျွန်မသတ်မလို့၊ ရှင်ကြီးကို ကျွန်မ သတ်ရအောင် လာတာ"

ညဥ့်ဦးယံ၏စကားကြောင့် ဦးချစ်ရှံက ပြုံးလိုက်သည်။ သူ အလန့်ပြေသွားပြီဖြစ်၏။ ဘဝမှာ မဟုတ်တာတွေ လုပ်နေကျမို့ ဦးချစ်ရှံသည် ခေတ္တခဏသာ လန့်တတ်သူဖြစ်သည်။

"မင်း ဘယ်လိုဖြစ်လာတာလဲ၊ တကယ်က မင်း ငါ့ကို ကျေးဇူးတင်ရမှာ။ နှစ်ညသုံးညလောက်ဆို မင်းအကြွေးတွေ ကျေကုန်မှာလေ။ ဆက်လုပ်ရင် မင်း သူဌေးမကြီးတောင် ဖြစ်ဦးမယ်"

ဦးချစ်ရှံစကားကြောင့် သူမ မခံမရပ်နိုင်ဖြစ်သွားပြီး ဦး



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရုံကို ပြေးရိုက်ပစ်လိုက်သည်။ သူက သူမလက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားခဲ့သည်။

"ရှင့်ကိုသတ်မယ်၊ ရှင့်ကိုမရရအောင် သတ်မယ်။ လူယုတ်မာကြီး"

"သတ်မယ်! ဘယ်လိုသတ်မှာလဲ။ ငါက တုတ်ပြီးမား ပြီးကွ။ ဗျတ်ဝိဗျတ္တနဲ့ အမျိုးတော်တယ်။ အဲ. . . မင်း ငါ့ကိုသတ်ချင်ရင် နပန်းလုံးပြီးသာ သတ်ပေတော့။ အဲဒါမှရမယ်"

ဦးချစ်ရုံစကားကြောင့် ညဥ့်ဦးယံ ဒေါသတွေ အထွတ်အထိပ်ထိ ပေါက်ကွဲထွက်သွားတော့၏။ စားပွဲပေါ်မှာရှိသည့် ဖန်ပန်းအိုးလည်ပင်းကို ဆုပ်ကိုင်ပြီး ဦးချစ်ရုံကို ဆတ်ခနဲရိုက်ချပစ်လိုက်သည်။

"ခွမ်း!"

ပန်းအိုးနှင့် ဦးချစ်ရုံ၏ခေါင်း ထိသံက မသက်မသာ။ သွေးတွေလည်း ဖြာထွက်ပန်းကျခဲ့သည်။ ဖန်အိုးက ထူထူထဲထဲမို့ ဦးချစ်ရုံ မထင်မှတ်စွာ အံ့အားတသင့်ကြောင်ကြည့်နေဆဲ သူမကြောက်လန့်တကြား မြကန်သာမှ ပြန်လည်ပြေးထွက်ခဲ့သည်။

"ဟဲ့! ကောင်မလေး၊ ရော့. . . ဓား၊ နင် ဘာနဲ့ပြန်မလဲ၊ နှစ်နာရီတောင် ထိုးပြီ"





ဦးထွန်း၏မသက်သာအကြည့်ကို ရင်ဆိုင်ရင်း သူမ ကိုယ့်သင်တုန်းဓားကို လှမ်းယူလိုက်၏။

"ရတယ်၊ ကားတွေ ရှိပါသေးတယ်"

ညဥ့်ဦးယံ လမ်းပေါ်မှာ တစ်ယောက်တည်းလျှောက်နေမိသည်။ ညက တဖြည်းဖြည်းအိုရင့်လာသည်။ သူမ၏ကြောက်ရွံ့မှုတွေက အထွတ်အထိပ်။ ဘာဖြစ်ဦးမလဲ၊ ဘာတွေဖြစ်လာဦးမလဲ။ လမ်းပေါ်မှာ ကားလေးတွေကို ကျဲပါးစွာ တွေ့နေရသော်လည်း လှမ်းပြီး မတားရဲ။ အချိန်မတော်ကြီး လမ်းပေါ်မှာ တစ်ယောက်တည်း တွေ့ရတဲ့မိန်းကလေးကို သူတို့ကောင်းမွန်စွာမှ ဆက်ဆံကြပါ့မလား။

ညဥ့်ဦးယံ ညဆိုတာကို တော်တော်မုန်းမိ၏။ ညဆိုတာ အလကားပဲ။ အမှောင်ဆိုတာ ဒုစရိုက်ကို အားပေးတယ်။ လူကိုကြောက်ရွံ့စေတယ်၊ အမှောင်ညရယ်. . . ကုန်ဆုံးပါတော့၊ မျက်ရည်များနှင့် စိုစွတ်လာသည့်ပါးပြင်ကို လက်ဖြင့်သုတ်ရင်း သင်တုန်းဓားကို မြဲမြဲကိုင်ရင်း ညဥ့်ဦးယံ လမ်းပေါ်မှာ ကျီးကန်းတောင်းမှောက် လမ်းလျှောက်နေရ၏။ သူမတစ်ကိုယ်လုံး ဒယီးဒယိုင်။

"ကျွီ. . ."

"အမေ့!"



www.burmeseclassic.com

www.burmeseclassic.com



အနားသို့ ကားလေးတစ်စီး ထိုးရပ်လိုက်သဖြင့် ညဥ့်ဦးယံ လန့်ဖျပ် ထခုန်မိမတတ် ဖြစ်သွားသည်။

"လိုက်မလား"

ကားပေါ်မှ ခေါင်းနှစ်ခေါင်း ပြူထွက်လာပြီး သူမကို မေးသည်။ ရုပ်တွေက ပြုံးစိစိ။ တကယ်ပါပဲ၊ သင်တုန်းဓားနှင့် လှီးပစ်ချင်စရာရုပ်တွေ။ သူတို့ နိုက်ကလပ်က ပြန်တာလား။ ဘယ်ဟိုတယ်က ပြန်တာလဲ။ ယောက်ျားဘဝကတော့ အနှောင်အဖွဲ့မရှိ။

"မလိုက်ဘူး၊ ကျွန်မအမေ့အတွက် ဆရာဝန်သွားပင့်တာ"

"မင်းအိမ်က ဘယ်မှာလဲ"

"ဒီနားတင်ပဲ"

"ဆရာဝန်အိမ်ကရော"

"ဟိုမှာလေ"

ခေါင်းထဲမှာ ရှိသည့်ဖြတ်ထိုးဉာဏ်အတိုင်း ညဥ့်ဦးယံ လျှောက်ပြောနေမိဆဲ။ တွေ့လိုက်ရသည့်ဆရာဝန်ဆိုင်းဘုတ်တပ်အိမ်တစ်လုံးကိုလည်း အလွဲသုံးစားလုပ်လိုက်မိသည်။

ကားပေါ်မှာ ပါလာသည့်လူနှစ်ယောက် ခေါင်းချင်းဆိုင်





တီးတိုးပြောကြပြန်သည်။ ဘုရားရေ! သူမ မြကန်သာရဲ့ ညဥ့်ကြိုဖြစ်ကြောင်း၊ သီချင်းဆိုသူဖြစ်ကြောင်းများ သူတို့ပြောဆိုနေကြတာတဲ့လား။

ထွက်သွားဖို့ရာကျတော့လည်း သူမဝတ်ထားသည့်ဝတ်စုံက သူမစိတ်ကို မရဲတင်းစေ။ မျက်လုံးတွေရှေ့မှ ဖြတ်မလျှောက်ရဲ။ သို့သော် သူတို့နှင့်ဘာဆိုင်သလဲ။ စစ်လားဆေးလားလုပ်ရန်မလို။ စိတ်ကိုတင်းပြီး ညဥ့်ဦးယံ လမ်းဆက်လျှောက်ခဲ့သည်။ ရင်ထဲမှာတော့ အချက်ပြမီးတွေ မှိတ်ချည်လင်းချည်။

မေမေရေ. . .

ကမ္ဘာမြေသားပေါ်မှာ အလင်းပျောက်နေတယ်။

ကျွန်မရဲ့အမှောင်ညကို. . မေမေ့မေတ္တာနဲ့ ထွန်းလင်းတောက်ပပါစေ. . .

မေမေဟာ တန်ခိုးရှင်တစ်ယောက်လို ကျွန်မကို သားရဲတွင်းမှ ချီပွေ့သွားပါ။

ယခုလိုလျှောက်သွားနေရလို့ကတော့ တစ်ခုခုဖြစ်တော့မည်။ သင်တုန်းဓားကလည်း တတ်နိုင်လိမ့်မည်မဟုတ်။ နံနက်မိုးမလင်းခင် တစ်နာရီနှစ်နာရီလေးမျှ နားခိုရန်နေရာကို ညဥ့်ဦးယံ အပြေးအလွှားစဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အလို! ရှေ့က မိုးအလင်းဖွင့်သည့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ပါလား။ သူမ ဆိုင်အနီးသို့ အပြေးတစ်ပိုင်း ကပ်သွားမိသည်။ ဆိုင်ထဲမှာ အဒေါ်ကြီးတချို့ကိုလည်း တွေ့လိုက်ရ၏။

ညဉ့်ဦးယံ ဝမ်းသာစွာ ဆိုင်ထဲသို့ စွတ်ဝင်ခဲ့သည်။ ပြီးတော့ ခရီးသွားမည့်ပုံရှိသည့် အဒေါ်ကြီးများအနားမှာ ကပ်ထိုင်လိုက်မိသည်။ ယခုညအဖို့တော့ ဒီအဒေါ်ကြီးတွေပဲ သူမရဲ့ကယ်တင်ရှင်။

စောစောက ကားလေး ဆိုင်ရှေ့မှာ ရပ်မလိုဖြစ်သွားပြီး ဆက်မောင်းသွားသဖြင့် ညဉ့်ဦးယံ အသက်ရှူလို့ ရသွားတော့၏။ အဒေါ်ကြီးတွေကတော့ ကိုယ့်အာရုံဖြင့်ကိုယ်။

''ကားအဆင်ပြေရင်တော့ တူမ မင်္ဂလာဆောင်မီမှာ။ မမီရင်လည်း အကျိုးအကြောင်းရှင်းပြရတော့မယ်''

''ရှင်ကလည်း တကယ်ဆို မနေ့ကလောက်ကတည်းက ထွက်သင့်တာ။ ကိစ္စတော့မရှိပါဘူးလေ၊ ဒါ. . . သာရေးပဲ''

''ဟာ! ကိစ္စရှိတာပေါ့၊ ဒီတူမက အစစအရာရာ အားကိုးရတဲ့တူမလေ။ သူက နှံ့နှံ့စပ်စပ်ရှိတယ်။ အမျိုးထဲမှာ တစ်ခုခု အကြောင်းရှိလို့ကတော့ သူ့ပဲအားကိုးနေရတာ''

''ဒါနဲ့များတောင်ရှင်''





''ဩော်. . . အိမ်မှာကလည်း ရှင်တို့သိတဲ့အတိုင်း သမီးကမွေးတဲ့ မြေးတွေက တစ်နာရီတောင် မျက်နှာလွှဲရတာမဟုတ်ဘူးလေ။ အင်း. . . ဒုက္ခ ဒုက္ခ၊ သံယောဇဉ်မီးများ တယ်ဆိုးတာပဲနော်''

''ဟုတ်တယ်. . . ဆိုးတယ်၊ ကျွန်မဆိုရင်လည်း တစ်ညတစ်ည အိပ်ပျော်တဲ့ညကို မရှိဘူး။ နိုင်ငံခြားသင်္ဘောလိုက်သွားတဲ့သားဆီ နေ့တိုင်း စိတ်က ရောက်ရောက်သွားမိတယ်။ နိုင်ငံရပ်ခြားမှာ ငါ့သားလေး အဆင်မှပြေပါ့မလား။ မအေကိုများ သတိရနေမလား တွေးတွေးပူမိတယ်၊ သူသွားတုန်းက ကျွန်မက အိပ်ရာပေါ်မှာ လဲကျန်ခဲ့တာလေ''

ညဉ့်ဦးယံ အဒေါ်ကြီးများ၏စကားတွေကို နားထောင်နေမိဆဲ စားပွဲထိုးရောက်လာသည်။

''ဘာသောက်မလဲ အစ်မ''

အဲဒါမှ ဒုက္ခ။ ညဉ့်ဦးယံ မှာ စလင်းဘက်လည်း မပါ။ ပိုက်ဆံလည်း မပါ။ သို့ပေမယ့် လောလောဆယ် ယုတ္တိရှိအောင် လုပ်ဆောင်ရပါဦးမည်။

''လက်ဖက်ရည်ချိုပေါ့''

ဘာတွေမှန်းတော့မသိ။ တကယ်က သူမသည် မြန်



www.burmeseclassic.com

www.burmeseclassic.com



သာမှာ ညှော်ကြိုလုပ်နေသော်ငြား လက်ဖက်ရည်သမားမဟုတ်။ ဘယ်အရာကိုမှ သူမ မစွဲလမ်းချင်ပေ။ အတွေးထဲမှာ မောင့်ကို မြင်လာမိပြန်၏။ သူကတော့ ငါ့ကို သိပ်မုန်းသွားမှာပဲ။

သူမ၏အသံ ကြားလိုက်ရသဖြင့် အဒေါ်ကြီးသုံးယောက် လှည့်ကြည့်လာကြသည်။ သူမ ပြုံးပြလိုက်မိသလား။ ဒီညအဖို့တော့ အားလုံးဟာ ဝေဝါးဝါး။

"သမီးက ဘယ်သွားမှာလဲ"

"ကျွန်မက အိမ်ပြန်မှာပါ၊ စောသေးလို့ လိုင်းကားတွေ မထွက်သေးလို့"

"အဒေါ်တို့ကလည်း ကားစောင့်နေတာ၊ ဝီရိယတွေ စောမိလို့ကွယ်။ ခုမှ နှစ်နာရီရှိသေးတယ်၊ ညက နှိုးစက်ကို မှားနှိပ်မိထားတာ။ နိုးတော့မှတော့ မထူးတော့ပါဘူးဆိုပြီး လာတာ။ တော်ပါသေးရဲ့၊ ဒီကျမှ အဖော်တွေနဲ့ တိုးနေလို့"

လက်ဖက်ရည်ဆိုင်က ကားမှတ်တိုင်အနီးမှာဖြစ်သည်။ အဒေါ်ကြီးများရဲ့မေးခွန်းတွေကိုဖြေရင်း ညှဉ့်ဦးယံလည်း သူတို့နှင့်တစ်ဖွဲ့တည်းဖြစ်။ နောက် လိုင်းကားများလာမှသာ လူစုခွဲ၍ ကိုယ့်ခရီးကို ကိုယ်ဆက်ခဲ့ကြသည်။

▣





သို့သော်လည်း ညှဉ့်ဦးယံ၏စကားကို နေထွတ်ပင် မယုံကြည်။ သူတို့နားတွေ လျှံနေကြသည်။ ညှဉ့်ဦးယံ ပျာယာခတ်နေမိ၏။ ရဲအရာရှိဝဝကြီးက လက်ထိပ်တပြင်ပြင်။

"ကဲကဲ. . . ဟိုရောက်မှ ထပ်ပြီး စစ်ချက်ယူတာပေါ့"

သူမ အဖမ်းခံရပါချေပြီ။ စောစောက နဝေတိမ်တောင်ဖြစ်နေသမျှ ညှဉ့်ဦးယံ သေချာစွာသိရပါတော့ပြီ။ ဦးချစ်ရုံအနီးမှာ စလင်းဘက်နှင့် စလင်းဘက်ထဲက ဓားတွေ့သတဲ့။ သူမ မေမေ့အတွက် နောက်ဆံတင်းလှသည်။ ညှဉ့်ဦးယံမျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လျှံလာသည်။

"နေထွတ်၊ ကျွန်မ. . . ကျွန်မအမေ"

"စိတ်ချပါ ညှဉ့်ဦးယံ"

သူမ အိမ်ထဲသို့ဝင်ပြီး စုထားသမျှ ပိုက်ဆံလေး ပေး၏။

"မေမေ့ကို ကျွန်မအဖမ်းခံရတာ မပြောပါနဲ့။ တစ်ခုခုအဆင်ပြေသလို ပြောထားပါ။ ဦးချစ်ရုံကို ကျွန်မ မသတ်ဘူး။ ပန်းအိုးနဲ့ရိုက်တာနဲ့ မသေလောက်ပါဘူး။ လောကမှာ တရားကို နတ်စောင့်တယ်ဆိုရင်ပေါ့လေ၊ ကျွန်မ လွတ်လာမှာပါ။ မေမေ့အတွက် အစစအရာရာစိတ်ချပါရစေ။ ငွေလိုရင်လည်း ကျွန်မ [illegible] တင်ထားတဲ့ အိမ်စပေါ်ထဲက ဖြုတ်သုံးပေးပါ။ ကျွန်မ [illegible]လာ



www.burmeseclassic.com

www.burmeseclassic.com



ချင် ဖန်တီးပေးပါ့မယ်နော် နေထွတ်''

နေထွတ်က ခေါင်းကိုသာ တွင်တွင်ညိတ်သည်။ သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေ ပြည့်နေသည်။ နေထွတ် စကားမပြောနိုင်။

နေ့တစ်နေ့၏ အရုဏ်တက်ချိန်တစ်ခုမှာပဲ ညွှန့်ဦးယံရဲ့ကားပေါ်သို့ တက်ခဲ့ရသည်။ အမှောင်ည၏ဒဏ်ကို သူမ ခံရပါတော့မည်။

▣▣▣



## အခန်း (၁၄)

တစ်ဖက် တရားလိုရှေ့နေ၏ အကွက်ကျကျ စွပ်စွဲချက်ကို ညွှန့်ဦးယံ တအံ့တဩ ငေးကြည့်နေမိ၏။ သူနဲ့ကိုယ်နဲ့ ဘာရန်ညှိုးတွေ ရှိနေသတဲ့လဲ။ ဒေါ်ကြီးမောကြီး မဖြစ်ရုံတမယ် စွပ်စွဲပြီး လည်ကို ကြိုးကွင်းစွပ်နေခဲ့ပုံက သွေးပျက်စဖွယ်။

ဒီလိုမျိုးတွေ ဖြစ်လာလိမ့်မယ်လို့လည်း ဘဝမှာ တွေးမထင်ခဲ့မိပါလား။ သူမဟာ လူတစ်ယောက်ကို ဓားနှင့်ထိုးရဲသည့်လည်းမဟုတ်ဘဲနှင့်။ လာရောက်နားထောင်နေကြသည့်လူများဘက်သို့ သိမှတ်မဲ့စွာ သူမ ငေးကြည့်မိပြန်သည်။ ဦးချစ်ရုံ၏မိသားစုကတော့ သူမကို အမုန်းကြိတ်ပစ်ချင်နေကြသည်။ မီးနဂါးများသာဖြစ်ကြလျှင် သူတို့ ညွှန့်ဦးယံကို ပြာချပစ်ကြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် နေထွတ်ကို မြင်လိုက်ရသည်။

ယခုဆို သူမအဖမ်းခံနေရတာ ဆယ်ရက်ကျော်သွားပေပြီ။ ချစ်သူလည်း ဒီသတင်းတွေ ကြားခဲ့ရောပေါ့။ သူ့စကားတွေ နားမထောင်သူရယ်လို့ ညွှန့်ဦးယံကို ဥပေက္ခာပြုလိုက်ပေရော့မည်။ စိတ်ချမ်းသာသလိုသာ နေပါတော့ မောင်ရယ်။ ကျွန်မဟာ မောင့်အတွက် ဝန်ပိုလှပါတယ်။ စောစောလမ်းခွဲရင် မောင် စောစောစိတ်ချမ်းသာရမှာပေါ့။

အချုပ်ခန်းသို့ နေထွတ်ကတော့ သာတွေ့ရှာပါသည်။ မေမေလည်း နေကောင်းနေသတဲ့။ သူမကို ခဏခဏမေးတော့ ကားတိုက်ခံရလို့ ခြေထောက်ကျိုးသွားသည့်အကြောင်း၊ ဆေးရုံတက်နေသည့်အကြောင်း မေမေယုံအောင် ပြောပြထားခဲ့သတဲ့။

"ကိုမြင့်မိုရ် ပန်းချီပြပွဲ တင်ဖြစ်သလားဟင်။ သူအရင် သတ်မှတ်ထားတဲ့ရက်မှာ လုပ်ဖြစ်သလား"

နေထွတ် ငြူစူနေသည့်ကြားမှ မောင့်အကြောင်း မေးမိခဲ့သည်။

"ဘာလို့မလုပ်ဖြစ်ရမှာလဲ။ ဘာလဲ၊ နင်က နင့်ပြဿနာကြောင့် သူ့အလုပ်တွေ ရပ်ဆိုင်းကုန်လိမ့်မယ်ထင်လို့လား။ မိန်းမဆိုတာ ယောကျ်ားတစ်ယောက်အတွက် ဘာမှမထူးဆန်းပါဘူး။





အရေးမပါပါဘူး"

"တရားခံ မညွှန့်ဦးယံ ဘာများငြင်းချက်ထုတ်ချင်ပါသလဲ"

ပွဲက တစ်ဖက်သတ်ကြီးဖြစ်နေ၏။ တကယ်ဆို တရားခံဘက်ကလည်း ရှေ့နေတွေဘာတွေ ငှားသင့်တာပေါ့။ ယခုတော့ ညွှန့်ဦးယံ ချောင်ပိတ်အရိုက်ခံနေရ၏။ နေထွတ်ကလည်း သူ့ငွေးမဟုတ်လို့ ရှေ့နေမငှားပေးနိုင်။ သူ့ခမျာ မေမေ့အတွက်လည်း တာဝန်ယူထားရသေးသည်။

"ဦးချစ်ရှုံကို ကျွန်မ မသတ်ဘူး။ ကျွန်မက သူ့ခေါင်းပဲ ရိုက်ခဲ့တာ။ အခု သူသေတာက ဓားထိုးခံရလို့သေတာ"

"အဲဒီဓားက မင်းရဲ့ဓားလေ"

"ဟင့်အင်း. . . ကျွန်မ မထိုးဘူး၊ ကျွန်မ မသတ်ဘူး"

တရားလိုရှေ့နေက ဘယ်လောက်ပဲ စွဲချက်တွေ တင်တင်၊ ညွှန့်ဦးယံ အရှုံးမပေး၊ ဦးမညွှတ်။ ချစ်သူက ပစ်ထားထား၊ အဆွေအမျိုးတို့က ပစ်ထားထား၊ သူမအားမလျှော့နိုင်။ ညွှန့်ဦးယံမှာ မေမေရှိသေးသည်။ မေမေ့ကိုပြုစုစောင့်ရှောက်ဖို့အတွက် သူမ အသက်ရှင်ချင်ပါသေးသည်။

အမှုကို နောက်တစ်ပတ်သို့ ချိန်းလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်းဆိုတာ လူဆိုးလူသွမ်းတို့၏ နေရာပဲ၊ အပန်းဖြေနားနေခန်းတစ်ခု မဟုတ်လို့ နေချင်စရာမကောင်းတာကို ညဥ့်ဦးယံ အပြစ်မတင်လိုပါ။ ပြီးတော့ အချုပ်ခန်းထဲမှာရှိသည့်မိန်းမသားတွေကလည်း ပေါ့ပျက်သောသွမ်းသူတွေက ခပ်များများ။ လူလိုသိသူတွေက နည်းပါးမှာပေါ့။ သို့ပေမယ့် သူမလိုပဲ ပြစ်မှုမကျူးလွန်ရဘဲနှင့် မှားယွင်းမှု၏သားကောင်တွေလည်း ပါရှိပေလိမ့်မည်။

အချုပ်ခန်းထဲ နေရတာက သည်ကမ္ဘာကြီးနှင့်အဆက်ပြတ်နေရတာပေါ့။ မေမေနှင့် ကမ္ဘာခြားနေရတာကတော့ အဆိုးဆုံးဖြစ်သည်။ ချစ်သူ့မျက်နှာကို တရစ်ဝဲဝဲမြင်ယောင်တိုင်းလည်း ညဥ့်ဦးယံ ရင်နှင့်ပူဆွေးရပါသည်။ စင်းလုံးချောဖြူစင်သူကိုမှ ချစ်လိုသူမောင့်အတွက် သူမသည် နွံထဲက ပန်းတစ်ပွင့်ဖြစ်ခဲ့ရပါပြီ။ သူမမှာ ညစ်ထေးမည်းမှောင်လှပါ၏။

"ညဥ့်ဦးယံ"

အချုပ်ခန်းစောင့်သည့် ရဲမေမလေး ရောက်လာပြီး သူမထံ တွေ့လိုသူ ခေါ်လာခဲ့ပြန်သည်။ တကယ်က သူမ မည်သူ့ကိုမှ မတွေ့ချင်တော့ပေ။ နေထွက်ကိုလည်း အကြောင်းထူးမရှိဘဲ လာမတွေ့ဖို့ မှာပြီးသား။





သူမထံသို့ မြင်ရုံနှင့် အားရှိချင်စရာ အရှိန်အဝါတောက်ပသော လူတစ်ဦး ရောက်ရှိလာခဲ့၏။

"ကျွန်တော်က မညဥ့်ဦးယံအတွက် ကူညီဆောင်ရွက်ပေးမယ့်ရှေ့နေပါ။ ကျွန်တော့်နာမည် ဦးထွန်းခိုင်ပါ"

"ရှင်!"

ညဥ့်ဦးယံ အံ့အားသင့်သွားသည်။ ဘယ်သူက ငှားပေးတာလဲ။

"ကျွန်မမှာ ပေးစရာပိုက်ဆံမရှိဘူး။ ဦးထွန်းခိုင်ကို ဘယ်သူငှားတာလဲ"

မွန်ရည်သောထိုလူကြီးက ပြုံးလိုက်သည်။ မည်သူငှားသည်ဆိုတာကို မပြော။

"အဓိက,က အမှုမှန်ပေါ်ရေးပါပဲ။ မညဥ့်ဦးယံ မသတ်ဘူးဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော့်ကို အဖြစ်မှန်အားလုံး မချွင်းမချန် ပြောပြစေချင်ပါတယ်"

"အကုန်လုံး. . . ဟုတ်လား"

အားလုံးပြောလို့ ဘယ်ဖြစ်မလဲ။ ညဥ့်ဦးယံ သားကောင်ဘဝမှ လွတ်မြောက်ခဲ့ရတာ အဘယ်သူ ယုံနိုင်မှာတဲ့လဲ။

"အကုန်ပြောပြနိုင်ရင်တော့ ပိုကောင်းတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းခိုင်စကားကြောင့် သူမ အံကိုတင်းတင်းကြိတ် လက်သီးနှစ်ဖက် ဆုပ်မိသည်။ မျက်ရည်များက လျှံကျလာရပြန်၏။

အကာအကွယ်မဲ့ဘဝမှာ အလှဟာ အန္တရာယ်ပါပဲ။ ဦးထွန်းခိုင်ကိုမော့ကြည့်တော့လည်း တည်ကြည်ရဲရင့်နေပြန်သဖြင့် ညဥ့်ဦးယံ အားလုံးပြောလိုက်မိသည်။ အချို့နေရာများမှာ ဦးထွန်းခိုင်က နှစ်ခါသုံးခါ ပြန်မေးသည်။

"ဒါဖြင့် ညဥ့်ဦးယံ ခရက်ရှာသောက်ပြီး သတိလစ်သွားတာပေါ့"

"ဟုတ်ကဲ့"

"ညဥ့်ဦးယံရဲ့စလင်းဘက်က အဲဒီကတည်းက ကျန်ခဲ့တာပေါ့။ အဲဒီကတည်းက ပျောက်နေခဲ့တာပေါ့"

"ဟုတ်ပါတယ်ရှင်၊ အဲဒီကတည်းကပါပဲ။ ဒါပေမဲ့ ကျွန်မ သတိမရသေးပါဘူး။ မေ့နေခဲ့တာ အမှန်ပါပဲ"

"ညဥ့်ဦးယံ ဦးချစ်ရုံနဲ့တွေ့တော့ ဘယ်အချိန်လဲ၊ ခန့်မှန်းခြေပေါ့"

"နှစ်နာရီ. . . ဟုတ်တယ်၊ ကျွန်မ မြကန်သာက အထွက်မှာ နာရီသံတွေ ကြားလိုက်ရတယ်၊ နှစ်ချက်"





"ဒါကို ခြံစောင့်ကြီး ဘယ်သူ. . ."

"ဦးထွန်းပါ"

"သူရော ကြားသလား"

ညဥ့်ဦးယံ စဉ်းစားကြည့်သည်။ နှစ်နာရီထိုးပြီလို့ သူ တောင် ပြောခဲ့သေးတာပဲ။

"နှစ်နာရီဆိုတာ သူသိပါတယ်။ သူပြောခဲ့တယ်"

"ဟုတ်ပြီ"

နောက်တော့ ဦးထွန်းခိုင် မေးသမျှအချက်အလက်တွေကို သူမ ဖြေကြားခဲ့ရ၏။ အမှုက သူမတစ်ယောက်တည်း လည်စင်းခံနေရတာထက်စာရင်တော့ အနည်းငယ် အားတက်စဖွယ်။

◙

"နင်ဟာ ဖြူဟ်ဆိုးမ၊ ဖြူဟ်ကောင်မ။ အခု နင့်ကြောင့် မေမေသေရပြီ။ တို့မျိုးရိုးထဲမှာ မိန်းမပျက် မရှိဘူး။ မေမေဟာ အသည်းကွဲသေရတာ၊ နှလုံးကွဲသေရတာ သိရဲ့လား"

ကြေလည်း ကြေကွဲ၊ ဒေါသ သောကမီးတွေကလည်း ဟုန်းဟုန်းတောက်လောင်နေသည်မှာ ညဥ့်ဦးယံ၏ တစ်ကိုယ်တည်း သော ကိုနေယံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ သေဆုံးသွားတာကိုလည်း ယခုမှသိရ၊ အစ်ကို ပြန်ရောက်နေတာကိုလည်း ယခုမှသိရသည့် ညည့်ဦးယံမှာ နှလုံးသွေးတွေများ ဆူပွက်ကုန်ပြီလား။ တစ်ကိုယ်လုံး တရှိန်ရှိန် ပူလောင်လာတော့သည်။ မျက်ဝန်းများပင် မျက်ရည်ထွက်နိုင်ခွင့် မရှိတော့။ ခံစားမှုတွေက အထွတ်အထိပ်ရောက်နေသဖြင့် ပြူးကျယ်သောမျက်ဝန်းများဖြင့် သူမ သတိလစ်လုလု။

''သေ. . . သေစမ်း! အမိုက်မ၊ အပျက်မ နင် နေချင်သလိုနေရအောင် အိမ်ပေါ်ကဆင်းတာ။ ဗန်းပြကောင်းအောင် မေမေ့ပါခေါ်ပြီး မေမေ့ကိုဆင်းရဲတွင်းထဲ နှစ်ခဲ့တယ်။ ဘာ မေမေ့ကို လုပ်ကျွေးတာလဲ၊ ဘာစတန့်ထွင်တာလဲ။ နင်တို့အားလုံးအတွက် ငါ ဟိုမှာ အပင်ပန်းခံပြီး ရှာဖွေနေခဲ့တာ အလကားပဲ။ အားလုံး သဲထဲရေသွန်ပဲ။ အခုတော့ မေမေလည်းဆုံးပြီ၊ နင့်ကိုလည်း ဆုံးရှုံးရပြီ။ နင်ဟာ ငါ့ညီမ မဟုတ်တော့ဘူး။ ပျက်စီးချင်တိုင်း ပျက်စီးနေတဲ့နင်ဟာ ငါ့ညီမ မဟုတ်ဘူး''

''ကိုကို''

''မခေါ်နဲ့၊ နင် ငါ့ကိုမခေါ်နဲ့။ ဒီတစ်သက် နင် ငါ့ကို ဘယ်တော့မှမခေါ်နဲ့တော့။ မေမေ့ကို ဒီနေ့ သင်္ဂြိုဟ်မယ်၊ အသက်ထွက်ခါနီးအထိ 'သမီး. . . သမီး'နဲ့ တမ်းတ၊ အသက်ရှူမဖြောင့်





ခဲ့ရတဲ့မေမေ့အစား ငါရင်နာတယ်။ မေမေ့ကို နေ့လယ် နှစ်နာရီမှာ မီးသင်္ဂြိုဟ်မယ်။ နင်ဟာ သမီးမိုက်ပဲ၊ ညီမမိုက်ပဲ။ မှတ်မိသေးလား ညည့်ဦးယံ။ ဥမ္မာကို့ကို ငါကြိုက်မိတော့ နင်နဲ့မေမေ ဆွေ့ဆွေ့ခုန်နေခဲ့တာလေ။ ဒီလို ဆက်စလူးမ မိန်းမပေါ့မနဲ့ကြိုက်ရပ့ါမလားဆိုပြီး။ ခုတော့ နင်က ဥမ္မာကို့ထက် ဆိုးတဲ့မိန်းမပျက်ပဲ''

ကိုကို့စကားများသာ အဆိပ်လူးမြားများဆိုပါက ညည့်ဦးယံ၏အသည်းများ စကာပေါက်ဖြစ်ရချေတော့မည်။ တစ်ဖက်သားကို ထုချေခွင့်မပေးဘဲ၊ အဖြစ်မှန်တွေကို မစုံစမ်းဘဲ ဘယ်သတင်းရပ်ကွက်က စကားကိုပဲ ကိုကိုယုံခဲ့သလဲ။ နိုင်ငံရပ်ခြားမှာ အကြာကြီးအလုပ်သွားလုပ်ခဲ့သည့်အစ်ကိုအား ညည့်ဦးယံမှာ မလွမ်းဆွတ်နိုင်တော့။ သူတို့မောင်နှမ ဘဝချင်း ခြားကြလေပြီ။

ညည့်ဦးယံရဲ့ဘဝက ဆိုးရွားလှပါလား၊ ကိုယ်တိုင်လည်း မလော်လီရပါဘဲ မိန်းမပျက်လို့ အပြောခံရနေခဲ့ရသည်။

မေမေ. . . မေမေရေ. . .

ကမ္ဘာကြီးပွင့်ထွက်သွားအောင် သူမ ကြုံးအော်လိုက်ချင်၏။ မေမေ့ကိုတောင် ဆုံးရှုံးရပြီးမှတော့ ကိုကိုမုန်းတာ အ[illegible] အရေးလဲ၊ သူမ၏မျက်ရည်များက နင့်သည်း ပြိုကျလာ[illegible]တော့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဟားဟား. . . ဟား. . . ဟား. . . ဟား. . . ကိုကို၊ ငါကလည်း နင့်ကိုမုန်းတယ်။ မုန်းတယ်. . . မယားစကားတစ်ဖက်တည်း နားထောင်ပြီး ကောက်ချက်ချတဲ့ အလကားလူ။ နင့်လိုတော့ ငါက စကားနာမထိုးချင်ပါဘူး။ ပက်ပက်စက်စက် မပြောချင်ဘူး။ ဒါပေမဲ့ ငါတို့သားအမိ သေကွဲကွဲရတာ နင် တရားခံ၊ ငါ့ဘဝပျက်စီးနေတယ်ဆိုရင်လည်း အဲဒါ နင်တရားခံ။ သွား. . . သွား. . . ငါ့ကိုဘယ်တော့မှ လာမကြည့်နဲ့၊ ဘယ်တော့မှ မဆုံနဲ့။ ဦးချစ်ရုံကြီးကို ငါသတ်တယ်လို့ပြောလိုက်တော့မယ်။ ဟုတ်တယ်. . . အဲဒါမှ ငါ့ဘဝ အဓိပ္ပာယ်ရှိသွားမှာ. . . ဟီဟိ"

မျက်ရည်များနှင့် ပျက်ပြုံနေသည့် ညဥ့်ဦးယံမှာ ငိုလိုက်ရယ်လိုက်ဖြစ်နေသည်မို့ ရဲမေမလေးများ အလန့်တကြားဖြစ်သွားကြသည်။ အမှုက မပြီးဆုံးသေးသည်မို့ တရားခံသည် ရူးလို့မဖြစ်သေး။ သူတို့က နေယံကို မျက်ရိပ်ပြကာ နှင်လိုက်ကြသည်။

နိုင်ငံခြားပြန် အကောင်းစား အဝတ်အစား အသုံးအဆောင်တွေဖြင့် ရှင်းသန့်လှပနေသော ကိုကိုနေယံကို ညဥ့်ဦးယံ နောက်ဆုံးဟူသောအကြည့်ဖြင့် ကြည့်လိုက်သည်။

ကိုကိုရေ. . . နင်က နေအရဏ်တက်ချိန်မှာ မွေးတယ်၊





လောကကို အလင်းပေးချိန်မှာပေါ့။

ငါကတော့ ညဥ့်ဦးအခါမှာ မွေးတယ်။ တဖြည်းဖြည်းညဥ့်နက်သည်ထက်နက်၊ အမှောင်ထဲကို တိုးဝင်ဖို့ပဲ ရှိခဲ့တယ်။

ငါတို့ဘဝပေးတွေက မတူခဲ့ပါလား။ အချုပ်ခန်းကြမ်းပြင်မှာ ညဥ့်ဦးယံ ဖရိုဖရဲထိုင်ချပစ်လိုက်သည်။

ထိန်းချုပ်ထားရတဲ့စိတ်တွေ ခဏလောက် လွှတ်ထားပါရစေ။

ကျွန်မကို လွတ်လပ်ခွင့်ပေးကြပါ. . .

နှုတ်ခမ်းကို ပြုတ်လုမတတ် ကိုက်ရင်း အသက်ရှူကျပ်လာသဖြင့် ညဥ့်ဦးယံ အင်္ကျီတွေကို ဆွဲဖြဲပစ်လိုက်သည်။

ထုံးနှောင်ထားသည့်ဆံပင်တွေကိုလည်း ဖြည်ချလိုက်သည်။ ဟာဟ. . . ဒီ ဒီဇိုင်းဟာ တစ်ခါက ချစ်သူကို ဖမ်းစားခဲ့ဖူးတာပေါ့။

ချွေးများ မျက်ရည်များ နှာရည်များနှင့် တစ်မျက်နှာလုံး နီရဲပြုဥနေသည့် ရူးလုလုမိန်းမသားဟာ ညဥ့်ဦးယံတဲ့လား။

"ဘယ်နှနာရီ ရှိပြီလဲဟင်၊ ကျွန်မကို ခဏလောက်လွှတ်ပေးကြပါ။ ကျွန်မမေမေ့မျက်နှာကို နောက်ဆုံးနမ်းလိုက်ပါရစေ။ အစ်မကြီးတို့. . . ကျွန်မမေမေ သေသွားပြီတဲ့၊ သိရဲ့လား။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့တစ်ဦးတည်းကျန်တဲ့မေမေ သေသွားပြီ။ ကျွန်မကြောင့် ကျွန်မရဲ့သတင်းကိုကြားရလို့ မေမေသေသွားပြီတဲ့၊ ဦးချစ်ရုံကြီးကို ကျွန်မ မသတ်လိုက်ရဘူး။ အလကားတန်ဖိုးမရှိတဲ့လူကြီး၊ သူ့ကြောင့် ကျွန်မ အဖမ်းခံရတယ်။ ကျွန်မအဖမ်းခံရလို့ မေမေသေတယ်။ အစ်မ. . . အစ်မရေ နှစ်နာရီထိုးရင် ကျွန်မကို ခဏလောက်လွှတ်ပေးပါနော်၊ အစ်မတို့မှာရော မေမေရှိတယ် မဟုတ်လားဟင်။ ကျွန်မ ထွက်မပြေးပါဘူး။ လက်ထိပ်ကြီးနဲ့ဖြစ်ဖြစ် အချုပ်ကားနဲ့ဖြစ်ဖြစ် လိုက်ပို့ပေးပါနော်။ မေမေ့ကို ကျွန်မ ဘယ်တော့မှ တွေ့ခွင့်ရမှာ မဟုတ်တော့လို့ပါ''

အသံတိုးတိုးလေးဖြင့် ညည့်ဦးယံ တတွတ်တွတ် တောင်းပန်နေသမျှ အချုပ်ခန်းထဲမှ မိန်းမသားများ မျက်ရည်ကျနေကြရသည်၊ တာဝန်ကျရဲမေများမှာလည်း မျက်နှာလွှဲရုံမှတစ်ပါး။

ညည့်ဦးယံကတော့ အချုပ်ခန်းကြမ်းပြင်မှာ ဒူးထောက်၊ သံတိုင်တွေကို ကိုင်လှုပ်ရင်း ရင်ကွဲနေလေဆဲ။

''မေမေ့ဆီမသွားရလည်း ဒီအချုပ်ခန်းအပြင်ဘက် ဒီအဆောက်အဦးကြီးရဲ့အပြင်ဘက်ကို ခဏဖြစ်ဖြစ်လောက် ခေါ်ထုတ်ပေးပါနော်။ ကျွန်မ ကောင်းကင်ကိုမော့ကြည့်နေမယ်။ နှစ်နာရီထိုးရင် မေမေ့ကို သဂြိုဟ်မယ်။ မီးခိုးတွေ ကောင်းကင်ပေါ်တိုးတက်သွားမှာပေါ့။ ကျွန်မ ကြည့်ပါရစေ။ မေမေ့ကိုသဂြိုဟ်တဲ့မီးခိုးတွေကို ကျွန်မ မှန်းဆရှိခိုးပါရစေ။ ကျွန်မကို ခဏလောက်လွှတ်ပေးကြပါ။ ကျွန်မကို တစ်ခုခုလိုက်လျှောကြပါ''





တိုးတိုးပြောနေရာမှ ညည့်ဦးယံ အော်ဟစ်လိုက်တော့ အချုပ်ခန်းမှ မိန်းမကြီးတစ်ယောက်က လာရောက်ချော့မော့နေခဲ့သည်။

နှစ်နာရီ. . .

နှစ်နာရီ. . .

ညည့်ဦးယံအတွက် နှစ်ဂဏန်းဟာ ဆိုးရွားသောကံကြမ္မာများကိုပဲ သယ်ဆောင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဆရာဝန်ရဲ့ဆေးစစ်ချက်အရ ဦးချစ်ရှံ အသက်ခံရတဲ့ အချိန်ဟာ နံနက်သုံးနာရီ ဖြစ်ပါတယ်။ တရားလိုပြသက်သေတစ် ညစောင့်ဦးထွန်းရဲ့ထွက်ချက်ထဲမှာ ညဥ့်ဦးယံ ပြန်သွားတာ နှစ်နာရီလောက်ကလို့ ဆိုပါတယ်"

တရားခံရှေ့နေကြီး ဦးထွန်းခိုင်၏ ဗြာန်တွေ မာန်တွေက တစ်ဖက်လူ အသက်ရှူမှားချင်စဖွယ်။ ရက်ပိုင်းလေးအတွင်းမှာ စေ့စုံစွာ လှုပ်ရှားပစ်လိုက်သည့် သူ့စွမ်းဆောင်ချက်တွေက အားရစဖွယ်ဖြစ်သော်လည်း ညဥ့်ဦးယံမှာ အသက်မဲ့အရုပ်သဖွယ်။

သည်အမှုကြီးက သူမ အမှုမှန်ပေါ်ပြီး လွတ်ပါချေဦးတော့။ သူမရဲ့ဘဝက အခွံချည်းကျန်သည့် ခရုတစ်ကောင်နှယ် ရှိခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ. . . မေမေ ဘယ်အရပ်မှာလဲ။ ကမ္ဘာပေါ်မှာ ရှိသည့် သူမ၏ သွေးရင်းသားရင်းတွေအားလုံး သူမကို သေကွဲရှင်ကွဲ ခွဲသွားကြပြီပဲ။

တရားလိုရှေ့နေကြီး ထရပ်တာ မြင်ရပြန်သည်။

"ဒါဟာ ဦးထွန်းက ယေဘုယျထွက်ဆိုခြင်းသာ ဖြစ်ပါတယ်။ နှစ်နာရီလောက်ဆိုတဲ့အတွက် မတိကျပါဘူး။ နှစ်နာရီ သုံးနာရီဟာ ဘာမှမကွာခြားပါဘူး။ ဒီအဆိုကို ပယ်ဖျက်ခွင့်ပြုပါ"

လာနားထောင်သည့်လူတွေကလည်း များပြားလွန်းလှသည်။ အမှုက မရှုပ်ထွေးလှသဖြင့် စီရင်ချက် ချတော့မည်ထင်လို့များလားမသိ။ တရားလိုဘက်မှ အဆွေအမျိုးများမှာ တက်တက်ကြွကြွ၊ အများအပြား။

ဦးထွန်းခိုင် ပြုံးလိုက်သည်။

"ကောင်းပြီ၊ ဒါဆိုရင် ဦးချစ်ရုံဟာ ပြင်းထန်တဲ့ဓားချက်တစ်ချက်တည်းနဲ့ ပွဲချင်းပြီး သေဆုံးခဲ့တယ်။ နံနက်သုံးနာရီခန့်မှာ သေဆုံးခဲ့တယ်ဆိုတဲ့ ဆရာဝန်ကြီးရဲ့ဆေးစစ်ချက်ကတော့ ခိုင်ခန့်ပါတယ်။ ဒီအချက်ကို ပဓာနထားပြီး လက်ကိုင်ထားပြီး ကျွန်တော် ချေပဖြေရှင်းသွားပါ့မယ်"





"ကျွန်တော့်အမှုသည် ညွှန့်ဦးယံဟာ အချင်းဖြစ်ပွားမယ့် ညဦးပိုင်းက သူ့စလင်းဘက်ကို မြကန်သာမှာ မေ့ကျန်ခဲ့ပါတယ်။ သူ့စလင်းဘက်ထဲမှာ ဓားဆောင်ထားလေ့ရှိပေမယ့် သူ တစ်ခါမှ အသုံးမပြုရသေးကြောင်း သံချေးတက်နေတဲ့ဓားက သက်သေခံနေပါတယ်။ အဲ. . . ဒါပေမဲ့ ဦးချစ်ရုံကိုသတ်ခဲ့တဲ့ တကယ့်လူသတ်တရားခံအစစ်ကတော့ ဒီအချက်ကို ကောင်းကောင်းကြီး အသုံးချခဲ့တယ်။ တရားသူကြီးမင်းခင်ဗျား. . . ဆရာဝန်ရဲ့ဆေးစစ်ချက်အရ သေဆုံးသူဟာ ပြင်းထန်တဲ့ဓားချက်ဆိုသည့်အတွက် ဓားနှင့်ထိုးသူဟာ အမျိုးသားဖြစ်ပါတယ်။ ဒါက တစ်ချက်၊ နောက် သေဆုံးသူ သေဆုံးတဲ့ နံနက်သုံးနာရီခန့်မှာ ညွှန့်ဦးယံဟာ လက်ဖက်ရည်ဆိုင်ထဲမှာရှိကြောင်း ကျွန်တော် ခိုင်လုံတဲ့သက်သေတွေ ပေးပါ့မယ်"

ဦးထွန်းခိုင်က ရှေ့တန်းခုံများမှာ ခပ်ကုပ်ကုပ်လေး ထိုင်နေကြသည့် အဒေါ်ကြီးများဘက်သို့ လှည့်လိုက်သည်။ သည်တော့မှ ညွှန့်ဦးယံ မြင်မိတော့သည်။

တရားရုံးထဲမှာ အနည်းငယ်တော့ လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သည်။

အဒေါ်ကြီးသုံးဦးမှာ လည်လည်ပတ်ပတ် ကလိမ်ကကျစ်



www.burmeseclassic.com

www.burmeseclassic.com



တွေမဟုတ်ကြောင်း သူတို့၏ဖြောင့်စင်းသော အရိုးခံရုပ်များက သက်သေခံနေကြပါလေ၏။

"ကျွန်မတို့က ဒီအသက်အရွယ်အထိ တရားရုံးတွေ ရဲ့ စခန်းတွေဘာတွေ တစ်ခါမှမရောက်ဖူးခဲ့ပါဘူး။ ဒါပေမဲ့ ဒီသူငယ် အဲ. . . ရွှေနေကြီးက ရှင်းပြလို့ ဒီကလေးမလေးရဲ့ သနားစရာ အဖြစ်အပျက်ကို ကျွန်မတို့ကြားခဲ့ရပါတယ်။ ကျွန်မတို့က မဟုတ်ရင် မခံတတ်ကြတာ ငယ်ငယ်ကတည်းကပါကလား။ အခုလည်း မိန်းကလေးတစ်ယောက် ဆင်းရဲသူမလေးတစ်ယောက် မတရား ဒုက္ခရောက်မှာကို ကျွန်မတို့ မလိုလားပါဘူး"

"အဲဒီညက မှတ်မှတ်ရရပါပဲ၊ ကလေးမလေး လက်ဖက်ရည်ဆိုင်ထဲ ဝင်လာတာ နှစ်နာရီပါ။ ဆိုင်ကနာရီက နည်းနည်းတော့ နောက်ကျတယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့ထဲက ကြားလိုက်ရတဲ့နာရီသံက နည်းနည်းစောတာကိုး။ ကျွန်မတို့အားလုံး လက်ဖက်ရည်ဆိုင်ထဲမှာ ကားစောင့်ရင်း လက်ဖက်ရည်သောက်ရင်း စကားစမြည်ပြောဖြစ်ခဲ့ကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် စကားပြောရင်း ကလေးမလေးကို သနားလို့ ကျွန်မလိပ်စာ ပေးလိုက်သေးတယ်။ ကျွန်မက စက်ချုပ်တယ်လေ။ သူအလုပ်လိုရင် ကူနိုင်အောင်လို့ပါ"





"အဲဒီညက ဘယ်အချိန်ကျမှ လူစုခွဲဖြစ်ကြသလဲ"

အဒေါ်ကြီးက အနည်းငယ်လေရှည်နေသဖြင့် ဦးထွန်းနိုင်က လိုရင်းကို မေးပေးသည်။

"လေးနာရီ၊ ဟုတ်တယ်. . . လေးနာရီ"

"သေချာတယ်နော်"

"သေချာပါတယ်"

တစ်ဖက်မှ တရားလိုရှေ့နေကြီးက ထမေးပြန်၏။

"အဒေါ်ကြီးက နာရီခဏခဏကြည့်တာ ဝါသနာလား၊ အဒေါ်ကြီးကြည့်ရတာ စိတ်မနှံ့ဘူးနဲ့တူတယ်"

တကယ်က အဒေါ်ကြီးစိတ်ဆိုးသွားအောင် တမင်ဝင်ဆွလိုက်ခြင်းဖြစ်သည်။ သို့သော် အဒေါ်ကြီးက ခပ်ပြုံးပြုံးပင်။

"တိုင်ကပ်နာရီတွေက အော်တတ်တယ်လေ၊ ကျွန်မတို့ မော့ကြည့်စရာမလိုပါဘူး။ စကားပြောနေရင်း နာရီသံတွေ ကြားနေရတာပဲ။ ပြီးတော့ ကျွန်မတို့က ခရီးသွားမယ့်လူတွေလေ၊ ခါတိုင်းနေ့တွေမှာ နာရီမကြည့်မိရင်သာ ရှိရမယ်၊ အဲဒီညကတော့ နာရီခဏခဏကြည့်ခဲ့တာ အမှန်ပါပဲ"

ကျန်သည့်အဒေါ်ကြီးများကလည်း ဒီအတိုင်းပဲ ထွက်ဆိုကြသဖြင့် ထိုညက နှစ်နာရီမှ လေးနာရီအတွင်း အဒေါ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များနှင့်အတူ ညည့်ဦးယံ လက်ဖက်ရည်ဆိုင်မှာ ရှိနေကြောင်း
နိုင်လုံသွားခဲ့သည်။

အမှုကို နောက်တစ်ပတ်သို့ ရွှေ့ဆိုင်းလိုက်ပြန်သည်။

▣▣▣



## အခန်း (၁၆)

အချုပ်ခန်းပြင်ပသို့ရောက်တော့ လောကသည် ညည့်ဦးယံအတွက် သူစိမ်းပြင်ပြင်။ အချုပ်ခန်းထဲသို့ ရက်သတ္တသုံးပတ် များယွင်းဝင်ရောက်ခဲ့ရသည့်အတွက် လောကသည် အရာရာ ပြောင်းလဲသွားခဲ့ပြီတဲ့လား။ အနည်းဆုံး ညည့်ဦးယံအတွက်တော့ အရာရာ ကျွမ်းထိုးမှောက်ခုံဖြစ်ခဲ့ပြီ။

ဓာတ်ကြိုးတန်းမှာ လွတ်လပ်စွာ နားခို ပျံသန်းနေကြသည့် ငှက်ကလေးများကို သူမ ငေးကြည့်နေမိသည်။ ညည့်ဦးယံဆိုသည့်သူမမှာ ကမ္ဘာမရှိတော့။ ပန်းတိုင်မရှိတော့။ ငြိမ်းချမ်းမှုတွေအားလုံး ပျောက်ဆုံးခဲ့ပေပြီ။

"ဒီနေ့ ဒီဇင်ဘာ ၁၃ ရက်"



www.burmeseclassic.com

www.burmeseclassic.com



သူမနှုတ်မှ တီးတိုးရွတ်ဆိုခဲ့သည်။ ဒါ ချစ်သူရဲ့ ပန်းချီပြပွဲ နောက်ဆုံးရက်ပဲ။

ပလက်ဖောင်းဘေးမှာ လျှောက်သွားနေရင်းမှ နာရီပါသည့်အစ်မကြီးတစ်ယောက်ကို အချိန်မေးလိုက်သည်။

''အစ်မကြီးရှင့်၊ ဘယ်နှနာရီ ထိုးပါပြီလဲ''

''နှစ်နာရီ''

''ဩော်''

မွန်းလွဲနေသည် ပူလောင်စွာ သူမရင်ထဲသို့ ဝင်ရောက်လာသည်။ အချုပ်ခန်းထဲမှာ ရက်ပေါင်းနှစ်ဆယ်မျှ နေခဲ့ရသည်မို့ သူမပုံစံက ဟောင်းနွမ်းစုတ်ပြတ်နေပေလိမ့်မည်။ မှန်ဝေး၊ ဘီးဝေး၊ နံ့သာ ဝေးခဲ့ရသဖြင့် ယခုအခါ ဒါ မြကန်သာရဲ့ 'ညည့်ဦးယံ'ပါဟု အဘယ်သူသိနိုင်မလဲ။ သူမ မချိပြုံး ပြုံးမိသည်။ အိမ်ပြန် ရေမိုးချိုး အဝတ်လဲနေဖို့ အချိန်မပေးနိုင်တော့။ သူမ ပန်းချီပြပွဲရှိရာ 'လောကနတ်'သို့ သွားရမည်။

လူတွေ ကျပ်ညပ်ရှုပ်ထွေးလှသော လိုင်းကားထဲမှာ တိုးဝေ့ဝင်ရောက်ရင်း ပန်းချီပြခန်းပိတ်သွားမှာကို ညည့်ဦးယံ စိုးရိမ်နေမိသည်။ ချစ်သူကတော့ သူမကိုမြင်လိုက်ရလျှင် တစ္ဆေသရဲဝစ်ကောင်ကို မြင်လိုက်ရသကဲ့သို့ရှိမည်။ 'အောက်တန်းစားတွေ





နဲ့ မပတ်သက်ချင်ပါဘူး'ဆိုပြီး ခေါင်းခါခါ လည်ခါခါများ ဖြစ်လေမလား။

ချစ်သူရယ်. . . ကျွန်မလာခဲ့တာ ရှင့်ကိုတွေ့ရအောင် မဟုတ်ပါဘူး။ ရှင့်ကိုအရှက်ခွဲရအောင် မဟုတ်ပါဘူး။ ရှင့်အနုပညာကို အားပေးဖို့ ခံစားဖို့ လာခဲ့တာပါ။

မေမေ. . . မီးသဂြိုဟ်တုန်းကတော့ ညည့်ဦးယံ အပြင်ထွက်ခွင့်မရ။ ယခု ချစ်သူရဲ့ပန်းချီပြပွဲ နောက်ဆုံးရက်မှာတော့ သူမ လွတ်မြောက်ခဲ့ပြီ။ ညည့်ဦးယံရင်ထဲမှာ ခံစားမှုတွေ ပျောက်ဆုံးတော့သလိုလို။

ချစ်ခြင်းမုန်းခြင်း၊ ကွေကွင်းခြင်း ခွဲခွာခြင်း၊ ဒါတွေဟာ လူတိုင်းတွေ့ကြုံရမယ့် နိယာမတရားတွေမဟုတ်လား။ တစ်နေ့မဟုတ်တစ်နေ့မှာ မလွဲမသွေ ရောက်ရှိလာရမယ့်အရာတွေပါပဲ။

အို!. . . ဒါနဲ့များတောင်မှ သူမ ဘာဖြစ်လို့ ချစ်သူ့ပြပွဲဆီ အရောက်သွားနေမိတာပါလိမ့်။

''ညည့်ဦးယံကို လွှတ်လိုက်ပြီ၊ ဒီအမှုအတွက် ဦးထွန်းကို ဖမ်းလိုက်တယ်။ ငွေ. . . ငွေပေါ့လေ၊ ဦးထွန်းက ငွေတစ်သိန်းရတဲ့အတွက် ဦးချစ်ရုံကို သတ်ခဲ့တာ''

ကြားလိုက်ရသည့်သတင်းတွေအတွက်လည်း သူမ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



မသာခဲ့ပါ။ လှုပ်လှုပ်ရှားရှားလည်း မဖြစ်ခဲ့ပါ။ ညည့်ဦးယံဆိုတဲ့ မိန်းကလေးမှာ ခံစားတတ်တဲ့နှလုံးသားတွေ ရှိမှရှိသေးရဲ့လား။ သတင်းစကားကို ကြောင်စီစီမျက်ဝန်းများဖြင့်သာ သူမ တုံ့ပြန်ခဲ့သည်။

"ညီမလေးရယ်၊ ကိုကို့ကိုခွင့်လွှတ်ပါ။ အခုတော့ ကိုကို ဝင့်လည်ပြီ။ ဥမ္မာကို့ကို ဦးချစ်ရုံကိုသတ်မှုအတွက် ဖမ်းလိုက်ကြပြီ။ တစ်ချိန်က ဦးချစ်ရုံရဲ့ယုတ်မာမှုမှာ ခံစားခဲ့ရတဲ့အတွက် အငြိုးမပြေဘဲ အချိုသတ်ပူးပေါင်းနေရင်း အခွင့်သာတဲ့အခါ တုံ့ပြန်ဖို့ ဦးထွန်းကို သူ့အိတ်ထဲ ထည့်ထားခဲ့တာ။ ညီမလေးနဲ့မေမေ့ကိုလည်း သူလက်စားချေခဲ့တာပါပဲ။ သူဒုက္ခရောက်လို့ ကိုကို့ကို အမိဖမ်း လက်ထပ်ခဲ့တုန်းက ကိုယ်ချင်းမစာမနာ ကဲကဲဆတ်ဖြစ်တင်ရှုံချတဲ့အတွက် မိုင်းကောင်းကျောက်ဖိ ညီမလေးကို ငြော့ကြိုဖြစ်အောင် ပျက်စီးတဲ့ဘဝရောက်အောင် သူ လက်စားချေခဲ့တာ. . . တဲ့"

"ဩော်"

ဒီသတင်းစကားကိုလည်း သတင်းအဖြစ်သာ ညည့်ဦးယံ လက်ခံခဲ့သည်။ စိတ်ဆိုးဖို့ နာကြည်းဖို့ သူမ သတိမရ။ ဒါတွေဟာ ပြီးဆုံးခဲ့ပြီပဲ။ အကြီးမားဆုံးသော ဆုံးရှုံးမှုတွေတောင် ရင်





ဆိုင်ခဲ့ရပြီးပြီမို့ အရာအားလုံးသည် သူမအတွက် အသေးအဖွဲမျှသာ။

"တကယ်တော့ ညီမလေးဟာ ဥမ္မာကိုရဲ့ အငြိုး၊ အာဃာတအတွင်းမှာ သားကောင်ဖြစ်ခဲ့ရတာပါ။ လှသလောက် ကောက်ကျစ်စဉ်းလဲတဲ့မိန်းမ၊ အခု ကိုကို ဘာလုပ်ရမလဲဟင်၊ ကိုကို အရှုံးမီးပိုင်းဖြစ်နေပြီ။ ဒီမိန်းမကိုမုန်းချင်ပေမယ့် ရင်ထဲက မုန်းလို့မရဘူး။ ညီမလေး ကိုကိုတို့နဲ့အတူ ပြန်နေပါ။ ညီမလေးရဲ့တူလေးကိုလည်း စောင့်ရှောက်ပါ"

ညီမ အချုပ်ခံရတုန်းက စီးကရက်အဖွာမပျက်ခဲ့သည့် ကိုကို၊ ဝတ်ကောင်းစားလှ၊ နံ့သာသမြဲ ဖြစ်ခဲ့သည့်ကိုကို၊ ယခုတော့ မိန်းမအချုပ်ခံရသည့်အခါမှာ အရှုံးမီးပိုင်းဖြစ်နေပေပြီ၊ ဆံပင်စုတ်ဖွား၊ အဝတ်အစားတွေ ဖိုသီဖတ်သီ။

ကိုယ်ခံစားခဲ့ရသည့်အတွက် တုံ့ပြန်ဖို့၊ အာဃာတတွေထားဖို့ သူမ မရည်ရွယ်ခဲ့ပါဘူး။ သို့သော် သံယောဇဉ်ဆိုသည့် ကြိုးတို့ကို ညည့်ဦးယံ နှောင်ကျဉ်လှပါပြီ။ ကိုကို့ကမ်းလှမ်းချက်ကို သူမ ငြင်းခါမိခဲ့ပါ၏။ ရှိစေတော့လေ၊ ကြွေမွပြီးသော ပွင့်ဖတ်တို့ကို ဘယ်လိုပြန်ဆက်လို့ ရမှာတော့တဲ့လဲ။

အဖမ်းခံခဲ့ရသည့် ဆောင်းနံနက်က ဝတ်ဆင်[illegible]တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတိတ်လုံချည်အိုအိုရင့်ရင့် တစ်ပတ်နွမ်း။ ကရင်အင်္ကျီအပြာရင့် အပေါ်မှ ဖလန်နယ်အနွေးထည်ကို သူမ ဝတ်ဆင်ထားခဲ့သည်။ ကားပေါ်မှဆင်းတော့ ငေးငေးမောမော လိုက်ခဲ့သည့်သူမပေါင်ပေါ်မှာ မျက်မှန်ပုံတုံးတုံးကြီးတစ်လက် ကျန်နေခဲ့သည်။ ဘယ်သူ ကျန်ခဲ့မှန်းလည်းမသိ။ ညဥ့်ဦးယံ ကောက်ယူခဲ့သည်။

ပြခန်းအတွင်းသို့မဝင်မီ ရှုပ်ထွေးနေသော ဆံနွယ်တို့ကို လက်ဖြင့် ရစ်ထုံးလိုက်ပြီး၊ အနွေးထည်ဖလန်နယ်အင်္ကျီကို ခေါင်းပတ်ပေါင်းလိုက်သည်။ နောက် မျက်မှန်ပုံတုံးတုံးကြီးကို တပ်လိုက်၏။

ညနေသုံးနာရီလောက်ရှိပြီမို့ ပြပွဲက လူအနည်းငယ် ရှင်းနေပြီ။ အနုပညာဆိုသည့်အရာကလည်း ဗီဒီယိုရုံမှာ၊ ရုပ်ရှင်ရုံမှာ၊ သားငါးတန်းတွေမှာ လူကြိတ်ကြိတ်တိုးနေသလောက်တော့ ဘယ်မှာ လူစိတ်ဝင်စားမှာတဲ့လဲ။

မခံစားတတ်တော့ဘူးဟု ထင်ခဲ့ရသည့် နှလုံးသားကလည်း ချစ်သူ့ပန်းချီကားချပ်များကိုကျ စူးစူးနစ်နစ် ဝင်စားနေမိပြန်သည်။

'စမ်းချောင်းကလေး'ဟု အမည်ပေးထားသည့် ရေဆေးပန်းချီကားချပ်ရှေ့မှာ သူမမျက်ရည်တွေ အိုင်ကျ နစ်ထွန်းခဲ့ပေ





ပြီ။ သမီးလေးကို အစာခွံ့ကျွေးနေသည့် ငှက်မငယ်ဟာ ညဥ့်ဦးယံရဲ့မေမေပေါ့။ သာယာလှပသည့်စမ်းချောင်းကလေးသည် ယခုတော့ ခမ်းခြောက်ခဲ့ပြီ။

ပန်းချီကားချပ်များကို တစ်ကားချင်းကြည့်နေရာမှ သူမ လူစုစုရှိရာသို့ ရောက်သွားခဲ့သည်။

ဩော်. . . ကွမ်းယာနေတဲ့ အင်းဝခေတ် မိန်းမပျိုပဲ။

"မိန်းမပျိုရဲ့ဟန်က ရှက်စနိုးဟန်လေးပဲ။ ချစ်သူရဲ့ရှေ့မှာ မျက်လွှာချ၊ ကွမ်းယာနေရတဲ့ပုံစံလေး"

"ခုခေတ် ပန်းချီဆရာတွေ ဘယ်ဆိုးမလဲ။ ကြည့်စမ်း! ဒီကားရဲ့တန်ဖိုးက မြန်မာငွေနဲ့တွက်လိုက်ရင် ဘယ်နှသိန်းဖြစ်မလဲ။ ဒါ ရောင်းပြီးသားကား"

အသံများကို သူမ ကြားနေရသည်။ ဩော်. . . ဒီကားကို ရောင်းလိုက်သတဲ့လား။ အေးလေ၊ သူ့အလုပ်က ပန်းချီကားတွေ ရောင်းတဲ့အလုပ်ပဲ။

"ပန်းချီကားချပ်တွေထဲက ကောင်မလေးကို မြင်ဖူးချင်လိုက်တာ။ အပြင်မှာ တော်တော်နုးညံ့ တော်တော်ချစ်စရာကောင်းမှာပဲနော်။ ဒီပန်းချီဆရာကလည်း ဒီတစ်ယောက်တည်းကိုပဲ လှည့်ပတ်ဆွဲနေပါလား။ ပုံစံအမျိုးမျိုး ဟန်အမျိုးမျိုးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမကို နောက်မှာထားပြီး ပြောနေကြသည်။ ညဥ့်ဦး ယံဆိုတာ တစ်ဖက်စီ ကျိုးကျေနေတဲ့ ပန်းတစ်ပွင့်ဖြစ်ခဲ့ကြောင်း သူတို့သိလျှင် ဘယ်လိုမှတ်ချက်များ ချဦးမလဲ။

"ဒီပန်းချီဆရာတော့ ထောပြီကွာ၊ ဒီကောင်မလေးပုံ တွေမှန်သမျှ အကုန်ရောင်းရတာပဲ။ နိုင်ငံခြားသားတွေ မျက်စိ ကျအောင်လည်း ဆွဲတတ်ပါပေရဲ့။ မြန်မာ့အလှကို ထိထိမိမိ ဆွဲပြတတ်ပါပေတယ်။ ငါတောင် ပန်းချီဆရာလုပ်ချင်လာပြီ။ ကြည့်စမ်း! ဘယ်နှသိန်းလောက် ပိုင်သွားပြီလဲ"

"ခင်ဗျားဟာလေ၊ အနုပညာကို ခံစားဖို့တော့ မတွက် ဘူး၊ ကိန်းဂဏန်းတွေနောက်ပဲ လိုက်နေတယ်"

"ဒီပန်းချီဆရာက အလကားပါကွာ၊ မိန်းမ သိပ်ရှုပ်တာ၊ မိန်းမမယူသေးပေမယ့် စားသောက်ဆိုင်က ကောင်မလေးတစ် ယောက်နဲ့လည်း ငြိဖူးသေးတယ်။ ကောင်မလေးက သနားစရာ ပါ၊ အဲဒီကောင်မလေး အမှုဖြစ်ရော ကိုယ်တော်က လှည့်တောင် မကြည့်ဘူးတဲ့"

"မသိဘဲနဲ့ ရမ်းသန်းမပြောနဲ့ကွာ"

"ဟော့! ငါက မသိဘဲနဲ့မပြောဘူး။ အခု ဒီပန်းချီကား ထဲက မော်ဒယ်မလေးလည်း သူနဲ့ဘယ်လိုပတ်သက်တယ်မသိ





ဘူး။ ကောင်မလေးကတော့ ပိုက်ဆံဘယ်လောက်ရတယ်မသိ၊ သူကတော့ သိန်းပေါင်းများစွာ ပိုင်သွားပြီ"

ဒီလူတွေနှင့် ဝေးရာသို့ ညဥ့်ဦးယံ ထွက်လာခဲ့သည်။ မောင် ဘယ်မှာရှိနေမလဲ။ အချိန်တွေလည်း ရင့်အိုကုန်ပြီမို့ သူမ ချစ်သူကို ရှာဖွေကြည့်မိသည်။

ဩော်. . . သူက ဟိုမှာ။

အခန်းထောင့်တစ်နေရာမှာ စာနယ်ဇင်းသမားတွေနဲ့ သူ့ အပေါင်းအသင်းရောင်းရင်းများနဲ့ ရယ်မောပျော်ရွှင်နေသူဟာ သူမ ရဲ့ ခဏလေးချစ်ခဲ့ဖူးတဲ့ ချစ်သူပေါ့။

သူ့. . . ပျော်နေသားပဲနော်။

သူမ အချုပ်ခံနေရလို့ သူမ စက်တိုင်တက်ရလို့လည်း သူ ဘာမှမခံစားရပါလား။

သူမ မရှိလို့လည်း သူ့ဘဝဟာ ဘာမှမဖြစ်ပါလား။ ဘာမှဆုံးရှုံးပုံမရပါလား။

ညဥ့်ဦးယံဆိုတာ သူ့အတွက် နေ့စဉ်စားသုံးဖူးခဲ့တဲ့ သစ် သီးလေးတစ်လုံး။

သူ နင်းလျှောက်ခဲ့သည့် သူ့ခြေဖဝါးအောက်မှ ပန်းတစ် ရွက်တစ်ရွက်မျှသာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲပေါ့နော်. . .

ယောက်ျားဆိုတာ အတ္တကိုးဆယ်သားနဲ့ ပုရိသသပဲ၊ သူတို့ကိုယ်ခန္ဓာမှာ အလေးချိန်တစ်ပိဿာရှိရင် အတ္တက ကိုးဆယ်သား။

ကွန်ပျူတာကို ခလုတ်နှိပ်စရာမလိုတဲ့ ဦးနှောက်တွေကလည်း ရှိသေးတယ်။

တစ်နေ့ ထောင့်ငါးရာနဲ့ ငှားရမ်းဖို့ ရည်ရွယ်ချက်နဲ့ အပေါစားကောင်မလေးတစ်ယောက်ကို ချစ်ဟန်ဆောင်ခဲ့တယ်။ ပန်းချီကားချပ်တွေ ဆွဲဖို့အတွက် ကောင်မလေးတစ်ယောက်ကို အသုံးချခဲ့တယ်။

သူမဟာ မောင့်အတွက် နံရိုးတစ်ချောင်းမျှသာ။ သူ့အတ္တ သူ့ဘဝ သူ့အောင်မြင်မှုတွေအတွက် ထောက်ကန်ပေးလိုက်တဲ့ နံရိုးတစ်ချောင်းမျှသာ။

မောင်က သူ့အပေါင်းအသင်းများနှင့် ကွမ်းယာနေတဲ့ မိန်းမပျိုထံသို့ လျှောက်လာတော့ ညှဉ့်ဦးယံ ခေါင်းပေါင်းကို ပိုပြီး ပွယောင်းအုံ့ဆိုင်းထားခဲ့သည်။ မျက်မှန်ကြီးကလည်း ခဏခဏ ကျွတ်ကျချင်သေးရဲ့။

"ကိုမိုရ်. . . ခင်ဗျား ဒီပုံကိုရောင်းပစ်ဖို့ မကောင်းဘူး။ ဒီပုံဟာ ခင်ဗျားတစ်သက်မှာ နှစ်ခါဆွဲလို့မရမယ့်ပုံဗျ။ ကြည့်စမ်းပါဦး။ ရှက်စနိုးကောင်မလေးရဲ့ပုံရိပ်က ဘယ်လောက် အသက်ဝင်လိုက်သလဲ။ မိုနာလီဇာလိုပဲ"

သူကတော့ ကြည်နူးပီတိ လျှံနေသံဖြင့် စကားပြန်ခဲ့သည်။

"မတန်မရာတွေ မနှိုင်းပါနဲ့ဗျာ။ မိုနာလီဇာက ကမ္ဘာကျော်ကြီးပါ။ ဒါက ဘာမှမဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ဒီကား မရောင်းနဲ့ဗျာ။ နေစမ်းပါဦး၊ ဒီအထဲက ကောင်မလေးရော အခု ဒီပြပွဲကို မလာဘူးလား။ သူ ဘယ်ရောက်နေသလဲ"

ချစ်သူထံမှ စကားသံများ မကြားရခင် ညှဉ့်ဦးယံ ခပ်သုတ်သုတ် ထွက်လာခဲ့မိသည်။ စိုးရိမ်လို့သာ စိုးရိမ်ရသည်။ သူမကို မည်သူသိမှာတဲ့လဲ။

ထိုနေ့က ချစ်သူ့ပန်းချီပြပွဲ ခန်းမကြမ်းပြင်မှာ သူမရဲ့ မျက်ရည်ပွင့်တွေ ကြွေခဲ့ဖူးကြောင်း မည်သူမျှ မသိလိုက်ပါချေ။

▣▣▣







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"နင်မသွားရဘူး ညဉ့်ဦးယံ၊ နင် ဘယ်ကိုမှမသွားရဘူး၊ မိန်းကလေးဆိုတာ သိပ်စိတ်ကူးယဉ် မဆန်ရဘူး"

အခန်းသော့လေးကို ပြန်အပ်ဖို့သွားတော့ တစ်ဖက်ခန်းမှာ နေထွက်တစ်ယောက်တည်း တွေ့ရ၏။ ဒေါ်သန်းသန်းဆင့် ဈေးသွားနေသလား၊ ဘယ်သွားနေသလဲ မသိ။ စောင့်နှုတ်ဆက်ချင်စိတ်လည်း သူမမှာ မရှိတော့။ ဒေါ်သန်းသန်းဆင့်က သူမကို အထင်သေးအမြင်သေးမျက်ဝန်းများနှင့် ကြည့်တာလည်း ထပ်မံမခံယူချင်တော့ပါ။

ဒါ ဝဋ်လည်ခြင်းပဲလား။ ညမှာကို့ကိုတုန်းကရော သူမ ဒီလိုပဲ ကြည့်ခဲ့ဖူးသလား။



www.burmeseclassic.com

www.burmeseclassic.com



နေထွတ်က မျက်စိမျက်နှာပျက်စွာဖြင့် သူမကို တားဆီးလေသည်။

“နင်တစ်ယောက်တည်းရှိတဲ့အစ်ကိုနဲ့လည်း ပြတ်ခဲ့ပြီ၊ အမေလည်း မရှိတော့ဘူး။ ဒီမှာပဲနေပြီး ငါတို့နဲ့အတူ လုပ်ကိုင်စားသောက်ပါ။ အို! ငါ နင့်ကိုမခွဲနိုင်ဘူး။ မလွှတ်နိုင်ဘူး။ ငါ နင့်ကိုလက်ထပ်ပါ့မယ်”

နေထွတ်စကားကြောင့် ညည့်ဦးယံ မချိပြုံး ပြုံးမိသည်။ ‘လက်ထပ်ပါ့မယ်’တဲ့လား။ သူတောင် ဒီစကားမျိုးပြောနေမှတော့ ပတ်ဝန်းကျင်တစ်ခုလုံးက ညည့်ဦးယံကို မည်သို့သတ်မှတ်ကြသတဲ့လဲ။ မိန်းမပျက်ကလေး၊ လူသတ်မှုနဲ့ အဖမ်းခံရသူလေး။ မိန်းမပေါ့, မိန်းမရွှင်။

“ငါ့ကိုမတားနဲ့ နေထွတ်၊ ငါ့မှာ ခြေနှစ်ဖက်ရှိတယ်၊ လက်နှစ်ဖက်ရှိတယ်။ ငါ့ဘဝကိုငါ တစ်ကနေ ပြန်စမယ်။ စိတ်ချ. . . ငါ ညှော်ကြိုတော့ ဘယ်တော့မှပြန်မလုပ်ဘူး”

“နင်. . . နင့်ချစ်သူဆီ သွားမှာလား”

သူမ ပြုံးမိရပြန်သည်။ ဒီမေးခွန်းက ဖြေစရာတောင် မလို။

“မကန်မရာတွေဟာ၊ ငါက တန်ဖိုးမဲ့မိန်းမတစ်ယောက်





ပါ။ သူ့ဘဝနဲ့သူ ရှိပါစေ”

“ဒါဖြင့် နင် ငါ့ကိုလက်ထပ်ပါ၊ ငါ နင့်ကိုချစ်တယ်။ နင်ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့၊ နင့်ကို ငါသနားတယ်။ နင့်ဘဝကို ငါ နားလည်တယ်”

နေထွတ်က သူမအနီးသို့ တိုးကပ်၊ သူမရပ်နေရာအနီးသို့ လှမ်းလာ၏။

“နင် ငါနဲ့လက်တစ်ကမ်းမှာပဲ နေပါ နေထွတ်။ နင့်အမေကြီးမြင်ရင် ရင်ကျိုးမှာစိုးလို့ပါ။ ငါတို့သားအမိကို ကူညီခဲ့တဲ့ကျေးဇူးတွေ ငါဘယ်တော့မှ မမေ့ပါဘူး”

“ကျေးဇူးတရားတွေဘာတွေ ဘေးချိတ်ထားစမ်းပါ ညည့်ဦးယံရယ်။ နင် မိုက်ရူးရဲ့အလုပ်တွေ ရပ်တန်းက ရပ်သင့်ပြီ။ ငါ နင့်ကိုခိုးပြေးမယ်ဟာ။ မေမေကတော့ လောလောဆယ် သဘောတူမှာမဟုတ်ဘူး။ နောက်တော့လည်း မြေးတွေဘာတွေရတော့ အိုကေသွားမှာပါ”

“အဲဒါကမှ တကယ့်မိုက်ရူးရဲ့အလုပ်၊ ငါကမှ နင့်ကို မချစ်ဘဲ။ ငါ့ရင်ထဲမှာ သူပဲရှိတယ်။ သူကလွဲလို့ ဘယ်သူ့ကိုမှ ငါလက်မထပ်နိုင်ဘူး။ ပြီးတော့ ခိုးရာလိုက်ရဦးမတဲ့။ တော်တော့် အောက်ကျနောက်ကျနိုင်တဲ့အလုပ်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"နင့်ချစ်သူကမှ နင့်ကိုမယူတာ။ အံ့ရော. . . ဒီလောက် ကိုယ့်အပေါ် ဥပေက္ခာထားတာတောင် နင် စိတ်မနာဘူးဟုတ် လား။ နင်တို့မိန်းမတွေကို ငါအံ့ဩတယ်"

"ဘာပဲဖြစ်ဖြစ် ငါ့ရင်ထဲမှာ သူအမြဲရှိတယ်။ ဘဝဆိုတာ ပြီးစလွယ် ယောကျ်ားတစ်ယောက် ကောက်ယူတာထက်တော့ အဓိပ္ပာယ်ရှိရမယ်။ ငါ ကိုယ့်ဘဝကိုယ် ဖြူဖြူစင်စင်လေး တည် ဆောက်ဦးမယ်။ သန့်သန့်စင်စင်လေး ရပ်တည်မယ်။ ပြီးတော့ သူ့ကို ငါအမြဲလွမ်းနေမယ်။ ငါ့ကိုခွင့်လွှတ်ပါ နေထွတ်၊ ရူးတယ် ဆိုလည်း ငါ့ကိုအရူးလို့ပဲ သဘောထားလိုက်ပါ"

အခန်းသော့ကို နေထွတ်ထံပေးခဲ့ပြီး ညဥ့်ဦးယံ ကိုယ့် အခန်းဆီ ပြန်လာခဲ့သည်။ မေမေမရှိသော အိမ်ခန်းလေးသည် သုသာန်တစ်စပြင်နှယ် အားလုံး ဟာလာဟင်းလင်း။ အိမ်ထောင် ပရိဘောဂမရှိ၊ အိုးခွက်အနည်းငယ်ကိုတော့ နွမ်းပါးသူများကို ပေးလှူခဲ့ပြီ။ သူမမှာ ခရီးဆောင်သားရေအိတ်တစ်လုံးနှင့်သာ။

ငှက်တစ်ကောင်လိုပဲ သူမ ပျံသန်းရဦးတော့မည်။

နေထွတ်က ကားနှင့်လိုက်ပို့သော်လည်း သူမ လက် မခံခဲ့။ နေရစ်တော့ နေရာဟောင်းရယ်။

▣▣▣

**ရွှေပဒေသာစာပေ**

## နိဂုံး

ရန်ကုန် – လွိုင်ကော် အဝေးပြေးကားက မထွက်နိုင် သေး။ သူ့အချိန်နာရီ မစေ့သေးတာကြောင့်ဖြစ်ပေမည်။ တကယ် ဆို မနက်ရှစ်နာရီမှ ထွက်မှာပေမယ့် ညဥ့်ဦးယံ မိုးလင်းပြီး ခြောက် နာရီကတည်းက ရောက်နေခဲ့သည်။ ခရီးသွားချင်လွန်းလို့ ဆန္ဒ စောစွာ ရောက်ရှိနေခြင်းထက် တာဝန်တစ်ရပ် ထမ်းဆောင်နေ ခြင်းမျှသာဖြစ်သည်။

ကားဘေးပေါက်မှန်ကိုဖွင့်ရင်း ကျဲပါးစွာ ဝင်လာသည့် နှင်းမှုန်များကို ညဥ့်ဦးယံ ငေးကြည့်နေမိသည်။ အသက်ဝင်စပြု လာသည့်မြို့တော်ကတော့ လှုပ်လှုပ်ရှားရှား ရှုပ်ရှုပ်ထွေးထွေး ကားတွေလူတွေ ပေါလည်းပေါများနိုင်လှပေရဲ့။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



မနှစ်ကဆောင်းမှာ သည်ရန်ကုန်မြေမှ ရုပ်ပျက် ဆင်းပျက် ထွက်ပြေးခဲ့ရပေမယ့် သည်နှစ်ဆောင်းမှာတော့ သူမဘဝ သူမနှလုံးသား အနည်ထိုင်၊ အခြေကျခဲ့ပြီဟု ညွှန့်ဦးယံ ထင်ခဲ့မိ၏။ ရောင့်ရဲတတ်သည့်ဘဝမှာ ရွှေငွေပစ္စည်းဥစ္စာများကိုလည်း ကြက်လိုယက်ပြီး ရှာစရာမလိုတော့။ ချစ်ခြင်းမေတ္တာ သံယောဇဉ်စသည်တို့ကိုလည်း ငှက်လိုအတောင်ဖြန့် အသိုက်ဖွဲ့ပြီး မရှာလိုတော့။

လောကကြီးမှာ လူဟာ တစ်ယောက်တည်း မွေးဖွားခဲ့တာပဲမဟုတ်ဘူး။

မည်သူမဆို အချိန်ကျရင် ထွက်ခွာရမည်ဖြစ်သော ဘဝသံသရာရထားကြီးပေါ်မှာ ပစ္စည်းဥစ္စာတွေ မကြွယ်ဝတော့ရော ဘာဖြစ်မှာလဲ။ ချစ်သူခင်သူတွေ တစ်ယောက်မျှမရှိတော့ရော ဘာဖြစ်မှာလဲ။

ဒီအတွေးတွေဟာ စိတ်ဓာတ်ကျခြင်းလား။ စိတ်ဓာတ်ကြံ့ခိုင်ခြင်းလက္ခဏာတွေလား။ ဘာပဲဖြစ်ဖြစ် လှိုင်ကော်မြို့နယ်မှာ တာဝန်ထမ်းဆောင်နေပြီဖြစ်သည့် မူလတန်းပြ(ဆွဲခန့်) ဆရာမလေး ညွှန့်ဦးယံကတော့ ဘဝကို အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ရဲဝံ့ ရိုးသားစွာ စတင်ဖြတ်သန်းနေပါပြီ။





ဟုတ်တယ် . . . တကယ့်အဝတ်တစ်ထည် ကိုယ်တစ်ခုသာ။ တောရွာက ဝေးလံသီခေါင်သောအရပ်မှာ သူမဟာ စီးပွားရေးအတွက် နေသည်မှမဟုတ်တာ၊ ဘဝဆိုတာ ဖြူစင်စွာ စီးဆင်းနေခွင့်ရလျှင်ပဲ နေပျော်သင့်သည်မဟုတ်လား၊ သူမက အေးချမ်းရာနေရာမှာ တမင်နားခိုနေခြင်းလည်းဖြစ်သည်။

သိကျွမ်းခဲ့ဖူးသည့်သူငယ်ချင်းရှိရာ လှိုင်ကော်သို့ လိုက်သွားပြီး အဲဒီမြို့နယ်မှာ အလုပ်ဝင်ရင်း ကိုယ့်ဘဝကိုယ် ခြကလေးတစ်ကောင်လို တည်ဆောက်နေခဲ့သည်။ ယခု သည်ရန်ကုန်မှာ အဝေးသင်တတိယနှစ် လာဖြေရာမှ အပြန်ခရီးဖြစ်သည်။

လူတွေကတော့ မုန့်သည်တွေဆီမှ မုန့်တွေ ဝယ်ခြမ်းစားသောက်နေကြတာပါပဲ။ သူမကတော့ ဆာမှ သူငယ်ချင်းပေးလိုက်သည့်ထမင်းဘူးလေးကိုဖွင့်ပြီး စားသောက်တော့မည်။ သူမမှာ ပိုက်ဆံလည်း များများမပါရှိပါ။ ဆရာမလစာလေးဖြင့် ကုတ်ကပ် စုဆောင်းပြီး သည်ရန်ကုန်ကို အဝေးသင်လာဖြေရတာ၊ လမ်းစရိတ် ကျောင်းစရိတ်တို့တောင် အနိုင်နိုင်။ နေတာစားတာကတော့ ငယ်သူငယ်ချင်းမရဲ့အိမ်မှာ။ သူမရဲ့အစ်ကို နေယံလည်း နိုင်ငံခြားပြန့်ထွက်သွားပြီကဲ့၊ တစ်ဦးတည်းသောတူလေးကိုလည်း သူမ သွားမတွေ့တော့ပါ။ သူ့အဘိုးအဘွား ဦးလေးဦးကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



နှင့်မှ ညည့်ဦးယံ မဆုံလိုဘဲ။ ဥမ္မာကိုလည်း ထောင်ဒဏ်ငါးနှစ် ကျသွားခဲ့သည်. . . တဲ့။

လူတွေဟာ ကိုယ့်တရားကိုယ် စီရင်နေကြရတာလား။ ကံကြမ္မာက စီရင်ပေးနေတာလား။

ပါဝါအနည်းငယ်ပါရှိသည့် မျက်မှန်အဖြူလေးကို တပ်ဆင်၊ ဆံပင်လေးကို နောက်ဘက်သို့ သိမ်းလှန်စုစည်းထားသည့် ညည့်ဦးယံသည် မိမိကိုယ်တိုင်တော့ တည်ငြိမ်နေသော ကန်ရေပြင်လို့ ထင်မိသည်။ ခေတ္တမြှုပ်နေသည့် အနာဟောင်း အနာဆွေးကြီးတော့ မဖြစ်တန်ရာ။

မဂ္ဂဇင်းတွေထဲမှာ ဂျာနယ်တွေထဲမှာ ချစ်သူ့သတင်း ချစ်သူ့ကဗျာတွေ ဖတ်ရလျှင် တစ်နေ့လုံး ကြိမ်မီးအုံးသလို ပူဆွေးတတ်တာကိုတော့ 'ပုထုဇဉ်ပဲလေ'ဟု သူမ ကြီးကြီးကျယ်ကျယ်မှတ်ချက်ချမိသည်။

"ကားကလည်း မထွက်နိုင်ဘူး၊ ဘယ်ပုဂ္ဂိုလ်တွေများ စောင့်နေရတာလဲ။ ရှစ်နာရီထိုးပြီ"

နောက်ဘက်မှ ခရီးသည်တစ်ဦး၏ စိတ်မရှည်နိုင်သော အသံတစ်ခုကို ကြားလိုက်ရသည်။ ညည့်ဦးယံအဖို့ကတော့ ဘယ်အရာမှ မထူးတော့ပါ။ မေမေမှ ဟိုမှာမရှိတာဘဲ။ ရန်ကုန်ဖြစ်ဖြစ်





လွိုင်ကော်ဖြစ်ဖြစ် အမေပျောက် ချစ်သူပျောက်ကောင်မကလေး တစ်ယောက်အတွက် မထူးဆန်းတော့ပါ။ လောလောဆယ် သူမ၏နားခိုရာက လွိုင်ကော်မှာမို့သာ သူမ လွိုင်ကော်သို့သွားနေရခြင်းဖြစ်သည်။

"ဟင်!"

ကားလေးတစ်စီး အဝေးပြေးဂိတ်ထဲသို့ ကမန်းကတန်း ခေါင်းတိုးဝင်လာပြီး ပေါ့ပါးစွာ ဖွင့်ထွက်လာသူက သူမ၏ချစ်သူဖြစ်လို့နေသည်။ သီချင်းထဲကလို 'တစ်နာရီတည်း မောင်နဲ့ချစ်ပါရစေ'လို့ ဆိုရမည့် ခုနစ်ရက်လောက်ပဲ ချစ်ဖူးခဲ့ရသည့် ချစ်သူ။ သူမရဲ့ဘဝထဲမှာမှ ဆိုင်းမဆင့်ဗုံမပါ ထွက်ခွာသွားသည့်ချစ်သူ။ သူမကတော့ တစ်ဘဝလုံး ချစ်နေမိတော့သည့်ချစ်သူ။

သူ ညည့်ဦးယံတို့စီးမည့် လွိုင်ကော်ကားကြီးပေါ် တက်လာပါရောလား။ သူ့ကားလေးကတော့ ပြန်လည်ထွက်ခွာသွားပေပြီ။ ညည့်ဦးယံမှာ ကိုယ့်ကိုယ်ကို တည်ငြိမ်သော ကန်ရေပြင်ကြီးလို့ ထင်ထားမိသမျှ ခြေဖျားလက်ဖျားတွေ အေးစက်လာမှ အတွေးတွေ့ တက်တက်စင်အောင်လွဲကြောင်း သိလိုက်ရသည်။

ယခုမှ လွိုင်ကော်ကားကြီးလည်း ထွက်ခွာတော့သည်။ ညည့်ဦးယံမှာ မှန်တိုင်းမိသည့်ကြွက်စုတ်ကလေးနှယ် ဆောက်



www.burmeseclassic.com

www.burmeseclassic.com



တည်ရာမရတော့။ သူမက ကား၏နောက်ဘက်မှာ။ မြင့်မိုရ်က ကားရှေ့မှာမို့ လူချင်းအများကြီးဝေးနေပေမယ့်လည်း သူမ ရှိနေတာကို သူမသိနိုင်ပေမယ့်လည်း ရင်ထဲမှာ ငိုချင်စိတ်တို့က တားမရဆီးမရ။

မငိုနဲ့ ညဥ့်ဦးယံရယ်. . . နင့်ဘဝမှာ ငိုခဲ့ရပေါင်းလည်း များလှပါပြီ။ ညညဆို မေမေ့ကိုလွမ်းရင်လည်း မျက်ရည်ကျ၊ ချစ်သူကိုလွမ်းရင်လည်း မျက်ရည်ကျ၊ အခုမှ မိုးလင်းစ ရှိသေးတယ်၊ နင်မငိုပါနဲ့တော့။

တရားချလည်း မျက်မှန်လေး မှောပါလုအောင် သူမ မျက်ရည်တွေက တားမရဆီးမနိုင်။ ပိတ်ထားသောကားမှန်ပြတင်းမှ ငေးကြည့်တော့ လောကသည် ပိန်းပိန်းဝါးဝါး။ နှင်းတွေလား မျက်ရည်တွေလား။ ကမ္ဘာကြီးဟာ မျက်ရည်တွေနဲ့ တည်ဆောက်ထားပါသလား။

ဝတ်ထားသည့် ဆွယ်တာအဖြူလေးကို ဆွဲစေ့ရင်း သူမ မျက်စိမှိတ်၊ ကားမှန်ကို ခေါင်းထိုးရင်း မျက်ရည်များသာ ဖြိုင်ဖြိုင်ကျနေမိတော့သည်။

လူဟာ ရင်ထဲမှာ အသိရှိပေမယ့်လည်း အဲဒီအသိကို နှလုံးသားက အမြဲအနိုင်ယူစိုးမိုးတတ်ပါသလား။ ဒါ မရင့်ကျက်





သေးတာပေါ့။ သူမကတော့ အခါခါရှုံးနိမ့်ရပေဦးမည်။

ကံကြမ္မာကြီးရယ်. . .

ချစ်သူသာ ကျွန်မရှေ့ ရောက်မလာရင်တော့. . .

ကျွန်မ ဖြေဆည်နိုင်သေးတာပေါ့။

ယခုတော့ သူမမှာ မိုးကလေး ညိုသလို တိမ်တွေက တစ်ရင်းချင်း ပြုဆင်းပြီး ကားထောင့်ကျဉ်းလေးထဲမှာ ဘဝထောင့်ကျဉ်းလေးထဲမှာ ပိတ်မိနေခဲ့ရသည်။

ရန်ကုန်–လှိုင်ကော်ခရီးက အဝေးကြီး။ နာရီပေါင်းများစွာ သူနဲ့အတူ ခရီးသွားနေရမှာ။ သူမ ဘယ်လိုလုံအောင် ပုန်းနိုင်ပါ့မလဲ။ အိုလေ. . . ကိုယ်က လက်ဦးမှုရနေသူပဲ။ ကိုယ်က သူ့ကိုမြင်နေရတာပဲ။ လွတ်အောင် ရှောင်နိုင်မှာပါ။ မတွေ့အောင် ပုန်းနိုင်မှာပါ။

ချစ်သူရေ. . . ရှင်မုန်းတဲ့ အပေါ်စားမိန်းမတစ်ယောက်နဲ့ တစ်ကားတည်းအတူစီး တစ်ခရီးတည်း အတူသွားနေရတာ ရှင်သိရင် လဲသေချင်မှာပဲနော်။ စိတ်ချပါ၊ ကျွန်မ လာနှုတ်မဆက်ပါဘူး။ ဘယ်လောက်ပဲ ရင်ထဲက ချစ်ချစ်၊ လူဆိုတာ မာနနဲ့ပါ။ သူမ မိမိအချစ်တွေကိုလုံအောင် သိမ်းဆည်းထားလိုက်ပါမည်။

◘



www.burmeseclassic.com

www.burmeseclassic.com



ကားက နံနက်စာစားဖို့ အပေါ့အပါးသွားဖို့ ဆယ့်တစ်နာရီခန့်မှာ ရပ်ပေးသည်။ တစ်ကားလုံးနီးပါး ပြောင်သလင်းခါအောင် ဆင်းကြသော်လည်း သူမကတော့ ကိုယ့်ထောင့်ကွေးလေးမှာပဲ ကုတ်ကပ်နေမိသည်။ စားချင်စိတ်ကလည်း မရှိတော့။ မြင့်မိုရ် ဆင်းသွားတာကိုတော့ ညှို့ငိုးယံ မြင်နေရသည်။ အမိသည် သားငယ်ကို မျက်ခြည်မပြတ် ကြည့်သကဲ့သို့ ချစ်သူကို သူမ ကြည့်နေမိသည်။ ကြောက်ရွံ့မှုသက်သက်ကြောင့်လား၊ မိမိကိုယ်လည်း မဝေခွဲနိုင်တော့။

ဘေးမှလူများနှင့် ပြုံးရယ်ပေါ့ပါးနေသည့် အနုပညာရှင်ကြီးကို သူမ နာကြည်းလို့မရ၊ မုန်းမိဖို့ဆိုတာ ဝေးလာဝေး။ သူ့လက်ချောင်းသွယ်သွယ်လေးများကို သူမ ငေးကြည့်နေမိသည်။

သည်လက်ကလေးများနဲ့ ကဗျာရေးတာပေါ့။

သည်လက်ကလေးများနဲ့ ပန်းချီကားတွေ ဆွဲတာပေါ့။

သည်လက်ကလေးများနဲ့ တစ်ခါက သူမကို ယုယ ပိုက်ထွေးခဲ့။

အင်း. . . ဒီနေရာမှာတော့ သူမ မျက်ရည်သီးသွားခဲ့ရသည်။ သည်လက်ကလေးများဟာ ကောင်မလေးပေါင်းများစွာကိုလည်း ညှို့ငင်ရစ်ပတ်ခဲ့ဖူးမှာဖြစ်သည်။





"အစ်မ၊ ကားက နောက်မရပ်တော့ဘူးနော်။ ဆင်းပါလား၊ အပြင်ခဏထွက်ပါလား"

စောစောက သူ့အနားမှာ အဖွဲ့ကျနေသည့် စပယ်ယာကောင်လေးက သူမကိုလာပြောသည်။ ဒါ ကားထုံးစံထင်ပါရဲ့။

"မဆင်းတော့ပါဘူးကွယ်"

"မဟုတ်ဘူးလေ၊ အစ်မ တစ်ခုခုစားပါလား။ အပြင်တွေဘာတွေ ထွက်လေ။ ဒီဆိုင်ရဲ့နောက်ဘက်မှာ အိမ်သာတွေရှိတယ်။ အားနာစရာမလိုဘူး အစ်မရဲ့။ ဒါ ကျွန်တော်တို့ ကားရပ်နေကျနေရာ"

ကောင်လေးက မရမက ခေါ်နေတော့ သူမစိတ်ညစ်လာသည်။ ကောင်လေးဘက်လည်း ရဲရဲမလှည့်ရဲ။ ဘာမှလိမ်းခြယ်မထားသည့် သူမမျက်နှာဖြူနုနုက မျက်ရည်များကြောင့် နီနေပေလိမ့်မည်။ သူမ လှည့်မကြည့်တော့။ စကားလည်း ပြန်မပြော။ သက်ပြင်းချရင်း ကောင်လေး ထွက်ခွာသွားသည်၊ ကောင်လေးဆိုပေမယ့် သူမတို့အရွယ်ပေါ့လေ။

အတန်ကြာတော့ လူများ ပြန်ရောက်လာကြသည်။ သူမဘေးနားမှ ဦးလေးကြီးလည်း ပြန်ရောက်လာ၏။ ဦးလေးကြီး ခန့်ထည်ထည်မှာ ညှို့ငိုးယံကလည်း တစ်ခါမျှ လှည့်ကြည့်ဖော်



www.burmeseclassic.com

www.burmeseclassic.com



မရတော့ သူမတို့စကားမပြောဖြစ်ကြ။ ညဉ့်ဦးယံ တစ်လမ်းလုံး ကားနံ့ရံခေါင်းထိုးပြီးတော့သာ အိပ်လိုက်လာမိသည်။

စားရမှန်းလည်းမသိ၊ ကားနားလျှင်လည်း မဆင်း။ သူမ ရှိနေတာ ချစ်သူ သိသွားမှာစိုးသည်၊ ချစ်သူ စိတ်အနှောင့်အယှက် ဖြစ်မှာ စိုးသည်။ စိတ်ကိုထိန်းသည့်ကြားမှ မျက်ရည်တွေက ဖြိုင်ဖြိုင်ကျ။ မေမေရေ. . . မေမေ ဘယ်အရပ်ကိုရောက်နေသလဲ။ နတ်ပြည်မှာလား၊ ဗြဟ္မာပြည်မှာလား။ ချစ်သူကို မျက်စိရှေ့မှာထားပြီး ရင်ကွဲနေရတဲ့ သမီးရဲ့အချစ်ဆူးကို မေမေ့ရဲ့တန်ခိုးတော်နဲ့ ပြေရှင်းပေးပါ။

သူကတော့ ပျော်နေတာပါပဲ မေမေရယ်. . .

သူဟာ ဘယ်သူဆိုတာ လူတွေက သိသွားတော့ သူ့အနားမှာ သူ့ကိုခင်မင်သူတွေ ဝိုင်းဝိုင်းလည်လို့။

သူက လမင်းကြီးလို အလင်းတွေ ဖြာနေတော့ သမီးရင်ကွဲတာပေါ့ မေမေ။

သမီးရဲ့ ချောက်နက်ရှိုင်းဆီ သူ့အလင်းတွေ မရောက်ရှိနိုင်လို့ပါ။

ဘဝသံသရာကြီးကလည်း လည်ပတ်မြဲ၊ ကားကြီးကလည်း ဆက်ထွက်မြဲ။ တစ်နေ့လုံး မောင်း၊ တစ်ညလုံး မောင်း၊





ပြီးလည်း လွိုင်ကော်က ရောက်ဦးမှာမဟုတ်။ ကားထဲမှာပဲ သူမ ကုတ်ကပ်ထိုင်နေမိသည်။

တစ်နေ့လုံး စကားမပြောသော်လည်း ညနေ ကားခေတ္တရပ်နားရာရောက်တော့ အနားမှ ဦးလေးကြီးမင် မနေနိုင်တော့။

''ကလေးမ. . . ဆင်းပါ၊ ညည်း ဒုက္ခရောက်လိမ့်မယ်''

''ရတယ်. . . ဦးလေး''

''မဟုတ်ဘူးလေ၊ ဦးလေး လက်ဖက်ရည်ဝယ်တိုက်ပါ့မယ်''

တစ်နေ့လုံး ဘာမှမစား၊ အောက်လည်း မဆင်းသည့် ညဉ့်ဦးယံကို ဒုက္ခသည်လေးဟု ဦးလေးကြီးက ယူဆလေရော့လားမသိ။

ဦးလေးကြီးရေ. . . ခင်ဗျား မတတ်နိုင်ပါဘူး။

ဒုက္ခသည်တကာ့ ဒုက္ခသည့်ထဲမှာ အချစ်ဘေးဒုက္ခသည်ဟာ ဝဋ်ဆင်းရဲအကြီးဆုံးပေါ့။

ဦးလေးကြီး သက်ပြင်းချ၊ ခေါင်းခါပြီး ထွက်သွားသည်။ စပယ်ယာကောင်လေး လာခေါ်နေဦးမလား စိုးရွံ့နေဆဲ. . .

''အစ်မ ဒီတစ်ခါ မဆင်းရင်တော့ ဆွဲချရမယ်ဗျနော်။ ရှေ့ဆိုရင် ညကြီးမင်းကြီး မောင်းရမှာ။ စားသောက်ဆိုင်တွေ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး''

''ရတယ်. . . အစ်မမှာ ပါတယ်''

တကယ်က သူမရဲ့ထမင်းဘူးလေး သိုးနေလောက်ပါပြီ။ ဘာမှစားမထားလည်း သူမရင်ထဲ ပြည့်နေတာ လူတွေကတော့ ဘယ်ယုံနိုင်မလဲလေ။

ကောင်လေး ခေါင်းကုတ်ထွက်သွားပြီး မကြာမီ ခေါက်ဆွဲကြော်ထုပ် လာပေးပြန်သည်။ ညဉ့်ဦးယံ စိတ်ဆိုးသွားသည်။ ဒါ ဘာအချိုးလဲ။

''လူကို ဘယ်လိုမှတ်နေသလဲ။ ငါ့ဘာသာ မစားချင်လို့မစားတာ၊ ပိုက်ဆံမရှိလို့မဟုတ်ဘူး။ ငါ အုံနာကို တိုင်လိုက်မှာနော်။ သွား. . . ငါ့အနား မလာနဲ့''

သူမ ပိတ်ပြောလိုက်တော့ ကောင်လေး မျက်လုံးပြူးသွားသည်။

''ကျွန်တော်က စေတနာနဲ့ပါ အစ်မရယ်၊ မကြိုက်ရင် ဘာမှလာမပြောတော့ပါဘူး။ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပေါ့''

သူမကို ဆလံ.သရင်း ကောင်လေး ထွက်သွားတော့သည်။

မကြာမီ ကားပြန်ထွက်လေ၏။ ချမ်းအေးသော ဆောင်း





ညမှာ ကားကြီးက မီးထိုးမောင်းနေသည်။ လသာရက်ဖြစ်သော်လည်း လမင်းက ညကို အလင်းမပေးနိုင်ရှာ။ နှင်းထုက စိတ်ကောက်နေသော ကောင်မလေးနှယ် လောကကို ဖြန့်ဖုံးထား၏။

ခါးသီးသောဘဝကို ပြန်လည်သတိရရင်း ချစ်သူ့အပေါ် လွမ်းလွမ်းမြွေမြွေသတိရရင်း သူမခေါင်းတွေ မူးနောက်လာခဲ့၏။ ရင်ထဲမှာလည်း ပူ။

သေချင်လည်း သေသွားစမ်းဟာ. . .

သေသွားရင်တော့ တစ်ကားလုံးနဲ့အတူ သူသိသွားမှာပါပဲ။ သင်္ဂြိုဟ်မှာပါပဲ။ အိုလေ. . . သေတဲ့နောက်တော့ ဒီခန္ဓာကိုယ်ကြီးလည်း ပုပ်ချင်ပုပ် ဆွေးချင်ဆွေး ဖြစ်ချင်သလိုဖြစ်။ နောက်ဆုံးတော့ သူမ သတိလစ်သလို ခံစားရလိုက်သည်။

▣

''နိုးသွားပြီလား ဘေဘီ''

''ဟင်!''

ခန္ဓာတစ်ခုလုံးနွေးထွေးအောင် စောင်နဲ့ရစ်ပတ်ပေးမထားမှုကြောင့် သူမ လန့်ဖျပ် ရုန်းထတော့. . .

''ဦးလေးကြီးမဟုတ်ပါဘူး ချစ်ရဲ့၊ မောင်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

သူမ သူ့အနားမှ ရုန်းထပြီး မျက်ရည်များ ပြိုကျလာပြန်သည်။ သူ ဘယ်တုန်းက ဘယ်လိုရောက်နေခဲ့တာလဲ။ ဘဝသံသရာကားကြီးကတော့ တဝူးဝူးမောင်းနှင်ဆဲ။ ကားမီးလဲ့လဲ့ထဲမှာ ငိုက်သူတွေလည်း ငိုက်။

"မောင် အောင့်မထားနိုင်တော့ဘူးကွာ။ မင်းကို အရမ်းစိုးရိမ်လာတယ်။ ဒါနဲ့ ဦးလေးကြီးကို အကျိုးအကြောင်းရှင်းပြ အသနားခံရတာပေါ့။ အခု သူက ဟိုရောက်သွားပြီလေ၊ နေရာချင်း ချိန်းလိုက်တာ"

သူရှင်းပြလည်း ညှဉ့်ဦးယံ နားမလည်နိုင်။

"ကျွန်မတို့ ဘာမှမဆိုင်ကြတော့ဘူးလေ"

"ဘာလို့မဆိုင်ရမှာလဲ၊ မင်းဟာ မောင့်ရဲ့တရားဝင်ချစ်သူပဲ၊ မှတ်ထား. . . မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားလေးက မစွန့်ပစ်မချင်း ခွဲသွားလို့မရဘူး"

တော်တော်လည်း တရားမျှတကြတာပဲနော်။ ညှဉ့်ဦးယံ ပုရစ်ကလေးလို ပြုံးကြောင်ငေးနေမိခဲ့သည်။

"မောင် ကျွန်မကိုပစ်ထားခဲ့ပြီးပြီလေ၊ ဟိုး. . . လွန်ခဲ့တဲ့နှစ်၊ ကျွန်မ အဖမ်းခံရ အချုပ်ခံရကတည်းက"





သူကတော့ ညှဉ့်ဦးယံကို အရုပ်ကလေးလို ဆော့ကစားနေတော့ပြီ။ ပစ်ချင်တော့လည်း သူတို့ပဲ။ ချစ်ချင်တော့လည်း သူတို့ပဲ။

"ပစ်မထားချင်ပါဘူး အချစ်ရယ်၊ မဏ္ဍပ်တိုင် တက်မြ ရဦးမလား။ ဦးထွန်းခိုင်က မောင့်သူငယ်ချင်းလေ၊ မောင်က သူ့ကို ကိုယ်စားလှယ်ပါဝါ လွှဲပေး လွှတ်ပေးထားတာ။ သူ့စေတနာတွေလည်း ပါတာပေါ့လေ"

"ဟင့်အင်း"

သူ့စကားကို လက်မခံနိုင်တာလား၊ မယုံကြည်နိုင်တာလား။ အရူးတစ်ယောက်လို အရာအားလုံးကို မေ့ပျောက်ပစ်ဖို့ အမှတ်သည်းခြေမရှိသူအဖြစ်တော့ ညှဉ့်ဦးယံ မခံယူလိုပါ။ သူ ခြုံပေးထားသော ဖူးစောင်ကြီးကို သူမစွန့်ခွာပြီး ပြန်ပေးလိုက်သည်။

"ကျွန်မကို မနှိပ်စက်ပါနဲ့တော့၊ အရူးမလုပ်ပါနဲ့တော့ ဦးမြင့်မိုရ်ရယ်။ အခုမှ ကျွန်မဘဝ တည်ငြိမ်အောင် ကြိုးစားထားရလို့ပါ။ ကျွန်မကို မနှောင့်ယှက်ပါနဲ့တော့နော်။ တကယ်တမ်းက ကျွန်မ မိုက်မဲမိခဲ့တာပါ။ မောင်ဟာ ကျွန်မ ဘယ်တုန်းကမှ မချစ်မိခဲ့ဖို့ ကောင်းတဲ့သူပါ"



www.burmeseclassic.com

www.burmeseclassic.com



အက်ကွဲတိုးရှသောအသံက ငိုညည်းသံနှယ် သူမနှုတ်မှ ထွက်ပေါ်နေရသည်။ မာယာမဟုတ်ရပါ ချစ်သူ။ နှလုံးသားက ဘယ်လောက်ပဲချစ်မိချစ်မိ ကျွန်မတို့ မပေါင်းဆုံသင့်ကြပါဘူး။

အိုလေ. . . သူ အရုပ်တစ်ရုပ်လို လှည့်စားဖို့ ရောက်ရှိလာခဲ့တာပါ။

"ညဥ့်ဦးယံ၊ မင်း မောင့်ကိုအရမ်းစိတ်နာနေသလားဟင်။ မင်းရဲ့ပုံတူပန်းချီကားချပ်နဲ့ မောင် ပိုပြီးအောင်မြင်လာခဲ့တော့ မင်းအပေါ်မှာ အမြတ်ထုတ်တယ်ရယ်လို့ အမြင်မှားခဲ့ စိတ်နာခဲ့သလား"

မောင့်စကားတို့သည် သူမတစ်ခါမျှ တွေးတောင် မတွေးမိသည့်စကားတွေဖြစ်သည်။ သူမ ခေါင်းသာ ခါရမ်းပြနိုင်ခဲ့သည်။ လွင့်စင်သွားသည့်မျက်ရည်နှစ်ပွင့်က သူ့ရင်သို့ ထိမှန်၏။

"မောင် အဲဒီတုန်းက အရမ်းစိတ်ဆိုးတယ်၊ စိတ်နာတယ်။ ဆယ်ရက်ကလေးတောင်မှ ကိုယ့်ဘဝကိုယ် မထိန်းသိမ်းနိုင်တဲ့ဂိန်းကလေးကို မောင် ဘယ်လိုယုံကြည်ရတော့မှာလဲ။ မြကန်သာမှာ သီချင်းဆိုမှာစိုးလို့ ဈေးဖိုးပေးခဲ့တဲ့ကြားက သီချင်းဆိုဖြစ်အောင် ဆို၊ ပြဿနာတွေ တက်ခဲ့ရတဲ့မင်းကို လော်မာသူ





အဖြစ် အထင်သေးတယ်။ ရှုံ့ချတယ်၊ အဲဒီကြားက မင်းသက်သာခွင့်ရအောင် မောင်လုပ်ပေးခဲ့ပါသေးတယ်။ လူကိုယ်တိုင် မလာတာကတော့ မောင့်ဘက်ကလည်း စဉ်းစားကြည့်လေ။ လူဆိုတာ သူ့ဘက် ကိုယ့်ဘက် တွေးရတယ်။ အဲဒီတုန်းက မင်းကို မောင်နာကြည်းတယ်"

"ကျွန်မ. . ."

ညဥ့်ဦးယံက ရှင်းပြဖို့ စကားစမည်ပြုတော့ မြင့်မိုရ်လက်ကာပြသည်။

"ခုတော့ မောင် အားလုံးသိပြီးပြီလေ၊ မင်းမှာ အကြွေးတွေရှိလို့ သီချင်းမဆိုမဖြစ် ဆိုခဲ့ရတဲ့အကြောင်း၊ မင်းသာ စော၊ စောစီးစီးဖွင့်ပြောခဲ့ရင် ဒီလိုအဖြစ်ဆိုးတွေ မဖြစ်ဘူး"

"မောင်က မောင့်ရည်းစားတွေ ငွေချူစားကြောင်း ပြော. . . ပြောနေတော့"

"ဟာ! အဲဒါက တစ်မျိုးလေ၊ မင်းဖြူစင်ခဲ့တာ မောင်ယုံကြည်သားပဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်မက စွန့်ပစ်ခံရပြီးသား။ မောင့်ကို မယုံဘူး။ မောင်နဲ့ကျွန်မက ကောင်းကင်နဲ့မြေလွှာလိုပဲ အဝေးခြားစီ။ ဟင့်အင်း. . . ကျွန်မကို ဘယ်တုန်းကမှလည်း ရှင်မချစ်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ပန်းချီဆွဲဖို့ မော်ဒယ်လိုရင် တခြားမှာပဲ ရှာပါနော်။ ကျွန်မ မငိုချင်တော့ဘူး၊ မလွမ်းချင်တော့ဘူး''

သူမစကားကြောင့် မြင့်မိုရ် ငေးသွား တွေဝေသွားခဲ့သည်။ သူမကိုပွေ့ဖက်ထားသောလက်များသည် တုန်ယင် ပြုတ်ကျသွားခဲ့၏။

''အခု ရှင်ဘယ်သွားမှာလဲဟင်၊ ခရီးသွားဟန်လွဲ ကျွန်မကို မဖြားယောင်းပါနဲ့တော့။ ကျွန်မက ကြွေလုကြွေခင် သေလုသေခင် ယဲ့ယဲ့လေးပါ။ အရာရာကိုထောက်ထားပြီး ကျွန်မကိုတော့ ချမ်းသာပေးလိုက်ပါနော်''

''ညဥ့်ဦးယံ''

တုန်ယင်အက်ကွဲသော မောင့်အသံ၊ မောင့်အကြည့်တွေကြောင့် ညဥ့်ဦးယံ တုန်လှုပ်သွားခဲ့သည်။ မိုန်ပျပျအလင်းမှာ သူ့မျက်ဝန်းတွေ လက်စိုနေတာ မျက်ရည်လား။ အို. . . မောင်ငိုနေသလားကွယ်။

''အခု ကိုယ် ဒီကားပေါ်ရောက်နေတာ တိုက်ဆိုင်မှုလို့ မင်းထင်သလား။ မင်းသတင်းတွေကို မောင်စုံစမ်းခဲ့တယ်။ မင်းဘဝကို ဘယ်လိုရွေးချယ်တည်ဆောက်မလဲ၊ မောင်စောင့်ကြည့်ခဲ့တယ်။ အခု ကျေနပ်ဖွယ်ကာလတစ်ခုကို လွန်မြောက်ခဲ့ပြီမို့





မင်းနောက်ကို မောင်လိုက်လာခဲ့တာ''

''ရှင်!''

''ဒါနဲ့တောင် ဘာလို့မသိချင်ယောင်ဆောင်နေခဲ့သလဲလို့ မင်းမေးမယ်။ နိုင်ငံကျော်ကြီးပဲကွာ. . . ချစ်သူကောင်မလေးနောက်ကို နိုးရာလိုက်ခဲ့မိပေမယ့် ရှက်သေးတာပေါ့။ ယောကျ်ားတွေမှာ အရှက်လည်းရှိတယ်။ အချစ်လည်းရှိတယ်။ မင်းမယုံသေးဘူးလားဟင်။ မောင် မင်းနောက်ကို လိုက်ခဲ့တာ၊ မင်းသာလက်မခံရင်တော့ အရှက်တွေကွဲပြီ။ မောင့်ဘဝ ရေတိမ်မှာ နစ်ရပါပြီ။ အားလုံးကို ကြေငြာခဲ့ပြီးသားဗျ။ မောင် နိုးရာလိုက်သွားတဲ့အကြောင်း''

''အို!''

အကောင်းပြောနေရင်းမှ သူက အရွှန်းဖောက်လာတော့ ညဥ့်ဦးယံ ရှက်ရှက်နှင့် ဘယ်လိုနေရမှန်းမသိတော့။ လုပ်မိလုပ်ရာ လုပ်မိသည်က တဘက်စောင်ကြီးနှင့် ခေါင်းမြီးခြုံပြီး မောင့်ရင်ခွင်မှာ နိုကပ်မိခြင်းဖြစ်သည်။

''ဟေး. . . ကောင်မလေးရဲ့ အဲဒီစောင်ကြီးက မောင်ခြုံရမှာလေ။ တကယ်ခိုးရာလိုက်ခဲ့သူက မောင် မဟုတ်လား။ ပေး. . . မောင့်ကိုပေး၊ မောင်အရမ်းရှက်လို့ပါ ကောင်မလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးလည်း ရှက်တတ်အောင်ကွ''

''အာ. . . တော်ပါတော့ဗျာ၊ မောင်သိပ်ဆိုးတာပဲ''

သူက ညဥ့်ဦးယံ ခြုံထားသည့်စောင့်ကြီးကို အတင်းဆွဲဖွင့်နေတော့ သူမ ဘယ်လိုနေရမှန်းမသိဖြစ်နေတော့သည်။ သည်စဥ် အနားသို့ စပယ်ယာကောင်လေး ရောက်လာ၏။ ပြုံးစိစိရှုပ်နှင့်။

''အစ်ကို၊ ညနေက ပေးခိုင်းတဲ့ခေါက်ဆွဲကြော်ထုပ် ကျွန်တော် စားပစ်လိုက်ပြီနော်''

''အေးပါကွာ. . . ရပါတယ်''

''အကူအညီလိုရင်လည်း ပြော. . . အစ်ကို၊ အားမနာနဲ့။ လှိုင်ကော်တရားရုံးမှာ ကျွန်တော့်ဦးလေးရှိတယ်။ လက်ထပ်ဖို့တွေဘာတွေ''

''ရတယ် ညီ. . . ရတယ်၊ လှိုင်ကော်မှာ အစ်ကို့ဘော်ဒါတွေ စောင့်နေလိမ့်မယ်၊ သူတို့ အားလုံးစီစဥ်ပြီးသား''

''အပြန်ကျရင်လည်း ကျွန်တော်တို့ကားပဲ စီးပါနော်''

''မပြန်တော့ဘူးကွ၊ ငါက ဟိုမှာ အကြာကြီးနေဦးမှာ၊ သူ ထရန်စဖာရမှ ပြန်တော့မယ်။ အားလားလား. . . သေပါပြီ ဆရာမပေါက်စရယ်''





ရှက်ရှက်နှင့် ဗိုက်ကြောကို ဆွဲလိမ်လိုက်သည့် ညဥ့်ဦးယံလက်သံကြောင့်လား၊ သူ့အော်သံကြီးကြောင့်လား။ ကားထဲမှ လူအများမှာ ပြုံးယောင်ယောင်။

ကောင်းကင်ကြီးကလည်း လရောင်နှင့် စိုလင်း ရွှန်းမြလို့ပေါ့လေ။ ။

ကြယ်စင်မှူးဝေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရွှေပဒေသာစာပေ

# ကြယ်စင်မျူးဝေ

## ကောင်းကင်နဲ့ငြိတဲ့ကြိုး

graphic design by YuWa

www.burmeseclassic.com